www.burmeseclassic.com



## ကြီးငွေအကြောင်း တစ်နေ့ သိစေရမယ်

ကိုကြီးငွေဆိုသည်မှာ စီးပွားရေးပညာရှင်တစ်ယောက်မဟုတ်ချေ။တကယ်ဆိုလျှင်သူသည် အလုပ်တစ်ခုကို အတည်တကျ သတ်သတ်မှတ်မှတ် လုပ်တတ်သူတစ်ယောက်မဟုတ်ဟုပင် ဆိုနိုင်သည်။ ဟိုစပ်စပ် သည်စပ်စပ် လုပ်တတ်သူသာဖြစ်၏။ သူမိန်းမ၏ အထိန်းအကွပ်ကြောင့်သာ စီးပွားရေး အခြေအနေ မဆိုးလှခြင်း ဖြစ်၏။

ကိုကြီးငွေကား မိန်းမကြောက်ရလို့သာ တော်တော့သည်။ အိမ်မှာဆိုကုပ်နေသော်လည်း ရပ်ကွက်ထဲ ရောက်လျှင် ဆရာကြီးလုပ်ချင်တတ်သည်။ ဘယ်ကိစ္စမဆို သိသလိုလို တတ်ယောင်ကား လုပ်တတ်သည်။ တကယ်တမ်းကျတော့ ဘာမှ ခြေခြေမြစ်မြစ် နားလည်သူမဟုတ်။ သို့တိုင်အောင် ရပ်ကွက်ထဲက လူများအနေဖြင့်လည်း သူ့လောက်မှ တတ်သိနားလည်သူ များများစားစား မရှိသဖြင့် ပြဿနာတော့ သိပ်မရှိလှချေ။

သူတို့အိမ်၏ စီးပွားရေးတွင် မသီးက ဦးဆောင်နေခြင်း ဖြစ်သည်။ ကိုကြီးငွေကတော့ နောက်မှ မျှောလိုက်နေရုံသာ ရှိသည်။ မသီး၏ ကွယ်ရာကျလျှင်တော့ ...

"ငါက သေးသေးမွှားမွှားတွေလုပ်ချင်တာမဟုတ်ဘူး။ အကွက်ကြီးကို စောင့်နေတာ။ လုပ်ပြီဟေ့ ဆိုရင်တော့ ပွဲသိမ်းပဲဟေ့"

ဟု ကြုံးဝါးတတ်လေသည်။ မသီး၏ဩဇာကို မလွန်ဆန်နိုင်သော်လည်း တစ်ခါတစ်ခါ ကျလျှင်တော့ စိတ်ကူးပေါက်ရာ ထထလုပ်တတ်သည်။ လုပ်သည့်အခါတိုင်းတလွဲတချော် ဖြစ်တာက များသည်။ သူက တစ်ခုခု လုပ်ချင်ပြီ ဆိုလျှင် ရှေ့နောက်မစဉ်းစားဘဲ အလောတကြီး လုပ်လေ့ရှိသည်။ ထိုအကြောင်းကြောင့်ပင် မသီးကအမြဲလိုလို သူ့ကို မြည်တွန်တတ်ခြင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာလေ လုပ်လိုက်ရင် အဲဒီအတိုင်းချည်းပဲ၊ လောလော လောလောနဲ့ ဟိုတစ်ခါလဲ ရှင်လုပ်လို့ ကျုပ်ရဲ့ ဆွဲကြိုးလေး ပါသွားပြီးပြီ"

တစ်ခါတုန်းက ရပ်ကွက်ဘုရားပွဲမှာ ကိုကြီးငွေက အကွက်ကြီးဟုဆိုကာ သုံးကားပေါင်း ရုပ်ရှင်ပြခဲ့ဖူးသည်။ တကယ်တော့ ထိုအကြံအစည်မှာမဆိုးလှ ၊ စိုစိုပိုပိုကလေး မြတ်နိုင်သည်။ သို့ရာတွင် ဖြစ်ချင်တော့ ဘုရားပွဲမှာ ကိုကြီးငွေ၏ ပြိုင်ဘက်ဖြစ်သော တစ်ဖက်ရပ်ကွက်မှ ကိုစာကလေးကလည်း ဗီဒီယိုရုံသွင်းပြသည်။ သူတို့နှစ်ဦးမှာ တစ်ယောက်နဲ့ တစ်ယောက်အကျောမခံနိုင် ကြသူများဖြစ်၍ ကိုယ့်ရုံလူဝင်စေရန် ရုံဝင်ခကို အပြိုင်အဆိုင်လျှော့ချရာမှ ခွက်ခွက်လန်အောင် ရှုံးခဲ့ဖူးသည်။ အရင်းအနှီး ပြုခဲ့သောမသီး၏ ဆွဲကြိုးကလေးလည်း ကိစ္စတုံးခဲ့ရသည်။

ဒါကိုမသီးက မကြာခဏ အစဖော်ပြီး တိုက်ခိုက်လေ့ ရှိသည်။ ကိုကြီးငွေအနေဖြင့် သူ့အဖြစ်နဲ့သူ ဖြစ်သောကြောင့် တစ်ကြောင်း ၊ မသီးကိုယှဉ်ပြီး မပြောဝံ့သောကြောင့် တစ်ကြောင်းငြိမ်ခံနေ လိုက်ရသော်လည်း အောင့်တော့ အတော် အောင့်သည်။

"နေနှင့်ဦးပေါ့ကွာ၊ ကြီးငွေအကြောင်း တစ်နေ့သိရမယ်" ဟုစိတ်ထဲက တေးထားခဲ့လေသည်။

မသီး၏လုပ်ငန်းမှာ ပစ္စည်းအပေါင်ခံခြင်း ၊ ငွေတိုးချေးခြင်း၊ သမဝါယမဆိုင်မှ ထုတ်ပေးသည့် ဆန်ကိုပြန်ကောက်ခြင်း စသည်တို့ဖြစ်၏။ ကိုကြီးငွေကတော့ မသီး၏လုပ်ငန်းမှာ ကူလုပ်ရ၏။ တစ်နည်းအားဖြင့် မသီးခိုင်းတာ လုပ်ရ၏။

"ကိုကြီးငွေ၊ ဒီနေ့ သမဆိုင်က ပေးမယ့်ဆန် မဆိုးဘူးပြောတယ်။ အဲဒါပြန်ရောင်းမယ့်သူရှိလား၊ မေးခဲ့စမ်းပါ"

"ဒေါ်မိုန်ဆီသွားစမ်းပါဦး၊ ဒီလအတွက် အတိုးမပေးရသေးဘူးလို့ သတိပေးခဲ့"

"ဖိုးနီကိုတွေ့ရင်ပြောလိုက် ၊ ပေါင်ထားတဲ့ ပုဆိုးက ရွေးဦးမှာလားလို့ ၊ ကြာလှပြီ၊ဒီလကုန်လို့ မရွေးရင် အဆုံးပဲလို့"

ကိုကြီးငွေလည်းမသီးခိုင်းတာလုပ်ရသော်လည်း တစ်ခါတစ်ခါ သူ့စိတ်ကူးနဲ့သူချွန်ပြီးလုပ်လာ တာလေးတွေလည်း ရှိသည်။

မသီးက သမဆိုင်က ထုတ်ပေးသည့် ဆန်ကို သွားကောက်ဖို့ငွေပေးပြီး လွှတ်လိုက်သည်။

ဟိုရောက်တော့ သူများအပြောကောင်းတာနှင့် သမကုန်ဝယ်စာအုပ်ကို အပေါင်ခံလာတယ်။

မသီးကိုပြန်ပြောတော့ ...

"ဟင် ....... ရှင်လုပ်လိုက်ပြန်ပြီ၊ အတိုးဘယ်လောက် ရမှာမို့လို့လဲ"

"ဟာ ........မင်းအဲ့ဒါခက်တာပဲ၊ အတိုးထက် ပိုကိုက်တာပေါ့၊ ဒီစာအုပ်ပြန်မရွေးမချင်း ဆိုင်ကထုတ်ပေးသမျှ ကိုယ်ရမှာပဲကွ"

"သြော် ......တကယ်တော်ပါလား၊ သူများက နပ်ချလို့ ချမှန်းမသိ၊ ခုချိန်မှာ သမဝါယမဆိုင်က ဆန်ကလွဲလို့ ဘာများမည်မည်ရရ ပေးတော့လို့လဲ၊ ဆန်က အပတ်တိုင်း ကောင်းချင်မှ ကောင်းတာ၊ ဒီစာအုပ်ကို အပေါင်ခံ လာတဲ့သူလောက် အသုံးမကျတဲ့သူ ရှိသေးသလားဟင်၊ ဒါကြောင့်ရှင့်ကို မှာရင်မှာတဲ့အတိုင်း လုပ်ပါလို့ ဘယ်နှစ်ခါပြောရမလဲ"

မသီးကျတော့ သိပ်လျင်သည်။ ဒါမျိုးဘယ်တော့မှ မဖြစ်၊ တွက်တတ်ချက်တတ်သည်။ ဘယ်လိုလူမျိုးကို စိတ်ချလက်ချ ငွေချေးသင့်သည် ဘယ်လိုပစ္စည်းမျိုးအပေါင်ခံသင့်သည်။ ဘယ်လိုလူမျိုးက ပေါင်ထားသော ပစ္စည်း ပြန်ရွေး နိုင်သည်။ ဘယ်သူက စပေါင်ကတည်းက အဆုံးထားပြီး လာခြင်းဖြစ်သည် စသောအချက်တို့ကို ခန့်မှန်းတတ်သည်။

သူ့အတိုးနှုန်းထားက အလွတ်ဆိုလျှင် ဆယ့်ငါးကျပ်၊ အဝတ်အထည် အသုံးအဆောင် ပစ္စည်းဆိုလျှင် တစ်ဆယ်၊ ရွှေဆိုလျှင် ခုနစ်ကျပ်၊ ရွှေကျတော့ တစ်ပဲသားတစ်မူးသား လောက်ဆိုလျှင်သူ့ဘာသာအပေါင်ခံသည်။ တစ်မတ်သား ၊ ငါးမူးသား ကျတော့သူမနိုင်၊ ထိုအခါရွှေကို တခြားတစ်နေရာမှာ ငါးကျပ်တိုးနှင့် သွားထားပြီး ခုနစ်ကျပ်နှင့် ပြန်ပေးတာမျိုးလုပ်တတ်သည်။ သူကကြားထဲက နှစ်ကျပ်စားရသည့်သဘောမျိုး၊ ဒါမှမဟုတ် ရွှေပေါင်ချင်သူကို သူ့အဆက်အသွယ်ဆီ ခေါ်ပြီး တိုက်ရိုက်တွေ့ပေးသည်။ ထိုအခါ သူ့အတွက် ပွဲခတစ်လစာ အတိုးရသည်။

များသောအားဖြင့်တော့ ရပ်ကွက်ထဲကလာပေါင်ကြသည့် ပစ္စည်းများသာဖြစ်၏။ အဝတ်အစားများ၊ မီးပူ၊ လက်ပတ်နာရီ အပေါစားများ၊ အိုးခွက်ပန်းကန် စသည်တို့ဖြစ်၏။

မသီးအနေဖြင့် တော်ရုံတန်ရုံ စိတ်ချရသူမျိုးကို အပေါင်ပစ္စည်းမပါဘဲ ငွေထုတ်ချေးလေ့မရှိ။ လက်ခံသည့် ပစ္စည်းဆို လျှင်လည်း သေသေချာချာ စေ့စေ့စပ်စပ်ကြည့်သည်။ ပစ္စည်း၏ခန့်မှန်းတန်ဖိုး၏ အများဆုံး ထက်ဝက်အထိသာ ပေးတတ်သည်။ အပေါင်ပစ္စည်းများမှာ များသောအားဖြင့် အဝတ်အထည်များသာ ဖြစ်တတ်၏။ မသီးက အဟောင်းဈေးမှာ ပေးသောဈေးထက် ဘယ်တော့မှ ပိုမပေး။ တချို့က ပေါင်ပြီး ပြန်မရွေးသောအခါ အဟောင်းဈေးမှာ ပြန်ရောင်းသင့် ရောင်းရမည် ဖြစ်သောကြောင့်ပင်။ ဒီလို သူ့ဘက်က လုံးဝနစ်နာမှု မရှိအောင် အကွက်စေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေကျတော့ သမားရိုးကျ မဟုတ်သည့်ပစ္စည်းမျိုးလာပေါင်တတ်သည်။ ထိုအခါမသီးက ကွက်ကျော် မြင်တတ်သည့် ဉာဏ်ကိုသုံးပြီး လက်ခံသင့် မခံသင့် စဉ်းစားရသည်။

တစ်ခါက ရပ်ကွက်တွင်းရှိ ဒိုးပတ်အဖွဲ့မှ ပွကြီးက သူ့လင်းကွင်းကို လာပေါင်သည်။ ထိုအခါ မသီးက တွက်ကြည့်သည်။ နောက်တစ်လလောက်ကြာလျှင် သီတင်းကျွတ်တော့မည်။ အလှူအတန်းတွေလာကြတော့မည်။ ဒိုးပတ်ဝိုင်းကို အလှူမှာ ငှားကြတော့မည်။ ဒီတော့ ပွကြီးအနေဖြင့် သူ့လင်ကွင်းကြီးကို မဖြစ်မနေ ပြန်ရွေးရမည်။ မရွေးသည့်တိုင် လင်းကွင်းကြီးမှာ ကြေးဖြင့် ပြုလုပ်ထားခြင်းဖြစ်၍ အရှုံးမရှိနိုင်ဟု တွက်ပြီး အပေါင်ခံလိုက်သည်။

မသီးကခုလိုအကွက်စေ့စေ့ လုပ်နိုင်တာကို ကြည့်ပြီးကိုကြီးငွေအားကျမခံလုပ်ချင်လာသည်။ တစ်ရက်ကို ဒိုးပတ်အဖွဲ့မှ ကိုကြီးရှိန်ရောက်လာပြီး နဲ့တစ်လက်ကိုလာပေါင်သည်။ မသီးကအိမ်မှာမရှိ။ ကိုကြီးငွေက အပေါင်ခံထားလိုက်သည်။ အမှန်အားဖြင့် မသီးမသိဘဲ သူ့သဘောနှင့်သူ အပေါင်ခံခွင့်မရှိချေ။ မသီးပြန်လာပြီး နဲ့အပေါင်ခံထားကြောင်း သိသောအခါ...

“ရှင် ကျုပ်မသိဘဲ ဘာဖြစ်လို့ အပေါင်ခံရတာလဲ”

“သြော်ကွာ.......မင်းတောင်လင်ကွင်းကြီး အပေါင်ခံထားသေးတာပဲဟာ၊ သူတို့ကဒိုးပတ်အဖွဲ့ တစ်ဖွဲ့တည်းလေကွာ။ ဒီတော့ သူလည်း သီတင်းကျွတ်ရင် မရွေးဘဲနေလို့ဘယ်ရမလဲ၊ ဒါကိုသိလို့ ငါက ...’

“ထားပါတော့ ၊ ဟင် .....ဒါနဲ့ ရှင်နဲ့အတွက် ပိုက်ဆံ ဘယ်က ရသလဲ”

“မင်းအပြင်သွားတုန်းက သေတ္တာကို သော့ခတ်ဖို့ မေ့သွားတယ်လေ၊ အဲဒီထဲက ယူပေးလိုက်တာပေါ့”

“ဟင်”

မသီးမျက်မှောင် တစ်ချက်ကုတ်လိုက်သည်။ နဲ့အပေါင်ခံထားသည့် ကိစ္စကတော့ သိပ်ပြဿနာမရှိ၊ ကိုကြီးငွေပြောသလို သီတင်းကျွတ်လျှင် လာရွေးမှာ သေချာသည်။ တစ်ခုရှိတာက ...

“ဒီမှာ ၊ ရှင်ကျုပ်ပိုက်ဆံတွေထဲက နှိုက်ယူထားသေးလား”

“မင်းကလဲကွာ၊ ငါ့များတော်တော်အထင်သေးတယ်၊ ယူတော့ကောဘာဖြစ်လဲ၊ မင်းပိုက်ဆံနဲ့ ငါ့ပိုက်ဆံ တူတူပေါ့ကွ၊ လင်မယားပဲဥစ္စာ”

“ဘာပြောတယ်၊ ဒါဆိုရှင်”

“စကားအဖြစ် ပြောတာပါကွာ၊ ငါတစ်ပြားမှ မယူပါဘူး”

မသီးက မယုံသေးဘဲ သေတ္တာကိုဖွင့်၍ငွေတွေကို ရေတွက်ကြည့်လိုက်သေးသည်။

တကယ်တော့ သူတို့နှစ်ယောက်စလုံး သတိလစ်သွားခြင်းဖြစ်၏။ အကြောင်းမှာ ခုခေတ်ဒိုးပတ်ဝိုင်းများတွင် နဲ့မသုံးကြတော့ဘဲ အော်ဂင်ကို အစားထိုး သုံးစွဲနေကြသော ကြောင့်ပင်ဖြစ်၏။

ထို့ကြောင့် သူတို့အပေါင်ခံထားသော နဲ့ကြီးကို သီတင်းကျွတ်လည်း လာမရွေး။ တန်ဆောင်တိုင်လည်း လာမရွေး။ တပေါင်းလ ရှင်ပြုရဟန်းခံတွေကို မျှော်သော်လည်း မထူးခြား။ သင်္ကြန်လွန်၍ ရာသီပွဲတွေ ကုန်သည့်တိုင် လာမရွေးတော့ချေ။

နဲ့ကြီးက အိမ်မှာ သောင်တင်နေသည်။ ရောင်းဖို့ကလည်း ဘယ်မှာ သွားရောင်းရမှန်းမသိ။ ဘယ်သူမှ ကလည်း ဝယ်မှာ မဟုတ်။ အိမ်မှာသုံးလို့ရသည့် ပစ္စည်းလည်း မဟုတ်။ သည်ကြားထဲမှာ ကိုကြီးငွေက အလိုက်ကမ်းဆိုးမသိဘဲ ပါးစပ်ဆော့ပြီး အသံစမ်းသလို မှုတ်ကြည့်တတ်သေးသည်။ ကွီကွီကော်ကော်မြည်သံကြားလျှင် မသီးဒေါသဖြစ်ပြီး ကိုကြီးငွေကို ဆူပူ ကြိမ်းမောင်းတတ်သည်။ ထို့ကြောင့် တစ်နေရာမှာ လုံခြုံစွာ သိမ်းထားလိုက်ရ၏။

ကိုကြီးငွေက လှည်းတစ်ခုကို တွန်းလာသည်။ ဦးရှင်ကြီးတင်သည့်စင်ပြုလုပ်ထားသော တွန်းလှည်းဖြစ်၏။ ပိုင်ရှင် အဘိုးကြီးက နောက်မှ လိုက်လာသည်။ အိမ်ရှေ့မှာ ရပ်လိုက်တော့အိမ်ပေါ်က မသီးက ...

“ဒါ...ဘာလုပ်လာပြန်တာလဲ”

ဟုမေးသည်။ ကိုကြီးငွေက အသာနေဆိုနေသည့်သဘောမျက်စိမှိတ်ပြပြီး အိမ်ပေါ်တက်လာသည်။ မသီးနားကပ်၍ ခပ်တိုးတိုးပြောသည်။

“အပေါင်ခံမလို့”

“ဘာရှင့် ......မဟုတ်ကဟုတ်က လုပ်လာပြန်ပြီလား၊ ဒါကြီးဘာလုပ်ဖို့လဲ”

“တိုးတိုးပြောစမ်းပါကွာ၊ ဒီမှာ ဆယ့်နှစ်ကျပ်တိုးတောင်ရမှာကွ၊ ငွေငါးရာ လိုချင်တယ်တဲ့”

“တော်စမ်းပါ၊ ဒါကြီးပြန်မရွေးရင် ဘယ့်နှယ်လုပ်မလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မရွေးဘဲနေလို့မရပါဘူးကွာ၊ မင်းကသေသေချာချာမစဉ်းစားလို့ ၊ မကြာခင် ဝါဝင်တော့မယ်လေကွာ၊ အဲဒီအခါ ဦးရှင်ကြီးတင်ချင်တဲ့လူတွေက ဒီအဘိုးကြီးကို ပင့်ကြလိမ့်မယ်၊ တင်တဲ့စင်မရှိဘဲဘာမှလုပ်လို့ မရဘူး။ ဒီတော့ရွေးဖြစ်အောင် ပြန်ရွေးရမှာပဲ မဟုတ်လား"

မသီးတစ်ချက်တွေသွားသည်။ ကိုကြီးငွေပြောတာ ဟုတ်သလိုလိုတော့ရှိသည်။ အတိုးကလည်း မက်လောက်စရာရှိ၏။ ကိုကြီးငွေမှာ သူ့အကြံအစည်ကို မသီးစိတ်ဝင်စားဟန်ရှိသဖြင့် ကျေနပ်နေသည်။

"ဘယ်လိုလဲ၊ဒါတော့ လုပ်သင့်တယ် ထင်တယ်"

ဟုသူကပဲ အဆုံးအဖြတ်ပေးနိုင်သည့် လေသံမျိုးဖြင့် ပြောလိုက်သည်။

မသီးက ဦးရှင်ကြီးတင်သည့် စင်ကို တစ်ချက်ကြည့်လိုက်၏။ စင်မှာ သစ်ဝါးပေါ်ချိန်က သပ်သပ်ရပ်ရပ် လုပ်ထားခဲ့ခြင်းဖြစ်ဟန်တူသည်။ ဦးရှင်ကြီးရုပ်တုတွေ ဘာတွေနှင့် သားသားနားနားရှိ၏။ ခုချိန် ဒါမျိုးလုပ်လျှင် ထောင်နှင့်ချီ၍ ကုန်နိုင်သည်။ဒါနှင့် လုပ်စားနေသည့် လူအနေဖြင့် ပြန်မရွေးဘဲ နေမည်မဟုတ်။

မသီးခေါင်းညိတ်လိုက်သည်။ ကိုကြီးငွေက အိမ်ရှေ့မှာ ရပ်စောင့်နေသော အဘိုးကြီးကို ဟန်ပါပါ လက်ယပ်ခေါ်လိုက်လေသည်။

အရန်မီးသတ်ရဲဘော်တစ်ယောက်က မသီးကို ရ-ဝ-တ ရုံးက ခေါ်ခိုင်းလိုက်ကြောင်း လာပြောသောအခါ မသီးက ကိုကြီးငွေကို မျက်စောင်းတစ်ချက် လှမ်းခဲလိုက်သည်။ ကိုကြီးငွေက မမြင်ချင်ယောင် ဆောင်နေလိုက်သည်။

"ကိုကြီးငွေ ရှင်ပါလိုက်ခဲ့" ဟု မသီးက ပြောလိုက်၏။

ဖြစ်ပွားပုံမှာ ...........

ဦးရှင်ကြီးတင်သည့် အဘိုးကြီးသည် သူ့စင်ကိုပြန်မရွေးနိုင်သေး။ ဝါက ဝင်လာပြီ။ ဦးရှင်ကြီး တင်လိုသူတွေရှိလာပြီ။

"ဦးလေးပြော့၊ ဒီညနေ ဆွမ်းတင်ချင်လို့"

"ကျွန်မတို့ကတော့ ဦးဦးဖျားဖျားလေး တင်လိုက်ချင်တယ် ။ ဦးလေး ညနေအားတယ်မဟုတ်လား"

ဟုပြောလာသောအခါ ဦးဖိုးပြော့ ဒုက္ခရောက်နေသည်။ တချို့အိမ်တွေကတော့ကိုယ့်ဘာသာ လုပ်ထားသောစင်တွေ ရှိသဖြင့် ကိစ္စမရှိ။ တခြားအိမ်တွေအနေနှင့် ထိုစင်များကို ငှားပြီး လုပ်လို့တော့ရသည်။ သို့ရာတွင် အဖြစ်လုပ်ထားခြင်းသာဖြစ်၍ ဦးဖိုးပြော့စင်လို အဟိတ်အဟန့်မကောင်း။

"ခါတိုင်းနှစ်တွေက သားသားနားနားလုပ်ခဲ့ပြီး အခုကျမှ ကရော်ကမည် လုပ်လိုက်ရင် အဘိုးဦးရှင်ကြီး စိတ်ဆိုးသွားမှာပေါ့"

"ဟုတ်ပ့ါအေ၊ ဦးရှင်ကြီးတင်ခ အစိတ်သုံးဆယ်ပေးရပြီး ဖြစ်ကတတ်ဆန်းတော့ မလုပ်ချင်ပါဘူး"

"ဦးဖိုးပြော့က .......

'ကျုပ်လဲ ဦးရှင်ကြီးကိုကြည့်ပြီး တောင်းပန်ပေးပ့ါမယ်"

ဟု ဖျောင်းဖျကြည့်သည် မရ။ ဟုတ်တော့လည်း ဟုတ်သည်။ ဦးဖိုးပြော့စင်မှာ တော်တော် သပ်သပ်ရပ်ရပ် ရှိသည်။ ဆေးအသစ်ပြန်သုတ်ထားတာလည်း မကြာလှသေး။ စောင်းကောက်ကိုပိုက်ထားသည့် ဦးရှင်ကြီးရုပ်ထုကလည်း တော်တော်အသက်ဝင်သည်။ ထို့ကြောင့် ဦးဖိုးပြော့၏ စင်နှင့်တင်လျှင် ရေငန်ပိုင်ရှင် ဦးရှင်ကြီးကိုယ်တိုင်ကြွရောက် ချီးမြှင့်သကဲ့သို့ စိတ်မှာ ကြည်နူးစွာ ခံစားရစေသည် ။ သို့ဖြစ်၍ ထိုစင်မှာ မပါလို့မဖြစ်တော့ချေ။

"ဒီလိုလုပ်ပါလား ဦးလေးပြော့ရဲ့ ၊ မသီးဆီက စင် ကို ခဏပြန်ငှားပေါ့"

ဟုအကြံပေးကြသည်။ ဦးဖိုးပြော့က မသီးဆီ သွား၍မေတ္တာရပ်ခံကြည့်သည်။ မသီးက ငွေမရဘဲ မပေးနိုင်ဟု ပြောလိုက်သည်။

"ဒါတော့ မသီးက သက်သက် ကတ်သတ်တာပဲ"

"ဟုတ်တယ် ......ဒီလိုညစ်တာတော့မကောင်းဘူး ၊ ရ-ဝ-တ ရုံးကို သွားတိုင်ပါလား"

ဟု ရပ်ကွက်ထဲက မြှောက်ပေးကြသည်။ ဦးဖိုးပြော့က ယောင်တောင်တောင် လုပ်နေသောအခါ မသီးတို့ အပိုင်းက ရာအိမ်မှူးကို ဖိအားပေးကြသည်။ ရာအိမ်မှူးက မသီးနှင့် သွားရောက်ဆွေးနွေးသည်။ မသီးက တင်းခံနေသည်။ ထို့ကြောင့် ရာအိမ်မှူးမှ တစ်ဆင့် ရ-ဝ-တ ရုံးက သိသွားပြီး မသီးကိုခေါ်ယူတွေ့ဆုံနေခြင်းဖြစ်သည်။

ရုံးခန်းထဲအဝင်မှာ ရ-ဝ-တ အဖွဲ့ဝင်တွေ ရှေ့၌ ထိုင်နေသောဦးဖိုးပြော့ကို တွေ့သဖြင့် မသီးက မျက်စောင်းတစ်ချက် လှမ်းခဲလိုက်သေးသည် ။ အဘိုးကြီးက မျက်နှာလွှဲ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌက စကား စ သည် ။

"ဒီလိုရှိတယ်မသီး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့အကျေအလည် ဆွေးနွေးညှိနှိုင်းမှာ ဖြစ်ပါတယ်။ ခုကိစ္စဟာ ဆိုလို့ရှိရင် ကိုးကွယ် ယုံကြည်မှုနဲ့ သက်ဆိုင်တဲ့ကိစ္စ ဖြစ်နေပါတယ်။ဒါမျိုးဆိုတာကလဲ အများနဲ့ သက်ဆိုင်နေတော့ တားဆီးပိတ်ပင်တာမျိုး၊ နှောင့်ယှက်တာမျိုး၊ ဟန့်တားမလုပ်ကောင်းပါဘူး၊ ဒီတော့ကာ မသီးအနေနဲ့ ဦးရှင်ကြီးတင်တဲ့ စင်ကို ခဏပြန်ပေးလိုက်စေချင်ပါတယ်'

"ကျွန်မဆီကချေးထားတဲ့ ပိုက်ဆံကျတော့ကော"

မသီးကမေးတယ် ။ ဥက္ကဋ္ဌက ...

"ဒါကဒီလိုရှိပါတယ်လေ ၊ ဒီစင်ကို ပြန်ရပြီဆိုရင် ဦးဖိုးပြေဲ့အနေနဲ့ အလုပ်အကိုင်ပြန်ကောင်း လာမှာပါ ၊ အဲဒီအခါ မသီးရဲ့ ငွေကို ပြန်ပေးလိုက်ပေါ့ ၊ ဟုတ်ပြီလား"

ဦးဖိုးပြေဲ့ အလျင်အမြန် ခေါင်းညိတ်ပြလိုက်သည်။ ရ–ဝ–တ ၏အဆုံးအဖြတ်ဆိုတော့မသီးလည်း မငြင်းသာဘဲ လက်ခံလိုက်ရ၏။

မသီးအနေဖြင့် သူ့ငွေဆုံးတော့မဆုံး။ သို့ရာတွင်သိက္ခာတော်တော်ကျသွားသည်။ အလိုလိုကမှ သူ့ကို မကျေလည်သူရပ်ကွက်တွင်းရှိ မိန်းမများမှာ လူစုမိလျှင် ...

"မသီးတို့များ ဘယ်လောက်ထိ စီးပွားရေးသောင်းကျန်းသလဲဆိုတော့"

အစချီပြီး ရှုတ်ချ ကဲ့ရဲ့စရာအကွက်တစ်ခု ရသွားသည်။

ထိုကိစ္စမှာ ကိုကြီးငွေ စတင်ကြံစည်ခြင်းဖြစ်သည့်တိုင်အောင် မသီးအနေနှင့်လည်း အပြီးသတ်မှာ သဘောတူ ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ ကိုကြီးငွေကိုချည်း အပြစ်ပုံချလို့မရ။ ထို့ကြောင့် ...

"ရှင် နောက်ကို ဒီလို ရှုပ်ရှုပ်ယှက်ယှက် အဘိုးကြီးမျိုးတွေခေါ်မလာနဲ့"

ဟူ၍သာပြောနိုင်သည်။

ကိုကြီးငွေသည် အဝတ်အစားကောင်းကောင်း ကိုမက်မောတတ်သည်။ စပို့ရှပ်အသစ်ကလေးဝတ်ပြီး ကြော့ကြော့လေး သွားလာချင်သည်။ သို့ရာတွင် အခွင့်အရေး မရရှာချေ။ မသီးက သူ့ကို အဝတ်အစားအသစ် ဝယ်ပေးလေ့မရှိ။ အပေါင်ဆုံးသွားသည့် အဝတ်အစားတွေထဲကသာ သင့်တော်ရာဝတ်ခိုင်းလေ့ရှိ၏။ ဒါတောင် ပြန်ရောင်းလို့ ဈေးကောင်းကောင်း ရတာမျိုးဆိုလျှင် ပေးဝတ်လေ့မရှိ။

သူအခုလို အပေါင်ဆုံး ထည်တွေ ဝတ်နေရကြောင်းကိုလည်း တစ်ရပ်ကွက်လုံးက သိသည်။ ထို့ကြောင့် လူငယ်တွေက ကိုကြီးငွေ ကိုစကြနောက်ကြသည်။ ဝတ်နေကျမဟုတ်သည့် အင်္ကျီတစ်ထည်ကို ကိုကြီးငွေ ဝတ်လာလျှင် ...

"ဟာ ..ကိုကြီးငွေ အင်္ကျီ က တယ်သားနားပါလား၊ ဘယ်လောက်ပေးရလဲ"

ဟု သိသိကြီးနှင့် မေးတတ်သည်။ ကိုကြီးငွေခမျာ ဖြေရခက်၊ မဖြေရခက်။

တချို့ အဝတ်အစားတွေကျတော့ ဘယ်သူအပေါင်ဆုံးထားခြင်းဖြစ်ကြောင်း သိနေကြ၏။

ဒါမျိုးဝတ်လာလျှင် ..........

"ကိုကြီးငွေ ရဲ့ ပုဆိုးအဆင်ကလေးက တယ်လှတာပဲ၊ ကျော်ကွန့်ဆီမှာလည်း ဒါမျိုးတစ်ထည် ရှိတယ်ဗျ"

ဟု ထေ့တတ်ကြ၏။

ကိုကြီးငွေမှာ တော်တော်အခံရခက်သည်။ မသီးကိုပြောလို့ လည်းအပိုပဲ ။ အဝတ်အစား အသစ် မရသည့်အပြင် ...

"'ဟင် ....... ဝတ်ကောင်းစားလှ ဝတ်ချင်ရင် အလုပ်ကို ခါးချိုးပြီး ကြိုးစားပမ်းစားလုပ်ပါလား၊ ခုလို လတ်လျားလတ်လျားနဲ့ ပေါ်ကြော့လုပ်ချင်နေရင်တော့ တန်ရာတန်ရာပဲ ရမယ်။"

အစချီပြီး မြည်တွန်တောက်တီးခြင်းခံရဖို့သာရှိ၏။ သည်တော့ သူ့နည်းသူ့ဟန် နှင့်ကြံရသည်။ ဘယ်လိုလဲ ဆိုတော့ ...

အပေါင်ခံထားရတဲ့ အထဲက သူမျက်စိကျသည့် စပို့ရှပ်တစ်ထည်ကို မသီးမသိအောင် အလစ်ယူ၍ခါးကြားမှာ ထိုးယူသွားသည် ။ ရပ်ကွက်ထဲမှာဝတ်လို့တော့မဖြစ်။ အင်္ကျီပိုင်ရှင် တွေ့သွားမှာကိုဖြစ်ဖြစ် ၊ မသီးဆီ သတင်းပြန်ရောက်မှာကို ဖြစ်ဖြစ်စိုးရိမ်ရသည်။ ထို့ကြောင့် မြို့ထဲထွက်ရသည့် နေ့မျိုးကို ခုလိုဝှက်ယူသွားရသည်။ မြို့ထဲရောက်တော့မှ လေ့ကားချောင် တစ်ခုခုမှာဝင်ပြီး အင်္ကျီဟောင်းကိုလဲ၍ ဝတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


ကိုကြီးငွေသည် သည်တစ်ချက်မှာတော့ ဦးနှောက်ကပြေးသည် ။ ပေါင်ခါစ ရက်မကြာသေးသော အင်္ကျီကိုသာ ယူလေ့ရှိသည်။ နည်းနည်းကြာသွားသောအင်္ကျီဆိုလျှင် မတော်တဆ လာပြန်ရွေးသည့် အချိန်နှင့်တိုးသွားနိုင်သည်။ ထိုအချိန်မှာ အင်္ကျီမရှိလျှင် ပြဿနာတက်နိုင်သည်။

သည်လောက်စေ့စေ့စပ်စပ်လုပ်တာတောင် ကိုကြီးငွေ၏ထုံးစံအတိုင်း တစ်ခုခုတော့ လွဲချော်ရမှ ဆိုတာမျိုး။

တစ်ရက်မှာကိုကြီးငွေသည် ပေါင်ခါစဖြစ်သော ပါတိတ်ဆင်ရှပ်အင်္ကျီတစ်ထည်ကို ဖွက်ယူသွားပြီး မြို့ထဲကျမှ လဲဝတ်၍ သိမ်ကြီးဈေးကုန်တိုက်ဘက်သို့ လျှောက်လာခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် လမ်းသုံးဆယ်ထိပ်မှာ ဗလီထဲက ထွက်လာသော ပတေးနှင့်သွားတိုးသည်။

"ဟာ ... ကိုကြီးငွေ ... တယ်သားနား ..."

ပတေးနှုတ်ဆက်ရင်းက တန့်သွားသည်။ အင်္ကျီကို သေသေချာချာကြည့်သည်။ လွန်ခဲ့သော သုံးလေးရက်က အရေးတကြီး အသုံးလိုသဖြင့် မသီးဆီမှာ သွားပေါင်ခဲ့သော သူ့အင်္ကျီကိုအခုကိုကြီးငွေ ဝတ်ထားသည်။ ကိုကြီးငွေသည် ရှုံးတိုး ရှန့်တန့်ဖြစ်ပြီး ဟဲ ... ဟဲ ...ဟုရယ်သည်။

အင်္ကျီကိုမမှတ်မိအောင် ဆိုပြီး ရုတ်တရက်စိတ်ကူးတည့်ရာလုပ်လိုက်သည်။ ပုဆိုးအပြင်သို့ ထုတ်ဝတ်ထားသော အင်္ကျီကိုပုဆိုးပြင်သလို ဝတ်သလိုလုပ်ပြီး အထဲထည့်လိုက်ခြင်းဖြစ်၏။ သို့ရာတွင် ပတေးက ...

"ကိုကြီးငွေရာ ခင်ဗျား ဒါမျိုးလုပ်ဖို့မကောင်းပါဘူး၊ ဒီအင်္ကျီက ကျွန်တော်တောင် အလှူတွေ၊ မင်္ဂလာဆောင်တွေ သွားမှ ထုတ်ဝတ်တာပါ။ သုံးလေးခါလောက်ပဲ ဝတ်ရပါသေးတယ်"

"ဟာ .....ဟော့ကောင်၊ ဘာတွေပြောနေတာလဲ၊ ဒါငါ့ အင်္ကျီပါကွ၊ ဘာလဲ မင်းက ဒီအင်္ကျီမျိုးကို မင်းတစ်ယောက်တည်းမှာပဲ ရှိတယ်ထင်လို့လား" ဟု ကွယ်ကြည့်သေးတယ်။

"တခြားလူတွေဆီမှာ ဒါမျိုးရှိချင်မှ ရှိမယ်။ ခင်ဗျားတို့ဆီမှာ မရှိတာတော့သေချာတယ် ပြီးတော့ ကျွန်တော့်အင်္ကျီကို မမှတ်မိဘဲနေပါ့မလားဗျာ လာပေါင်တုန်းက ကြယ်သီးတစ်လုံးက အော်ရီဂျင်နယ်မဟုတ်ဘူးဆိုပြီး ခင်ဗျားမိန်းမက တစ်ဆယ်လျှော့ ပေးလိုက်သေးတာပဲဟာ"

ပတေးက ကိုကြီးငွေမှာ ငြင်းလို့မဖြစ်တော့ ၊ ထို့ကြောင့် ပတေးကိုတောင်းပန်ရသည်။ မသီးကို ပြန်မပြောဖို့ စည်းရုံးရသည်။ မသီးကို ပြန်မပြောဖို့စည်းရုံးရသည်။

"လာကွာ ......လက်ဖက်ရည်သွားသောက်ရအောင်"

ဟုချော့လိုက်သည်၊ ပတေးသည် ကိုယ်တိုင်က လက်ဖက်ရည် ဆိုင်ဖွင့်ထားသူဖြစ်၍ လက်ဖက်ရည် ကောင်းကောင်း ကြိုက်တတ်သည်။

"ကျွန်တော်က မြို့ထဲမှာဆို ထွန်းရီဆိုင်မှာမှ သောက်တတ်တာ"

ဟုဆိုသဖြင့် မဟာဗန္ဓုလပန်းခြံလမ်းအထိ တကူးတကန့် ခေါ်သွားပြီး တိုက်လိုက်ရသည်။

ပတေး အင်္ကျီယူဝတ်သည့် ကိစ္စပေါ်မသွားသော်လည်း မသီး၏ သင်္ကာမကင်းဖြစ်မှုကိုတော့ ခံလိုက်ရသေးသည်။ အကြောင်းမှာ စပို့ရှပ် တစ်ထည်လာပြန်ရွေးသူတစ်ယောက်က သူ့အင်္ကျီကို စစ်ဆေးကြည့်ပြီး ...

"ကျွန်တော် ဒီအင်္ကျီလာပေါင်တုန်းက သေသေချာချာလျှော်ဖွပ်ပြီးမှ လာပေါင်တာဗျ။ ခုတော့ ဒီမှာကြည့်ပါဦး၊ ကုပ်ပိုးမှာ ချေးတက်နေတယ်။ တစ်ယောက်ယောက် ယူဝတ်ထားသလားမသိဘူး"

ဟုပြောသည်။ မသီးက ကိုကြီးငွေကို မျက်စောင်းတစ်ချက်ထိုးကြည့်၏။ ကိုကြီးငွေက သူမဟုတ်သလို ဒူးကလေး နန့်ပြီး သွားကြားထိုးနေသည်။

"အို .. ဒါကတော့ မင်းလာပေါင်တုန်းက လျှော်လာလားဘာလားစစ်ပြီး ယူခဲ့တာမှ မဟုတ်ဘဲ၊ ချေးဆိုတာက မဝတ်ဘဲ ထားလည်း တက်ချင်တက်တာပါပဲ"

ဟု မသီးက ကာလိုက်ရသည်။ ။အင်္ကျီရွေးယူမှာ ငြင်းနေလို့ မထူးမှန်းသိသဖြင့် မကျေမနပ်ပင် ပြန်ယူသွားရသည်။ အိမ်ပေါ်က ဆင်းခါနီးမှာ ကိုကြီးငွေကို မသိမသာ အံကြိတ်ပြီးကြည့်သွား၏။

မသီးက ထိုကိစ္စအတွက် ကိုကြီးငွေကို စစ်ဆေးမေးမြန်းခဲ့သေးသည်။ ကိုကြီးငွေက ကျိန်တွယ်၍ငြင်းဆိုသည်။

"အလကားပါဟာ ၊ ဒီကောင်တွေဟာ ဒီလိုပဲ ၊ လာပေါင်တုန်းက မျက်နှာကတစ်မျိုး၊ လာရွေးတော့ ဟိုပြောဒီပြော လုပ်ချင်တာ"

ဟုလွှဲချသည်။ သက်သေအထောက်အထားမခိုင်လုံသဖြင့် ဘာမှ မတတ်နိုင်သော်လည်း ...

"ရှင် ကြပ်ကြပ် သတိထားနော်"

ဟုမသီးက သတိပေးတာ ခံလိုက်ရသေးသည်။


www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးငွေ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်း မီးသွေးတွေ ဈေးတက်သည့်ကိစ္စ ဘာနူးက ညည်းညူနေတာ ကြားလိုက်ရ၏။ ထိုအချိန်တွင် ကိုကြီးငွေက သတင်းစာထဲမှာ ဆောင်းပါး တစ်ပုဒ်ကို ဖတ်နေသည်။ လူတွေက ထင်းအလို့ငှာ သစ်ပင်တွေကို စည်းမဲ့ကမ်းမဲ့ ခုတ်သဖြင့် သစ်တောတွေ ပြုန်းတီးပြီး ရာသီဥတုတွေ ဖောက်ပြန်လာရကြောင်း၊ ထို့ကြောင့် ထင်းအစားအခြား လောင်စာတွေသုံးစွဲဖို့ လိုကြောင်းနှင့် လောင်စာတောင့်များ စမ်းသပ်ပြုလုပ်နေသည့် အကြောင်းများ ရေးထားသည်။

ကိုကြီးငွေခေါင်းထဲ အကြံအစည်တစ်ခု လင်းခနဲ ဖြစ်သွား၏။

ဒါအကွက်ကြီးပဲ။ သူ့အနေနဲ့ လောင်စာတောင့်ကို တီထွင်ပြုလုပ်နိုင်လျှင် ဈေးကွက်မှာလည်း ကိုယ်က ဦးဦးဖျားဖျား တင်နိုင်လျှင် ကျိန်းသေအောင်မြင်မည်။ မြန်မာတစ်ပြည်လုံးကိုပင် ဖြန့်ချီနိုင်မည်။ ဒါဆိုသူဌေးဖြစ်ပြီ။ တိုက်ဆောက်မည်။ ကားစီးမည်။ မယားငယ်ယူ ... အဲဒါ တော့မဖြစ်သေး ။ မသီးက သူ့ကို သတ်လိမ့်မည်။ သည်တော့ ကောင်မလေး ငယ်ငယ်ချောချော တစ်ယောက်ကို အတွင်းရေးမှူးခန့်မည် ဟူ၍သာ တေးမှတ်ထားလိုက်သည်။ သူ့စိတ်ထဲ ခုပင်လျှင် လုပ်ငန်းကြီး ဖြစ်နေပြီဟု အထင်ရောက်ပြီး ...

"ဟေ့ ......ဘယ်လောက်ကျသလဲ"

ဟုလက်ဖက်ရည်ဆိုင်က စားပွဲထိုးကလေးကို လက်ဖျောက်တီး၍ လှမ်းခေါ်ရင်း မေးလိုက်သည်။ စားပွဲထိုးကလေးက အနားလာရပ်ပြီး ..........

"ဘယ်လောက်မှ မကျဘူး"

ဟုကြောင်တောင်တောင် နှင့်ပြောသည်။

"ဘာကွ"

"ဟုတ်တယ် ၊ ဦးလေးက ဘာမှ မှာမသောက်တာ ၊ ရေနွေးကြမ်းတစ်အိုးပြီးတစ်အိုး သောက်နေတာပဲဟာ"

ကိုကြီးငွေမှာ ရှက်သွားပြီး ဆောရီးပဲ ဟုပြော၍ထထွက်လာခဲ့ရသည်။

ဘာပဲဖြစ်ဖြစ် အကြံအစည်ကိုတော့ အကောင်အထည်ဖော်ဖြစ်အောင်ဖော်ရမည် ။ သူ့အနေနဲ့မသီးကို တင်ပြပြီး အတည်ပြုချက်ရယူဖို့တော့ လိုအပ်နေသဖြင့် ........

"မသီး၊ မင်းကို ငါတိုင်ပင်စရာတစ်ခုရှိတယ်"

"ဘာလဲ၊ဟိုတစ်ခါ ကြောင်ကိုအပေါင်ခံတဲ့ဟာမျိုးလား"

ဟုမသီးက အထင်သေးစကားဆီးပြောတယ်။ တစ်ခါက အပျိုကြီးဒေါ်ပိ၏ကြောင်ကို အပေါင်ခံဖို့ ဦးကြီးငွေက စကားစပ်ဖူးသည်။ ကြောင်ကို အပေါင်ခံလျှင်ကိုယ်က နေ့ရှိသရွေ့ ကျွေးထားရဦးမည်။ ပြီးတော့ ကြောင်ဆိုတာ ယုံရတာမဟုတ်။ သူ့အိမ်သူပြန်သွားတော့ ဘယ်နှယ့်လုပ်မလဲ ဆိုပြီးတော့ ပယ်ချခဲ့ရသည်။

"အဲဒါမျိုးမဟုတ်ပါဘူးကွာ၊ ခုဟာ တကယ်အကျိုးရှိမယ့်ဟာ"

"ပြောစမ်းပါဦး"

"ဒီလိုကွ ၊ ငါလောင်စာတောင့်တီထွင်ပြီး လုပ်ရောင်းမလို့"

"ဘာ .......လောင်စာတောင့်"

"အေးလေ၊ ထင်းအစား မီးဖိုမှာ သုံးလို့ ရတဲ့ လောင်စာတောင့်ကိုပြောတာ"

မသီးနည်းနည်းတွေသွားတယ်။ သူကိုယ်တိုင်လည်း မီးသွေးဈေးတက်လို့ စိတ်ညစ်နေတယ်။

ကိုကြီးငွေ လုပ်တာ ရောင်းတမ်းမဖြစ်ရင်တောင် အိမ်မှာသုံးဖို့ ရကောင်းရနိုင်သည်။

"အဲဒါ ငွေနည်းနည်းတော့ လိုမယ်ကွ"

"ဘယ်လောက် လိုမှာတုန်း"

"အခုတော့ စမ်းသပ်မယ့် အဆင့်ဆိုတော့ လောလောဆယ်နှစ်ရာလောက်"

"ဘာ ......နှစ်ရာ"

မသီးက ဆောင့်အော်လိုက်ရာ ကိုကြီးငွေ ပျာပျာသလဲ......

"အဲ ......မဟုတ်ဘူး၊ တစ်ရာ တစ်ရာဆိုရပါတယ်"

မသီးက ငွေတစ်ရာထုတ်ပေးပြီး ........

"မဟုတ်တာလုပ်လို့တော့အသိပဲ"

ဟု ဝမ်နင်ပေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးငွေသည် သည်လုပ်ငန်းကို အမြန်ဆုံး စတင်သည်။ နောက်တစ်နေ့နံနက်တွင် ကုန်ကြမ်း ဝယ်ဖို့ ထွက်သွားသည်။ နေ့လယ်လောက်ကျမှ ပြန်လာသည်။ ပီနံအိတ်အဟောင်းတစ်လုံးကိုထမ်း၍ဝင်လာပြီး အိတ်ကို ပစ်ချရင်း .........

"ဟူး ......ကွာလတီကို ဦးစားပေးချင်လို့ ကုန်ကြမ်းကို အကောင်းဆုံးရအောင် ရှာဝယ်ရတာ၊ ပင်ပန်းလိုက်တာကွာ၊ မသီးရေ ......ရေတစ်ခွက်လောက်လုပ်စမ်းပါ"

ဟု အခွင့်ရေး ရတုန်း ပါဝါယူလိုက်သေးသည်။ မသီးက ကိုကြီးငွေကိုတကယ် ပင်ပန်းလာမှန်း သိ၍ထွေထွေထူးထူး မပြောဘဲ ရေတစ်ခွက်ခပ်ပေးလိုက်သည်။ ကိုကြီးငွေရေသောက်ပြီးတော့ မသီးက အိတ်ကြီးကို ဖွင့်ကြည့်ပြီး ........

"ဟင် ......ဒါက ဘာလုပ်ဖို့လဲ"

ကိုကြီးငွေက ခပ်မိန့်မိန့်ပြုံးလိုက်ပြီး ........

"ဒီလိုရှိတယ်ကွ၊ အကွက်ကြီးလုပ်တဲ့သူဆိုတာ သူများတွေလို မီးသွေးဆိုင်တကာလှည့်ပြီး အကျိုးအကြေတွေ၊ အမှုန်အမွှားတွေကို အောက်ကျနောက်ကျခံပြီး လိုက်ဝယ်လို့ ဘယ်သင့်တော်ပါ့မလဲ။ ပြီးတော့ ထမင်းရေနဲ့ နယ်ပြီး လုံးတာလောက်တော့ လူတိုင်းလုပ်တတ်တာပေါ့။ ငါကအရည်အသွေးမြင့်မြင့် ပုံစံခွက်နဲ့ ဘာနဲ့ လုပ်မှာဆိုတော့ မီးသွေးကို အိတ်လိုက်ဝယ်ပြီးမှ အမှုန့်ပြန်ကြိတ်ပြီးလုပ်မှာကွ ၊ သိရဲ့လား။ ဒါကြောင့် ဘိုကလေး မီးသွေးအကောင်းစားကို မရရအောင် လိုက်ရှာဝယ်လာတာ"

ကိုကြီးငွေပြောရင်း ရင်ကော့ကော့လာသလို မသီးကလည်း ခါးကော့ကော့လာရာမှ မျက်လုံးပြူး လိုက်ပြီး .........

"ဘာ .......ဘာပြောတယ်ရှင့် ၊လုပ်ချလိုက်ပြန်ပြီပေါ့လေ"

"ဟ ....ဘာလဲကွ၊ ခုဆိုရင် ငါ့လောင်စာတောင့်က လုပ်တောင် မလုပ်ရသေးဘူး၊ အော်ဒါတွေတောင်ရနေပြီ၊ ပတေးဆိုင်မှာ ဆိုရင် ........"

"တော်.......တိတ်၊ ရှင်ဒီလောက်မှ မစဉ်းစားတတ်ဘူးလားဟင် ၊ ဒါမျိုးဆိုတာ သုံးလို့ မရတော့ တဲ့ မီးသွေး အကျိုးအကြေ အမှုန်အမွှားတွေကို သုံးလို့ရအောင် ကြံဖန်လုပ်ရတာ ၊ ခုတော့ ရှင့်ဟာက မီးသွေးခဲ အဟောင်းတွေကို အမှုန့်ကြိတ်ပစ်ပြီးမှ အခဲပြန်လုပ်မတဲ့၊ ဟင် ........ ကြားလို့မှ ကောင်းကြသေးရဲ့လား" ဟု အစချီပြီးသကာလ။

ကိုကြီးငွေမှာ အဆူ အကြိမ်းခံရသဖြင့် ငြိမ်ကုပ်နေရသည်။ သူဝယ်လာသော မီးသွေးများမှာ အိမ်မှာ ပြန်သုံးလို့ရသဖြင့်တော်သေးသည်။

သည်ကြားထဲမှာ လက်ဖက်ရည်ဖိုး အဖြတ်ခံရမှာ ကျိန်းသေသည်။

သည်ကြားထဲမှာ သူ၏သိက္ခာကို အဖတ်ဆည်နိုင်မယ့် ကိစ္စလေးတစ်ခုလည်း ပေါ်လာသဖြင့် သက်သာရာ ရသွားသည်။ ကိုကြီးငွေ အပေါင်ခံခဲ့သောနဲ့ကြီးကို ပိုင်ရှင်ဖြစ်သူ ကိုရှိန်က လာပြန်ရွေးခြင်းပင် ဖြစ်သည်။

"အတိုးကိုတော့ ဖြင့် အပြည့်မယူပါနဲ့တော့ ဗျာ။ ကြာလဲ ကြာနေပြီဆိုတော့"

ဟုမေတ္တာရပ်ခံသည်။ ပုံမှန်အားဖြင့် ဆိုလျှင် မသီးသည် ဘယ်တော့မှ အတိုးကို လျှော့ရိုးထုံးစံမရှိ။ တစ်ပတ်လောက်လွန်လျှင်ပင် လတစ်ဝက်စာ အတိုးတော့ ယူမြဲဖြစ်သည်။

ခုဟာက ကိုရှိန်ကမှ ပြန်မရွေးလျှင် ငွေကို အဆုံးခံရမည့် အခြေအနေမှ ပြန်ပေါ်လာခြင်းဖြစ် သောကြောင့် မသီးက လိုက်လျောသည်။

ကိုကြီးငွေက ငါပြောသားပဲ ၊ လာပြန်ရွေးကို ရွေးမှာပါဆို လို့ဟူသော မျက်နှာထားဖြင့် ပြုံးနေသည်။ မသီးက နဲ့ကြီးကို သိမ်းထားရာမှ သွားပြန်ရှာနေတုန်း ကိုကြီးငွေကကိုရှိန်ကို မေးကြည့်သည်။

"ခင်ဗျား နဲ့ကြီးကို ဘာဖြစ်လို့ပြန်ရွေးတာလဲဗျ"

"ဆိုကရေးတီး ပြိုင်ပွဲဝင်မလို့ဗျ။ မြို့နယ်မှာတော့ ကျွန်တော့်လောက်တော်တဲ့သူမရှိဘူး၊ ပထမရမှာ ကျိန်းသေတယ်၊ ဒါဆို တိုင်းအဆင့်မှာ ဝင်ပြိုင်ခွင့်ရမှာဗျ။ ကံကောင်းရင် ဗဟိုအဆင့်တောင် ဝင်ပြိုင်ခွင့်ရမယ်။ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မှာလို့ ပြောတယ်"

ဟု ဝမ်းသာအားရ ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မရှိတုန်းမတော်မတည့်တွေလုပ်မထားနဲ့နော်၊ တွေ့ကရာလုပ်ထားလို့ကတော့ ကျုပ်နဲ့အတွေ့ပဲ"

ဟုအထပ်ထပ်မှာနေသည်။ သည်ခရီးကို မသွားမဖြစ်လို့သာ သွားရသည်။ ကိုကြီးငွေကို တစ်ယောက်တည်း ထားခဲ့ရမှာကို လုံးဝစိတ်မချ။

ရွာက မသီးအဒေါ်ဆုံးကြောင်း သတင်းကြားရသည်။ အဒေါ်က သားထောက်သမီးခံမရှိ။ မသီးနှင့်ရွာက တူမများ သာကျန်ခဲ့သည်။ သည်တော့ မသီးလည်း ရပိုင်ခွင့်ရှိသည်။ ထို့ကြောင့်ရွာကို မသွားမဖြစ်သွားရမည်။

ကိုကြီးငွေကိုပါ ခေါ် သွားဖို့က မဖြစ်နိုင်။ အိမ်မှာအပေါင်ခံထားသည့်ပစ္စည်းများရှိနေသည်။အိမ်ကို ဒီအတိုင်းထားခဲ့လို့လည်းမဖြစ်။ သို့နှင့် ဦးကြီးငွေကိုစားစရိတ်အနည်းငယ် ပေးခဲ့ပြီး စိတ်မချတချ ထွက်ခွာသွားရ၏။

မသီးစိတ်မချတာကိုလည်း အပြစ်မဆိုသာ။ မသီးမရှိတော့ သည်နှင့် ကိုကြီးငွေ ကို နှပ်ချဖို့ကြိုးစားသူတွေရှိ၏။ မပွေးက သူ့အိမ်မှ ဒန့်သလွန်ပင်ကို တစ်ရာနှင့် ပေါင်ချင်သည်ဟုလာပြော၏။

ကိုကြီးငွေက ဟက်ဟက်ပက်ပက် ရက်မောလိုက်ပြီး ....................

"ဟား... ဟား ........ခင်ဗျားက ကျုပ်ကို အချဉ်မှတ်နေလို့လားဗျ၊ ခင်ဗျားဒန့်သလွန်ပင် ဘာလုပ်ဖို့လဲ"

"အပေါင်ခံထားတဲ့ရက်အတွင်း သီးတဲ့ဒန့်သလွန်သီးကို ကိုကြီးငွေတို့ယူပေါ့။ အတိုးလဲရဦးမယ်"

"ဒါမျိုးလာလုပ်လို့ဘယ်ရမလဲဗျာ၊ ခင်ဗျားအိမ်က ဒန့်သလွန်ပင်ကို ညဘက်မှာ ကျွန်တော်မသိအောင် တိတ်တိတ်ကလေး တက်ခူးထားတော့ ဘယ်နှယ့်လုပ်မလဲ၊ ပြီးတော ကျုပ်က ငါးဆယ်တစ်ရာအလုပ်မျိုးကို လုပ်ချင်တာမဟုတ်ဘူးဗျ"

ဆိုပြီး အပြတ် ငြင်းလွှတ်လိုက်၏ ။

အမှန်ကတော့ သူ့ဆီမှာ အပေါင်ခံစရာပိုက်ဆံမရှိသောကြောင့်သာဖြစ်၏။ မသီးက စားစရိတ်နှင့် လက်ဖက်ရည်ဖိုး လောက်သာ တွက်ချက်ပြီး ပေးခဲ့ခြင်းဖြစ်၏။

သို့ရာတွင် ကံကောင်းချင်တော့ မသီးထွက်သွားပြီး နှစ်ရက်လောက်အကြာမှာပင် ဦးဖိုးပြော့က သူချေးထားသည့်ငွေ ငါးရာနှင့် နောက်ဆုံးလအတွက် အတိုးခြောက်ဆယ် ကိုလာပြန်ပေးသည်။

ကိုကြီးငွေသည် ငွေငါးရာ့ခြောက်ဆယ်ကိုကိုင်ပြီး စိတ်ထဲက မရိုးမရွဖြစ်လာ၏။ မသီးက သူ့ကို အမျိုးမျိုးနှိမ်ပြီး ပြစ်တင် ကြိမ်းမောင်းသည့်အခါတိုင်း .........

"ဟင်း ......နေနှင့်အုန်းပေါ့ကွာ ....... ကြီးငွေအကြောင်း တစ်နေ့သိရမယ်"

ဟု ကျိတ်ပြီး ကြုံးဝါးခဲ့ရတာ ၊ မသီးက သူ့ကို အမြဲအထင်သေးခဲ့တာတွေအတွက် တစ်ခုခု လုပ်ပြဖို့ အချိန်တန်ပြီဟု ဆုံးဖြတ်ချက်ချလိုက်တယ်။

အစကတော့ ရက်လည်တာနှင့် အမွေခွဲမှာ နှင့်တစ်ပတ်လောက်သာကြာမည်ဟု ခန့်မှန်းခဲ့သည်။ တကယ်တမ်းကျတော့ အမွေ ပစ္စည်းထဲမှာလယ်မြေပါနေသည်။ မသီးက လယ်မြေတွေမှာခုချိန် မှာ တန်ဖိုးတက်နေပြီဟု ဆိုပြီး ငွေပို၍အမ်းစေချင်သည်။ လယ်မြေကို အမွေယူမည့်သူက သူတို့လယ်မှာ ကောင်းတစ်နှစ် ၊ မကောင်းတစ်နှစ်မို့လို့ ဆိုပြီး လျှော့ပေးချင်သည်။ ထိုကိစ္စဖြေရှင်း နေရသဖြင့် ပိုကြာသွားသည် ။

ကိုကြီးငွေတစ်ယောက်တော့ စားစရာပိုက်ဆံမှ ရှိပါ့မလားဟုတွေးပူသည်။ ပြီးမှတစ်စုံတစ်ခု သတိရလိုက်၏။ သည်ကြားထဲ ပစ္စည်း လာရွေးသူတွေရှိနိုင်သည်။ ပြန်ရမည့်ငွေနှင့်စားသောက်နိုင်သည်ဟု စိတ်အေးရသည်။ တစ်ပြိုင်နက်တည်းမှာပင် ကိုကြီးငွေလက်ထဲမှာ ငွေရှိနေလျှင် စိတ်ကူးတည့်ရာ လျှောက်လုပ်နေတော့မှာပဲ ဟုတွေးပြီး စိတ်မချနိုင်ဖြစ်လာသည်။ ချက်ချင်းထပြန် လို့ကလည်း မဖြစ်သဖြင့် ကိစ္စပြီးအောင်စောင့်ပြီးမှ စိတ်တထင့်ထင့်နှင့် ပြန်လာခဲ့သည်။

ပြန်ရောက်ရောက်ချင်းအိမ်ကိုတော့ အကောင်းပကတိအတိုင်း အလုံးအထည်မပျက်မြင်လိုက်ရသဖြင့် နည်းနည်းတော စိတ်အေးသွားသည်။ သို့တိုင်အောင်စိတ်မချနိုင်သေးဘဲ ..

"ကိုကြီးငွေ ၊ ရှင်ဘာတွေ လုပ်ထားသေးလဲ"

အိမ်ပေါ်ရောက်ရောက်ချင်းမေးသည်။ ကိုကြီးငွေက ခပ်မိန့်မိန့် ပြုံးရင်း အိမ်ရှေ့ခန်းတစ်နေရာသို့ မျက်လုံးဝေ့လိုက်၏။ မသီးလည်း ကြည့်လိုက်သည်။

အိမ်ရှေ့ခန်း၏ထောင့်တွင် စက်ဘီးတာယာတစ်လုံးကို ခွေနှင့်တကွ ဒေါက်တစ်ခုပေါ်မှာတင်ထားသည်ကို တွေ့ရ၏။ မသီးစိတ်ထဲတွင် ကိုကြီးငွေက ဒါကြီးကို အပေါင်ခံထားသည်ဟု ထင်ပြီး ...

"ဒါက ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးသည်။ ကိုကြီးငွေက ပြုံး၍ .........

“ငါတီထွင်ထားတာ”

ပြောရင်း လျှောက်သွားသည်။

“တီထွင်ထားတာ ဘာအတွက်လဲ”

ကိုကြီးငွေက ..........

“ကြည့်ဦးလေကွာ”

ဟုပြောပြီး စက်ဘီး ဒိုင်နမိုဓ အသေးစားလေးကို တာယာမှာဖိကပ်၍ဘီးကို လှည့်လိုက်သည်။ ထိုအခါတာယာမှာ ဖိကပ်ထားသော ဒိုင်နမိုလေးကပါလိုက်လည်၍ ဝါယာကြိုးနှင့်ဆက်သွယ်ထားသော မီးလုံးကလေးက မီးလင်းလာသည်။

“တွေ့လား ၊ ငါထွင်ထားတာ”

မသီးဦးနှောက်စားရပြီ။ သည်ဟာတွေဝယ်ဖို့ ပိုက်ဆံဘယ်ကရသလဲ၊ တွေးရတာကတစ်ဖက်၊ မီးတကယ်လင်းလာတာကို စိတ်ဝင်စားတာက တစ်ဖက်ဖြစ်၏။

“ဒါနဲ့ ရှင်ပိုက်ဆံ ဘယ်က ရသလဲ”

“ဦးဖိုးပြော့ပြန်လာဆပ်တဲ့ ငွေပေါ့ဟ”

“နေစမ်းပါဦး ၊ အခု ဒါကြီးက”

မသီးက ဇဝေဇဝါနဲ့မေးသည်။

“ဒီလိုကွ၊ ဒါဟာ ဘာလောင်စာမှ မသုံးပဲ မီးလင်းနိုင်တဲ့နည်းပေါ့။ အိမ်မှာ မီးထွန်းဖို့ မပူရတော့ဘူးလေ။”

“ဒါက ဟုတ်ပါပြီ ၊ မီးလင်းဖို့အတွက် တစ်ချိန်လုံးဒီဘီးကြိုးကို လှည့်နေရမှာပေါ့။”

သည်လိုမေးလာလိမ့်မယ်ဆိုတာ ကိုကြီးငွေ သိပြီးသား။ သူကလည်း မသီး ဗဟုသုတနည်းမှုကို ချွတ်ချင်လို့ တမင်တကာ ဝှက်ဖဲတွေလုပ်ပြီး တစ်ကွက်ချန်ထားခြင်းဖြစ်၏။

“လာမယ်လေ ၊ ခနနေဦး”

ဆိုပြီး နေအိမ်ထဲ ဝင်သွားသည်။ ထိုနောက် မော်တာလေးတစ်လုံးကို ထုတ်လာသည်။ စက်ဘီးခွေမှာ တပ်ထားသော ပင်နယန်နှင့် မော်တာမှ ပန်နယန်ကို ချိန်းကြိုးနှင့် ဆက်ချိတ်လိုက်သည်။

“ဒီမော်တာ လည်တာနဲ့ တစ်ပြိုင်နက် ဘီးက လိုက်လည်မယ် ၊ အဲဒီအခါ ဘီးနဲ့ ကပ်နေတဲ့ ဒိုင်နမိုပါလည်ပြီး လျှပ်စစ်ဓာတ်အားအလိုအလျောက်ထွက်လာမယ်”

“မော်တာက ဘယ်လိုလုပ်လည်မှာလဲ”

မသီးမှာသူသိပ်နားမလည်သော ကိစ္စတွေဖြစ်နေသဖြင့် တပည့်တစ်ယောက်လိုမေးနေရသည်။ ကိုကြီးငွေက ပြုံး၍ခေါင်းတဆတ်ဆတ်လုပ်ပြီး .............

“ဒီလိုရှိတယ်ကွ၊ လျှပ်စစ်မှာ အေစီနဲ့ ဒီစီဆိုပြီး နှစ်မျိုးရှိတယ်။ ဒါက ဒီစီမော်တာလို့ခေါ်တယ်၊ ဒီတော့ ဒီမော်တာကို ဆက်ပေးလိုက်ရင် လည်နိုင်တာပေါ့”

မသီးမှာ မျက်မှောင်ကုတ်၍စဉ်းစားနေသည်။ ကျန်တာတွေကို သူမသိသော်လည်း ဘက်ထရီနှင့် မီးထွန်းတာတော့ သူမြင်ဖူးသည် ။ ထို့ကြောင့် .........

“နေစမ်းပါဦး ၊ ဘက်ထရီအိုးနဲ့ မီးသီးနဲ့ တိုက်ရိုက်ဆက်လိုက်ရင် မီးလင်းတာပဲမဟုတ်လား”

“အေး .......အေးလေ”

“ဒါဆိုစက်ဘီးခွေတွေ၊ တာယာတွေ ၊ မော်တာတွေကြားထဲက တပ်စရာ ဘာလိုလို့လဲ။ ဘက်ထရီနဲ့ မီးလုံးနဲ့တစ်ခါတည်း ဆက်လိုက်ရင် ပြီးတာပဲဟာ”

“အယ် ......ဟုတ်သား၊ အဲ ...ဒါက ဒီလို”

ကိုကြီးငွေမှာ ဘာဆက်ပြောရမှန်းမသိ။ ပါးစပ်ကြီးဟောင်းလောင်းဟပြီးမျက်လုံးလေး ကလယ်ကလယ်ဖြစ်နေ၏။ သူသတိဝင်လာချိန်မှာတော့ မသီး၏ဆူပူကြိမ်းမောင်း မှုများမှာ တော်တော်အရှိန်ရနေလေပြီ။

“ဟင်း ... ကိစ္စရှိလို့ မသွားမဖြစ်လို့သွားရပါတယ်၊ ဘာမှ စိတ်မချရဘူး၊ ရှင်ဟာလေ လုပ်လိုက်ရင်ဒီအတိုင်းပဲ၊ လုပ်ချင်တာကို အလောသုံးဆယ် လုပ်ချလိုက်တာပဲ၊ ဘာမှ မစဉ်းစားဘူး၊မဆင်ခြင်ဘူး”

မသီးမှာ ကိုကြီးငွေက သူ့အပေါ် သူငယ်နှပ်စားလေးကို ပညာပေးသလို အိုက်တင်မျိုးဖြင့် ပြောခဲ့တာကို ခံပြင်းနေတုန်း ရုတ်တရက်အပေါ် စီးပြန်ရသွားသဖြင့် တစ်ဖတ်သတ်ဖိပြီး ကြိမ်းမောင်းနေသည်။ တကယ်တော့ ကိုကြီးငွေ၏ တီထွင်မှုမှာ မပြီးဆုံးသေး။ ဘက်ထရီအားဖြည့်ပေးဖို့ ချာဂျာခေါ်အားသွင်းကိရိယာတစ်ခု တပ်ဖို့ စီစဉ်ထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအားသွင်းကိရိယာကို ဒီဇယ်ဆီသုံးအင်ဂျင်ဖြင့် လည်ပတ်စေမည်ဟု စိတ်ကူးထားသည်။ ဒါတွေသာ ဆက်ပြောပြလို့ကတော့ မသီးကသူ့ကို တစ်ခါတည်း အမှုန့်ကြိတ်ပစ်မလားမသိ။ ခုတောင်မှ ........

"ဟင်......... ရှင့်လောက်အကြံတုံး ၊ ဉာဏ်တုံးတဲ့သူရှိသေးလား။ ဒီလို ငတုံး၊ ငအမျိုး ဘယ်တော့မှ လူမွေးလူရောင် ပြောင်မှာ မဟုတ်ဘူး။ဒီလောက်အသုံးမကျတဲ့လူမျိုးတစ်ခါမှ မတွေ့ဖူးပါဘူး"

ကိုကြီးငွေမှာ သူ့ကိုယ်သူ ဟုတ်လှပြီထင်ခဲ့သမျှ အလကားဖြစ်ရသည့်အပြင် မသီးက အမျိုးမျိုးချိုးဖွဲ့ ပြောနေသဖြင့်ခံပြင်းရတဲ့ကြားထဲတစ်ဖက်ရပ်ကွက်မှ သူ၏ပြိုင်ဘက် ရန်သူတော်ကြီး ကိုစာကလေးက အိမ်ရှေ့မှ ဖြတ်လျှောက်သွားရင်း လှောင်ပြုံးပြုံး၍ကြည့်သွားသောအခါ...

ဖြစ်ချင်တာဖြစ် ခါတိုင်းလို ငုံ့မခံတော့ဘဲ အာခံတော့မည်လို့ ဆုံးဖြတ်လိုက်ပြီး ဆတ်ခနဲခေါင်းမော့၍ ...............

"ဒီမှာ မသီး ၊ မင်းပြောတာတွေ မှန်တယ်ပဲ ထားပါတော့ ၊ ငါဟာ ဘာပဲလုပ်လုပ်အသုံးမကျဘူး၊တစ်ခု လုပ်ချင်ရင် အလောသုံးဆယ် လုပ်ချလိုက်တတ်တယ်၊ ဘာမှ မစဉ်းစား မဆင်ခြင်ဘူး ဟုတ်လား"

မသီးကို စေ့စေ့ကြည့်ပြီး ဆက်ပြောသည်။

"အေး ........ဒါဆိုရင် မင်းကိုတစ်ခု မေးပါရစေဦး၊ ငါဟာ မင်းကို မြင်မြင်ချင်း အလောသုံးဆယ် ကြိုက်ခဲ့တယ်။ ပြီးတော့ မစဉ်းစားမဆင်ခြင်ဘဲ ချက်ချင်းလက်ထပ်ယူခဲ့တယ်။ အဲဒါကောငါမှားသလား၊ ဒါလဲ အသုံးမကျလို့ပဲလားဟင်"

မသီးမှာ ထွေခနဲဖြစ်သွား၏။ ရုတ်တရက်ဘာမှ ပြန်မပြောနိုင်။ ကိုကြီးငွေက ဘယ့်နှယ်ရှိစ ။ ခုတော့ ဘာတတ်နိုင်သေးလဲ၊ ပါးစပ်ပိတ်နေပြီမဟုတ်လားဟူသော သဘောဖြင့် အောင်နိုင်သူ တစ်ယောက်လို မေးတစ်ချက် ငေါ့ပြလိုက်သည်။

ခဏကြာမှ မသီးက .......

"ဒါကတော့နဖူးစာကိုး"

ဟုခပ်တိုးတိုးပြောပြီး ပြုံးစစလုပ်ရင်း ကိုကြီးငွေကို မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"သောက်ကန်းမ၊ ဒီလိုတော့လဲ ချစ်စရာကောင်းသားပဲ"

ဟုကိုကြီးငွေ စိတ်ထဲက ရေရွတ်မိလေ၏။

---



www.burmeseclassic.com

www.burmeseclassic.com



## ကျူညီပါရစေ

သူသည် ရန်ကုန်မြို့လယ်သို့ မရောက်ဖြစ်တာ လအနည်းငယ် ကြာသွားပြီ။ သူ့အနေဖြင့် အကြောင်းကိစ္စ ဆိုတာကလည်း မြို့ထဲက ရုံးတစ်ရုံးရုံးကို သွားရန်သော်လည်းကောင်း၊ ရုပ်ရှင်ကြည့်ရန်သော် လည်းကောင်း၊ ကုန်တိုက်တွေ မီနီ မတ်ကက်တွေမှာ ပစ္စည်းဝယ်ရန်သော်လည်းကောင်း စသည်ဖြင့် ဖြစ်နိုင်သည်။

သူ့အဖို့တော့ ဒါတွေလုပ်စရာမလိုချေ။ ရန်ကုန်မြို့လယ်က ရုံးပြင်ကနားကြီးများမှာ သူနှင့်ဘာမျှ မဆိုင်။ သူတို့မြို့နယ်က ရုံးကလေးကိုတောင် အိမ်ထောင်စု စာရင်းလုပ်ဖို့က တစ်ခါသာရောက်ဖူးသည်။

သည်နေ့တော့ ရပ်ကွက်ထဲမှ ဦးကုလားက ခိုင်းသဖြင့်မြို့ထဲထွက်လာခဲ့ခြင်းဖြစ်၏။ ဘုန်းကြီး ဆွမ်းကပ်ချင်သောကြောင့် သက်သက်လွတ်ဒံပေါက်ရနိုင်မည့် နေရာကို ဦးကုလားက သေသေချာချာညွှန်လိုက်သည်။ ရဲရင့်ရုပ်ရှင်ရုံနောက်ဘက်ကပ်လျက် သုံးဆယ့်သုံးလမ်းထဲရှိ လစ်ဘာတီ မုန့်ဆိုင်မှာ ရသည်။ နိုင်ငံသားစိစစ်ရေးကတ် ပျောက်သွားတုန်းက တစ်ခါသာ ရောက်ဖူးသည်။

မြို့လယ်မှာ ရုံတင်နေသော ရုပ်ရှင်ကားကြီးတွေကိုလည်း တကူးတကသွားမကြည့်နိုင်ပါ။ သူတို့ဆီက ရုံကလေးကို လာပြသည့်အခါ ကြည့်ချင်ကြည့်။ ဒါမှမဟုတ် ဗီဒီယိုရုံမှာ ပြသည့် ကားတွေ ကြည့်လိုက်လျှင် ပြီးသည်။

ကုန်တိုက်ကြီးတွေ ၊ မီနီမတ်ကက်တွေ ဆိုတာကလည်း ပိုက်ဆံပေါပေါသုံးနိုင်မှ ဝင်လို့ကောင်းတာကလား။ သူဝယ်လိုသော ရေနံစိမ်း မီးအိမ်တို့ ၊ ငါးသုံးလုံးရော်ဘာဖိနပ်တို့က မီနီမတ်ကက် တွေမှာ ဝယ်လို့မရှိ။ သူတို့မြို့နယ်ရှိ ဈေးထဲက ကိုစန်းမောင်တို့ ကုန်စုံဆိုင်မှာ ဝယ်မှ ရသည်။

သူသည် ငိုက်စိုက်ငိုက်စိုက်လျှောက်လာရင်း ဗိုလ်ချုပ်လမ်းနှင့်ဆုံရာအရောက်တွင် ညာဘက်ကို ကြည့်ပြီး ပါးစပ်အဟောင်းသားဖြစ်သွား၏။ ရဲရင့်ရုံကို ရှာလို့မတွေ့တော့ ။ သူခေါင်းကုတ်လိုက်သည်။ လမ်းမှားတာတော့မဖြစ်နိုင်။ ရဲရင့်ရုံဆိုတာကို သူမသိတာလည်းမဟုတ်။ ဟိုအရင် တုန်းက 'ရှုံးလေး' 'စေလိုနား' စသော နာမည်ကြီး အိန္ဒိယရုပ်ရှင်တွေ နှစ်ခါသုံးခါလာကြည့်ဖူးတယ်။ မြို့ထဲ အရောက်အပေါက်နည်းသည့်တိုင် သည်လောက်တော့မျက်စိလည်စရာ အကြောင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ရှံဆိုတာ ပပဝင်းရှံနဲ့ မျက်နှာချင်းဆိုင်ပဲဆိုပြီး လမ်းတစ်ဖက်သို့ဖျတ်ခနဲ ယောင်၍ကြည့်မိ၏။ ပပဝင်းရှံက ဖျက်ထားပြီးနေပြီ။ ဒါတော့သူသိသည်။ ပပဝင်းနှင့် မျက်နှာချင်းဆိုင်ဆိုတော့ ဟိုဘက်ခြမ်းမျက်နှာချင်းဆိုင်များလား ဟု ဇဝေဇဝါဖြစ်ချင်သွားမိသည်။ လှမ်းကြည့်တော့ မီးရထားရုံးကြီးကို မြင်ရသည်။

သူသည် ရဲရင့်ရှံနေရာတွင် အုတ်ကျိုးအုတ်ပဲ့တွေ ပုံထားသော ကွက်လပ်ကြီးဖြစ်နေသည်ကို တအံ့တသြကြည့်နေမိ၏။ အံ့သြနေလို့မပြီးသေး။ ဒံပေါက်ဝယ်ဖို့က ရှိသေးသည်။ ဆယ့်တစ်နာရီ အရောက်ပြန်နိုင်မှ ဆွမ်းကပ်ဖို့မှီနိုင်မည်။ ထို့ကြောင့် ကွက်လပ်ကြီးကို ပတ်ပြီး သုံးဆယ့်သုံးလမ်းထဲ ဝင်လာသည်။

လစ်ဘာတီမုန့်ဆိုင်ကို ရှာမတွေ့ဘဲဖြစ်နေပြန်သည်။ အနီးအနားမှာ မေးကြည့်တော့ ရဲရင့်ရှံဖျက်ရာတွင် မုန့်ဆိုင်လည်း ပါသွားကြောင်းသိရ၏။

သက်သက်လွတ်ဒံပေါက်ဝယ်လို့မရကြောင်း ဦးကုလားကို အချိန်မီပြန်ပြောမှဖြစ်ရမည်။ ဒါမှ အခြားတစ်ခုခု အမြန်စီစဉ်နိုင်မည်။

ပန်းဆိုးတန်းမှတ်တိုင်မှ ဘတ်စ်ကားပြန်စီးမည်ဟု စိတ်ကူးပြီးအောက်ဘက်သို့ဆင်းလာသည်။ အနော်ရထာလမ်းကို ဖြတ်ကူး၊ မဟာဗန္ဓုလပန်းခြံလမ်းအတိုင်းလျှောက် ၊ မဟာဗန္ဓုလလမ်းကို ဖြတ်ကူးမည်အပြုမှာပင် ပလက်ဖောင်းအစွန်းမှာ ရပ်နေသော အဘွားအိုကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

အဘွားကြီးမှာ အသက်အတော်ကြီးပြီ။ ခုနစ်ဆယ်ကျော် ရှစ်ဆယ်တွင်းလောက်ရှိမည်။ မျက်စိလည်းကောင်းပုံမရ။ လက်ဝါးကလေးကို နဖူးပေါ်မှာ အလေးပြုသလို ကာပြီးကြည့်နေသည်။ ချီတုံချတုံ ဖြစ်နေသည့် ပုံလည်းပေါ်သည်။

လမ်းကူးဖို့အခက်အခဲ ဖြစ်နေသည်ထင်၏။ ထိုနေရာမှာ လမ်းကလည်း ကျယ်သည်။ ကားကလည်း ရှုပ်သည်။ ကားများက ဆူးလေဘုရားကို တွေ့ပြီး အရှိန်နှင့်ထွက်လာသဖြင့် ဝှီးခနဲဝှီးခနဲ ဖြတ်ဖြတ်သွားနေသည်။ အဘွားကြီးမှာ ကုန်းကုန်း ကုန်းကုန်းနှင့် ယောင်ချာချာ ဖြစ်နေ၏။ တစ်စုံတစ်ယောက်မှ မကူညီလျှင် သည်နေ့အဖို့ ဒီဘက်လမ်းကို ဖြတ်ကူးရောက်ရှိ နိုင်စရာအကြောင်းမမြင်။

သည်လိုကိစ္စမျိုးတွေမှာ သူက ကူညီနေကျဖြစ်၏။ ထို့ကြောင့် အဘွားကြီးနားသို့သူလျှောက်သွားသည်။ ကံကောင်းချင်တော့ ထိုအချိန်တွင် ကားတွေကလည်း ရုတ်တရက်ရှင်းသွား၏။ သူက အဘွားကြီး၏လက်မောင်းကို ကိုင်လိုက်ပြီး ..........

"လာ ......အမေကြီး"

ဟုပြော၍ ပလက်ဖောင်းပေါ်မှ လမ်းပေါ် သို့တွဲချပေးသည်။ ထို့နောက်ဂရုတစိုက်ထိန်းကိုင်ပြီး လမ်းတစ်ဖက်သို့ ခေါ်လာခဲ့တယ်။ အဘွားကြီးမှာ တုန့်ချည့်တုန့်ချည့်နှင့်လိုက်ပါလာသည်။ ပါးစပ်ကလည်း .......

"ရပါတယ်ကွယ် ၊ ကိစ္စမရှိပါဘူး၊ ရပါတယ်ကွယ်"

ဟုတတွတ်တွတ်ပြောလာ၏။ လမ်း၏ သုံးချိုးနှစ်ချိုးလောက်အရောက်တွင် ဗင်ကားတစ်စီးလာ နေသည်ကိုမြင်ရ၏။ သူက လက်ပြလိုက်ရာ အလိုက်သိစွာပင် အရှိန်လျှော့ပေးသည်။ သူတို့ လည်း လမ်းတစ်ဖက်သို့ ခပ်မှန်မှန်ကူးပြီးအဘွားကြီးကို ပလက်ဖောင်းပေါ် တွဲတင်ပေးလိုက်၏။

"ကဲ .....အမေကြီးသွားလို့ရပြီ"

ဟုသူကပြောလိုက်သည်။ အဘွားကြီးက သူ့ကို ကြောက်တောင်တောင်ကြည့်ပြီး .....

"ဘယ်ကိုသွားရမှာလည်း"

ဟုပြန်မေးသည်။

"အမေကြီးသွားစရာရှိတာဆက်သွားပေါ့"

"အမေကြီးက ဘယ်မှ သွားစရာမရှိပါဘူးကွယ်"

"ဗျာ ...ဒါနဲ့"

"အမေကြီးမြေးလေးကို မုန့်ဟင်းခါး သွားဝယ်ခိုင်းထား လို့စောင့်နေတာ ၊ အဲဒါမောင်ရင်လေးက အမေကြီးလာလာ ဆိုလို့ ဘုမသိဘမသိလိုက်လာခဲ့ရတာကွယ့်"

"ဟိုက်"

"အခုအမေကြီးဟိုဘက်ကို ပြန်မကူးတတ်တော့ဘူး။ အဲဒါငါ့သားပဲပြန်လိုက်ပို့ပေးပါဦးနော်"

ဟု တောင်းတောင်းပန်ပန် ပြောနေသည်။ သူသည် စိတ်ကူးဖြင့် သူ့နဖူးသူဖြန်းခနဲ ရိုက်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအဖြစ်အပျက်သည် ရုပ်ရှင်တို့. ဝတ္ထုတို့.မှာဆိုလျှင် ဇာတ်ကောင်၏စရိုက်ကို မိတ်ဆက်သည့် အနေဖြင့်လည်းကောင်း၊ ဇာတ်အပေါ်ကိုစိတ်ဝင်စားမှု ရှိစေရန်ကြို၍ခင်းထားသည့်အနေဖြင့် လည်းကောင်း ပြလေ့ ၊ ရေးလေ့ရှိသည့်သဘောမျိုးဖြစ်သည်။

ခုလည်း လူတစ်ယောက်အကြောင်းကို ပြောပြချင်သောကြောင့် အချက်တစ်ချက်ကို နမူနာအဖြစ် ထုတ်နုတ်ပြခြင်းဖြစ်၏။

သူ.နာမည်မှာ အောင်ဘာလေဟုခေါ်၏။ ဒီနာမည်ဖြစ်ပေါ်လာရခြင်းမှာလည်း အကြောင်းရှိသည်။ သူ.ကိုမွေးခါနီး သူ.အမေ ဗိုက်နာနေတုန်းမှာ ထီလက်မှတ်ပွေ.ရောင်းသူ တစ်ယောက်အိမ်ရှေ.ကဖြတ်လျှောက်ရင်း ................

"တစ်ရွက်ပဲ ကျန်တော့တယ်နော်၊တစ်ရွက်ကျန် တစ်သက်စံတဲ့"

ဟုအော်သွားသည်။ အဖေလုပ်သူက ဒါကိုကြားသဖြင့် တိုက်ဆိုင်သည်ဟုတွက်ပြီး ယင်းထီလက်မှတ်ကို ဝယ်လိုက်သည်။

ထိုစဉ်မှာပင် သူကလည်း အမိဝမ်းမှ ထွက်လာပြီး 'အူဝဲ' ဟု အော်ငိုလိုက်သည်။

"ဘာလေးလဲဟေ့"

သူ.အဖေက အတွင်းခန်းသို.အော်မေးသည်။ ဝမ်းဆွဲလက်သည်က 'ယောကျ်ားလေးတော်ရေ.'ဟု ပြန်အော်သည်။ ထီလက်မှတ်လာရောင်းသည့်အချိန်မှာမွေးသဖြင့် သူ.ကို 'အောင်ဘာလေ'ဟုအမည်မှည့်ခေါ်လိုက်လေသည်။

ထီဖွင့်သောအခါ သူတို.ထိုးထားသော ထီလက်မှတ်မှာပေါက်တော့ပေါက်သည်။ ဆုကြီးမဟုတ်။ ထောင့်ငါးရာဆုသာဖြစ်၏။ သို.တိုင်အောင် သူ.အဖေကတော့ အောင်ဘာလေကို လာဘ်ကောင်းသူ၊ အကျိုးပေးမည့်ကလေးဟု သတ်မှတ်ခဲ့လေသည်။

အောင်ဘာလေ သည် ရိုးသားပြီး စိတ်ကောင်းရှိသူဖြစ်၏။ သူ၏ထူးခြားချက်ကတော့ သူတစ်ပါး ကိုအလွန် ကူညီလိုသောစိတ်ထားရှိခြင်းပင်ဖြစ်သည်။ တစ်ခုရှိတာက တစ်ဖက်လူက လိုအပ်လို. အကူအညီတောင်းမှ ကူညီခြင်းမျိုး မဟုတ်။ သူ.အနေဖြင့်ကူညီသင့်သည်ထင်လျှင် လိုသည်ဖြစ်စေ၊ မလိုသည်ဖြစ်စေ အတင်းဝင်ကူညီတတ်သည်။

တချို.လူတွေကျတော့ တကယ်အကူအညီလိုတာမဟုတ်။ တချို.ကလည်းကိုယ့်ကိစ္စကို သူများကဝင်ကူညီတာ သဘောမတွေ.တတ်ကြ။ သို.ရာတွင် အောင်ဘာလေကတော့ ဒါတွေကို ဂရုမစိုက်။ စိတ်ကူးပေါက်လျှင် ဘာမှ မစဉ်းစားဘဲ ဝင်ကူညီလိုက်တာပဲဖြစ်၏။ သို.ဖြင့်တစ်ခါတလေ အလိုက်ကမ်းဆိုး မသိသလိုဖြစ်ရ၏ ။တစ်ခါတလေ တလွဲတချော် မတော်မတည့်တာတွေကြုံရသည်။ ဘာပဲဖြစ်ဖြစ်သူကတော့ လူတစ်ဖက်သားကို ဘယ်လိုကူညီရမလဲဆိုတာသာ ရှာကြံစဉ်းစားမြဲ စဉ်းစားလျက်ပင်ရှိလေသည်။

သူက ကျေးဇူးအတင်ခံချင်သောကြောင့် အကျိုးခံစားခွင့်တစ်ခုခုတုံ.ပြန်ရယူချင်သောကြောင့် ကူညီခြင်းလည်း မဟုတ်။ များသောအားဖြင့် ကူညီစရာ ရှိတာ ကူညီပြီးလျှင် သူမဟုတ်သလို မသိမသာနေတတ်သည်။ ခပ်အေးအေးပင်သွားစရာရှိတာ ဆက်ထွက်သွားတတ်သည်။ ကူညီခံရသူတွေက သာ ကြောင်တိကြောင်တောင်ဖြစ်ပြီးကျန်ခဲ့တတ်သည်။

အောင်ဘာလေသည် အမိဝမ်းတွင်းမှ ကျွတ်ခါနီးဆဲဆဲကစ၍ သူ.မိဘကိုကူညီခဲ့လေသည်။(ထီထောင့်ငါးရာ ပေါက်ခြင်း) မွေးလာပြီးတော့လည်း သန္ဓေကောင်းသောကလေးငယ် တစ်ယောက် ဖြစ်လေသည်။ မိဘကိုဒုက္ခမပေး။ နို.ဆာလို.အောင်ငိုတာမျိုးလည်းမရှိ။ အမေက သတိရလို. တိုက်မှ တပြွတ်ပြွတ် အငမ်းမရစို.တတ်သည်။

တချို.ကလေးတွေလို ညဘက်မအိပ်ဘဲ ဂျီကျတာမျိုးလည်းမရှိ။ မအိပ်ချင်လည်း မျက်လုံးကလေး အပြူးသားနှင့် သူ.ဘာသာ ငြိမ်ငြိမ်ကလေး နေတတ်သည်။ သေးစို ချီးလူးဖြစ်နေသည့်တိုင် ယက်ကန ယက်ကန နှင့်သာနေတတ်သည်။

နည်းနည်းကလေး သိတတ်သော အရွယ်ရောက်သည်နှင့် သူ၏ကူညီတတ်သော ဗီဇက ပြလာသည်။ တစ်ရက်တွင် သူ.အဖေက ထမင်းစောစော ဆာသဖြင့် ............

"ထမင်းစားမယ်ဟေ့"

ဟုပြောသည်။ သူ.အမေက ..........

"ဟင်းမကျက်သေးဘူး"

"ဟော .....မင်းဟာက နောက်ကျလှချည်လား"

"စောစောစားချင်ရင်ကျွန်မဈေးသွားနေတုန်း ရှင်က ထမင်းအိုးလေး တည်ထားနှင့်ပါလား၊ ကြက်သွန်လေး ငရုတ်သီးလေး ထောင်းထားနှင့်ပါလား၊ ဒီမှာ တစ်ကိုယ်တည်းနဲ. အားလုံးလုပ်နေရတာ"



www.burmeseclassic.com

www.burmeseclassic.com



အဖေနှင့်အမေ အပြန်အလှန် ပြောနေကြတာကို ရှစ်နှစ်သား အရွယ်အောင်ဘာလေက ကြားသည်။ နောက်တစ်နေ့ကျတော့ အဖေလည်း ထမင်းစောစော စားရအောင် အမေလည်း သက်သာအောင်ဆိုပြီး သူ့အမေ ဈေးသွားနေတုန်းအောင်ဘာလေ ထမင်းအိုးတည်သည်။ တည်တတ်လို့တော့ မဟုတ် ။ သူ့အမေလုပ်တာကို ကြည့်ထားပြီး လိုက်လုပ်ခြင်းဖြစ်၏။

ဆန်ဘယ်နှယ်လုံးထည့်ရမည်ကို သူမသိ။ သုံးယောက်စားမှာမို့ သုံးလုံးထည့်မည် ဟုသူ့ဘာသာဆုံးဖြတ်သည်။ ဆန်ဆေးပြီးတော့ ရေထည့်သည်။ သုံးယောက်ဆိုတော့ ရေဖလားနှင့် သုံးခွက်ထည့်သည်။ မီးမမွေးတတ်သဖြင့် နာရီဝက်လောက်ကြာမှ မီးတောက်သည်။ ထမင်းအိုးတည်ထားပြီးနောက် ကြက်သွန်နွှာသည်။ ငရုတ်သီးထောင်းသည်။ ငရုတ်သီးဖတ် မျက်စိထဲဝင်သောအခါ ပူစပ်ပူလောင်ဖြစ်ပြီး ဘာလုပ်ရမလဲ မသိသဖြင့် အော်ငိုသည်။ ထိုအခါကျမှ သူ့အဖေ မီးဖိုထဲပြေးဝင်လာသည်။

မျက်စိကိုရေဆေးပေး၊ ခြေမပေါ်ရေလောင်းလုပ်ပြီး မှဘယ်လိုဖြစ်တာလဲ မေးရသည်။ အောင်ဘာလေက အဖေ ထမင်းစောစော စားရအောင် လုပ်တာဖြစ်ကြောင်းပြောပြန်သည်။ အမေပြန်လာတော့ ခုလိုဖြစ်ရတာ သူ့ကြောင့်ငါ့ကြောင့်ဆိုပြီး အဖေနဲ့ အမေ ရန်ဖြစ်ကြသည်။

အောင်ဘာလေ တည်ထားသော ထမင်းအိုးကလည်း ဆန်ပြုတ်ဖြစ်သွား၏။ ထမင်းရည်ငှဲ့သည့် အဆင့်မရောက်တာ ကံကောင်းသည်။ သွားငှဲ့လိုက်မိပြီး မတော်လို့ ထမင်းရည်ပူလောင်လျှင် အောင်ဘာလေ တစ်ယောက်သည် ရုပ်သည်ရည် ဖြစ်ချင်မှတောင် ဖြစ်လာမည်။

အောင်ဘာလေက တော့ မမှတ်သေး။ အမေ့ကိုကူညီပြီးတော့ အဖေ့ကို မကူညီလျှင် မျက်နှာလိုက်ရာကျမည်ဟု တွေးသည်။ ဘာကူညီလျှင်ကောင်းမလဲ အကွက်ရှာသည်။

တစ်ရက်တွင် သူ့အဖေ နေ့လည် တရေးတမော အိပ်နေတုန်း စားပွဲပေါ်က ဆေးတံကို တွေ့ သည်။ ယူကြည့်တော့ ဆေးတံအိုးထဲမှာ ဆေးချေးတွေတက်နေတာ အတော်ထူနေပြီ ဖြစ်ကြောင်း တွေ့ရ၏။

"သြော် ......အဖေတစ်ယောက်တော့ အလုပ်တွေများလွန်းလို့ ဆေးတံတောင် ဆေးချေးတွေ မချွတ်နိုင်ရှာပါကလား"

ဟုတွေးမိသည်။ ထို့ကြောင့် လွှကြိုးကလေးတစ်ချောင်းရှိပြီး ဆေးတံအိုးထဲက ဆေးချေးများကို စိတ်ရှည်လက်ရှည် ခြစ်ပစ်သည်။ ဒါနှင့် အားမရနိုင်သေးပဲ သွားပွတ်တံအဟောင်းနှင့်တိုက်ပြီး ဆပ်ပြာနှင့်သေသေချာချာ ဆေးကြောလိုက်သည်။ ထိုအခါဆေးတံကလေးက အသစ်ကဲ့သို့ ပြောင်လက် တောက်ပ သွားလေတော့သည်။

အဖေနိုးလာလျှင် အံ့သြဝမ်းသာသွားအောင် စားပွဲပေါ် အသာပြန်တင်ထားပြီး တစ်နေရာမှမသိအောင် စောင့်ကြည့် နေလိုက်သည်။ တအောင့်လောက်ကြာတော့ သူ့အဖေ နိုးလာသည်။ ဆေးလိပ်ဆေးတံသမားတို့ထုံးစံအတိုင်း အိပ်ရာက နိုးနိုးချင်း ခံတွင်းချဉ်တတ်သည်။ ထို့ကြောင့် ဖိမ်ကျကျသောက်လိုက်မည်ဟု ဆေးတံကိုကောက်ကိုင်သည်။ ပထမ မျက်မှောင်ကုတ်ပြီးကြည့်သည်။ ပြီးတော့နားမလည်သလိုကြောင်တောင်တောင်ဖြစ်သွားသည်။ ထို့နောက် မျက်လုံးပြူး လာသည်။

"ဟော့ ......ငါ့ဆေးတံကို ဘယ်သူ ဒါ .....လုပ်တာလဲ"

ဟု မချင့်မရဲ အသံဖြင့်အော်သည်။

အောင်ဘာလေ အံ့သြသွားသည်။ အဖေဘယ်လိုဖြစ်သွားတာပါလိမ့်။ တန်တော့သူ့ဆေးတံကို မမှတ်မိတော့ဘူး ထင်တယ်ဟုတွက်ပြီး ........

"အဲ့ဒါ သား........လုပ်ထားတာလေ၊ ဖေဖေကလည်း ဆေးတံကို ဘယ်လောက်တောင် ပစ်စလက်ခတ်ထားသလဲ မသိဘူး၊ ဆေးချေးတွေတက်နေတာအများကြီးပဲ ၊ မနည်းပြောင်အောင်တိုက်ရတယ်"

သူ့အဖေက နဖူးကို ဖြန်းခနဲရိုက်လိုက်ပြီး အတော်စိတ်ဓာတ်ကျသွားဟန်ဖြင့် ..........

"သေလိုက်ပါတော့ကွာ၊ ဒီလိုကဆေးချိုးတက်အောင်တမင်တကာ လုပ်ထားရတာ ကွ၊ သွားပါပြီကွာ ၊ သွားပါပြီ"

ဆေးတံသမားတို့မည်သည် ဆေးတံအသစ်စက်စက် ကိုသောက်လို့ ခံတွင်းမတွေ့ကြ။ အသားကျသွားအောင် ရက်ပေါင်းများစွာ စိတ်ရှည် လက်ရှည်အချိန်ယူ၍ ကျင့်ရသည်။ သည်လိုနှင့် ဆေးချိုးတွေထူလာလေ ဆေးတံက သောက်ကောင်းလေဖြစ်၏။ ဆေးချိုးတက်ခြင်းသည် ဆေးတံသမားတို့အဖို့ ဆေးတံ သက်ရင့်ကြောင်း ဂုဏ်ယူဖွယ် တစ်ခုပင်ဖြစ်၏။

ဒါကို အောင်ဘာလေက သိမှမသိဘဲကိုး။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျောင်းမှာလည်း တစ်ဖက်သားကို ကူညီတတ်လေသည်။ ကျောင်းကိုစောစောရောက် အောင်သွားသည်။ ဆရာမ မရောက်ခင် ကျောက်သင်ပုန်းကို ကြိုဖြုက်ထားသည်။ဆရာမစားပွဲကို သန့်ရှင်းရေးလုပ်ထားသည်။ ကျောင်းခန်း သန့်ရှင်းရေးကို အသင်းလိုက် အလှည့်ကျ လုပ်ရခြင်း ဖြစ်သော်လည်း သူကတော့ ဘယ်သူနှင့်ဖြစ်ဖြစ် နေ့တိုင်း ဝင်ကူလုပ်ရတတ်၏။

မုန့်စားဆင်းလျှင် ဆရာမ စားချင်သောမုန့်များဝယ်ပေးခြင်း ၊ ကျောင်းဆင်းသည့်အခါ ဆရာမ၏ခြင်းထောင်းကို ဆွဲ၍ ကားမှတ်တိုင်လိုက်ပို့ခြင်းတို့မှာ သူ၏နေ့စဉ်လုပ်နေကျ ဝတ္တရားများဖြစ်၏။

သူငယ်ချင်းတစ်ယောက်က မုန့်ဖိုးပါမလာလျှင် အောင်ဘာလေက ဝယ်ကျွေးသည်။တစ်ခါတလေသူကမစားဘဲ သူများကို ဝယ်ကျွေးတတ်တာမျိုးတောင်ရှိသည်။ ဗလာစာအုပ်မရှိသူများကို သူ့စာအုပ်တွေထဲက ခွဲပေးခြင်း၊ ကျောင်းပျက်များ၍ စာနောက်ကျနေသူကို စာကူးပေးခြင်းတို့မှာ သူ့အတွက် ရိုးနေပြီ။

"အဖေ၊ သားသူငယ်ချင်းတစ်ယောက်က သိပ်ဆင်းရဲတာ အဖေရ၊ သူ့မှာ မြန်မာဖတ်စာအုပ်မရှိလို့တဲ့၊ အဲဒါ သားစာအုပ်ကို ပေးလိုက်သည်။ သားကို တစ်အုပ်ထပ်ဝယ်ပေးနော်"

ဆိုတာမျိုးလည်း လုပ်တတ်သည်။ သူ့သူငယ်ချင်းလွယ်အိတ်က စုတ်နေလို့ သူ့လွယ်အိတ်ကိုပေးပြီး သူက လွယ်အိတ်အစုတ်ကြီးနှင့် အိမ်ပြန်လာတတ်တာမျိုးလည်း မကြာခဏ။

တစ်ရက်မှာတော့ သင်္ချာဆရာမက အိမ်စာတွေကို တစ်ယောက်ချင်းလာပြခိုင်းသည်။ တွက်မလာသူတွေကို ရိုက်သည်။ အောင်ဘာလေကတော့ အားလုံးတွက်လာပြီးသားဖြစ်၍ ခပ်အေးအေးပင်နေသည်။

သူက နောက်ဆုံးတန်းမှာ ထိုင်သူဖြစ်၏။ အလယ်တန်းမှာ ထိုင်သော သူငယ်ချင်းတစ်ယောက်က ဆရာမအလစ်မှာ အောင်ဘာလေဆီသို့ လှစ်ခနဲ ကူးလာပြီး ......

"ဟေ့ကောင် ၊ မုန့်စားဆင်းချိန် သိပ်မရှိတော့ဘူး၊ ဒီတော့ မင်းအိမ်စာပြဖို့ အလှည့်ရောက်မှာ မဟုတ်တော့ဘူးကွ၊ ငါတို့အလှည့်ကတော့ ရောက်မှာပဲ၊ ငါက တွက်မလာခဲ့ဘူးကွ အဲဒါမင်းစာအုပ်ငါ့ကို ငှားကွာ၊ မင်းစာအုပ်နဲ့ငါသွားပြလိုက်မယ်"

ဟုအကူအညီတောင်းသည်။ အောင်ဘာလေကလည်း ကူညီဖို့ဆိုလျှင် ငြင်းတတ်သူမဟုတ်၍ စာအုပ်ကိုပေးလိုက်သည်။ ဟိုကောင်ကလည်း သူ့အလှည့်ကျတော့ ခပ်တည်တည်နှင့်သွားပြသည်။ ဆရာမသည် စာအုပ်ထဲမှာ တွက်ထားသော ပုစ္ဆာတွေကိုကြည့်ပြီး .........

"ဟင် .......ဘယ်လိုလုပ် တွက်ထားတာလဲ၊ အကုန်တလွဲတွေချည်းပဲ၊ မနေ့က သင်တုန်းက သေသေချာချာ ကြည့်မထားဘူးလား"

ပြောရင်း ကြိမ်လုံးလှမ်းကိုင်သည်။ ဟိုကောင်လည်း ကြောက်ကြောက်လန့်လန့်မို့ သက်သာ ရာရလိုရငြား ပြောမိပြောရာ ပြောထွက်သွားသည်။

"ဟို ....ဟို...... ဒါ ကျွန်တော်တွက်တာမဟုတ်ဘူး၊ အောင်ဘာလေ တွက်ထားတာ"

ဤသို့ဖြင့် အလိမ်ပေါ်ပြီး နှစ်ယောက်စလုံးအရိုက်ခံရလေသည်။

ဤကဲ့သို့သော အောင်ဘာလေသည် အရွယ်ရောက်လာတော့လည်း သူများကို ကူညီဆဲကူညီမြဲပင်ဖြစ်၏။ အသက်အရွယ် အလိုက်ကူညီပုံကတော့ ပြောင်းလဲလာသည်။

လူပျိုပေါက်အရွယ်တွင် အောင်ဘာလေကို ရည်းစားစာမပေးရဲသော သူငယ်ချင်းအတွက် သူကကိုယ်စား သွားပေး ပေးသဖြင့် ထိုးနှင့် အရိုက်ခံရဖူးသည်။

သူက လမ်းသွားလျှင်လည်း အမှတ်တမဲ့ မနေတတ်။ ဘယ်သူများအကူအညီလိုမလဲဟု ကြည့် ရှုရှာဖွေရင်း သွားလေ့ရှိသူဖြစ်၏။

သွားရင်းလာရင်း ကားတစ်စင်း ပျက်နေတာတွေ့လျှင် ဘာဖြစ်တာလဲ၊ ဘာလုပ်ပေးရမလဲ မေးသည်။ ကားတွန်းပေးဖို့လိုလျှင် ဝင်တွန်းပေးသည် ။ ကားစက်နိုးသွားသည့်အခါ တချို့က လက်ဖက်ရည်ဖိုးပေးသည်။ သူကတော့ ယူလေ့မရှိ။ တချို့ကားပိုင်ရှင်တွေကတော့ ကားပျက်နေတုန်း ကသာ မျက်နှာငယ်လေးနှင့် အကူအညီ တောင်းတတ်သော်လည်း ကားစက်နိုးသွားပြီဆိုလျှင် လှည့်ကြည့်ပြီး ပြုံးပြနူတ်ဆက်သွားဖို့တောင် သတိမရ။ တစ်ချို့တည်း ဂူးခနဲမောင်းထွက်သွားတတ် သည်။

အောင်ဘာလေ တစ်ယောက်မှာ သာ နေပူကျဲကျဲမှာ တွန်းရသဖြင့် ချွေးသံတရွဲရွဲနှင့် ဗွက်နစ်နေသောကားကို တွန်းပေးရင်း ဘီးယက်သဖြင့် ပုဆိုးမှာ ရွှံ့စက်စင်လျက် ကျန်ရစ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကလည်း မြေပသော အရောင်းဆိုင်မှာ ချဉ်ပေါင်၊ သခွားစသော မျိုးစေ့များသွားဝယ်သည်၊ သူ့အိမ်ဘေးကွက်လပ်မှာ စိုက်ရန်ဖြစ်သည်။ ဆိုင်က ပိတ်ဖို့ ပြင်ဆင်နေပြီဖြစ်၍တောင်းပန်ပြီး ဝယ်ခဲ့ရသည်။

ဆိုင်မှ ပြန်ထွက်လာပြီးနောက် သည်ဘက်တွေမရောက်တာကြာပြီဖြစ်၍ ကန်တော်ကြီးစောင်းမှာ ဟိုဟိုသည်သည် လျှောက်သွားနေမိသည်။

တစ်နေရာတွင်ကားတစ်စင်းရပ်ထားတာတွေ့ရ၏။ အက်စ်အီးလား ဘာလားတော့ သေသေချာချာမသိ။ ကားကတော့ အကောင်းစားဆိုတာ သေချာသည်။ သည်လိုကားမျိုးတစ်စင်းလောက် ရှိရင် ဖိမ်ပဲဟုစဉ်းစားနေတုန်း ကား၏ နောက်မီးပွင့်နေတာ သတိပြုမိလိုက်သည်။ ကားထဲမှာ လူများရှိနေမလားဟု ကားနားသို့လျှောက်သွားပြီးကြည့်သည်။ အစိမ်းရင့်ရောင်မှန်တွေ အကုန်ပိတ်ထားသည်။ သို့ရာတွင် အထဲမှာ တော့ လူရိပ်လိုလို ရှိုးတိုးရိပ်တိတ်တွေ့သဖြင့် ကားကိုယ်ထည်ကို ပုတ်ပြီးခေါ်လိုက်သည်။

ဘေးမှန်တစ်ချပ်မှာ ပါဝါနှင့်ဖြစ်၍ ညင်ညင်သာသာ ကလေး ပွင့်ကျသွားသည်။ ကားထဲမှာတော့ အသက်သုံးဆယ် ကျော်အရွယ်ခပ်ချောချော ခပ်တောင့်တောင့် လူရွယ်တစ်ယောက်နှင့် အသက်လေးဆယ်ကျော်လောက်ရှိမည့် အရုပ်ခပ်ဆိုးဆိုးမိန်းမတစ်ယောက်တို့ထိုင်နေတာတွေ့ရသည်။

"ဘာလဲ"

ကားထဲမှ လူရွယ်က ခပ်ဆတ်ဆတ်မေးသည်။ အောင်ဘာလေက ကားနောက်မီးဘက်ကို လက်ညှိုးထိုးပြပြီး ........

"ဟို ......ဟိုလေ .......နောက်မီးလင်းနေတယ်"

"ဘာပြောတယ်"

မိန်းမ၏ အထိတ်တလန့်ရေရွတ်သံထွက်လာ၏။

"သြော်......နောက်မီးလေ ........နောက်မီး"

"မင်းနဲ့ဘာဆိုင်လို့လဲ"

လူရွယ်ကဟောက်လိုက်သည်။ အောင်ဘာလေ တွန့်ခနဲဖြစ်သွားပြီး ......

"အဲ ....ဟုတ် ......ဟုတ်ကဲ့ ၊ ဘာမှမဆိုင်ပါဘူး"

ဟုပြောပြီး ကုပ်ကုပ်ကလေး လှည့်ထွက်လာရသည်။ စိတ်ထဲကတော့ "သူတို့ကားဘက်ထရီကုန်မှာ စိုးလို့ အကောင်းနဲ့လဲ သတိပေးရသေးတယ်" ဟု ရေရွတ်မိ၏။

သူသည် ရန်ကုန်မြို့ထဲသို့ ထွက်လာခဲ့ရပြန်သည်။ ခုအခါလည်း သူ့ကိစ္စမဟုတ်။ ရပ်ကွက်ထဲမှ လူတစ်ယောက် မွတ်စလင်ဆေးရုံမှာ တက်နေသဖြင့် ထိုသူ၏အိမ်မှ ထမင်းပို့ခိုင်း၍လာပို့ခြင်းဖြစ်၏။အိမ်ကလူတွေ မအား၍သူက ပို့ပေးခြင်းဖြစ်ကြောင်း လူနာကိုပြောတော့ ..........

"ဒီသောက်ကောင်မက ဘာတွေလုပ်နေလို့ မအားရတာလဲ၊ လူနာထက်များပိုအရေးကြီးတာ ရှိလို့လား၊ ငါဆေးရုံ တက်နေရတာနဲ့ အကြိုက်တွေ့ပြီး ငါ့ကွယ်ရာမှာ လင်ငယ်နဲ့ ချိန်းတွေ့နေသလားမသိဘူး"

ဟု လူနာက မဆီမဆိုင် သူ့ကို ဟိန်းဟောက်နေသေးသည်။ အောင်ဘာလေ က ...........

"မဟုတ်ပါဘူးဗျာ ။ အစ်ကိုမိန်းမ က ဆေးဖိုးဝါးခအတွက် ငွေလိုလို့ သွားချေးရမှာမို့လို့ပါ။ဆေးတွေကလည်း ဈေးကြီးတယ်မဟုတ်လား၊ ဒါတောင်ဒီဆေးရုံက ကုသိုလ်ဖြစ်မို့လို့ တချို့ဆေးတွေ ဝယ်စရာမလိုဘဲ အလကားပေးလို့ သက်သာတာ၊ ညနေကျတော့ ဆက်ဆက်လာပါ့မယ်လို့ မှာလိုက်ပါတယ်"

ဟုချော့မော့ ပြောပြီး ထမင်းကျွေးရသည်။ လူနာက လမ်းလျှောက်လို့မရသေးသဖြင့် သူသွားထားသော ဆီးအိုးကို အောင်ဘာလေက သွန်ပေးခဲ့ရသေးသည်။

ဆေးရုံက ပြန်ထွက်လာပြီးနောက် အိမ်ပြန်ရန် ကားမှတ်တိုင်ဆီသို့ လျှောက်လာခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မဟာဗန္ဓုလ လမ်းကိုဖြတ်ကူးမည် ပြုစဉ် ဟိုတစ်ခါ လမ်းတွဲကူးပေးခဲ့သောအဘွားကြီးကို ပလက်ဖောင်း စွန်းမှာ ရပ်လျက် တွေ့ရပြန်သည်။ အဘွားကြီးမှာ ဟိုတစ်ခါကလိုပင် လက်ဝါးကလေးဖြင့် အလင်းရောင်ကိုကာရင်း လမ်းတစ်ဖက်ကို ကြည့်နေသည်။

အောင်ဘာလေက ဟိုတစ်ခါကိစ္စကိုသတိရ၍တစ်ချက်ပြုံးကြည့်ပြီး ဘေးမှ ဖြတ်အလျှောက်တွင် ...

"သားလေးရေ......အမေကြီးကို တစ်ခုလောက်ကူညီစမ်းပါ"

ဟုအဘွားကြီးက လှမ်းပြောသည်။ ကူညီပါ ဆိုသော စကားကြားသောအခါ အောင်ဘာလေခြေလှမ်းတုံ့ပြီး ရပ်လိုက်၏။

"ဘာလဲ ......အမေကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အမေကြီးဟိုဘက်လမ်းကူးချင်လို့ပါကွယ် ၊ ကားတွေက ရှုပ်လွန်းလို့ ၊ အဲဒါတစ်ဆိတ်လောက်ကူညီပါလား"

"ရပါတယ် အမေကြီးရဲ့ ၊ ဒါပေမယ့် အရင်တစ်ခေါက်ကလိုတော့ ဟိုဘက်လမ်းရောက်တော့မှ ဒီဘက်ပြန်ပို့ပေးပါဦးလို့ မလုပ်နဲ့ဦးနော်"

အောင်ဘာလေက ပြောလိုက်ရာ အဘွားကြီးခဏမျှ စဉ်းစားသလိုတွေဝေနေပြီးနောက် အောင်ဘာလေကို မျက်လုံးမှေးပြီး သေသေချာချာကြည့်သည်။ ထို့နောက် ရယ်လိုက်ပြီး ...........

"လက်စသတ်တော့ ဟိုတစ်ခါ လမ်းကူးဖို့ခေါ် သွားတာငါ့သားကို ႏ ၊ ဟေး ......ဟေး ........ အဲဒီ တုန်းက မင်းကလဲ လာအမေကြီးဆို ဆွဲခေါ်တော့ အမေကြီးလဲ ဘုမသိ ဘမသိလိုက်ခဲ့ တာပေါ့။ ဒီတစ်ခါတော့ တကယ် လမ်းကူးချင်လို့ပါကွယ်၊မြေးမလေးက ကျောင်းဖွင့်ရက်ဆိုတော့ ကိုယ့်ဘာသာပဲ မုန့်ဟင်းခါး သွားစားချင်လို့ပါကွယ်"

"ကဲ .......ဒါဆိုလဲ လာ အမေကြီး"

အောင်ဘာလေက အဘွားကြီးကိုတွဲ၍လမ်းတစ်ဖက်သို့ ကူးသည်။ လမ်းကူးရင်းကလည်း အဘွားကြီးမှာ "ကျေးဇူးပါပဲကွယ်" ဟု တတွတ်တွတ်ပြောနေသေးသည်။

လမ်းတစ်ဖက် ပလက်ဖောင်းအနီးသို့အရောက်တွင် ကားတစ်စင်းကို ကွယ်၍စောင့်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးမှာ ရုတ်တရက်ထွက်လာပြီး ရှေ့မှာပိတ်ရပ်ရင်း ပြုံးပြုံးကြီးဆီးကြိုနေလေသည်။

"ကဲ.........ဒီကားပေါ်တက်ကြပါ။"

အောင်ဘာလေ၏ လက်မောင်းကိုကိုင်၍ကားကိုညွှန်ပြရင်း ယာဉ်ထိန်းရဲက ပြောသည်။ အဘွားကြီးက ...

"နေပါစေကွယ်၊ ကားနဲ့ လိုက်ပို့စရာမလိုပါဘူး၊ အမေက သုံးဆယ့်ရှစ်လမ်းတင်သွားမှာပါ"

ဟုပြောနေသေးသည်။ ယာဉ်ထိန်းရဲက ........

"လိုက်ပို့မလို့မဟုတ်ဘူးခင်ဗျ ။မျဉ်းကြားက လမ်းဖြတ်မကူးလို့ အရေးယူမလို့ ၊ ကဲ...တက်ကြပါ၊ ဟိုကျမှ ဒဏ်ငွေဆောင်ကြပေါ့"

အောင်ဘာလေမှာ အဘွားကြီးကို ကားပေါ်တွဲတင်ပေးရသေးသည်။ အဘွားကြီးမှာ ကားပေါ်မှာလိုက်ပါလာရင်း 'ဒုက္ခပါပဲ ၊ ဒုက္ခပါပဲ' ဟုရေရွတ်နေသည်။ အောင်ဘာလေသည် သူ့ကိစ္စထက်အဘွားကြီး အတွက်သာ စိတ်ပူနေရသည်။ ခုလိုအဆွဲခံရတာလည်း သူ့တာဝန်မကင်းဟုယူဆမိသည်။ လမ်းကူးရာမှာသူက ဦးဆောင်ခေါ်ခဲ့တာကိုး။

ရုံးကိုရောက်တော့ အတော်ကြာစောင့်ဆိုင်းနေရပြီးနောက် ဒဏ်ငွေဆောင်ရတယ်။ အောင်ဘာလေဆီမှာ သူ့တစ်ယောက်စာအတွက်တော့ ရှိတယ်။ အဘွားကြီးဆီမှာ မုန့်ဟင်းခါးစားဖို့ ငွေဆယ့်ငါးကျပ်သာ ပါတယ်။

အောင်ဘာလေအနေဖြင့် သူ့အတွက် သူဆောင်ပြီးထွက်သွားလို့ရသော်လည်း အဘွားကြီးကို ပစ်မထားခဲ့နိုင်။ အဘွားကြီးအိမ်ကို သွားပြောပေးဖို့ စိတ်ကူးရသော်လည်း .....

"ဒီအချိန်ဆိုအိမ်မှာ ဘယ်သူမှ ရှိမှာမဟုတ်ဘူး၊ ညနေကျမှ လူစုံပြန်ရောက်မှာ"

ဟုအဘွားကြီးကပြောသဖြင့် ခက်နေပြန်သည်။ နောက်ဆုံးမတတ်သာသဖြင့် အဘွားကြီးအတွက် သူ့ရှိသည့်ငွေဖြင့် ဒဏ်ငွေ ဆောင်ပေးလိုက်သည်။

"မင်းအတွက်ကျတော့ ဘယ့်နယ်လုပ်မှာလဲ"

ဟု အဘွားကြီးက မေးသေးသည်။

"ကျွန်တော့်အတွက် မပူပါနဲ့ ၊ ကြည့်လုပ်ပါ့မယ်"

ပြောလိုက်ရသည်။

"အေးကွယ် ၊ မောင်မင်းကြီးသားကျေးဇူးပါပဲ၊ ဒီက ကိစ္စပြီးရင် အမေကြီးတို့အိမ်ဝင်လာခဲ့ပါ၊ စိုက်ပေးထားတဲ့ငွေပြန်ပေးပါ့မယ် ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ အလယ်လမ်းမှာ ဒေါ်ကြင်လို့မေးရင် လူတိုင်းသိပါတယ်"

"ရပါတယ် အမေကြီးရယ်၊ အမေကြီးသာ ဒီက ပြန်ရင် လမ်းကူးတာ မမှားပါစေနဲ့ ၊ ကူးတဲ့အခါ တစ်ယောက်တည်း မကူးနဲ့နော်၊ တစ်ယောက်ယောက်ကို တွဲခိုင်းဦး"

ဟု အောင်ဘာလေက စိတ်မချသဖြင့် မှာလိုက်ရသေးသည်။

အဘွားကြီးကိစ္စပြီးတော့ သူ့ကိစ္စစဉ်းစားရသည်။ တာဝန်ရှိသူကိုမေးကြည့်တော့ နိုင်ငံသားကတ်ပါလျှင် အပေါင်ထားခဲ့။ ငွေပြန်ယူပြီးလာရွေးလို့ရသည်ဟု ပြောသည်။ ကံအားလျော်စွာသူ့ဆီမှာနိုင်ငံသားကတ်ပါသဖြင့် အပေါင်ထားခဲ့ပြီး ထွက်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့လူများသည် စာရေနက္ခတ်ခေါ် သူခိုးနက္ခတ်နှင့် ယှဉ်ပြီး မွေးသောကြောင့် သူများပစ္စည်းကို မခိုးရလျှင် မနေနိုင်ဟုဆိုရမည်။ အောင်ဘာလေကတော့ ဘာနှင့်ယှဉ်ပြီး မွေးခဲ့သလဲမသိ။ ကူညီနက္ခတ်ဆိုတာ ရှိလျှင်တော့ အဲဒါနှင့် ယှဉ်ပြီးမွေးခဲ့သလဲမသိ။ ကူညီနက္ခတ်ဆိုတာရှိလျှင်တော့ အဲဒါနှင့်ယှဉ်ပြီး မွေးတာဟု ပြောရပေလိမ့်မည်။

မကူညီရမနေနိုင်အောင် တမင်တကာ လိုက်ရှာနေကြသောကြောင့်ပဲလား။ သူ့ကံဇာတာကိုက ကူညီစရာနှင့် ကြုံကိုကြုံရဖို့ ဖန်လာခဲ့သလားမသိ။သွားလေရာမှာကူညီဖို့အခွင့်အလမ်းနှင့်ကြုံရသည်။

တစ်ရက်တွင်ဈေးဘက်သို့ထွက်လာရင်း ထီဆိုင်ကိုမြင်သဖြင့် ထီမထိုးရသေးကြောင်းသတိရသည်။ ဆိုင်ရှင်ကိုခင် ကလည်း လှမ်းခေါ်ရင်း ............

"နံပါတ်လှလှလေးတွေရှိတယ်ဗျ။"

ဟုပြောပြီးထီစာအုပ် သုံးလေးအုပ်ချပေးသည်။ တစ်အုပ်ပြီးတစ်အုပ်ရွေးရင်းက သူကြိုက်သော နံပါတ်တစ်ခုသွားတွေ့သည်။ အက္ခရာက 'က' တစ်အစ တစ်အဆုံး။ ထီဖိုးပေး ၊ ထီလက်မှတ် ယူပြီးကိုခင်နှင့် စကား သွားပြောတုန်း အသက်ငါးဆယ်ကျော်ခြောက်ဆယ်နီးပါး လူကြီးတစ်ယောက်ရောက်လာပြီးထီစာအုပ်တွေကိုကြည့်ရင်း နံပါတ်ရွေးနေသည်။ ထို့နောက်ထီစာအုပ် တစ်အုပ်ကို လှန်ကြည့်ရင်း ......

"ဟာ .......ဒုက္ခပါပဲ၊ ငါလိုချင်တဲ့ နံပါတ်က မရှိတော့ဘူး"

"ဘာဖြစ်လို့လဲ ဦးလေး"

ကိုခင်ကမေးသည်။ လူကြီးက ........

"ငါကတစ်အစ တစ်အဆုံးလိုချင်တာကွ၊ အဲဒီတစ်စောင်က သူများထိုးပြီးသွားပြီ"

အောင်ဘာလေ သူ့အင်္ကျီအိတ်ကို စမ်းလိုက်မိ၏။ ကိုခင်က အောင်ဘာလေဘက်ကို တစ်ချက်ကြည့်ပြီး လူကြီးဘက်ပြန်လှည့်၍ ..............

"တခြားနံပါတ်ကောင်းကောင်းလေးတွေ ရှိပါသေးတယ်၊ ဟောဒီမှာ ခုနစ်အစ ခုနစ်အဆုံးရှိတယ်"

"ဟာ .......မရဘူးကွ၊ တစ်အစ တစ်အဆုံးပဲ ထိုးရမှာ"

"ဒါဆိုရင်တော့ တခြားဆိုင်မှာ ရှာကြည့်ပါဦး၊ ဟိုဘက်ထိပ်မှာ ထီဆိုင်တစ်ဆိုင် ရှိပါသေးတယ်"

"မဖြစ်ဘူးကွ၊ ဗေဒင်ကဟောထားတာက တနင်္လာနေ့မှာ တနင်္လာနံအက္ခရာနဲ့ တစ်အစတစ်အဆုံး ထိုးရမှာ ၊ ထီဆိုင်ကလည်း တနင်္လာနံနဲ့ စတဲ့ နာမည်ဖြစ်ရမယ်တဲ့၊ မင်းဆိုင်က ချမ်းသာထီဆိုင်ဆိုတော့ အားလုံးကွက်တိဖြစ်နေတာပဲ၊ သူများဦးသွားတာ ဆိုးသကွာ၊ ဘယ့်နှယ်လုပ်ရပါမလဲ"

လူကြီး၏ စကားမဆုံးခင်မှာပင် အောင်ဘာလေသည် သူ့အိတ်ထဲမှ ထီလက်မှတ်ကို ထုတ်ယူပြီး ဖြစ်နေလေပြီ။ ထို့နောက် 'ဒီမှာ ......ဒီမှာ ဦးလေး' ဟုခေါ်လိုက်ပြီး ................

"ဦးလေး လိုချင်တဲ့ ထီလက်မှတ်က ကျွန်တော်ထိုးထားတာ ပါ ၊ ဦးလေးအတွက် အရေးကြီးရင်ယူလိုက်ပါ"

ဆိုပြီး ထီလက်မှတ်ကို လှမ်းပေးလိုက်သည်။ လူကြီးကထီလက်မှတ်ကို ယူကြည့်ပြီး'အစစ်ပဲ' ဟုပြောရင်း မျက်နှာဝင်းပ သွားသည်။ ပြီးမှ တစ်စုံတစ်ခုစဉ်းစားမိဟန်ဖြင့် .........

"ဒီနံပါတ်က မင်းလဲကြိုက်လို့ ထိုးထားတာထင်တယ်။ ငါက ပြန်ယူလို့ ဘယ်သင့်တော်ပါ့မလဲကွ"

"ရပါတယ် ဦးလေးရ ၊ ကျွန်တော်က နံပါတ်လှလို့ယူထားတာပါ။ အရေးမကြီးပါဘူး။ ဦးလေးကတော့ဒီနံပါတ်ရမှ ဖြစ်မှာမဟုတ်လား"

လူကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။ ထီလက်မှတ်ဖိုးနှစ်ဆယူပါ ဟုပြောသည်။ အောင်ဘာလေက လက်မခံဘဲ ဈေးရင်းသာယူလိုက်၏။

ဒီတစ်ခါတော့ အောင်ဘာလေ၏ ကူညီမှုမှာ အကြီးအကျယ် အောင်မြင်မှုရသွားသည်။ အကြောင်းမှာ ဟိုလူကြီးကိုသူလွှဲပြောင်းပေးလိုက်သည့် ထီလက်မှတ်က ပေါက်သွားသောကြောင့် ဖြစ်၏။ ပေါက်တာမှ နည်းနည်းပါးပါး မဟုတ်။ ဆယ်သိန်းဆုကြီးပေါက်သွားခြင်းဖြစ်၏။

ထိုလူကြီးမှာ ကျေးဇူးသိတတ်သူဖြစ်၏ ထီဆိုင်ပိုင်ရှင် ကိုခင်မှ တစ်ဆင့် အောင်ဘာလေ၏လိပ်စာကိုသိရပြီး အိမ်ရောက်လာသည်။ ကျေးဇူးဆပ်သည့်အနေဖြင့် ငွေငါးသောင်းပေးသည်။အောင်ဘာလေကလက်မခံ။

"ဦးလေး ကံနဲ့ ဦးလေး ရတာပဲ"

ဟုဆိုပြီး ငွေယူရန် အကြောက်အကန် ငြင်းဆန်နေသည်။ ဘယ်လိုမှ ဇွတ်အတင်းပေးလို့မရတော့မှ လူကြီးလည်း လက်လျှော့လိုက်ပြီး ...........



www.burmeseclassic.com

www.burmeseclassic.com



"မင်းလို သူငယ်မျိုးကတော့ တကယ်ရှားပါတယ်ကွာ၊ နောင်တစ်ချိန် မင်းမှာ ဘယ်လိုအကူအညီမျိုးပဲလိုလို ဦးလေးဆီကို လာခဲ့ကြားလား၊ ဦးလေးနာမည် ဦးချစ်ထူးလို့ခေါ်တယ်၊ ဟောဒီမှာဦးလေးရဲ့ လိပ်စာကတ်ပြားကိုယူထားလိုက်" ဟုပြောပြီးအောင်ဘာလေကို ကျေနပ်စွာ ကျောသပ် ရင်သပ်ပြီးမှ ပြန်သွားလေသည်။

အောင်ဘာလေမှာ အတွဲရှိသည်ဟုဆိုလျှင် အံ့ဩစရာကောင်းပေလိမ့်မည်။ တကယ်တော့ သူ့အစွမ်းအစကြောင့် မဟုတ်။မိဘချင်းသဘောတူထားသောကောင်မလေးတစ်ယောက်သာဖြစ်၏။ လူကြီးတွေက "မင်းတို့ သူငယ်ချင်း ရင်းနှီးအောင် တစ်ယောက်အကြောင်း တစ်ယောက်သိအောင်နေကြ" ဟုဆိုသဖြင့် တွဲနေကြခြင်းဖြစ်၏။ တစ်ယောက်နှင့်တစ်ယောက် လေ့လာဆဲကာလဟုဆိုနိုင်သည်။

အောင်ဘာလေသည် ရုပ်ရည်သန့်ပြန့်ပြီးသဘောကောင်းသူဖြစ်သဖြင့် ကောင်မလေးက စိတ်ဝင်စားပုံတော့ရသည်။ အောင်ဘာလေကလည်းလူကြီးတွေသဘောမျှထားသည့်ကိစ္စကိုကူညီသည့် အနေဖြင့် ကောင်မလေးအပေါ် ကြည်ကြည်ဖြူဖြူ ရှိသည်။

သို့ရာတွင် ကောင်မလေးမိသားစုမှာ ရပ်ရေးရွာရေး၊ လူမှုရေးစိတ်ဝင်စားကြသူများမဟုတ်။ ကောင်မလေးမှာလည်း သည်စရိုက်တွေ အပြည့်ပါရှိသည်။ အောင်ဘာလေဆိုတဲ့ကောင်ကတော့ သာမန်ထက်တောင်ထူးပြီး လူမှုရေး စိတ်ဓာတ် ရှိသူဖြစ်၏။

ထိုအခါ...............

သူတို့နှစ်ယောက်တွဲ၍ သွားကြလာကြသည့်အခါတိုင်း ကောင်မလေးမှာ စိတ်မရှည်စရာများနှင့် ကြုံရသည်။ အောင်ဘာလေက သွားရမည့်လမ်းကို ဖြောင့်ဖြောင့်သွားတတ်သူမဟုတ်။ တစ်ခါတလေ ရုပ်ရှင်ချိန်နီးနေသဖြင့် ကောင်မလေးက ခပ်သွက်သွက်သွားစေချင်သည်။ အောင်ဘာလေက ကျောင်းဆင်းလာသည့်ကလေးတွေ လမ်းဖြတ်ကူးနိုင်အောင် စောင့်ခေါ်ချင်ခေါ်သည်။

ကောင်မလေးနှင့်အတူတူ လျှောက်လာရင်း ကားမှောက်တာ တွေ့သဖြင့် ကောင်မလေးကိုမေ့ထားခဲ့ပြီး လူနာတွေဝင်သယ်၊ ပြုစု၊ ဆေးရုံလိုက်ပို့တာမျိုး လည်းရှိသည်။

တစ်ခါက သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်သို့သူတို့ နှစ်ယောက်အတူတူသွားကြသည်။ ကောင်မလေးက ရွှေပါတိတ်တွေဘာတွေနှင့် အပျံစားဝတ်လာသည်။ ကံကလည်းကောင်းချင်တော့ ဘတ်စ်ကားပေါ်မှာ နှစ်ယောက်အတူတူ တွဲထိုင်ခွင့်ရသည်။

ကံအကြောင်းမလှချင်ပြန်တော့ သူတို့ထိုင်သည့်ခုံတန်း၏ ဘေးမှာ ကုလားအဖိုးကြီးတစ်ယောက် မတ်တတ်ရပ်နေခြင်း ပင်ဖြစ်၏။ ကောင်မလေး သည် အောင်ဘာလေကို သူ့အိမ်ကအကြောင်းများ၊ စီးပွားရေးလာဘ်မြင်ဖို့ အကြောင်းများကို တတွတ်တွတ် ပြောနေသည်။ အောင်ဘာလေကတော့ 'အင်း' လိုက်ရင်း ခေါင်းညိတ်နေရသော်လည်း စိတ်ကတော့ ဘေးမှာ ရပ်နေသော ကုလားကြီးဆီ ရောက်နေသည်။ တစ်ချက်တစ်ချက်မော့မော့ကြည့်သည်။

ကုလားအဘိုးကြီးမှာ အသက်တော်တော်ကြီးလှပြီ။ ခုနစ်ဆယ်ကျော်လောက်များရှိမလားမသိဘူး။ လက်ထဲတွင် ထမင်းချိုင့်ကြီး တစ်လုံးဆွဲထားသည်။ တန်းကို လှမ်းကိုင်ထားသည့် လက်မောင်းပေါ်တွင် ခေါင်းကိုမှီပြီး အမောဖြေ သလို မှေးနေသည်။ အောင်ဘာလေသည် ကုလားအဘိုးကြီးကိုသနားသွားသည်။ သူ့ခများမြို့ထဲမှာ အလုပ်လုပ်နေသည့် သားသမီးထံ ထမင်းချိုင့် သွားပို့ရခြင်းဖြစ်နိုင်သည်။ သည်အသက်အရွယ်ကြီးနှင့် တစ်လမ်းလုံးမတ်တတ်ရပ်သွားရလျှင် တော်တော် ပင်ပန်း ရှာမှာပဲဟု တွေးမိသည်။

"ဘာပဲလုပ်လုပ် အသိအကျွမ်းလေးလဲရှိမှ၊ ငွေကလဲ အရေးကြီးတယ်၊ ငွေမရှိရင်"

ကောင်မလေး စကားမဆုံးခင်မှာပင်အောင်ဘာလေသည်ဖျတ်ခနဲထရပ်ပြီးသားဖြ စ်နေသည်။

"လာလာ.....ဦးလေးကြီးဒီမှာထိုင်"

ဆိုပြီးသူ့နေရာကို ဖယ်ပေးလိုက်၏။ ကုလားအဘိုးကြီးလည်း ဝမ်းသာအားရ ဝင်ထိုင်လိုက်သည်။ ကောင်မလေးက အောင်ဘာလေကို မျက်စောင်းလှမ်းထိုးသည်။

ကုလားအဘိုးကြီးသည် စောစောတုန်း မတ်တတ်ရပ်နေခဲ့ရသဖြင့် ပင်ပန်းသွားဟန်တူသည်။ထိုင်နေစရာလည်း ရရော စိတ်ချလက်ချအိပ်လေတော့သည်။ ကုလားအဘိုးကြီး၏ကိုယ်က မုန်ညင်းဆီစော်လည်းနံသည်။ တစ်ခါတစ်ခါ သူ့ဘက် ငိုက်ငိုက်ကျလာလိုက်၊ လူကိုလာမှီလိုက်ဖြစ်နေသဖြင့် ကောင်မလေး မှာ အံတကြိတ်ကြိတ်ဖြစ်နေ၏။ အောင်ဘာလေ ဆီသို့လည်း မျက်စောင်းတွေ တစ်စင်းပြီးတစ်စင်းလွှတ်နေသည်။ အောင်ဘာလေကတော့ သူမဟုတ်သလိုပင်။ ကားပေါ် တိုးတက် လာသူတွေ အဆင်ပြေအောင် နေရာရွှေ့ပေးရင်းနောက်ဘက်နားသို့ပင် ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာအရောက်တွင် ကားက အရှိန်နှင့်ကွေ့လိုက်သည်။ ကုလားကြီးမှာ အိပ်ပျော်နေသဖြင့် ထမင်းချိုင့်ကြီးကို သေချာစွာ ထိန်းကိုင်ထားနိုင်ခြင်းမရှိ။ ထို့ကြောင့် ထမင်းချိုင့် ကြီးသည် ကောင်မလေးဘက်သို့ ယိုင်လဲကျသွားသည်။ ကောင်မလေး၏ထဘီမှာလည်း ချိုင့်ထဲမှ ထွက်ကျလာသည့် ပဲဟင်းများဖြင့်ပေပွကုန်သည်။ ကောင်မလေးမှာ ဒေါသလည်းဖြစ်၊ ရှက်လည်းရှက်ပြီးနောက် မှတ်တိုင်ရောက်တော့ အောင်ဘာလေကိုပင်မခေါ်ဘဲ ကားပေါ်က ဆင်းသွားလေတော့သည်။

အလားတူကိစ္စမျိုးတွေက မကြာခဏကြုံရသည်။ ကြုံဖန်တွေ့ဖန်များတော့ ရိုးသွားသည်ဆိုခြင်းမှာ လင်မယား ဘဝ၌သာဖြစ်နိုင်သည်။ ခုဟာက သမီးရည်းစားလည်းမဟုတ်။ တရားဝင်စေ့စပ် ပြီးသားလည်းမဟုတ်၊ လူကြီးချင်း နားလည်မှုယူထားပြီး ၊ လူငယ်ချင်းနားလည်မှုရှိဖို့ လေ့လာတုန်းအချိန်။

သမီးရည်းစားများပင်လျှင် သည်လိုစိတ်သဘောထားမတိုက်ဆိုင်တာများလာလျှင် ပြဿနာဖြစ်တတ်သေးတာပဲ၊ ခုလည်း ကောင်မလေးသည် အောင်ဘာလေအပေါ် စိတ်ကုန်စပြုလာသည်။

အောင်ဘာလေက သူ့ထက်တခြားမိန်းကလေးတွေကိုပိုပြီး အရေးပေးနေလို့ သူငယ်ချင်းအပေါင်း အသင်းတွေပိုပြီး ဂရုစိုက်နေလို့ ဆိုလည်း ထားပါတော့ ။ စိတ်ကောက်သင့်ကောက်၊ သဝန်တိုသင့်တိုရုံသာရှိ၏။

ခုကျတော့ ဒီလိုမဟုတ်။ အောင်ဘာလေ၏ဂရုစိုက်အရေးပေးခြင်းခံရသူများမှာ အများအားဖြင့် တစ်ခါမှတောင် မမြင်ဖူးသူတွေ ၊ ကုလားအဘိုးကြီးတွေ၊ နှပ်ချေးတွဲလောင်းနှင့် ကလေးတွေ၊ သီလရှင်တွေဖြစ်နေသည်။ စိတ်ဆိုးရခက်၊ မနာလိုရခက် သဝန်တိုရခက်။

သည်ကြားထဲမှာ သည်းမခံနိုင်သောကိစ္စတစ်ခုဖြစ်လာသည်။ ကောင်မလေး၏ညီမဝမ်းကွဲများနှင့် သူငယ်ချင်းများ နယ်မှ ရောက်လာကြသည်။ အောင်ဘာလေကိုလည်း မြင်ဖူးချင်သည်။ ရန်ကုန် မြို့ထဲကိုလည်း လျှောက်လည် ချင်သည်ဟုဆိုသည်။ ထို့ကြောင့် အိမ်ကို စောစောလာရန် မှာလိုက်သည်။

ချိန်းတဲ့နေ့ကျတော့ ကောင်မလေးနှင့်အဖွဲ့သည် ဝတ်ကောင်းစားလှဝတ်ပြီး စောင့်နေသည်။ အောင်ဘာလေက တော်တော်နှင့်ရောက်မလာ။ ညီမဝမ်းကွဲတွေ၊ သူငယ်ချင်းတွေက ထင်မြင်ချက်ပေးကြသည်။

"ခုလိုအချိန်မှတောင်ဒီလိုမလေးမစားလုပ်နေရင် နောက်ခက်ရောပေါ့"

ဟုဝေဖန်ကြသည်။ ကောင်မလေးကတော့ အောင်ဘာလေတစ်ယောက်ယောက်ကိုကူညီနေလို့ပဲဆိုတာ သိသည်။

မှန်ပေသည်။ အောင်ဘာလေသည် ကောင်မလေး သေသေချာချာ မှာထားသည့်အတိုင်း သပ်သပ် ရပ်ရပ်သားသားနားနား ဝတ်ဆင်ပြီး အိမ်မှထွက်လာခဲ့သည်။ ကောင်မလေးအိမ်ရှိရာရပ်ကွက်ထဲသို့ ဝင်အလာတွင် အိမ်တစ်အိမ်ရှေ့၌ကလေးငယ်တစ်ယောက်ထိုင်ငိုနေသည်ကို တွေ့ရ၏။ မေးကြည့်တော့ သူ့ခွေးကလေး အိမ်သာတွင်းထဲ ကျသွားတာ ပြန်မတတ်နိုင်လို့ဟုပြောသည်။ လူကြီးတွေလည်း အိမ်မှာမရှိကြ။

သည်တော့ အောင်ဘာလေပဲဟာ၊ ဘယ်ရမလဲ။ အိမ်သာတွင်းထဲကျနေသော ခွေးကလေးကို အားကြိုးမာန်တက် ကူညီဆယ်ပေးတော့တာပေါ့။

ကြိုးတစ်ချောင်းရှာ ကွင်းလျှောလုပ်ပြီးခွေးကလေး၏ကိုယ်ကိုစွပ်အောင်လုပ်ရသည်။ ခွေးကလေးမှာ ကြောက်လန့်နေသဖြင့် သူ့ကိုကယ်မှန်းမသိဘဲ ကြိုးကွင်းကိုရှောင်ရှောင်နေသဖြင့် အခက်တွေ့နေရသည်။ မလိုအပ်ဘဲ အချိန်ပိုကြာသွားရသည်။

အတော်ကြာမှ စွပ်မိပြီး ချော့၍ဆွဲတင်ရ၏။ အပေါ်ရောက်တော့ခွေးတို့၏ထုံးစံအတိုင်း ကိုယ်ပေါ်မှာ အမွေးများကို ခါလိုက်ရာ အောင်ဘာလေ၏တစ်ကိုယ်လုံးအနံ့အပြားစင်ကုန်တော့သည်။

ကိုယ်ပေါ်မှာပေကျံနေတာတွေကို ရေဆေးပစ်၍ရသော်လည်း အဝတ်အစားပေါ် ပွန်းပေသည့် အစက်တွေကိုတော့ သည်အတိုင်း ထားလိုက်ရသည်။

ချိန်းထားသည့်အချိန်ကိုလည်း တော်တော်တောင်ကျော်နေပြီ။ ဟိုရောက်လို့မေးလျှင် ကားတစ်စင်းဘေးက ဖြတ်မောင်းလို့ ရွှံ့စက်စင်တာဟုပြောမည်ဟု စိတ်ကူးသည်။ အိမ်ပြန်အဝတ်အစားလဲဖို့ အချိန်မရတော့။ ခြောက်သွားလျှင်တော့ ကိစ္စမရှိတန်ရာဟုတွေးမိ၏။

ဟိုရောက်တော့လည်း နောက်ကျနေသဖြင့် ကမန်းကတန်း တောင်းပန်ပြီး ထွက်လာကြရသည်။ လေးဘီးကား တစ်စင်းငှားပြီး မြို့ထဲထွက်လာကြရာ လမ်းရောက်တော့မှ အားလုံးနှာခေါင်းတရှုံ့ရှုံ့ဖြစ်ကြရတော့သည်။ သူထင်သလို အနံ့က ပျောက်မသွားဘဲ ကားသွားသည့်အရှိန်နှင့်ဝင်လာသော လေစီးကြောင်းမှာပျံ့လှိုင်၍နေလေ၏။

ကောင်မလေးမှာ တော်တော်စိတ်ဆိုးသွားသည်။ အောင်ဘာလေလုပ်ပုံကြောင့် သူ့ညီမဝမ်းကွဲတွေ၊ သူငယ်ချင်းတွေ ကြားမှာ တော်တော်သိက္ခာကျသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်စုတ်စုတ်ပဲ့ပဲ့ နေတတ်ပြီး အလိုက်ကမ်းဆိုးမသိတဲ့လူကို လက်ခံတွဲနေတာအံ့ပါရဲ့"

ဟုပြောသွား၏။

ကောင်မလေး မှာအောင်ဘာလေကို လုံးဝစိတ်ကုန်ပြီးအဆက်ဖြတ်လိုက်လေတော့သည်။ အောင်ဘာလေကတော့ ခပ်အေးအေးပင်။ ဆွေးနေတာတို့၊ စိတ်ပျက်တာတို့မဖြစ်ဘဲ ခွေးကလေးအတွက် လည်ပတ်ကလေးတစ်ခုတောင် ဟိုချာတိတ်ကို လက်ဆောင်သွားပေးလိုက်လေသေးသည်။ ချာတိတ်၏ မိဘများနှင့်လည်း ခင်မင်သွားသည်။

အောင်ဘာလေသည် သူ၏ထုံးစံအတိုင်း လမ်းပေါ်မှာ ငှက်ပျောခွံတို့ ပုလင်းကွဲတို့ရှိလျှင် ကောက်ပြီးဖယ်ပစ်နိုင်ရန် ကြည့်ရှုရှာဖွေရင်း လျှောက်လာသည်။ တစ်နေရာတွင် အုတ်ခဲကျိုးတစ်ခု ကျနေသည်ကိုတွေ့ရ၏။ လူတချို့မှာ တိုက်မိမည်စိုး၍ ကျော်လွှားသွားကြသည်။

"ဩော်.......လူများနယ်၊ အမြင်မတော်ရင်လဲ ကောက်ပစ်လိုက်ပါတော့လား။ ကိုယ်မတိုက်မိပြီးရောဆိုပြီး မျက်နှာလွှဲသွားကြတယ်။ ခဲကိုကောက်ပစ်ဖို့တော့ သတိမရကြဘူး"

ဟုသူတွေးသည်။ အုတ်ခဲကျိုးကောက်ပြီး လမ်းဘေး မြောင်းထဲသို့ပစ်မည်ပြုစဉ် ..............

"ဟေ့ကောင်.........ဘာလုပ်တာလဲ"

လူတစ်ယောက်က အုတ်ခဲကျိုးကိုင်ထားသော သူ့လက်ကို လာဆွဲရင်းဟောက်လိုက်သည်။ သူလှည့်ကြည့်သည်။ လူပုံက တော့ ခပ်မိုက်မိုက်ပဲ။ အောင်ဘာလေ ပြုံးပြပြီး ........

"သူများတွေ ခလုတ်တိုက်မိမှာ စိုးလို့ လွှင့်ပစ်မလို့ပါဗျာ"

"ဘာကွ ၊ ဒါ တမင်သက်သက် ချထားတာကွ"

"ဗျာ"

"အေး ......ဟုတ်တယ်၊ ညနေကျရင်ငါရေခဲရေ ရောင်းဖို့ နေရာဦးထားတာကွ"

ဟုပြောပြီးအောင်ဘာလေလက်ထဲက အုတ်ခဲကျိုးကို ဆွဲလုလိုက်သည်။ ငါ့များထုလိုက်ရင်မစား သာဘူးဟုတွေးမိပြီး ............

"ဆော ........ဆောရီးနော်၊ မသိလို့ပါ"

ဟုပြုံးဖြဲဖြဲလုပ်၍ပြောပြီးတစ်ချိုးတည်း လစ်ခဲ့ရသည်။ ဟိုလူကစောင်းငန်းစောင်းငန်း ကြည့်နေသေးသည်။

အောင်ဘာလေဆိုတဲ့ကောင်က ဒါနဲ့တောင် မမှတ်သေး။ ဆက်လျှောက်လာရင်းရှေ့မှာ လူနှစ်ယောက်က ရေခဲသေတ္တာကြီးတစ်ခုလုံးကို မနိုင်တနိုင် သယ်လာတာတွေ့တော့ မကူညီပဲမနေနိုင်ပြန်။ သူပါဝင်ပြီး ကူသယ်ပေးသည်။ ဟိုနှစ်ယောက်က ......

"ကိစ္စမရှိပါဘူးဗျ ၊ နေပါစေဗျ"

ဟုတားသော်လည်း ..........

"ရပါတယ်၊ ခင်ဗျားတို့ချည်းပဲ နိုင်မှာမဟုတ်ဘူး၊ ပြုတ်ကျရင် နမျောစရာကြီး"

ဆိုပြီး အတင်းဝင်ကူသည်။ အမိုးဖွင့်ထားသော ပါဘလစ်ကာ ကားပေါ် ထိကူတင်ပေးသည်။ ဟိုလူနှစ်ယောက်က ကျေးဇူးတင်စကားပြောပြီး ကားမောင်းထွက်သွားသည်။ သူကပြုံးပြီး လက်ပြနှုတ်ဆက်လိုက်သေးသည်။

ရေခဲသေတ္တာကူသယ်လိုက်ရဖြင့် နည်းနည်းမောသွားသည်။ ထို့ကြောင့် အနီးရှိအအေးဆိုင်ထဲဝင်ထိုင်ပြီး စပတ်ကလင်တစ်ပုလင်းမှာသောက်လိုက်၏။ သည်နေ့အဖို့ နှစ်ခုဆက်တိုက်ကူညီလိုက်နိုင်ခြင်းမှာ တော်တော် ကုသိုလ်ထူးသည်ဟုတွေးပြီး ကျေနပ်နေတုန်း ............

စောစောက ဆိုင်နေရာ ဦးထားတယ်ဆိုသော လူသည် အအေးဆိုင်ထဲသို့ ပြူးပြူးပျာပျာ ဝင်လာသည်။ သူ့လက်ထဲမှာလည်း အုတ်ခဲကျိုးကိုင်ထားဆဲ။ ဟိုဟိုသည်သည် ကြည့်ပြီး ...............

"ဟော ..........ဟိုမှာ ၊ သူပဲ"

ဟုပြောပြီး အောင်ဘာလေ ထိုင်နေရာသို့ပြေးလာသည်။ နောက်ကလည်း လူလေးငါးခြောက်ယောက်လောက် ဝိုင်းလိုက်လာ၏။တချို့လူများ၏လက်ထဲမှာ တုတ်တွေ ဓားတွေနှင့်။ မိန်းမကြီး တစ်ယောက်သည်လည်း နောက်မှ အူယားဖားယားလိုက်လာသည်။ ထို့နောက် အောင်ဘာလေကို ဝိုင်းထားလိုက်ကြပြီး အုတ်ခဲကိုင်ထားသူက ..............

"ဟေ့ကောင် ..........မပြေးနဲ့"

www.burmeseclassic.com



အောင်ဘာလေလည်း အူတိအူကြောင် မော့ကြည့်ပြီး .........

"ကျွန်တော်က ဘာဖြစ်လို့ ပြေးရမှာလဲ"

ဟုပြောလိုက်သည်။ အုတ်ခဲနှင့်လူက ..............

"ဘာ ......အူကြောင် ကြောင် လုပ်နေတာလဲ၊ သေသွားချင်လို့လား"

ဆိုပြီး အုတ်ခဲကျိုးနှင့်ထုရန် လက်မြှောက်လိုက်သည်။

"အမယ်လေး ......မလုပ်ကြပါနဲ့ ၊ သွေးသံရဲရဲ မကြည့်ရဲလို့ပါ"

မိန်းမကြီးက ပြောရင်း ဝင်ဆွဲသဖြင့် အောင်ဘာလေသက်သာသွားသည်။ ဒါမှမဟုတ်လို့ကတော့ တုတ်ရော ဓားရော အုတ်ခဲကျိုးရော မိလိုက်လို့က မသက်သာ။

"အရမ်းမလုပ်ကြပါနဲ့၊ စခန်းကိုပို့ရမယ်"

ဟုပြောရင်း ရ–ဝ–တ အဖွဲ့ဝင်များနှင့် အရန်မီးသတ်ရဲဘော်များရောက်လာသည်။ သူတို့မရောက် ခင်ကလေးတင် နားရင်းနှစ်ချက်သုံးချက် အအုပ်ခံလိုက်ရသေးသည်။ အောင်ဘာလေမှာ ထူပူပြီးဘုမသိဘမသိ ကြောင်တိ ကြောင်တောင် ဖြစ်လျက် ..............

"ကျွန်တော်ဘာလုပ်လို့လဲဗျ၊ လမ်းသွားလမ်းလာတွေ ခလုတ်တိုက်မိမှာ စိုးလို့ အုတ်ခဲကိုဖယ်ပစ်တာပါဗျ"

ဟုကယောင်ကတမ်းပြောရင်း ဆွဲခေါ်ရာကို ပါသွားသည်။

လူအများထိခိုက်မှာစိုးလို့ တာဝန်သိသိလုပ်ခဲ့တာကို ဘာကြောင့်ဖမ်းရသလဲဟု နားမလည်နိုင်အောင်ဖြစ်နေသည်။ ရဲစခန်းရောက်မှ သဘောပေါက်သည်။ ခုကိစ္စမှာ အုတ်ခဲကျိုးနှင့်ဘာမျှမဆိုင်။

ဖြစ်ပုံက အိမ်ရှင်တွေ အပြင်သွားနေတုန်းအိမ်တစ်အိမ်ကို လူနှစ်ယောက်ကဖောက်ထွင်းဝင်ရောက် သည်။ သူတို့လုပ်ပုံက ပိပိရိရိရှိလှသည်။ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများ၊ ငွေများရှာဖွေယူပြီးနောက် ရေခဲသေတ္တာထဲထည့်လိုက်သည်။ ပြီးတော့မှရေခဲသေတ္တာကြီးကို အိမ်ရှေ့ပေါက်မှတစ်ဆင့် ခပ်တည်တည် မထုတ်လာသည်။

နေ့ခင်းကြောင်တောင်ကြီးလည်း ဖြစ်၊ လူမြင်သူမြင် မှင်သေသေ လှုပ်ရှားသွားသောကြောင့် ဘယ်သူကမှ မသင်္ကာမဖြစ်မိ။ တစ်ခုပဲရှိသည်။ ရေခဲသေတ္တာကြီးက သူတို့ထင်ထားတာထက် ပိုလေးနေသည်။ ထို့ကြောင့် မနိုင့်တနိုင်ဖြစ်နေတုန်း အောင်ဘာလေက ကူပြီးသယ်ပေးခဲ့ခြင်းဖြစ်၏။

သူခိုးများထွက်သွားပြီးနောက် မကြာခင်မှာပင် အိမ်ရှင်၏ဇနီးမိန်းမကြီးမှာ ဈေးဝယ်ရာမှပြန်လာသည်။ အိမ်ရှေ့တံခါးကြီးပွင့်နေတာ မြင်ကတည်းက ထိတ်ထိတ်ပျာပျာဖြစ်ပြီး အိမ်ထဲဝင်ကြည့်ရာ သူခိုးဖောက်သွားကြောင်းသိရသည်။ အော်ဟစ်အကူအညီတောင်းသဖြင့် လူအချို့ရောက်လာသည်။ ဖြစ်ပုံသိရသောအခါ အုတ်ခဲကျိုးကိုင်ထားသူက ရေခဲသေတ္တာကိုလူသုံးယောက်သယ်၍ကားပေါ်တင်သည်ကိုတွေ့ရကြောင်း ထိုအထဲမှတစ်ယောက်သည် အအေးဆိုင်ထဲမှာ ရှိသေးကြောင်းပြောသဖြင့် အောင်ဘာလေကို ဖမ်းမိသွားခြင်းဖြစ်၏။

ရဲကအောင်ဘာလေကို စစ်ဆေးသောအခါ သူဘာမှမသိရကြောင်း လူနှစ်ယောက် ရေခဲသေတ္တာကို မနိုင်မနင်း သယ်နေတာတွေ့ရ၍ ရိုးရိုးသားသား ဝင်ကူညီခြင်းသာဖြစ်ကြောင်း ပြောသည်။

ခက်နေတာကမျက်မြင်သက်သေ ( အုတ်ခဲကျိုးနှင့်လူ) ၏ထွက်ဆိုချက်အရ အောင်ဘာလေက တစ်ဖက်မှ လျှောက်လာကြောင်း၊ ကျန်လူနှစ်ယောက်က ရေခဲသေတ္တာသယ်လာကြောင်း၊ ထို့နောက်အောင်ဘာလေနှင့်ဆုံပြီး သုံးယောက်အတူ သယ်ကြကြောင်း၊ ကားပေါ်တင်ပြီးနောက်နှစ်ယောက်က ကားနှင့်ထွက်သွားပြီး အောင်ဘာလေက နေခဲ့ကြောင်း ၊ ကားထွက်သွားသောအခါ အောင်ဘာလေက လက်ပြနှုတ်ဆက်လိုက်သေးကြောင်း။

အထက်ပါထွက်ဆိုချက်အရ အောင်ဘာလေသည် ဖောက်ထွင်းသူများနှင့် တစ်ဖွဲ့တည်းဖြစ်သည်ဟု ယူဆနိုင်စရာ အကြောင်းရှိနေသည်။ ထို့ကြောင့်အောင်ဘာလေကိုဆက်ချုပ်ထားလိုက်၏။

အိမ်တစ်အိမ်ကိုဖောက်ထွင်းခိုးယူမှုဖြင့် အောင်ဘာလေ အဖမ်းခံရကြောင်း ကြားသိရသောအခါ တစ်ရပ်ကွက်လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားသည်။ အောင်ဘာလေ၏အကြောင်းကို သိနေသဖြင့် ဒါတခြားလူအတွက်ဓားစာခံရတာပဲဆိုတာ သိနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘာလေ၏မိဘများနှင့် ဦးကုလားတို့ရဲစခန်းလိုက်သွားကြသည်။အာမခံကိစ္စရဖို့သွားပြောသည်။ ဦးကုလားကလိုအပ်လျှင်သူအာမခံပါမည်ဟုပြောသည်။ လောလောဆယ်အာမခံပေးလို့မရသေးကြောင်း ရဲစခန်းကပြောလိုက်၏။ ညနေကျတော့ သူတို့ရပ်ကွက် ရ-ဝ-တ အဖွဲ့ဝင်များရောက်လာပြီးအောင်ဘာလေမှာ ဒီလိုအလုပ်မျိုး လုပ်မည့်သူမဟုတ်ကြောင်း ၊ အကျင့်စာရိတ္တအလွန်ကောင်းသည့်လူရိုးလူကောင်းတစ်ယောက်ဖြစ်ကြောင်း ထောက်ခံကြပြန်သည်။

ရပ်ကွက်ထဲမှလူများကလည်း အောင်ဘာလေတစ်ယောက်တော့ အားငယ်နေတော့မှာပဲဟုဆိုပြီး စခန်းကို လိုက်လာကြသည်။ မုန့်ဝယ်လာသူ၊ ဆေးလိပ်လာပေးသူများဖြင့် ရဲစခန်းတစ်ဝိုက်စည်ကားနေသည်။ တချို့မိန်းမတွေကလည်း အချုပ်ခန်းနားသွားနှုတ်ဆက်ခွင့်မရသဖြင့် စခန်းနောက်ဘက်မှပတ်၍ 'အောင်ဘာလေရေ........ဘာမှအားမငယ်နဲ့ဟေ့' ဟုအော်ဟစ်နှုတ်ဆက်ကြသည်။

ထိုမျှမကသေး။ အောင်ဘာလေ ဆေးရုံမှာသွားပြုစုခဲ့သူ သည် ဆေးရုံမှဆင်းလာပြီး ထော့နဲ့ ထော့နဲ့နှင့် ရောက်လာသေးသည်။ အောင်ဘာလေ အိမ်သာတွင်းမှဆယ်ပေးခဲ့သော ခွေးကလေးပိုင်ရှင် ချာတိတ်၏ဖခင်မှာ ရှေ့နေဖြစ်၏။ သူကလည်း သတင်းကြားသဖြင့် ရောက်ရှိလာပြီး အားပေးစကားပြောရင်းလိုအပ်လျှင် သူ့အနေဖြင့် အခမဲ့ရှေ့နေ လိုက်ပေးမည် ဖြစ်ကြောင်းပြောသည်။

စခန်းမှူးအနေဖြင့် အောင်ဘာလေနှင့်ပတ်သက်ပြီး စဉ်းစားစရာဖြစ်လာသည်။ သည်လောက်အာမခံချင်သူ ပေါများသော တရားခံမျိုးတစ်ခါမှမတွေ့ဘူးသေး။ ပြီးတော့ အောင်ဘာလေ၏ပုံစံမှာလည်း ဖောက်ထွင်းဝိဇ္ဇာ တစ်ယောက်နှင့် လုံးဝမတူ။ သည်အမှုမှာ အောင်ဘာလေပါဝင်ပတ်သက်နေတယ်ဆိုတာ သံသယရှိစရာဖြစ်လာ၏။

ထိုမျှမက .............

ဖောက်ထွင်းခံရသည့် အိမ်ရှင်လူကြီးသည် ရဲစခန်းသို့ရောက်လာပြီး အမှုအခြေအနေကို မေးသည်။

စခန်းမှူးက ...........

"ကျွန်တော်တို့လဲ တရားခံတွေ အားလုံးမိအောင် အပူတပြင်းကြိုးစားနေပါတယ်။ သူတို့အဖွဲ့နဲ့ ပတ်သက်လို့ မသင်္ကာတဲ့လူတစ်ယောက်ကိုတော့မိထားပါတယ်"

"ဟုတ်လား ၊ ဘယ်သူလဲ"

"လူပုံကတော့ ထင်လောက်စရာမရှိပါဘူး၊ သူ့နာမည်ကလည်း ခပ်ဆန်းဆန်းပဲခင်ဗျ၊ အောင်ဘာလေတဲ့"

"ဘာ ........အောင်ဘာလေ ဟုတ်လား၊ ကျုပ်သူ့ကိုတွေ့ချင်တယ်ဗျာ၊ အန်ကယ့်အသိများဖြစ်နေမလားမသိဘူး"

"ရပါတယ် ၊ တွေ့ရပါတယ်"

လူကြီးကိုအချုပ်ခန်းဆီခေါ် သွားပြီး အောင်ဘာလေနှင့်တွေ့ပေးတယ်။ လူကြီးနှင့်အောင်ဘာလေတို့မှာ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး အံ့ဩတကြီး ဖြစ်ကုန်ကြလေသည်။ လူကြီးကအောင်ဘာလေကို လက်ညှိုးထိုးပြီး ................

"ဟာ ........သူမဟုတ်ဘူး၊ သူမဟုတ်ဘူး"

ဟုအော်လိုက်သည်။ စခန်းမှူးက .....

"ဟုတ်ကဲ့၊ သူဟာ ဦးလေးရဲ့အသိမဟုတ်နိုင်ပါဘူး"

"ဒါကိုပြောတာမဟုတ်ဘူး၊ အန်ကယ့်အိမ်ကို ဝင်ခိုးတာ သူမဟုတ်နိုင်ဘူးလို့ ပြောတာ၊ ဒီသူငယ်ဟာ အင်မတန်ရိုးသား ဖြောင့်မတ်တဲ့သူငယ်ပါ"

စခန်းမှူးမှာ 'လာပြန်ပြီတစ်ယောက်' ဟုစိတ်ထဲက ရေရွတ်ရင်း ပါးစပ်အဟောင်းသားဖြစ်သွားရ၏။ လူကြီးက ဆက်လက်၍ ...........

"သူမဟုတ်ဘူးဆိုတာ အန်ကယ်အာမခံပါတယ်၊ သူ့ကိုလွှတ်ပေးလိုက်ပါ"

"ဟာ .....ဒီလိုတော့ လုပ်လို့မရဘူးခင်ဗျာ၊ ဥပဒေသဘောအရတော့ လုံးဝခိုင်လုံအောင် ထောင့်စေ့အောင် စောင့်ကြည့်ရပါဦးမယ်"

"ဒါဆိုသူ့ကိုစားစရာလေး ဘာလေးပေးပါရစေ"

"ဒါတော့ရပါတယ်"

ထိုလူကြီးမှာ အောင်ဘာလေ ထီလက်မှတ်လဲပေးလိုက်သဖြင့် ဆယ်သိန်းဆုပေါက်သွားသော ဦးချစ်ထူးပင်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ထူးသည် အောင်ဘာလေကို ဘာမှ အားမငယ်ရန်ပြောသည်။ အောင်ဘာလေစားဖို့ ဒံပေါက်ထမင်းနှင့် မရင်ဒါဝယ်ပေးခဲ့သည်။ ညနေတစ်ခေါက်ရောက်လာပြန်ပြီး ထမင်းကြော်၊ ဘဲကင်၊ အစိမ်းကြော်နှင့် ကျွဲရိုင်းအချိုရည်ဘူး၊ ညဘက်ဆာလျှင် စားဖို့ သောက်ဖို့ ပေါင်မုန့်၊ ဘီစကွတ်၊ ပိုကာ ဖျော်ရည်ဘူးစုံအောင်ဝယ်လာသည်။ ညကျလျှင် ခင်းအိပ်ဖို့ ဂွမ်းကပ်နှင့် သက္ကလတ်စောင်တွေ၊ ခေါင်းအုံးတွေပါ ယူလာသောကြောင့် အချုပ်ခန်းထဲမှာ ဒါတွေပေးလို့ မရပါဘူးဟု စခန်းမှူးကမနည်းတောင်းပန်လွှတ်လိုက်ရသည်။

စခန်းမှူးမှာတော်တော်ဦးနှောက်ခြောက်လာ၏။ ခုဖြစ်နေပုံကတော်တော်ဆန်းသည်။ တရားလိုက တရားခံမှာ အပြစ်မရှိပါဘူးဟု ဆိုပြီးအာမခံနေသည်။ ပြီးတော့ အချုပ်ခန်းထဲမှာ လိုလေသေး မရှိအောင်လုပ်ပေးထားသည်။

သည်အတိုင်းဆိုလျှင်အောင်ဘာလေမှာ အပြစ်မရှိကြောင်းတစ်ဖြေးဖြေးပေါ်လွင်လာသည်။ သူတကယ် ပြစ်မှုကျူးလွန်သည်ဆိုလျှင်ဟိုကောင်တွေနှင့် တစ်ခါတည်းလိုက်သွားရမည်။ ခုလိုအအေးဆိုင်မှာ စိမ်ပြေနပြေ အအေးသောက်နေတာကို ကြည့်လျှင် သူနှင့်သူခိုးတွေ ဘာမှမဆိုင်ကြောင်း ညွှန်ပြသလိုဖြစ်နေသည်။

ထို့ကြောင့်အောင်ဘာလေကို တစ်ခါထပ်ပြီး စစ်မေးပြန်သည်။

"မင်းက ဟိုကောင်တွေနဲ့ဘာမှမဆိုင်ဘူးပဲ ထားပါကွာ၊ အဲဒီကောင်တွေကိုမြင်ရင်မင်းမှတ်မိနိုင်ပါ့မလား"

"မှတ်မိမယ် ထင်ပါတယ်"

"ဒါဆိုရင် သူတို့ရဲ့ ပုံသဏ္ဌာန်ကို ပြောပြစမ်းကွာ"

အောင်ဘာလေက ခဏ စဉ်းစား၍..........

"အသားမည်းမည်း"

"အင်း .....ဟုတ်ပြီ ။ ကိုယ်လုံးကိုယ်ထည်က ............."

"ခပ်ကျစ်ကျစ်ပဲ ၊ အရပ်က မနိမ့်မမြင့်"

"မျက်နှာပုံပန်းကရော ဆံပင်ကစပြောကွာ"

"ခေါင်းတုံး ဆံတောက်လို ဆံပင်မျိုး"

"မျက်နှာက ........"

"အင်း ၊ မျက်နှာမှာ ဝက်ခြံတွေနဲ့"

"မင်းပြောတဲ့ပုံတွေက လူအများစုထဲက ပုံပဲ၊ ဒီလောက်နဲ့တော့မရသေးဘူး၊ ထူးခြားတာ ဘာရှိသလဲ၊ မျက်နှာမှာ အမာရွတ်ရှိတာတို့ ၊ လက်မှာ ဆေးမှင်ကြောင်ထိုးထားတာတို့"

"အဲဒါတော့ သတိမပြုမိဘူးဆရာ"

"ကဲ......ဒါဆို နောက်တစ်ယောက်အကြောင်းပြော"

"နောက်တစ်ယောက်ကလည်း အဲဒီအတိုင်းပဲ"

"ဟေ.....ဘယ်လို"

အောင်ဘာလေက အတန်ကြာအောင် နှုတ်ခမ်းကိုက်စဉ်းစားနေပြီးနောက် ..............

"ဟာ .........သိပြီဆရာ၊ သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက်ရုပ်ချင်းသိပ်တူတာ၊ အမြွှာဖြစ်နိုင်တယ်"

စခန်းမှူး၏မျက်နှာ ဝင်းလက်သွား၏။ နယ်ထိန်းကို လှမ်းကြည့်သည်။ နယ်ထိန်းကဖြစ်နိုင်တယ် ဆိုသော သဘောခေါင်းညိတ်ပြသည်။ စခန်းမှူးက .........

"သူ့ကို စီအိုင်ဒီခေါ် သွားပြီး ဟိုကောင်တွေ ဓာတ်ပုံပြလိုက်ပါ"

ဟုပြောသည်။

အောင်ဘာလေကို စီအိုင်ဒီမှုခင်းမှတ်တမ်းဌာနခွဲသို့ ခေါ် သွားသည်။ ပြစ်ချက်ရှိခဲ့ဖူးသူများ၏ဓာတ်ပုံတွေထားသော ဖိုင်တွဲထဲက ဓာတ်ပုံများကို ပြသည်။ အောင်ဘာလေက 'ဟုတ်ပါတယ်၊သူတို့ပါပဲ' ဟုပြောသည်။

ဤသို့ဖြင့် ပိုက်စိပ်တိုက်ရှာဖွေရာ ဖောက်ထွင်းဝိဇ္ဇာအေးမြင့်နှင့်အေးတင့်တို့ အမြွှာညီအစ်ကိုတို့အား ခိုးရာပါ ပစ္စည်းများနှင့်အတူ လက်ရဖမ်းဆီးနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘာလေကိုလွှတ်ပေးလိုက်သည်။ အောင်ဘာလေက ပြန်ခါနီးကျေးဇူးတင်စကားပြောနေတုန်း အဘွားကြီး တစ်ယောက်ဝင်လာသည်။ စခန်းမှူးက .............

"အမေ၊ ဘာဖြစ်လို့ လိုက်လာတာလဲ"

ဟုမေးသည် ၊ အဘွားကြီးက ....

"အညာက မင်းဦးလေးရောက်နေလို့ လာခေါ်တာ"

ဟုပြောပြီး အောင်ဘာလေ ဘက်လှည့်သည်။ အောင်ဘာလေမှာ အံ့ဩသွားပြီး ..........

"ဟင် ......အမေကြီးပါလား"

လမ်းဖြတ်ကူးရာမှာ သူကူညီခဲ့ဖူးသော အဘွားကြီးဒေါ်ကြင်ဖြစ်နေလေ၏။ အဘွားကြီးကလည်း အောင်ဘာလေကို စူးစိုက်ကြည့်ရာမှ လက်မောင်းကို ဝမ်းသာအားရဆုပ်ကိုင်ပြီး .......

"အလို .......မင်း ........ဟိုသူငယ်ကိုးကွယ့်"

စခန်းမှူးမှာ မျက်လုံးပြူးသွားပြီး ........

"သူက ....သူက အမေနဲ့လည်း သိတယ်၊ ဟုတ်လား"

အဘွားကြီးက ..........

"ဟုတ်ပ့ါ၊အမေတစ်ခါပြောဖူးပါလား၊ လမ်းဖြတ်ကူးတဲ့အကြောင်း၊ အဲဒါ ဒီသူငယ်ပေါ့၊ အမယ်.... ခုမှသိရတယ်။ အမေ့အတွက် ဒဏ်ငွေဆောင်ဖို့ သူစိုက်ပေးခဲ့တဲ့ ငွေနှစ်ရာတောင်ပြန်မပေးရသေးဘူး၊ ဟဲ့ ......မင်းမှာ ငွေနှစ်ရာရှိရင် သူ့ကိုပေးလိုက်စမ်း"

"ဗျာ"

"ဩော်......ငွေနှစ်ရာပေးလိုက်ပါလို့"

"ဟုတ် .....ဟုတ်ကဲ့"

စခန်းမှူးက အောင်ဘာလေကို တစ်ရာတန် နှစ်ရွက်ထုတ်ပေးသည်။ အောင်ဘာလေက ငြင်းသည်။ အဘွားကြီးက အိတ်ထဲအတင်းထည့်ပေးရသည်။ အောင်ဘာလေထွက်သွားပြီးနောက် စခန်းမှူးက ရေရွတ်သည်။

"ဒီလို တရားခံမျိုးတစ်ခါမှ မကြုံဘူးပေါင်ဗျာ"

သည်လောက်နှင့်မပြီးသေး ။ဦးချစ်ထူးမှာ ဟိုတစ်ခါကတည်းက အောင်ဘာလေကြောင့် ဆယ်သိန်းဆု ပေါက်ပြီးပြီ။ အခုလည်း အောင်ဘာလေ ကူညီဖော်ထုတ်ပေးလို့ တရားခံတွေမိပြီး အခိုးခံရတဲ့ ပစ္စည်းတွေ ပြန်ရသည်။

ထို့ကြောင့် အောင်ဘာလေကို အလွန်ကျေးဇူးတင်မိ၏။ ဟိုတစ်ခါ အိမ်ကို လာလည်ဖို့ဖိတ်သော်လည်း မရောက်ဖြစ်ခဲ့။ သည်တစ်ခါတော့ မလာမဖြစ်လာရမည်ဆိုပြီး အိမ်ခေါ်၍အကောင်းဆုံး ပြုစုကျွေးမွေးသည်။ အောင်ဘာလေမှာ ထိုအိမ်မှာတင် တစ်ခါတည်းနေဖို့အထိဖြစ်လာ၏။ အကြောင်းမှာ ဦးချစ်ထူး၏သမီးကလေးသည် အလွန်လှပသောကြောင့် ပင် ဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## တစ်အိမ်ထောင်တွင်းတစ်တွင်း

"အိမ်သာတွင်းတော့ ပြည့်နေပြီ ဥာဏ်စိန်ရေ၊ ဘယ်လိုလုပ်ကြမလဲ" ဟုမလုံးကမေးသည်။

အိမ်သာဆိုသည်မှာ တစ်ခါတစ်ခါတော့ အနည်းဆုံးတက်ရစမြဲဖြစ်၍ ထိုကိစ္စကို ဥာဏ်စိန်သိပြီးသား၊ မလုံးတစ်ခုခုတော့ စီစဉ်မှာပဲဆိုပြီး နေခဲ့ခြင်းဖြစ်၏။ ခုတော့ မလုံးက ဖွင့်ဟတိုင်ပင်လာပြီ။

သူတို့ လင်မယားအကျင့်ကသည်လိုပဲဖြစ်၏။ ကိစ္စတစ်ခု ရှိလာလျှင် မလုံးက ဥာဏ်စိန်ကို အိမ်ထောင်ဦးစီးမို့ အရာထားသည့်အနေဖြင့် ဦးစွာတင်ပြတတ်သည်။ ထိုအခါ ဥာဏ်စိန်က မေးစေ့ကို လက်ညှိုးဖြင့် ပုတ်ကာပုတ်ကာလုပ်ရင်း အပြန်အလှန်စဉ်းစားတွက်ချက်ပြီးနောက် ..........

"နင် ဘယ်လိုစိတ်ကူးထားသလဲ"

ဟုပြန်မေးစမြဲ။ ထိုအခါမှ မလုံးက သူစဉ်းစားထားတာကိုပြောပြပြီး အတည်ပြုချက်ရယူတတ်၏။

ခုလည်း ................

"ဒီလိုနွေတောင် ဒီလောက်ပြည့်နေရင် မိုးတွင်းဆို လျှံထွက်မှာ ကျိန်းသေပဲ၊ တွင်းအသစ်တူးမှ ဖြစ်မယ်"

မလုံးကပြောရာ......

"အေး ၊ ဟုတ်တယ်"

"တွင်းတူးတဲ့လူရှာရမယ် ၊ နင်စုံစမ်းလိုက်ဦးနော်"

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဥာဏ်စိန်က ပတေးတို့လက်ဖက်ရည်ဆိုင်သို့သွား၏။ ပတေးကိုမေးကြည့်သည်။ ပတေးက သူလည်းမသိဘူးဆို၏။ ထိုအခါ ဥာဏ်စိန်လည်း ................

"အင်း .....ဒီလိုလုပ်တဲ့သူကလည်း ရှားသားသလား" ဆိုပြီးလက်ဖက်ရည်ဆိုင်မှာ တမေ့တမောထိုင်ပြီးမှ ပြန်လာခဲ့သည်။ မလုံးကိုတော့ သူ့နေရာအနှံ့လိုက်စုံစမ်းပြီးပြီလို့ ပြောမည်စိတ်ကူးထားသည်။ သို့ရာတွင် သူအိမ်ရောက်သောအခါ မလုံးက တွင်းတူးသမား တစ်ယောက် ရှာထားပြီးနှင့်ကြောင်းသိရ၏။

"နာမည်ကတော့ ထူးထူးဆန်းဆန်းပဲ ပုရစ်တဲ့"

မလုံးကပြောသည်။ ချောင်းစပ်နားက ရပ်ကွက်ကို ပြောင်းလာတာ မကြာသေးဘူး။ အလုပ်ကြမ်းဆိုရင် အကုန်လုပ်တယ်တဲ့ ။ မပွေးခေါ်လာပေးတာပဲ။

ပုရစ်ဆိုသော တွင်းတူးသမားကိုကြည့်လိုက်သည်။ အင်္ကျီဝတ်မထား။ ပုဆိုးစုတ်ကို ခပ်တိုတို စည်းထားသည်။ လူပုံက ခပ်သေးသေး ခပ်ညှက်ညှက်။ ပေါက်ပြားလက်ကိုင်ရိုးကို တောင်ဝှေးလိုအားပြု၍ ခပ်မှီမှီ ခပ်ယိုင်ယိုင် ရပ်နေ၏။

သည်လိုပုံမျိုးနှင့် ဖြစ်ပါ့မလားဟု တွေးမိသည်။ သို့ရာတွင် သူ့နာမည်ပုရစ်တဲ့မဟုတ်လား။ ပုရစ်ဆိုတာ မြေတွင်းအောင်းတတ်သော သတ္တဝါပဲလေ။

နောက်တစ်ချက် ။ သူက ခေါင်းတုံးပြောင်အောင်တုံးထားသည်။ ဥာဏ်စိန်တစ်ခု စဉ်းစားမိပြန်၏။ အခုအချိန်က ဒုလ္လဘရဟန်းခံတတ်သောအချိန်၊ သူရဟန်းခံပြီး လူထွက်လာကစလား၊ ဒါဆိုလျှင်တော့ သည်လိုနိမ့်ကျသော အလုပ်မျိုးလုပ်ဖို့ မသင့် ။ ထို့ကြောင့် ........

"ခင်ဗျား ဘာဖြစ်လို့ ခေါင်းတုံး တုံးထားတာလဲ"

ဥာဏ်စိန် လွတ်ခနဲမေးလိုက်သည်။ ပုရစ်က သူ့ခေါင်းတုံးကို ပွတ်၍ရယ်လိုက်ပြီး .........

"ဆံပင် ညှပ်ခသက်သာအောင်လို့ တစ်ခါတည်း တုံးထားလိုက်တာပါ"

မလုံးလည်းမဆိုင်တာတွေမေးပြီး အင်တာဗျူးလုပ်နေသည့်ကိုဥာဏ်စိန်ကို စိတ်မရှည်တော့ဘဲ.....

"ကဲ...." ဟု အချက်ပေးပြီးထွက်သွားသဖြင့် ဥာဏ်စိန်တို့လည်းလိုက်သွားကြသည်။ ဟိုရောက်တော့............

"ဘယ်နေရာတူးရင်ကောင်းမလဲ"

မလုံး က ဥာဏ်စိန်ကို ဦးစားပေး ရွေးချယ်ခိုင်းလိုက်၏။ ဥာဏ်က ခါးထောက်၍ဟိုဟိုသည်သည် ကြည့်လိုက်ပြီး လက်ညှိုးညွှန်ရာတွင်းဖြစ်သူ၏ ဟန်ပန်မျိုးဖြင့် ..........

"ဒီနားမှာတူး"

တွေ့ရာကြုံရာလက်ညှိုးထိုးပြသည်။

ပုရစ်က ...........

"တွင်းအသစ်ထပ်တူးမှာလား"

"အင်းပေါ့"

"ဟာ တွင်းအသစ်ဆိုကျွန်တော်တစ်ယောက်ထဲမရဘူး၊ သုံးယောက်လောက်တူးရမယ်၊ အစ်ကိုတို့ လည်းပိုက်ဆံပိုကုန်မယ်"

"ဒါဖြင့်"

"ရှိပြီးသား တွင်းကိုပဲ ပြန်ဖော်ပေါ့၊ ဒါဆိုတစ်ရက်တည်း ပြီးသွားမယ်။ အိမ်သာလည်းရွှေ့နေစရာ မလိုတော့ဘူး"

"ဟာ ......ချီး ( ချေး )တွေနဲ့"

ဥာဏ်စိန် လွတ်ခနဲရေရွတ်လိုက်သည်။

"အပေါ်ယံလောက်ပဲ လတ်လတ်ဆတ်ဆတ်ရှိတာပါ၊ အောက်ပိုင်းက မြေဆွေးဖြစ်နေပါပြီ"

"ဒါတွေ ခပ်ထုတ်ပြီး ဘယ်နားသွားထားမလဲ"

"ဟိုဘေးနားမှာ ပုံထားလိုက်ရင်ရပါတယ်"

"နံနေမှာပေါ့"

"တစ်ရက်နှစ်ရက်ပါ ၊ အပေါ်က ထုံးတွေဖြူးထားလိုက်ရင် မနံတော့ပါဘူး"

"ကဲ ....ကဲ .....ဒီလိုပဲလုပ်၊ ဘယ်လောက်ပေးရမလဲ"

မလုံးက ဝင်မေးသဖြင့် ......

"ငါးဆယ်တော့ပေးပါ"

"ဟာ ...များတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ရယ် သူများမကိုင်ချင်တာကိုလုပ်ရတာပါ၊ အစ်မတို့စိတ်တိုင်းကျအောင် လုပ်ပေးပါ့မယ်၊ တော်တော့၊ ရပ်တော့ဆိုမှ ရပ်မယ်"

"ကဲ ပါလေ ၊ ကောင်းပါပြီ ...လုပ်ပါ" ဉာဏ်စိန်က သဘောတူလိုက်၏။

ပုရစ်လုပ်ငန်းစသည်။ တွင်းပေါ်မှာဖုံးထားသော ဝါးကပ်တွေဖယ်သည်။ သံပုံးစုတ်တစ်လုံးဖြင့် အပေါ်ယံကို စတင်၍ခပ်သည်။ ဘေးမှာပုံသည်။ သူသည် နှာခေါင်းကို အဝတ်နှင့် စီးကာထား ခြင်းမရှိ။ ကိုင်တွယ်ပုံမှာ ပယ်ပယ်နယ်နယ်ရှိလှသည်။ ရေခဲမုန့်တွေ ခပ်နေတယ်လို့များ ထင်နေသလားမသိ။ နှာခေါင်းတစ်ချက်မရှုံ့။

ဉာဏ်စိန်ကတော့ ဘေးမှ ကြီးကြပ်မည်ဟု စိတ်ကူးထားသော်လည်း သူလုပ်နေပုံကို ကြည့်၍ အော်ဂလီဆန်လာသည်။ အနံ့ဆိုးတွေကလည်း နှိုးဆွလိုက်သလိုဖြစ်ပြီး တလှိုက်လှိုက်ထွက်လာ၏။

ဉာဏ်စိန် ပျို့အန်ချင်သလို ဖြစ်လာသဖြင့် ............

"ထုံးသွားဝယ်လိုက်အုံးမယ်ဗျာ" ဆိုပြီး ရှောင်ထွက်လာသည်။ လမ်းကျမှ စဉ်းစားမိ၏။ တကယ်တော့ဒါတွေဟာ ငါနဲ့ ငါ့မိန်းမ ပစ္စည်းတွေမဟုတ်လား။ ကိုယ့်ပစ္စည်းကို သူများ က မရွံမရှာကိုင်တွယ်နေပြီး ကိုယ်က မကြည့်ချင်ဖြစ်နေတာ ရှက်စရာကောင်းသည်။ သို့တိုင်အောင် ထုံးဝယ်ပြီး ချက်ချင်းမပြန်ဘဲ ဟိုလိုလို သည်လိုလို အချိန်ဆွဲနေမိသေး၏။

သူပြန်ရောက်တော့ အပေါ်ယံကိစ္စပြီးသွားပြီ။ မြေပေါ်က လှမ်းခပ်လို့မမှီတော့။ ထိုအခါပုရစ်သည် တွင်းထဲသို့ စွပ်ခနဲ ခုန်ချလိုက်လေသည်။ ဒူးဆစ်လောက်အထိမြုပ်သွားသည်။ သူအလုပ်လုပ်ပုံက အားရဖို့ကောင်းသည်။ တစ်ခါတစ်ခါဆေးပေါ့လိပ်ကလေးကို ဖွာတာကလွဲ၍လုံးဝအနားမယူဘဲ ဆက်တိုက်လုပ်သည်။ ဉာဏ်စိန်လည်းဘေးမှာ ရပ်ကြည့်ပေးနေရသည်။

ထိုအခိုက် မိုးသားတွေ ညို့တက်လာ၏။ ခဏအကြာမိုးပေါက်တွေ တဖြောက်ဖြောက်ကျလာသည်။ ပုရစ်က မော့ကြည့်ပြီး ...........

"သကြ်န်မိုးက ခုမှ ရွာတယ်နော်၊ နက်ဖြန်ဆို ပိတောက်တွေ လှိုင်လှိုင် ပွင့်မှာပဲ" ဟုပြော၏။

မိုးက ပိုသည်းလာသည်။

"မိုးသည်းလာပြီ၊ ခဏနားပါလားကွ" ဟုဉာဏ်စိန်ကပြောသည်။

"မဖြစ်ဘူးအစ်ကိုရဲ့၊ ရေတွေဝင်လာရင်လုပ်ရတာ ပိုခက်မယ်"

မိုးစိုမခံနိုင်သဖြင့် ဉာဏ်စိန်အိမ်ပေါ်တက်လာသည်။ ပြီးတော့မှ ပုရစ်တစ်ယောက်တည်း မိုးရွာထဲမှာထားခဲ့ရမှာ အားနာသဖြင့် ဝါးဖတ်ဦးထုပ်ကလေး ဆောင်းပြီးပြန်ဆင်းသွားသည်။

ပုရစ်သည် တွင်းထဲသို့စီးဝင်နေသော ရေအချို့ကိုနိုင်အောင် ခပ်ထုတ်နေ၏။

သူ့တစ်ကိုယ်လုံးမိုးတွေ ရွှဲနေသည်။ ချမ်းရှာမှာဘဲ။ လက်ဖက်ရည်တိုက်ရင်ကောင်းမည်ဟု ဉာဏ်စိန်တွေးပြီး ............

"မလုံးရေ၊ ပိုက်ဆံနဲ့ ချိုင့် လှမ်းလိုက်စမ်းပါ၊ လက်ဖက်ရည်ဝယ်လိုက်ရအောင်"

ပုရစ်က ဆတ်ခနဲမော့ကြည့်ပြီး .....

"ဟာ ......လက်ဖက်ရည်တော့မဝယ်ပါနဲ့"

"အားမနာပါနဲ့ဗျ"

"ကျွန်တော်လက်ဖက်ရည်နဲ့မတည့်ဘူးအစ်ကိုရ၊ အဟီး"

ထိုအခါကျမှ ဉာဏ်စိန်အထာပေါက်သွားသည်။ ဟုတ်သားပဲ။ သည်လောက်မိုးထဲရေထဲ ပင်ပင်ပန်းပန်း လုပ်ရတာ အချမ်းပြေအမောပြေ မှီဝဲချင်မှာပေါ့။

ဉာဏ်စိန်ပုလင်း လွတ်တစ်လုံးဆွဲ၍အရက်တစ်ပိုင်းသွားဝယ်သည်။ သူပြန်ရောက်လာသည့်အခါ တွင်းထဲမှာလည်း ကုန်သလောက်ရှိပြီ။

ပုလင်းကိုမြင်လျှင် ပုရစ်မျက်နှာဝင်းပသွားသည်။ လျှာတစ်ချက်သပ်သည်။ တွင်းပေါ်ကိုပေါ့ပါးစွာ ခုန်တက်လာသည်။ လက်ကိုတောင်စင်ကြယ်အောင်မဆေးတော့ဘဲ ပုလင်းကိုယူ၍မော့သည်။

သူ့မျက်လုံးတွေ ချက်ချင်းတောက်ပြောင်လာသည်။ တစ်ဝက်လောက်ကျန်သောအခါ သရက်ပင် ခြေရင်းမှာ သွားထိုင်ပြီး တစိမ့်စိမ့်သောက်သည်။ ဆေးလိပ်ကို ဖိမ်နှင့်ဖွာသည်။ထို့နောက် သရက်ပင်မှီပြီး မှိန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာသည်အထိ မျက်စိပွင့်မလာ။ အိပ်များပျော်သွားသလားမသိ၊ ဉာဏ်စိန်က သူ့အနားသွားပြီး ..........

"ကိုပုရစ်" ဟုခေါ် သည်။ အင် ....အင် ဆိုပြီး မျက်လုံးဖွင့်ကြည့်သည်။

"ဟို .......ထုံးမှုန့်တွေဖြူးဖို့"

ဉာဏ်စိန်ကသတိပေးသည်။

"အင်း .....စီစဉ်ပေးမယ်လေ ၊ လုပ်တာပေါ့"

ပြန်မှိန်းသွားပြန်သည်။

"လုပ်လက်စနဲ့ တစ်ခါတည်း"

ပုရစ်က ငေါက်ခနဲ ခေါင်းထောင်ကြည့်ပြီး .......

"ဘယ်လိုဖြစ်နေတာလဲ၊ လုပ်မှာပေါ့" ဟုဟောက်လိုက်သည်။ ဉာဏ်စိန်လန့်သွား၏။ ဘယ်လိုဖြစ်သွားတာလဲ၊ အရက်ကလေး ဝင်လာပြီးနောက် သည်လူ့အချိုးက ချက်ချင်းပြောင်းသွားပါလား။ ငါအရက်တိုက်မိတာ မှားပြီထင်တယ်၊ တွေးနေတုန်း ..........

"အရက်ကလေး မစို့တပို့ ၊ တစ်ပိုင်းလောက်နဲ့တော့အလုပ်မဖြစ်ဘူး၊ နောက်တစ်ပိုင်းလောက်သွားဆွဲခဲ့စမ်းဗျာ" ဆိုပြီး ပုလင်းလွတ်ကို လှမ်းပေးသည်။ ဉာဏ်စိန်မှာလည်း ဂိုးသမားဖြစ်သဖြင့် လက်ကျင့်ပါပြီး ဖတ်ခနဲမိအောင် ဖမ်းလိုက်မိ၏။ သူပုလင်းကြီးကိုင်ပြီး ပုရစ်ကိုကြောင်တောင်တောင်ကြည့်နေစဉ် ............

"တစ်လက်စာတည်း ပဲကြီးလှော်တစ်ထုပ်ပါဆွဲခဲ့၊ အမြည်းမပါတော့ မနိုင်ဘူး" ဟုပုရစ်ကပြောသည်။ ဉာဏ်စိန်ကား ................

"ဟို .....အင်း ........အဲ .........ဟုတ်"

မလုံးသည် ပုရစ်ပါ ညနေစာထမင်းကျွေးမည်ဟုစိတ်ကူးပြီးဟင်းချက်နေသည်။ တူးဖော်နေတာပြီး လောက်ပြီလား ရေကပြင်ကနေ ထွက်ကြည့်သည်။ ပုရစ်သည် တွင်းထဲမှ ခပ်တင်ထားသော အပုံပေါ်သို့ ထုံးမှုန့်တွေဖြူးနေသည်။ သေသေချာချာစိုက်ကြည့်လိုက်တော့မှ ............

"ဟယ် ......ဘယ်လိုဖြစ်ကုန်ကြပါလိမ့်" ဟု တအံ့တသြရေရွတ်လိုက်၏။

မျောက်ဖြူတစ်ကောင်လို ထုံးမှုန့်တွေတစ်ကိုယ်လုံး ပေကျံလျက် ပယ်ပယ်နယ်နယ်ကိုင်ပြီး ဖြူးနေသူမှာ ပုရစ်မဟုတ်။ ဉာဏ်စိန်သာဖြစ်၏။ ပုရစ်ကတော့ ...............

သရက်ပင်အောက်မှာ တင်ပျဉ်ခွေထိုင်၍ ပဲလှော်တစ်စေ့ ပါးစပ်ထဲပစ်ထည့်လိုက်၊ အရက်လေးမော့လိုက်၊ ဆေးလိပ်လေး ဖွာလိုက်၊ ဒူးကလေးနှံ့လိုက်လုပ်ရင်း ဉာဏ်စိန်ကိုညွှန်ကြားနေသည်။

"ဟုတ်ပြီ၊ အဲ့ဒီဘက်ကတော်လောက်ပြီ ၊ ဟိုဘက်အခြမ်းကို ဆက်ဖြူး"

ဉာဏ်စိန်က ခေါင်းညိတ်ပြီး ထုံးတစ်ဆုပ်ကို လှမ်းဖြူးလိုက်၏။ ထုံးမှုန့်တွေဖွားခနဲတက်လာပြီး မွန်ထူသွားသည်။ ပုရစ်ကနှာခေါင်းကို လက်ခုံနှင့်ပိတ်ကာလိုက်ပြီး ........

"သေသေချာချာလုပ်မှပေါ့၊ ဒီဘက်ကို ထုံးမှုန့်တွေ လွင့်တယ်" ဟုဟောက်လိုက်သည်။

"ဆော........ဆောရီးဗျာ"

ဉာဏ်စိန်က ချောင်းတဟွပ်ဟွပ် ဖြစ်နေသည့်ကြားမှ တောင်းပန်လိုက်လေသည်။

နောက်တစ်နေ့ နံနက်ကျတော့ ဉာဏ်စိန်တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေသည်။ မနေ့က မိုးမိသွားတာကြောင့်လည်း ပါသည်။ မလုပ်စဖူး အလုပ်ကြမ်း လုပ်လိုက်ရတာလည်း တစ်ကြောင်း ။

သူသည်ငယ်ငယ်က ဘောလုံးသမားတစ်ဦးဖြစ်၍တော်ရုံတန်ရုံလောက်တော့ အကြမ်းခံနိုင်သည်။ ခုနောက်ပိုင်း အိမ်ထောင်ကျပြီးသည့်အခါကျတော့ လူက နုချင်လာသည်။ သူ့ကိုယ်သူ အိမ်ထောင်ဦးစီးဆိုပြီး ပက်လက်ကုလားထိုင်မှာ ထိုင်၊ သတင်းစာလေး ဖတ်လိုက်၊ ထမင်းစားချိန်ကျတော့ မလုံးခူးခပ်ပေးတာကို အဆင်သင့်လက်ဆေးပြီးစားလိုက်နှင့် နုပ်နေချင်လာသည်။

ပြီးတော့သူကိုယ်တိုင်က မလုံး၏အပြုစု အယုယကိုခံချင်တာလည်းပါသည်။ သည်တော့ အလုပ်လုပ်ရတာ ပင်ပန်းလို့ မောလိုက်တာ ၊ ညောင်းလိုက်တာ ၊ ကိုက်လိုက်တာ ဆိုပြီးမလုံး၏ ဂရုစိုက်မှုကိုခံကြည့်သည်။

ဟန်အဆောင်လွန်သွားတာပဲလားမသိ။ ခုနောက်ပိုင်းမှာ မိုးအေးလျှင် ညောင်းချင်ကိုက်ချင်လာသည်။ သည်ကြားထဲ မနေ့က မိုးရေထဲ အလုပ်လုပ်လိုက်ရသဖြင့် ကိုယ်တွေလက်တွေ လှုပ်တောင်မလှုပ်ချင်လောက်အောင်ဖြစ်နေရ၏။ ကျောထဲကလည်း ချမ်းစိမ့်စိမ့်ဖြစ်နေသည်။ ဖျားတော့မဖျားသေး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တွေလက်တွေ ကိုက်လိုက်တာဟာ ၊ လှုပ်တောင်မလှုပ်ချင်ဘူး"

ဉာဏ်စိန်က စကားစသည်။ မလုံးက .........

"နင်တော်တော်ခက်သေးတယ်၊ ဘယ့်နှယ် ကိုယ်ပင်ပန်းမှာ စိုးလို့ အလုပ်သမားကိုငှားတာ၊ ကိုယ်တိုင်များ ဝင်လုပ်ရတယ်လို့၊ ပိုက်ဆံလဲ ပေးရသေး၊ အရက်လဲတိုက်ရသေး၊ ကိုယ်လဲ ပင်ပန်းရသေး ၊ နင့်ဟာက ............."

"သူ့ခများ မိုးထဲရေထဲ နံနံစော်စော် လုပ်နေတာ တွေ့တော့ အားနာသွားတာနဲ့ အရက်ကလေးဝယ် တိုက်မိတာပါဟာ၊ ကိုယ်တော်မြတ်က အရက်လဲ ဝင်ရော အချိုးက ချက်ချင်းပြောင်းပြီး ငါ့ကို ပြန်ခိုင်းတော့တာပဲ"

"နင်ကတော့ဖြစ်ရမယ်၊ ကဲပါ၊ အဲဒါက အရေးမကြီးဘူး၊ နင် ဆေးခန်းလေးဘာလေး သွားပြလိုက်ဦး"

"ဟာ .....လှုပ်တောင် မလှုပ်ချင်ပါဘူးဆိုမှ၊ ဆေးခန်းသွားရရင် ပိုတောင်နာလာဦးမယ်၊ ဆေးလေးဘာလေး လိမ်းပြီး နည်းနည်းပါးပါး နှိပ်နယ်လိုက်ရင် ရလောက်ပါတယ်"

ဟု ဉာဏ်စိန်က စကားထပ်ကြောင်းပြန်သည်။

မလုံးသည် ဉာဏ်စိန်ကို ပြုစုရတာ ကျေနပ်တတ်သူသာဖြစ်၏။ ညားကစတုန်းကဆိုလျှင် ဉာဏ်စိန် အလုပ်က ပြန်လာပြီး ဇက်ကလေး ဟိုလှည့်သည်လှည့် လုပ်နေတာမြင်လျှင် .....

"ဇက်ကြောတက်လို့လား၊ နှိပ်ပေးရမလားဟင်"

ဟုမေးတတ်သည်။ ဉာဏ်စိန်ကလည်း ဖိမ်ယူချင်ချင်မို့ ကောင်းသားပဲဟုဆိုပြီး လည်စင်းပေး တတ်သည်။ ထိုအခါ မလုံးက ဉာဏ်စိန်ကို နှိပ်နယ်ပေးရင်း တစ်နေ့တာ ကြားသိရသော သတင်းပလင်း လေးတွေပြော၊ ဉာဏ်စိန်က အင်းလိုက်ရင်း မျက်လုံးလေး မှေးခံနေ၊ သိပ်ကြည်နူးသာယာဖို့ကောင်းသည်။

ဉာဏ်စိန်မှာ ဒါကို ဖိမ်တွေ့ပြီး မကြာခဏ ဇက်ကလေး ဟိုလှည့်သည်လှည့်လုပ်ချင်လာတတ်သည်။ ကြာလာတော့ လည်းမလုံးမှာ အိမ်အလုပ်ကတစ်ဖက်မို့ ဉာဏ်စိန်ဖိမ်ယူချင်တိုင်းမပြုစုနိုင်တော့ ။ ဉာဏ်စိန်က လိုတာထက်ပိုပြီး အပြုစုအယုယ ခံချင်တာကိုလိုက်မမီနိုင်တော့။

ဉာဏ်စိန်ကတော့ ထုံးစံအတိုင်း နေချင်တုန်းပင်၊ နေမကောင်းလို့များ ဆေးသောက် စောင်ခြုံထား ပြီး ချွေးတွေ ပျံလာလျှင် ...............

"မလုံးရေ .......အင်္ကျီချွေးလဲပေးပါဦးဟ"

ဆိုတာမျိုးလုပ်ချင်တုန်းပင်။

ခုလည်းဆေးလိမ်းပြီး နှိပ်နယ်ပေးလိုက်ရင် ကောင်းသွားမှာပါဟုဆိုသည်။ မလုံးကလည်း အကြောင်းသိနေသဖြင့် တစ်ချက်မဲ့ရွဲ့လိုက်သည်။ ပြီးတော့မှ ခေါင်းရင်း ကြွက်လျှောက်ပေါ်ရှိ ဂုဏ်မင်းလိမ်းဆေးပုလင်းကို လှမ်းယူသည်။ ပြန်လှည့်လိုက်သောအခါ ဉာဏ်စိန်သည် မှောက်လျက် အနေအထားဖြင့် ဆေးအလိမ်းခံရန် အဆင့်သင့်ဖြစ်နေပြီ။

မလုံးက လိမ်းဆေး တစ်ကော်ကော်၍ ကျောကိုစလိမ်းသည်။ ပြီးမှ တဖြည်းဖြည်းချင်းအောက်သို့ဆက်လိမ်းသည်။ ဉာဏ်စိန်ကတော ့ပင်လယ်ကမ်းစပ်ရှိ အပန်းဖြေဟိုတယ်ကြီး၏ရေကူးကန်အစပ်မှာ မိန်းမချောလေးတစ်ယောက်က သံလွင်ဆီဆီ လိမ်းပြီး နှိပ်နယ်ပေးသည်ကို ဖိမ်နှင့်ခံနေသော သန်းကြွယ်သူဌေးကြီးကဲ့သို့ သူ့ကိုယ်သူ အထင်ရောက်နေသည်။ မျက်လုံးကလေးများစင်းပြီး နှုတ်ခမ်းကလည်း ပြုံးယောင်ယောင်ဖြစ်နေ၏ ။

ထိုစဉ်မလုံးသည် ဟင်းအိုးတည်ထားခဲ့သည်ကို သွားသတိရ၏ ။ ငါးမြစ်ချင်းအိုးမှာ တည်ခဲ့တာ မကြာသေးသော်လည်း မီးပြင်းလျှင်ကပ်သွားနိုင်သည်။ မီးဖိုဘက် စိတ်ရောက်သွားသောအခါ မလုံး၏ နှိပ်နယ်နေသောလက်များသည် ညင်ညင်သာသာ မရှိတော့။ ဆေးလိမ်းရန်ကျန်နေသော ခြေသလုံးအပိုင်းကို ဆေးနှံ့အောင်ပင်မပွတ်နိုင်တော့ပဲ ဝယ်ယူသူတွေကျနေသော ကွမ်းယာသည်တစ်ယောက်ထုံးတို့သလို ဆိုးဆိုးဆတ်ဆတ်လိမ်းပြီး ထထွက်သွားသည်။ သန်းကြွယ်သူဌေးကြီး ဉာဏ်စိန် မှာလည်း ဆတ်တငံ့ငံ့ ကျန်ခဲ့လေသည် ။

ခဏကြာတော့ ဉာဏ်စိန် မှေးခနဲအိပ်ပျော်သွားသည်။ ထမင်းစားချိန်ကျတော့ မလုံးက လာနှိုးသည်။ ဉာဏ်စိန်က ..............

"ထမင်းမစားချင်ဘူးဟာ ၊ ဆန်ပြုတ်ကလေး သောက်ရရင်ကောင်းမယ်"

ဟုလူမမာ သံလုပ်၍ပြောသည်။ မလုံးက နေမကောင်းတာကို အခွင့်ကောင်းယူပြီး လုပ်ထားနှင့်ဦးပေါ့ဟု ဆိုသော မျက်နှာပေးနှင့်ကြည့်ပြီး ...........

"အေး .....ပြုတ်ပေးမယ်"

သံပြတ်နှင့်ပြောပြီး ထထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မလုံး"

ဉာဏ်စိန်ကလှမ်းခေါ် သည်။ မလုံးလှည့်ကြည့်သည်။

"ဟိုတစ်နေ့က ရထားတဲ့ ဆတ်သားခြောက်ကလေး ကျန်သေးတယ်မဟုတ်လား"

မလုံးက ခေါင်းတစ်ချက်ညိတ်ပြသည်။ မလုံးခေါင်းညိတ်ပုံမှာ တွေ့ကြသေးတာပေါ့ဆိုသည့် အမူအရာမျိုး ဖြစ်နေသောကြောင့် ဉာဏ်စိန်နည်းနည်းလန့်သွားသည်။ ထို့ကြောင့် ..........

"ဟိုလေ........ ဆတ်သားခြောက်က နောက်နေ့အတွက် ချန်ထားတာဆိုရင်လဲ နေပါစေတော့"

"ရပါတယ်"

မလုံးသည် ဉာဏ်စိန်ဇိမ်ယူချင်လွန်းတာကို အမြင်ကတ်ချင်သလိုလို ရှိသော်လည်း တကယ်တမ်းကျတော့ သူ့ယောကျ်ား ကောင်းကောင်းစားစေချင်သည့် စေတနာက ရှိနေသေးသည်။

ဆန်ပြုတ်ပြုတ်နေတုန်း ဆတ်သားခြောက်ကို ရေစိမ်ထားလိုက်သည်။ ဆန်ပြုတ်အိုးချသောအခါ ဆတ်သားခြောက်ကို နည်းနည်းယူပြီး မီးကျီခဲ ပေါ်တင်သည်။ ထို့နောက်ပြန်ယူပြီးရေစိမ်သည်။နည်းနည်းထုပြီးမီးခဲပေါ် ပြန်တင်သည်။ သည်လို ရေစိမ်လိုက် ထုလိုက်မီးခဲပေါ်တင်လိုက် ရေပြန်စိမ်၊ ပြန်ထုပြန်ဖုတ်နှင့် စိတ်ရှည်ရှည်လုပ်သဖြင့် ဆတ်သားခြောက်မှာ တစ်မြှောင်းလုံး ညီညီညာညာကျက်ပြီး ရွလာသည်။ ဆီကလေးဆမ်းလိုက်သောအခါ မွှေးကြိုင်သောအနံ့ထွက်လာ၏။ မလုံးပင်လျှင်မနေနိုင်ဘဲ နှစ်ဖဲ့ သုံးဖဲ့ ယူဝါးလိုက်မိသေးသည်။

ဉာဏ်စိန်သည် ဆတ်သားခြောက်ကို အရသာခံဝါးရင်း ဆန်ပြုတ်သောက်သည်။ တစ်ပန်းကန်ကုန်သောအခါ မဝသေး။ သို့ရာတွင် နေမကောင်းဘူးဆိုပြီး အစားကြီးလို့ မဖြစ်သေးကြောင်း တွေးမိသဖြင့် အသာငြိမ်နေလိုက်ရသည်။ ဗိုက်ထဲအစာကလေးဝင်သွားတော့ မျက်ခွံတွေလေးလာပြန်သည်။ ထို့ကြောင့် ပြန်မှေးနေလိုက်၏။ မှေးခနဲ အိပ်ပျော်သွားသည်။

အိပ်မက်ထဲတွင် ဉာဏ်စိန်သည် ပင်လယ်ကမ်းခြေသို့ရောက်ရှိနေသည်။ ဟာဝေယံကျွန်းဟု သူ့စိတ်ထဲက သိနေသည်။ ထီးဝိုင်းဝိုင်းကြီး၏အရိပ်အောက်တွင် သူက ပက်လက်ကုလားထိုင် အကောင်းစားနှင့်ထိုင်နေ၏။ လက်ထဲမှာ ရေခဲမုန့် ထည့်စားသည့်ခွက်နှင့်တူသော ဖန်ခွက်ကလေးကိုင်ထားသည်။ သို့ရာတွင်သူက အရက်သောက်တတ်သူမဟုတ်သဖြင့် ဖန်ခွက်ထဲမှာ ဆန်ပြုတ်များ ထည့်ထားသည်။

ဆန်ပြုတ်ကို တစ်ငုံသောက်ပြီး နောက် ဆတ်သားခြောက်တစ်ဖဲ့ယူပြီး ဝါးနေလိုက်သည်။ လပ်ကီးစရိုက် စီးကရက် ကြော်ငြာမှာပါသော ကောင်မလေးက သူ့ခြေထောက်များကို ဂုဏ်မင်းဆေးလိမ်းပြီး ဆုပ်နယ်ပေးနေသည်။ ကောင်မလေးက သက်သာရဲ့လားဟုမေးသည်။ အင်္ဂလိပ်လိုမေးလိုက်ခြင်း ဖြစ်သော်လည်း ဉာဏ်စိန်က မြန်မာလိုနားလည်လိုက်သည်။ 'ယက်စ် ....ယက်စ်' ဟုသူကပြန်ပြောလိုက်၏။

ထိုစဉ်တွင် သူ့နားသို့ မလုံးရောက်လာသည်။ မလုံးက "အမယ်... နင်က ဒီမှာ ဇိမ်ကျနေတာပေါ့လေ၊ အိမ်မှာအိမ်သာတွင်း ပြည့်နေတာမသိဘူးလား" ဟု ဒေါနှင့်မောနှင့်ပြောနေသည်။ အိမ်သာတွင်းတူးသည့် ပုရစ်ဆိုသော လူရောက်လာပြန်သည်။ လက်ထဲမှာ ပုလင်းလွတ်တစ်လုံးကိုင်ထားသည်။ "ဟေ့ကောင် ......ဉာဏ်စိန် ငါ့ကို အရက်တစ်လုံး သွားဝယ်ပေးစမ်း" ဟုပြောသည်။

ဉာဏ်စိန်က ကြောင်ကြည့်နေသဖြင့် "ပြောနေတာမကြားဘူးလား" ဆိုပြီး ပုလင်းနှင့် ရိုက်မည်ပြုသဖြင့် ဉာဏ်စိန် ထပြေးသည်။ အကြောတွေဆိုင်းနေသဖြင့် မပြေးနိုင်ဘဲ မြေကြီးပေါ်မှောက်လျက်လဲကျသွားသည်။

သူလန့်နိုးလာသည်။ ညနေတောင်စောင်းနေလောက်ပြီဟု တွေးသည်။ ကိုက်တာခဲတာတွေတော့ တော်တော် လျော့သွားပြီ။ အိပ်ရာထပြီးအိမ်ရှေ့လမ်းဘက်ထွက်ခဲ့သည်။ လမ်းလျှောက်ရတာတော့ သိပ်မကောင်းလှ။ အကြောတွေက တင်းပြီး ကြွက်သားတွေတောင့်နေသည်။ သူလမ်းလျှောက်ပုံ ကွတတ ဖြစ်နေခြင်းကို မလုံးက စိုက်ကြည့်နေသည်။

"ဘယ်လိုနေသေးလဲ"

ဟုမေးသည်။ ဉာဏ်စိန်က ပက်လက်ကုလားထိုင်ပေါ် ထိုင်ချလိုက်ရင်း ............

"အကြောတွေ တောင့်တင်းနေတယ်ဟ"

"အနှိပ်ခံမလား"

"အေး .........ကောင်းသားပဲ"

မလုံးကိုယ်တိုင်နှိပ်ပေးမည်ထင်သောကြောင့် ခေါင်းညိတ်လိုက်ခြင်းဖြစ်၏။ သို့ရာတွင်မလုံးက ...

"ဒါဆို .........ခဏနေဦး"

ဆိုပြီးအိမ်ပေါ်မှဆင်းသွားသည်။ ဉာဏ်စိန်ခေါင်းကုတ်ပြီး ကျန်ခဲ့သည်။ ဆယ့်ငါးမိနစ်လောက်အကြာမှာ မလုံးပြန်ရောက်လာသည်။ မလုံးနောက်မှ ကပ်လျက် အိမ်ပေါ်တက်လာတာက ဒေါ်အေးကြွယ်ကြီးဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးကြွယ်မှာ အရပ်ဝမ်းဆွဲဖြစ်၏။ ဝမ်းဆွဲအလုပ်မရှိသောအခါ ဘိန်းမုန့်တို့ ၊ ခေါက်မုန့်တို့ရောင်းသည်။ တစ်ခါတလေ ဈေးလိုက်ရောင်းရင်း စကားစပ်မိလို့ ကြုံကြိုက်တဲ့အခါနင်းနှိပ်ပေးတတ်သည်။ သည်လိုနှင့်ဒေါ်အေးကြွယ်သည် အနှိပ်သည်လိုဖြစ်လာသည်။ အနှိပ်ပညာကို တကယ်ပဲတတ်သလား၊ အကြောတွေ ဘာတွေအကြောင်း တစ်ကယ်ပဲ နားလည်သလားတော့ဘယ်သူမှမသိချေ။ ဘာပဲဖြစ်ဖြစ်မလုံးကတော့ ဒေါ်အေးကြွယ်ကို အိမ်ပေါ်ပင့်လာခဲ့ပြီ။

မလုံးသည်အိမ်ပေါ်ရောက်သည်နှင့်ဖျာလေးတစ်ချပ်ကိုခင်းလိုက်သည်။ ပြီးတော့ မျက်လုံးလေး ကလယ်ကလယ်နှင့် ကြည့်နေသောဉာဏ်စိန်ကို ..........

"ကဲ.......လာ......ဒီမှာအိပ်"

ဟုပြောလိုက်၏။ ဉာဏ်စိန်က အင်း .........အဲ ........လုပ်နေသည်။ ဒေါ်အေးကြွယ်က ..........

"မောင်ဉာဏ်စိန်........လာကွယ့်"

ဟုခေါ် သဖြင့်ဉာဏ်စိန်မနေသာတော့ပဲ ထသွားပြီး ဖျာပေါ်လှဲအိပ်လိုက်ရသည်။

"ဘာမှ မပူနဲ့မလုံးရေ.... ကျုပ်နှိပ်ပေးလိုက်လို့ကတော့ အမြန်ဆုံးသက်သာသွားစေရမယ်"

ပြောပြီး ဉာဏ်စိန်၏ခြေသလုံးပေါ် လက်တင်လိုက်သည်။

"အနှိပ်ပညာကိုလည်း အထင်မသေးနဲ့အေ့ ၊ အနှိပ်သည်များကောင်းပြီဆိုလျှင် လေဖြတ်လို့ အိပ်ရာထဲ လဲနေတဲ့ လူတောင် ငေါက်ခနဲ ထထိုင်တာကလား"

ဟုပြောရင်း ဉာဏ်စိန်၏ ခြေသလုံးကြွက်သားကို လက်မနှင့် ထောက်ပြီး ကျန်လက်ချောင်းများနှင့် ဖျစ်ညှစ်လိုက်သည်။

ဉာဏ်စိန်မှာ "အာ" ဟုအော်ရင်း ငေါက်ခနဲခေါင်းထောင်သွားသည်။

"တွေ့လား၊ အကြောကိုတစ်ခါတည်း တိုက်ရိုက်ထိသွားတာပဲ၊ ထိတယ်မဟုတ်လား မောင်ဉာဏ်စိန်"

ဉာဏ်စိန်မှာ ရှုံ့မဲ့ရင်း "ထိပါတယ် ၊ ထိပါတယ်" ဟု မချိသောအသံဖြင့် ပြော၏။

"ကဲ .......ဒေါ်အေးကြွယ်၊ သေသေချာချာလေးသာ နှိပ်ပေးပါ"

မလုံးကပြောပြီး ဉာဏ်စိန့်ကို ဒေါ်အေးကြွယ်လက်ဝ ကွက်အပ်ခဲ့ပြီး အိမ်ခန်းထဲဝင်သွားလေသည်။

ဒေါ်အေးကြွယ်လည်း အားတက်သွားပြီး နောက်တစ်ကြိမ်လက်စွမ်းပြပြန်သည်။

"အား .....ဖြည်းဖြည်း အဒေါ်ရဲ့"

"နာလို့လားကွယ့်"

"ဟုတ် ....ဟုတ်ကဲ့"

"အေး ......အဲ့ဒါအကြောတွေ ဘယ်လောက်တောင့်တင်းနေတယ်ဆိုတာ ပြနေတာပေါ့ကွယ့်၊ အဲဒီအကြောတွေ ပြေသွားမှ ကောင်းသွားမှာ ၊ နည်းနည်းတော့ အောင့်ခံကြားလား"

အောင့်ခံဟုဆိုသော်လည်း ဉာဏ်စိန်မှာ မအော်နိုင်ဘဲ မနေနိုင်၊ အဒေါ်အေးကြွယ်၏လက်ချောင်း များမှာ အသားထဲကို စိုက်ဝင်ပြီး အရိုးထိအောင်များ နှိပ်နေသလားထင်ရ၏။

"ဟာ ....ဟာ ......နာတယ် အဒေါ်ရဲ့"

"အဲဒါနာတာမဟုတ်ဘူးကွယ့် ၊ ရောဂါနဲ့ ဆေးချက်ထိတာလို့ခေါ်တယ်။ တကယ့်သမားတော်ကြီး တွေများဆိုရင် ရောဂါရှိတဲ့နေရာ လက်ကလေးတင်လိုက်ရုံနဲ့ ဝေဒနာရှင်မှာ ထွန့်ထွန့်လူးသွားရတယ်ဆိုတာ မကြားဖူးဘူးလား"

ခင်ဗျားကသမားတော်လည်းမဟုတ်ဘူး။ ပြီးတော့လက်ကလေးတင်ရုံမှမဟုတ်ဘဲ။ အမဲသားဝက်သားပေါ် သလို လုပ်နေတာပဲဟု ပြန်ပြောချင်သော်လည်း မပြောရဲ။

ဒေါ်အေးကြွယ်ကလည်း ဉာဏ်စိန်ကအော်မှလက်ပေါက်တယ်၊ အကြောထိတယ်ဟု မလုံးက ကျေနပ်မည်ဟု ထင်နေသလားမသိ။ နှိပ်နယ်ခြင်းပြီးတော့ ချိုးဖဲ့ခြင်းနှင့်ဆက်၍လက်စွမ်းပြပြန်သည်။ခြေချောင်းများကို လက်ဖြင့်ဆုပ်ကိုင်ပြီး လှန်ချိုးခြင်း ၊ ကုပ်ချိုးခြင်း၊ ခြေသလုံးများကို တစ်ခုနှင့် တစ်ခုကန့်လန့်ဖြတ်ထပ်၍ ဖိချိုးခြင်း၊ ကျောကို ဒူးဖြင့်ထောက်ပြီး ကိုယ်ကို နောက်သို့လှန်ချိုးခြင်းများ ပြုလုပ်ရာ ဖျိုးဖျိုးဖျစ်ဖျစ် ၊ ဂျိုးဂျိုးဂွျတ်ဂွျတ် မြည်လေသည်။

ဉာဏ်စိန်မှာ မလုံးနှိပ်ပေးစဉ်တုန်းကလို သူ့ကိုယ်သူပင်လယ်ကမ်းစပ်မှာ အပန်းဖြေနေသော သန်းကြွယ်သူဋ္ဌေးကြီးဟု စိတ်ကူးမယဉ်နိုင်တော့ဘဲ နာဇီအကျဉ်းစခန်းထဲ ရောက်နေသကဲ့သို့သာ အောက်မေ့မိလေတော့သည်။

စိတ်ရှိလက်ရှိ နှိပ်ကွပ်ပြီးတော့မှပင် အရှိန်လျှော့သွားပြီး တဖြည်းဖြည်းအနှိပ်ရပ်လိုက်သည်။မလုံးက ပိုက်ဆံပေးရတာတန်တယ်ဟု ကျေနပ်လောက်သည်အထိ လုပ်ပြနေခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



မလုံး အိမ်ခန်းထဲက ပြန်ထွက်လာသည်။ ဒေါ်အေးကြွယ်က မလုံးကို လှမ်းပြောသည်။

"အကြောတွေတော့ တော်တော်ဖြေလိုက်ပြီပေ့၊ ကဲ ......ဘယ်လိုလဲ မောင်ဉာဏ်စိန်၊ ပေါ့မသွားဘူးလား"

ဉာဏ်စိန်စဉ်းစားရပြီ။ မပေါ့ပါးဘူး၊ မကောင်းပါဘူး ပြောလျှင် မလုံးက ဒေါ်အေးကြွယ်ကို ပိုက်ဆံပေးချင်မှပေးမည်။ ပေးလျှင်လည်း မဖြစ်စလောက်သာပေးလိမ့်မည်။ ဒါဆိုလျှင် အဘွားကြီး ပင်ပန်းရကျိုးနပ်မှာ မဟုတ်တော့။ ဒေါ်အေးကြွယ်ကြီး စိတ်မကောင်းဖြစ်သွားမှာပဲ။ သနားပါတယ်ဟု သူ၏ထုံးစံအတိုင်း အားနာစိတ်ကလေး ဝင်လာသည်။ ထို့ကြောင့် .......

"ဟုတ်ကဲ့၊ ပေါ့သွားပါတယ်"

ဟုဆုတ်ဆိုင်းဆိုင်း ပြောလိုက်သည်။ မလုံးက ကျေနပ်သွားပြီး ဒေါ်အေးကြွယ်ကို ဆယ့်ငါးကျပ်တန်တစ်ရွက် ပေးလိုက်၏။ ဒေါ်အေးကြွယ်လည်း ပြုံးရွှင်သွား၏။

"ဟဲ့ ....မောင်ဉာဏ်စိန်၊ ချက်ချင်းမထနဲ့ဦးနော်၊ အပူစင်သွားအောင်နေလိုက်ဦး၊ ထပြီးပြီးလဲ ရေချိုးတာ၊ ခြေထောက်ဆေးတာ မျက်နှာသစ်တာမလုပ်နဲ့ကြားလား၊ အပူပြန်ငုပ်သွားတတ်တယ်"

"ဟုတ်ကဲ့"

ဒေါ်အေးကြွယ်က ပြန်ဖို့ဟန်ပြင်သည်။

"ကျေးဇူးပဲ ဒေါ်အေးကြွယ်ရေ၊ သြော်....ဒါနဲ့ အချိန်တောင်တော်တော်လင့်သွားပြီ။ အိမ်မှာဘယ်ချက်ရပြုတ်ရဦးမလဲ၊ ဒီမှာပဲ စားသွားပါလား"

မလုံးက ထမင်းစားဖိတ်လိုက်သည်။ ဒေါ်အေးကြွယ်က 'အင် ....' ဆိုအသံရှည်ဆွဲ၍ ရေရွတ်ပြီး စဉ်းစားသလို လုပ်နေရာမှ .........

"နေပါစေတော့ ၊ ဒီကအပြန် ဆန်လေးတစ်လုံးလောက်ဝင်ဝယ်သွားပြီး ......."

"ချက်ပြုတ်နေရမှာနဲ့ ကြာနေမှာပေါ့"

မလုံးက စကားထောက်ရာ ဉာဏ်စိန်က .........

"ဟုတ်သားပဲအဒေါ် စားသွားလိုက်ပါ"

ဒေါ်အေးကြွယ်လည်း အားနာသည့်ဟန်ပြုပြီးမှ .........

"အင်း ......အင်းလေ ၊ကောင်းသားပဲ ၊ အိမ်မှာက"

ဟုစကားကိုမပြီးမပြတ်ပြောလိုက်သည်။ မလုံးက ဒေါ်အေးကြွယ်ကိုထမင်းကျွေးဖို့ ခေါ်သွား၏။ ဉာဏ်စိန်ကတော့ လဲလျောင်းရင်းကျန်ခဲ့သည်။

စားသောက်ပြီးတော့ ဒေါ်အေးကြွယ် မီးဖိုခန်းထဲမှ ပြန်ထွက်လာသည်။

"ကဲ.....သွားဦးမယ်၊ မောင်ဉာဏ်စိန် နက်ဖြန်မှတစ်ခေါက်လာခဲ့မယ်"

ဟု နှုတ်ဆက်ပြီးဆင်းသွားသည်။ ဉာဏ်စိန် မျက်လုံးပြူးသွားသည်။

"နက်ဖြန် ဘာလုပ်ဖို့လာမှာလဲ"

ဟုမလုံးကို လှမ်းမေးသည်။

"နက်ဖြန်တစ်ခါ ထပ်နှိပ်ရမယ်လေ"

"ဘာ ......နက်ဖြန်တစ်ခါ"

"ဟုတ်တယ်၊ ဒေါ်အေးကြွယ်က ပြောတယ် ၊ သုံးရက်လောက်ဆက်နှိပ်လိုက်မှ အကြောတွေ အကုန်ပြေမှာတဲ့၊ သူပြောတာလဲဟုတ်တယ်လေ၊ အနှစ်နှစ်အလလက အညောင်းတွေ မိနေခဲ့တာကိုး၊ တစ်ရက်တည်း နဲ့တော့ ဘယ်ကောင်းနိုင် ပါ့မလဲ"

ဉာဏ်စိန်မှာ စိတ်ဓာတ်ကျပြီး "ဟာ" ဟူ၍သာရေရွတ်နိုင်သည်။

ဤသို့ဖြင့် ဉာဏ်စိန်သည် ဂတ်စတာပိုဒေါ်အေးကြွယ် လက်အတွင်းသို့ သုံးရက်ဆက်တိုက် သက်ဆင်း ကျရောက်ခဲ့ရရှာ၏။ သူ့အနေဖြင့် ဒေါ်အေးကြွယ်နှိပ်တာ အကြောကိုမမိဘဲ ကြွက်သားတွေကို ဖျစ်ညှစ်နေသဖြင့် အလွန်နာကြောင်း အနှိပ်မခံချင်တော့ကြောင်းကိုမပြောရဲ။ ပြောလိုက်လို့ မလုံးကဒေါ်အေးကြွယ်ကို လာမနှိပ်နဲ့တော့လို့ ပြောလျှင် ဒေါ်အေးကြွယ်ကြီးအနှိပ်ခငွေရမှာ မဟုတ်တော့။ သူများရပေါက်ရလမ်းကို မပိတ်ပင်ကောင်းပါဘူးလေ ဆိုပြီး ကျိတ်မှိတ်ခံလိုက်ရသည်။

သုံးရက်ပြည့်သောနေ့တွင် ဉာဏ်စိန်လည်း လွတ်ပြီ ကျွတ်ပြီဟု ဝမ်းသာမည်ကြံကာရှိသေး။ မလုံးက

"ဒေါ်အေးကြွယ်ရေ .....တစ်ပတ်တစ်ခါလောက်နှိပ်ရရင်မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဥာဏ်စိန်မျက်လုံးပြူးသွားသည်။ ဒေါ်အေးကြွယ်ကတော့ မျက်လုံးတွေတောက်ပြောင်သွားပြီး ....

"ဟာ ...ဘယ့်နှယ်ပြောပါလိမ့်၊ တစ်ပတ်တစ်ခါနှိပ်နယ်ပါ၊ ဒူလာပါဒရက်၊ ဝေးတစ်သက်ဆိုတာ မကြားဖူးဘူးလား၊ ကျုပ်က စကတည်းက ပြောချင်တာ ၊ နှိပ်ချင်လို့စကားခေါ်တယ်ဖြစ်မှာစိုးလို့"

"ဒီလိုဘယ်ဟုတ်ပါ့မလဲ၊ ကျန်းမာရေးအတွက်ပဲဟာ လုပ်သင့်တာ့ လုပ်ရမှာပေါ့"

သူတို့နှစ်ယောက်အချီအချပြောနေတာ နားထောင်ရင်း ဥာဏ်စိန်ချွေးပျံလာသည်။ ဒေါ်အေးကြွယ်နှင့် မလုံးတို့ကတော့ တစ်ပတ်တစ်ခါ တနင်္ဂနွေနေ့တိုင်း ဥာဏ်စိန်ကိုအနှိပ်ခံစေဖို့ သဘောတူကြောင်း စာချုပ်လွှာတွေ အပြန်အလှန် လဲလှယ်လိုက်ကြလေပြီ။

သည်လိုနှင့် ဥာဏ်စိန်မှာ တနင်္ဂနွေနေ့ရောက်ခါနီးတိုင်း ရင်တထိတ်ထိတ်ဖြစ်နေရတော့သည်။ သည်အတိုင်းနေလို့တော့ မဖြစ်ဘူး၊ ဒေါ်အေးကြွယ်ကြီးကို လမ်းလွှဲပေးမှဖြစ်မည်။ သူလည်းသက်သာ ဒေါ်အေးကြွယ်ကြီးလည်း အလုပ်လက်မဲ့ မဖြစ်အောင်ကြံရမည်။

ထို့ကြောင့်သူ့သူငယ်ချင်း အပေါင်းအသင်းတွေထဲက အနင်းအနှိပ်ခံနိုင်လောက်သူများကို ချဉ်းကပ် စည်းရုံးကြည့်ရသည်။ အရင်ဆုံးမောင်ဝကိုသတိရသည်။ မောင်ဝက ကြုံရာ ကြရာအလုပ်ကို လုပ်နိုင်သူဖြစ်သည်။ ဈေးရေ့မှာ ကုန်စိမ်းလည်း ရောင်းသည်။ ရေစည်လှည်းလည်း တွန်းသည်။

အိမ်ရှေ့ကို မောင်ဝ ရေလာထည့်သောအခါ ဥာဏ်စိန်က စကားသွားတောက်ကြည့်သည်။

"ဟေ့ကောင် မောင်ဝ၊ မင်းအလုပ်လုပ်ရတာ မပင်ပန်းဘူးလား"

သည်လောက်အလုပ်ကြမ်းလုပ်နေရသူကို မပင်ပန်းဘူးလားမေးတော့ နဂိုက စိတ်တိုတတ်သော မောင်ဝမှာ ဆတ်ခနဲဖြစ်သွားသည်။ ဥာဏ်စိန့်အကြောင်းသိနေသောကြောင့်သာ ပြန်မဟောက်လိုက်မိခြင်းဖြစ်၏။

"မပင်ပန်းဘဲနေမလားဗျာ၊ ဒီလောက် နေပူစပ်ခါးလုပ်နေရတဲ့ဟာ"

ရေစည်လှည်းထဲမှ ပုံးထဲသို့ဖွင့်ချထားသော ရေပြည့်သွားသဖြင့် မောင်ဝက ရေစည်ပိုက်ခေါင်းကို သစ်သားအဆို့နှင့် ပိတ်လိုက်ပြီးနောက် ရေပုံးကို မ၍ထွက်သွားသည်။ တစ်ခေါက်ပြန်လာပြီးပုံးထဲရေဖြည့်နေတုန်း .........

"မင်းတော်တော်ညောင်းမှာပေါ့နော်"

ဟုဥာဏ်စိန်က စကားစပြန်သည်။ မောင်ဝ စိတ်ထဲမှာ သည်လူဘာတွေကြောင်နေပြန်ပြီလဲမသိဘူးဟု တွေးသည်။ ကိုယ့်အလုပ်ကိုယ်လုပ်လို့ပင်ပန်းတာကို ဥာဏ်စိန်က ထုံးစံအတိုင်း မဆီမဆိုင်ဝင်ပြီး အားနာနေတာလားဟုထင်သည်။

"အင်း .......ညောင်းတာပေါ့"

ဟုပြီးပြီးရောပြန်ပြောလိုက်သည်။ ပုံးထဲသို့ရေပြည့်သွားပြန်သောကြောင့် ပုံးကိုဖျတ်ခနဲမပြီး ထွက်သွားသည်။ ဥာဏ်စိန်မှာ ဆက်ပြောရန်ဟန်ပြင်ပြီးမှ တိုးလိုတန်းလန်း ကျန်ရစ်ခဲ့သည်။မောင်ဝသည် ရေထည့်ပြီးတစ်ခေါက်ပြန်လာသောအခါ ရေစည်လှည်းနားမှာပင် ရပ်စောင့်နေဆဲဖြစ်သော ဥာဏ်စိန်ကို တွေ့လိုက်ရပြန်၏။ ရေထည့်ပြီးပြီဖြစ်၍ မောင်ဝ က ရေပုံးကို စည်ပေါ်တင်ပြီး လှည်းကို တွန်းမည်ပြုသည်။ ဥာဏ်စိန်လည်း ...........

"ခဏ ၊ ခဏနေပါဦးကွ"

မောင်ဝက ရေစည်လှည်းကို ပြန်ရပ်ပြီး လှည့်ကြည့်သည်။ ဥာဏ်စိန်က .......

"မင်းညောင်း ရင် အနှိပ်ခံပါလားကွ ဟေ့"

မောင်ဝ မှာ မဆီမဆိုင်လာ အနှိပ်ခံခိုင်းနေသောကြောင့် စိတ်မရှည်နိုင်တော့ဘဲ ...........

"ဟာ .......အနှိပ်ခံတယ်ဆိုတာ လူပျင်းတွေလုပ်တဲ့အလုပ်ဗျ။ ကျုပ်က အားအားယားယားနေတာမဟုတ်ဘူး၊ အလုပ်နဲ့လက်နဲ့မပြတ်အောင် လုပ်နေရတာဗျ၊ ယားရင်တောင်အကြွေးမှတ်ထားပြီး ညအိပ်ခါနီးမှစု ပြီးလုပ်တာ ၊ သိရဲ့လား"

ဟုပြောပြီး ရေစည်ကို ဆောင့်တွန်းလျက် ထွက်သွားလေသည်။

ဥာဏ်စိန်သည် ပတေး၏လက်ဖက်ရည်ဆိုင်သို့ထွက်လာခဲ့ပြန်သည်။ ပတေးသည် မတ်တတ်မတ်တတ်နှင့် လက်ဖက်ရည်ဖျော်လိုက်၊ ဆိုင်မှာ လိုအပ်တာ ဝင်လုပ်လိုက်၊ ပစ္စည်းပြေးဝယ်လိုက်ဖြင့် တစ်နေ့လုံးနားရသူမဟုတ်။ သည်တော့ သည်ကောင်လည်း ညောင်းညာ ကိုက်ခဲတာတော့ဖြစ်မှာပဲ ဟု ဥာဏ်စိန်က မျှော်လင့်ထားသည်။

မောင်ဝတုန်းကလိုဖြစ်မှာစိုးသဖြင့် ချက်ချင်းမပြောဘဲ လက်ဖက်ရည်တစ်ခွက်သောက်ရင်း အခြေအနေကို စောင့်ကြည့်နေလိုက်သည်။ ပတေးသည် ဆိုင်မှာ လူနည်းနည်းပါးသောအခါမျိုးတွင် အဆင်သင့်ရာ ဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်ပြီး စကားပြောတတ်သည်။ ခုလည်း နောက်ဆုံးဝင်လာသော ဝိုင်းအတွက် ဖျော်ပေးပြီးနောက် ဥာဏ်စိန်ရှိရာစားပွဲမှာ လာထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ရည်ဘယ်လိုနေလဲကွ၊ ငါလက်ဖက်ခြောက်အသစ် ပြောင်းပြီးစပ်ထားတယ်"

"အင်း ......ကောင်းပါတယ်ကွာ"

ဉာဏ်စိန်က အလိုက်သင့်ဖြေရင်း ..........ဘယ်လိုစကားစရပါ့မလဲစဉ်းစားနေသည်။

"ဒါနဲ့ မင်းဒီတစ်ရက်နှစ်ရက်မှာ ပျောက်နေပါလားကွ၊ သြော်.....ဟိုတစ်ပတ်က မင်းနေမကောင်း ဖြစ်သေးတယ်ဆို"

ဟုပတေးကမေးသဖြင့် စကားစဖို့ အကွက်ဝင်သွားသည်။

"အေးကွာ ၊ မိုးမိပြီးကိုယ်တွေလက်တွေကိုက်နေလို့"

ဆိုပြီးဆက်ပြောမည်အပြု ပတေးက ဖြတ်၍..........

"ဟာ ....မိုးမိလို့ကတော့ အကောင်းဆုံးက ဘီအီးစစ်စစ်သုံးပက်လောက်ကို တစ်ခါတည်းနဲ့မော့ချပြီး စောင်ခြုံအိပ်လိုက်၊ နောက်တစ်နေ့ဆိုလုံးဝနေလို့ကောင်းသွားတာပဲ"

"ငါမှ အရက်မသောက်တတ်ဘဲကွ"

"မင်း အဲ့ဒါခက်နေတာပေါ့၊ ဆေးဖြစ်ဝါးဖြစ်ကတော့ မှီဝဲသင့်တယ် ဟေ့ကောင်"

အရေးထဲမှာ ပတေးက ဆွယ်နေသေးသည်။

"ငါကတော့ အနှိပ်ခံလိုက်တယ်ကွ"

"အေး ......ဒါလဲကောင်းတာပဲ"

ပတေးက ထောက်ခံသဖြင့် ဉာဏ်စိန်အားတက်သွားပြီး ...........

"မင်းကော တစ်နေ့လုံးမိုးတိုးမတ်တတ်နေ နေရတာ ညောင်းတာကိုက်တာ မဖြစ်ဘူးလား"

"ဖြစ်တာပေါ့ကွ၊ မနက်ငါးနာရီလောက်ကတည်းက ထပြီးလှုပ်ရှားနေရတာပဲဟာ"

"ဒါဆို မင်းအနှိပ်ခံမလားကွ"

"ဟာ .....အနှိပ်ခံရတာ သိပ်ကောင်းတာပေါ့"

"အေးကွ .....အဲဒါ ငါလဲ"

ဉာဏ်စိန်က အဒေါ်အေးကြွယ်နှင့် အနှိပ်ခံဖို့ပြောမည်ပြုစဉ် ပတေးကဖြတ်၍........

"ငါကတော့ ညနေဘက်ဆိုင်သိမ်းပြီးပြီဆိုရင် ငါ့မိန်းမဘာနူးကို နှိပ်ခိုင်းတာပဲ၊ သူက ဘွားအေကြီးနဲ့နေလာတာ ဆိုတော့ ကောင်းကောင်းနှိပ်တတ်တယ်ကွ၊ စိတ်လဲရှည်တယ်။ အနှိပ်ခံပြီးပြီဆိုရင် တစ်ခါတည်းလူကိုပေါ့ပြီး အညောင်းကို ပြေသွားတာပဲ"

ဉာဏ်စိန်မှာ ဘာမှဝင်မပြောနိုင်ဘဲ ပါးစပ်ကြီးဟပြီးတော့ သာနားထောင်နေရသည်။ ပတေးကပြောရင်းပိုစိတ်ပါလာပြီး ဉာဏ်စိန့်ပေါင်ကိုပုတ်၍...........

"ဒီမှာ ဟေ့ကောင်၊ မိန်းမက နင်းနှိပ်ပေးတာကို ခံရတာ တယ်ဖိမ်ရှိတာပဲကွ၊ ငါ့မိန်းမ ဘာနူးကပါးစပ်ကသာ ဟောင်ဖွာဟောင်ဖွာလုပ်တာ ၊ ယောကျာ်းကိုတော့ တော်တော်ချစ်တာကွ၊ ဟီး "

အင်း ဟုတ်ပါတယ် ဟု ဉာဏ်စိန်က ဝင်ရောသဖြင့် ပတေးအားတက်လာပြီး .........

"သူက ဟင်းချက်လဲကောင်းတယ်၊ ငါ့ကိုစားစေချင်တဲ့စေတနာလည်းပါတာပေါ့ကွာ၊ သူချက်တဲ့ ဆိတ်ခေါင်းဟင်းဆိုရင် ဘယ်လောက်ကောင်းသလဲဆိုတော့ ၊ အဲ .....တစ်ရက်လောက်မင်းကိုပါ ခေါ်ကျွေးရအုံးမယ်၊ ဟိုတစ်နေ့ကလည်း ငါက အမဲသားသနပ်စားချင်တယ်ဆိုတာနဲ့ မိုးခိုသားကို ရအောင်ရှာပြီး ဒိန်ချဉ်နဲ့နယ် ..........."

စသည်ဖြင့် သူ့မိန်းမ ဘာနူးတော်ကြောင်း၊ လင်ကိုချစ်ကြောင်း ၊ ဂရုစိုက်ကြောင်းတွေ ဆက်ပြောနေသည်။ ဉာဏ်စိန်မှာ လာရင်းကိစ္စကိုမေ့ပြီး မလုံးကို မယူခဲ့ဘဲ ဘာနူးကို ယူလိုက်ရ အကောင်းသား ဟူ၍ပင် နောင်တရမိမလိုဖြစ်သွားရလေသည်။

ဉာဏ်စိန်၏တတိယမြောက်ကြိုးစားမှုကတော့ ကျော်ကွန့်ကို စည်းရုံးခြင်းဖြစ်၏။ ကျော်ကွန့်က မျက်နှာသုတ်ပဝါ စက်ရုံမှာ အလုပ်လုပ်သည်။ တစ်ခါက သူတို့ စက်ရုံထဲဉာဏ်စိန်လိုက်သွားဖူးသည်။ ကျော်ကွန့်အလုပ်မှာ မျက်နှာသုတ်ပဝါ စက်ရှေ့မှာ တစ်ချိန်လုံးရပ်ပြီးစောင့်ကြည့်နေရခြင်းဖြစ်၏။

သည်တော့သည်ကောင်ညောင်းမှာသေချာနေပြီ။

ဉာဏ်စိန်က အနှိပ်ခံဖို့စည်းရုံးသောအခါကျော်ကွန့် ခေါင်းကုတ်ပြီးစဉ်းစားသည်။ အစတော့ အင်တင်တင် လုပ်နေသည်။ နောက်မှ ..........

"တစ်ခါနှိပ်ရင် ဘယ်လောက်ပေးရသလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဆယ် ဆယ့်ငါးကျပ်ပေးရင်ရပါတယ်ကွာ၊ ဒီလောက်ပိုက်ဆံဆိုတာဘာရှိတာမှတ်လို့ ၊ကိုယ့်ကျန်းမာရေးအတွက် ဒီလောက်တော့ အကုန်ခံရမှာပေါ့"

ကျော်ကွန့်သည် ဉာဏ်စိန်လောက်နီးနီး တစ်ဖက်သားကို အားနာတတ်သူဖြစ်သည်။ အပြောကောင်းလျှင် ကျတတ်သူလည်းဖြစ်သည်။ ဉာဏ်စိန်က အပြောကောင်းလှသူမဟုတ်သော်လည်း ကျော်ကွန့်က အနှိပ်ခံဖို့ သဘောတူလိုက်သည်။ တနင်္ဂနွေညနေရောက်လို့ ဒေါ်အေးကြွယ်ကြီး လာသောအခါ .........

"အဒေါ်ရေ .......ကျွန်တော်က တော်တော်နေကောင်းနေပြီ အရေးမကြီးဘူး၊ ဟိုကောင်ကျော်ကွန့်က အကြောတွေ တက်နေလို့တဲ့၊ သူ့ကိုပဲ ဦးစားပေးပြီး သွားနှိပ်ပေးလိုက်ပါ"

ဟုလမ်းလွှဲလွှတ်လိုက်သည်။ မလုံးကမေးသောအခါ .........

"သြော်........သူက အနှိပ်ခံချင်တယ်ဆိုတော့ မလွှတ်ရင် အားနာစရာကြီးဖြစ်နေမှာပေါ့"

ဟုအကြောင်းပြလိုက်သည်။

ဘာပဲဖြစ်ဖြစ်ဉာဏ်စိန်တစ်ယောက် တစ်ပတ်တော့သက်သာသွားပြီး နောက်အပတ်တွေကျတော့လည်း အဆင်ပြေသလို ကြည့်လုပ်ရမည်။

ဉာဏ်စိန်မှာ အနှိပ်မခံရသဖြင့်ဝမ်းသာသွားသော်လည်း သေသေချာချာတွေးကြည့်သောအခါသူက ကျော်ကွန့်အပေါ် လူလည်ကျသလိုဖြစ်နေကြောင်းသတိပြုမိလေသည်။သူခံရမှာကို ကျော်ကွန့်က ဝင်ခံရသည့်အပြင် ပိုက်ဆံလည်းကုန်ရဦးမည်။ သည်လိုကျပြန်တော့လည်း အားနာစရာ ကောင်းနေပြန်သည်။

ထို့ကြောင့် နောက်တစ်နေ့မနက်မှာ အခြေအနေသိရအောင် ကျော်ကွန့်တို့အိမ်ဘက်သို့ထွက်လာခဲ့သည်။

အိမ်နားသို့အရောက်တွင် ဈေးသွားရန်ထွက်လာသော ကျော်ကွန့်မိန်းမ လှထုံနှင့်ဆုံသည်။

ဉာဏ်စိန်က .........

"ကျော်ကွန့်ကော ဟေ့"

ဟုမေးလိုက်သည်။ လှထုံက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး .........

"ရှင့်သူငယ်ချင်းတော့ အိပ်ရာက မထနိုင်တော့ဘူး"

"ဟင်......ဘယ်လိုဖြစ်တာလဲ"

"မနေ့က ညနေက အနှိပ်ခံတယ်လေ၊ ဒေါ်အေးကြွယ်ကြီးလာနှိပ်ပေးတာ၊ ကျွန်မကလေး မွေးတုန်းကလည်း သူပဲမွေးပေးတာဆိုတော့ အနင်းအနှိပ်လည်းတတ်မယ်ထင်လို့ ဘာမှမပြောတာ၊ ဒီမနက်ကျတော့မှ ကိုကျော်ကွန့်လည်း အနန်းလွဲသလိုဖြစ်ပြီးတော့ ဇက်ကြီးစောင်းနေလို့ "

ကျော်ကွန့်အနှိပ်ခံတာ ဉာဏ်စိန်စည်းရုံးမှုကြောင့်ဟု လှထုံသိဟန်မတူ။ ထို့ကြောင့် လှထုံက သတင်းပေးသလိုသာ ပြောပြီးထွက်သွားသည်။ ဉာဏ်စိန်လည်း ကျော်ကွန့်အိမ်ထဲသို့ဝင်လာခဲ့သည်။

ကျော်ကွန့်မှာ အိမ်ရှေ့ခန်းတွင် ပက်လက်ကုလားထိုင်နှင့်ထိုင်နေသည်။ ခေါင်းအုံးတစ်လုံးကိုနောက်မှာခံပြီး မှီထားသည်။

"ဘယ်လိုဖြစ်တာလဲကွ"

ဟုဉာဏ်စိန်ကမေးသည်။ ကျော်ကွန့်က ........

"ဉာဏ်စိန်ရာ မင်းကိုတော်တော်ရိုးတယ်၊ 'အ'တယ်ထင်နေတာ ၊ မင်းလဲ ပွကြီးတို့နဲ့ ပေါင်းပြီး ချောက်တွန်းတတ်နေပြီပေါ့ဟုတ်လား"

"ဟာ ....မဟုတ်ပါဘူးကွာ၊ ငါက ........ဟိုဟာကွာ ၊ ငါလဲဒေါ်အေးကြွယ်နဲ့အနှိပ်ခံနေကျပါ ဘာမှမဖြစ်ပါဘူး"

"မင်းသာ ဘာမှမဖြစ်တာ"

ဟုပြောရင်း မှီနေရာမှ ခေါင်းကို မတ်လိုက်မိပြီး 'ကျွတ် ကျွတ်' ဟုညည်းသည်။ သူ့ပုံစံမှာ ဇာတ်မင်းသားတစ်ယောက် စင်ပေါ်မှနေ၍ပရိသတ်ကို ဟန်ပါပါ စောင်းငဲ့ကြည့်သလိုမျိုး ဖြစ်နေသည်။

"ဒေါ်အေးကြွယ်ကြီးက နှိပ်တာမှ မဟုတ်ဘဲကွ၊ အသားတွေကိုဖျစ်ညှစ်လိုက်၊ ခြေတွေလက်တွေ လိမ်ချိုးလိုက်နဲ့ ပတေးဆိုင်က မုန့်လုပ်တဲ့အရှည်ကြီး ဂျုံနယ်နေတာ ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဥဏ္ဏစိန်မှာ ဒေါ်အေးကြွယ်ကြီးကို မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်ယူပြီး ဆက်လက်၍ အနှိပ်ခံနေရလေသည်။ တစ်ခုတော့ရှိသည်။ ဒေါ်အေးကြွယ်ကိုစိတ်ကြိုက်လုပ်ခွင့်ပေးလို့တော့မဖြစ်။ မတော်တဆ ခါးရိုးကျိုးတာတို့ ဇက်ခိုင်သွားတာတို့ဖြစ်မှာကြောက်ရသည်။ သည်တော့ ချော့မော့ပြီး စည်းရုံးယူရ၏။

"ဒီလိုရှိတယ်အဒေါ်ရဲ့ ၊ အဒေါ်နှိပ်ပေးလို့ ကျွန်တော့်ရောဂါက တော်တော်ကြီးကို သက်သာသွားတယ်"

"ဖြစ်ရမယ်လေ ၊ ဒီလိုပဲဖြစ်ရမယ်"

"အဲ.....အဲ့ဒါလေ၊ ခုဆိုရင် လုံးဝပျောက်သလောက်တောင်ရှိနေပြီ"

ဥဏ္ဏစိန်၏ ခြေသလုံးပေါ်မှာ စတင်လှုပ်ရှားမည်ပြုနေသော ဒေါ်အေးကြွယ်၏ လက်များတန့်ခနဲဖြစ်သွားသည်။ ဥဏ္ဏစိန်လည်း တစ်စုံတစ်ခုကို ထိတ်ခနဲစိုးရိမ်သွားသည်။ ရောဂါလုံးဝပျောက်သလောက် ဖြစ်သွားပြီဟု ဆိုလိုက်သဖြင့် ဒေါ်အေးကြွယ်စိတ်ထဲမှာသူ့ကို နောက်ထပ်သူ့ကိုနှိပ်ခိုင်းမှာမဟုတ်တော့ဘူးဟု အထင်ရောက်ချင်ရောက်သွားမည်။ ထိုအခါ မတော်တဆစိတ်ရှုပေါက်ပြီး နောက်ထပ် အနှိပ်ခံရအောင် ကြံမိကြံရာ လုပ်ချင်လုပ်မည်။ အကြောတွေဘာတွေဆိုင်းသွားအောင် ဆွဲသွားအောင်လုပ်လိုက်လျှင် ဒုက္ခ ။ ဥဏ္ဏစိန်သည်လိုတွေးမိပြီး လန့်သွား၏။ ထို့ကြောင့် .......

"ဒီလိုပါ....ဒီလိုပါ၊ ပျောက်သလောက်ရှိနေပြီဆိုပေမယ့်ဟိုဟာပြုတာတော့ ရှိတာပေါ့လေ၊ ဒီတော့ကျွန်တော် ဆိုလိုတာက သိပ်ပြီး ဟိုဒင်းလုပ်စရာ မလိုတော့ဘူးလို့ ၊ အဲဒါ နည်းနည်းပါးပါး အကြောလျှော့ရုံ အညောင်းပြေရုံဆိုရင် တော်ပါပြီ၊ အဒေါ်လည်း ပင်ပန်းမှာစိုးလို့ ၊ အသက်ကလည်း ကြီးပြီဆိုတော့ "

ဒေါ်အေးကြွယ်က ....... "အားနာစရာမလိုပါဘူးကွယ်၊ ဒါအဒေါ့်အလုပ်ပဲ ဥစ္စာ၊ အပင်ပန်းခံသင့် ရင်လည်း ခံရမှာပေါ့"ဟု အလုပ်ဝတ္တရားကို လေးစားသည်ပုံစံနှင့်ပြောရင်း ဖနောင့်သံကြောကို တစ်ချက်ညှစ်ထည့်လိုက်သေးသည်။ ဥဏ္ဏစိန်မှာ ကျွတ်ခနဲ ရှုံ့မဲ့လိုက်ပြီးမှ ........

"ကျွန်တော်ပြောတာက အဒေါ်ဟာ အသက်ကြီးပေမယ့် မပျက်စီး ...အဲ မဟုတ်ပါဘူး၊ အသက်ကြီးပေမယ့် လက်က သိပ်ပေါက်တာ ၊ အကြောကိုလဲ ကောင်းကောင်းနားလည်တယ်ဆိုတော့ အရမ်းတောင်နှိပ်စရာမလိုဘူး၊ အသာကလေး ကိုင်ရုံနဲ့ ထိတယ်ဆိုတာကို ပြောတာပါ"

ဟုမြှောက်လုံးကလေး ကူပြီး ပြောလိုက်သည်။

ပြောတာပြောရတာပါ၊ ဒေါ်အေးကြွယ်လည်း ပင်ပန်းတာပဲ။ သူ့အသက်အရွယ်နှင့် နင်းရနှိပ်ရချိုးရ ဖွဲ့ရ လိမ်ရဆွဲရတာသက်သာလှသည်မဟုတ်။ ခုလိုကာယကံရှင်ကိုယ်တိုင်က ဖြည်းဖြည်းသက်သာနှိပ်ဖို့ ပြောလာသောအခါ သူလည်း အကြိုက်တွေ့သွားသည်။

သည်လိုနှင့်သူတို့နှစ်ယောက်အပေးအယူတည့်သွားကြသည်။ ဒေါ်အေးကြွယ်ကလည်း အသာအယာဆုပ်နယ်ပြီး အကြောလျှော့ရုံလောက်သာ နှိပ်ပေးသည်။ ဥဏ္ဏစိန်ကလည်း မနာမကျင်တော့ဘဲ အညောင်းပြေရုံလောက်သာဖြစ်၍ သဘောကျသည်။

အနှိပ်သည်တို့မည်သည် အကြောအကြောင်းနားလည်ရုံမျှ နှင့်မလုံလောက်သေး။ စကားပြော ကောင်းဖို့လည်း လိုသည်။ နာရီဝက်တစ်နာရီကြာအောင် နင်းနှိပ်ရသည့်အခါမှာ ကြာလျှင်အနှိပ်ခံရသူက ငြီးငွေ့လာတတ်သည်။ သည်လိုမဖြစ်ရအောင် အနှိပ်ပညာထဲက စိတ်ဝင်စားစရာတွေ၊ ပုံတိုပတ်စကလေးတွေပြောပေးရသည်။

ဒေါ်အေးကြွယ်သည် အနှိပ်ပညာဘယ်လောက်နားလည်သလဲတော့မသိ။ စကားပြောပညာမှာ တော့မဆိုးလှချေ။ ဥဏ္ဏစိန်ကို နှိပ်ပေးရင်းသူငယ်ငယ်က ရွာမှာနေခဲ့ရသည့်အတွေ့အကြုံများကို ပြောပြသည်။

ရွာက ဆေးဆရာကြီးတစ်ယောက် လည်ချောင်းထဲမှာ ပေါက်နေသည့်အနာကို လက်မောင်းဆီသို့ ရွှေ့ပြီးကုသည့် အကြောင်း၊ ခြေမကိုနှိပ်ရုံဖြင့် ကွယ်နေသည့်မျက်လုံးပြန်မြင်လာပုံအကြောင်း၊ တစ်ခါတစ်ရံ .........

"တခွေ သရဲတို့ ၊ ဥစ္စာစောင့်တို့ဆိုတာလဲ မယုံမရှိနဲ့ကွယ့်"

ဟု အစချီပြီး ရွာထိပ်က တစေ့ခြောက်သည့်ညောင်ပင်ကြီးအကြောင်း ၊ သိုက်ဆရာများနှင့် ဥစ္စာစောင့်များ ပညာပြိုင်ကြပုံ ၊ သိုက်တူးသည့်အခါ စည်းမပေါက်ဖို့ အရေးကြီးပုံတို့ကို ပြောပြသည်။ ဥဏ္ဏစိန်က စိတ်ဝင်တစား နားထောင်တတ်ပြီး တစ်ခါတလေကျတော့ အင်းလိုက်ရင်း မေးခနဲ အိပ်ပျော်သွားတတ်၏။

သည်လိုနှင့်ပင် ဥဏ္ဏစိန်သည် အနှိပ်ခံရတာကို အကြိုက်တွေ့လာသည်။ နဂိုက ဖိမ်ခံချင်တတ် သူဖြစ်၍ခုလို စည်းစိမ်ရှိရှိ အနင်းအနှိပ်ခံရတာကို ၊ ဆေးလိပ်တို့အရက်တို့ စွဲသလိုစွဲချင်လာသည်။ တနင်္ဂနွေနေ့ညနေရောက်ပြီဆိုလျှင် ဒေါ်အေးကြွယ်ကို မျှော်တတ်လာသည်။ ဒေါ်အေးကြွယ်လာပြီဆိုတာနှင့် အရင်လို ဟိုယောင်ယောင်သည် ယောင်ယောင် မလုပ်တော့ဘဲ ဖျာကို ကိုယ့်ဘာသာခင်းပြီး အဆင်သင့်လဲလျောင်းပေးနေမိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခုလိုအခါကျပြန်တော့လည်း မလုံးက မကြည်မလင်ဖြစ်လာပြန်၏။ အကြောင်းကတော့ .........

ပထမဆုံးစနိုပ်သည့်နေ့က အနိုပ်ခံပြီးနောက် ဒေါ်အေးကြွယ်ကြီးကို ထမင်းစားခေါ်ခဲ့သည်။ ဒေါ်အေးကြွယ်ကလည်း အားနာသလိုလို ဘာလိုလိုလုပ်ပြီး နောက်ဆုံးတော့ ဝင်စားသွားသည်။ထို့နောက်ပိုင်းတွင် ဒေါ်အေးကြွယ်က နင်းနိုပ်ပြီးသော်လည်း မပြန်သေးဘဲဟိုအကြောင်းသည်အကြောင်းပြောရင်း အချိန်ဆွဲနေသည်။ ထမင်းစားချိန်ရောက်လာတော့ မကောင်းတတ်သဖြင့် ထမင်းစားခေါ်ရသည်။

ဒေါ်အေးကြွယ်က အားနာသလိုလုပ်ပြီး ဝင်စားပြန်သည်။ တစ်ရက်ကျတော့ မလုံးက ထမင်းစားချိန်လွန်သည့်တိုင်ဘာမှမပြောဘဲ မလှုပ်မယှက်ကြည့်နေသည်။ ဒေါ်အေးကြွယ်ကလည်း ဖွဲ့ရှိရှိနှင့်ပေပြီး စောင့်နေသည်။ ထိုအခါ ဉာဏ်စိန်က ...

"မလုံးရေ၊ ထမင်းစားရအောင်လေကွာ၊ တော်တော်တောင်နောက်ကျနေပြီ"

ဟု အလိုက်ကမ်းဆိုးမသိဘဲ ပြောလေသည်။

သည်လိုနှင့် နင်းနိုပ်ပြီးလျှင် ထမင်းပါစားပြီးမှ ပြန်ရမည်ဟူသော အစဉ်အလာဖြစ်လာသည်။ နောက်ပိုင်းကျတော့ ဒေါ်အေးကြွယ်ကြီးမှာ အနိုပ်ခံရမည့် နေ့မဟုတ်သည့်တိုင် လမ်းကြုံလို့ဝင်လာသည့် သဘောမျိုးဖြင့် ရောက်လာတတ်သည်။ လာလျှင်လည်း ထမင်းစားချိန်နီးမှချိန်ကိုက်၍ ရောက်လာတတ်သည်။ ထမင်းစားမခေါ်မချင်းမပြန်ဘဲ ဟိုအကြောင်းသည်အကြောင်း ပြောရင်း စောင့်နေတတ်၏။

မလုံးမှာ အနိုပ်ခံဖို့ကိစ္စ သူကစတင်စီစဉ်ခဲ့ခြင်းဖြစ်၍ သူ့ဘာသာရပ်စဲဖို့ခက်နေသည်။ သည်အတိုင်းနေလို့ကလည်းမဖြစ်။

ဒေါ်အေးကြွယ်က တော်တော်အစားကြီးသည်။ အဘွားအိုကြီးပေမယ့် ထမင်းတစ်လုံးချက်နီးပါးစားနိုင်သည်။ မနက်စာမစားဘဲ အဆာခံပြီးမှ နှစ်နပ်စာပေါင်းတွယ်သလားတော့မသိ။ ဟင်းစားလည်းကြီးသည်။ တစ်ပတ်ကို နှစ်နပ်လောက်လာစားနေသဖြင့် တစ်လဆိုလျှင် ရှစ်နပ်၊ ဆန်ချည်းပဲ သူ့အတွက် တစ်ပြည်နီးပါး ပိုကုန်နေပြီ။ တစ်ခါနိုပ်လျှင် ဆယ့်ငါးကျပ်ပေးရသေးသည်။

ကြာလျှင်ခက်မည်။

ဉာဏ်စိန်သည် အိမ်ရှေ့ခန်းမှာ ဖျာကလေးခင်း၊ ချိုင်းကြားမှာ ညှပ်ပြီး ပိုက်ထားသောခေါင်းအုံးကိုချ၍ လဲလျောင်းလိုက်သည်။ အတွင်းခန်းထဲမှ ထွက်လာသော မလုံးကစောင်းငဲ့ကြည့်ပြီး မေးသည်။

"ဉာဏ်စိန် ၊ နင် ........အဲဒါ ဘာလုပ်နေတာလဲ"

"ဒေါ်အေးကြွယ်လာရင် အဆင်သင့်ဖြစ်နေအောင်လို့လေ"

"လုပ်မနေပါနဲ့တော့ ၊ ဒေါ်အေးကြွယ်က လာမှာမဟုတ်တော့ဘူး"

"ဟင်.....ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊နင်ကတော့ အနိုပ်ခံဖို့ပဲနားလည်တယ်၊ သူ့ကိုခေါ်နိုပ်ခိုင်းတဲ့အတွက် ကုန်ကျစရိတ် ဘယ်လောက်တက်လာတယ်ဆိုတာ သိရဲ့လား"

ဟုဆိုပြီးတွက်ပြသည်။ ဉာဏ်စိန်သည် မျက်လုံးလေးပေကလပ် ပေကလပ် လုပ်ရင်းနားထောင်နေပြီး နောက် ............

"အဲ.....အဲဒီတော့ .......နင်က သူ့ကို မလာနဲ့တော့လို့ပြောလိုက်ပြီပေါ့ဟုတ်လား၊ အားနာစရာကြီးဟာ"

"အေး ......ငါလဲ ပြောဖို့ခက်နေတာ၊ ခုတော့သူ့စရိတ်နဲ့သူသွားပြီ"

"ဟင် ......ဒေါ်အေးကြွယ်က ဘာဖြစ်သွားလို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ တောက သူ့အစ်မလုပ်တဲ့လူ ဆုံးသွားလို့တဲ့၊ အဲဒါသူ့တူမတွေက လာနေပေးပါဆိုလို့သွားပြီ၊ ကိစ္စပြတ်သွားပြီပေါ့"

မလုံးအတွက်ကတော့ ဟုတ်သည်။ ဉာဏ်စိန်အတွက်တော့ မပြီးသေးချေ။ သူက တစ်ပတ်တစ်ခါ အနိုပ်ခံရသည့်အကျင့်ကို စွဲနေပြီ။

"အဲ.......အဲဒါမှ ဒုက္ခပဲ၊ ငါကတော့ တစ်ပတ်တစ်ခါလောက်တော့ အနိုပ်ခံရမှဖြစ်မှာ၊ နို့မို့ဆိုအကြောတွေတောင့်တင်းကိုက်ခဲပြီး နာကျင်နေတယ်"

ဉာဏ်စိန်ဒီလိုပြောမယ်ဆိုတာလည်း မလုံးသိပြီးသား။ ထို့ကြောင့် .........

"အေး ......ဒါဆိုရင် ငါနိုပ်ပေးမယ်"

ဟုပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့်ခုအခါတွင် ဖျာပေါ်မှာ လဲလျောင်းရင်း မျက်လုံးကလေး မှေး၍မလုံးနှိပ်နယ်ပေးတာကို ဇိမ်ယူနေတတ်သော ဥာဏ်စိန်ကို တွေ့ကြရမည်ဖြစ်သည်။ တစ်ခါတစ်ခါတော့ အနှိပ်ခံရင်း မှေးခနဲအိပ်ပျော်သွားတတ်သည်။ ထိုအခါသူအိပ်မက်မက်လေသည်။

အိပ်မက်ထဲတွင် သူက ပေလီကမ်းခြေမှာ အပန်းဖြေနေသည်။ နိုင်ငံခြားဖြစ် ကွပ်ပျစ်ပေါ်မှာလှဲ၍ အနန်းစိမ်းရေသောက်ရင်း အနှိပ်ခံနေသည်။ သူ့ကိုနှိပ်နယ်ပေးသူကတော့ ဒေါ်အေးကြွယ်။တော်တော်ဇိမ်ကျဖို့ကောင်းသည်။ တစ်ခုပဲပြောစရာရှိ၏။ နိုင်ငံခြားသူလေးတွေလိုဒေါ်အေးကြွယ်ကြီးက ဘီကီနီရေကူးဝတ်စုံဝတ်ထားတာကတော့ ကြည့်လို့မကောင်းလှချေ။

---

www.burmeseclassic.com

www.burmeseclassic.com



## ဘုန်းကြီးပါးစပ်

စာချဆရာတော် ဦးလက်ာ ပြောတာကြားဖူးတယ်။ ဦးလက်ာဆိုတာက ကျုပ်တို့ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ခဲ့ရတဲ့ ကိုယ်တော်ပေါ့၊ ကျုပ်တို့တွင်မကပါဘူး၊ ဒကာဒကာမတွေလည်း ကြောက်ကြရတာပါပဲ။

သူကလိုက်လိုက် လျောလျောအားနာပါးနာ လုပ်တတ်တာမဟုတ်ဘူး။ စိတ်မထင်ရင် မထင်သလိုပြောချလိုက်တာ။ ဒကာ၊ ဒကာမတွေမှာလည်း လှူလည်း လှူရသေး။ အဆူအကြိမ်းလည်း ခံရသေးဆိုတော့ ကျုပ်တို့တောင် ကြားထဲက မျက်နှာပူရတယ် ။ သူတို့ကလည်း သူတို့ပဲ။ လှူတာကတစ်ထောင်ဖိုး ပကာသနလုပ်ချင်တာက ငါးထောင်ဖိုးဆိုတော့ ဦးလက်ာ ပါးစပ်နဲ့ တွေ့ကရောပေါ့။

တစ်ခါတုံးက ဦးလက်ာရဲ့ကျောင်းထဲမှာ ရှင်ပြု ရဟန်းခံပွဲလုပ်တယ်။ အလှူအထမြောက်ပြီးလို့ ရေစက်ချတဲ့အချိန်မှာပဲ ဓာတ်ပုံဆရာနဲ့ ဦးလက်ာတွေ့တော့တာပါပဲ။

ဓာတ်ပုံဆရာဆိုတဲ့ဒကာကလည်းနည်းနည်းကဲတာတော့ အမှန်ပဲ။ အလှူအတန်း တစ်လျှောက်လုံးမှာ ရိုက်လိုက်တဲ့ ဓာတ်ပုံဆိုတာ သူ့ကင်မရာက တဖျပ်ဖျပ်မီးလင်းနေတာများ မိုးတွင်းပြန်ရောက်လို့ လျှပ်စီးလက်နေသလားအောက်မေ့ရတယ်။ ရှင်လောင်းလှည့်တဲ့အချိန်၊ ကျွေးမွေးတဲ့အချိန်ရိုက်တာက ထားတော့။ ရေစက်ချတရားဟောတဲ့အချိန်မှာပါ သူက လက်စွမ်းပြနေပြန်တာကိုး။

အမှတ်တရ ဖြစ်ရုံ တစ်ပုံနှစ်ပုံဆိုကိစ္စမရှိ။ ခုတော့ဖလင် ဘယ်လောက်ပေါနေတယ်မဆိုနိုင်ဘူး။ ဟိုထောင့်က လှည့်ရိုက်လိုက်၊ ဒီထောင့်က လှည့်ရိုက်လိုက် တရားနာနေတဲ့လူတွေကြားထဲဝင် ရိုက်ရင်း တချို့လူတွေကို တိုက်မိလို တိုက်မိ။

ဦးလက်ာလည်းတရားဟောနေတုန်းဆိုတော့ ဘာမှတော့မပြောဘူး။ တစ်ချက်တစ်ချက်လှည့် ကြည့်တာတော့ တွေ့ရတယ်။ ထိုဒကာ ကတော့ ဘာမှမသိဘူး။ ရေစက်ချပြီးလို့ ဦးလက်ာက အလှူရှင်တွေကို အာလာပသလ္လာပ စကားပြောနေတုန်း ဓာတ်ပုံဆရာက အလှူရှင်တွေရှေ့က ကွယ်ရပ်ပြီး ဦးလက်ာကို အနီးကပ်ဓာတ်ပုံ ရိုက်မယ်လည်းလုပ်ရော......

“ဟေ့ ဒကာ ..........ကျုပ်က ဘုန်းကြီးဗျနော်၊ ရုပ်ရှင်မင်းသားမဟုတ်ဘူး”

လို့ ပက်ခနဲပြောလိုက်တာ ဓာတ်ပုံဆရာလည်း ကြောက်ကြောက်လန့်လန့်ယောင်ယောင်ကန်းကန်းနဲ့ ‘ဆောရီးပါ ဘုရား’ လို့ပြောပြီး တစ်ချိုးတည်းလစ်ပြေးတော့တာပေါ့။ ဆရာတော်ဦးလက်ာက သူ့ကျောင်းမှာ အလှူလုပ်ရင် အသံချဲ့စက်နဲ့ သီချင်းဖွင့်တာတို့ ၊အငြိမ့်တွေ ဆိုင်းဝိုင်းတွေ ထည့်တာတို့ မကြိုက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာလာလုပ်တဲ့အလှူတစ်ခုအကြောင်းသတိရသေးတယ်။ အလှူရှင်က ဦးလက်ာရဲ့တပည့်အရင်း တစ်ယောက်ပဲ။ သူက အလှူမှာဆိုင်းဝိုင်းထည့်ပါရစေလို့ မရဲတရဲလျှောက်တော့ ဦးလက်ာကစကားတစ်ခွန်းတည်းပဲ။

"ကျုပ်က ပွဲကန်ထရိုက်မဟုတ်ဘူး"

.....တဲ့။ အဲသည်ဒကာလည်းနောက်ထပ်မလျှောက်ရဲတာနဲ့ ကျုပ်ကိုလာပြီး အပူကပ်တယ်။ ဆရာတော်ကို ပြောပေးပါဦးပေါ့။ အဲသည်အချိန်မှာ ကျုပ်က ဝါကလေးလည်း နည်းနည်းရလာ၊ သွက်သွက်လက်လက် ထက်ထက်မြက်မြက်ရှိလို့ဆိုပြီး ဦးလက်ာကလည်း နည်းနည်းအရေးပေး ထားတဲ့သူဆိုတော့ အားကိုးရှာတာပေါ့လေ။

ကျုပ်လည်းကြားထဲမှာ အခက်တွေ့တာပေါ့။ သည်ကိစ္စဦးလက်ာကို ဘယ်လိုမှလျှောက်လို့ရမှာ မဟုတ်ဘူးဆိုတာသိတယ်။ ထပ်ပြောရင်လည်း ကျုပ်ပါ အဆူအကြိမ်း ခံရမှာ။ တစ်ဖက်ကကြည့်ပြန်တော့လည်း အဲသည်ဒကာက ကျောင်းအတွက် အတော်ရက်ရက်ရောရော လှူထားတဲ့ ပုဂ္ဂိုလ်ဖြစ်နေတယ်။ သူကလည်း သူ့အလှူကို ခမ်းခမ်းနားနားလေး လုပ်ချင်ရှာမှာပေါ့။

သည်တော့ကျုပ်လည်း နောက်မှ ဆူရင်ကြိမ်းရင်လည်း ခံလိုက်တော့မယ်ဆိုပြီး အစီအစဉ်တစ်ခု လုပ်လိုက်ရတယ်။ အလှူကို ကျောင်းဝင်းထဲမှာ လုပ်ခိုင်းပြီး ဆိုင်းဝိုင်းကိုတော့ ကျောင်းပြင်က ကွက်လပ်ထဲမှာ ထားခိုင်းလိုက်တယ်။ ဆရာတော်စကားလည်းပယ်ရှားရာ မရောက်အောင်၊ အလှူရှင်လည်း ကျေနပ်အောင် ဝိနည်းလွတ်လုပ်လိုက်ရတာပဲ။

အလှူလုပ်နေတဲ့အခိုက်မှာဟိုဒကာကတော့ သူ့အလို ပြည့်လို့ ပြုံးတပျော်ပျော်ပေါ့။ ကျုပ်မှာတော့ ရင်တထိတ်ထိတ်နဲ့။ ဆရာတော်များဘာပြောလိုက်မလဲလိုစိုးရိမ်လိုက်ရတာ။ တော်ပါသေးရဲ့ မျက်နှာထားတင်းတင်းကြီးနဲ့ တစ်ချက်တစ်ချက် လှမ်းကြည့်တာက လွဲလို့ ဘာမှမိန့်တော် မမူပေလို့တာပေါ့ဗျာ။

ကျုပ်တို့က အဲ့သည်လိုဆရာတော်မျိုး လက်အောက်မှာနေလာခဲ့ရတာဆိုတော့ (အရပ်စကားနဲ့ပြောရရင်) အပိုးကျိုးခဲ့တယ်ဆိုရပေလိမ့်မယ်။

ဦးလက်ာကျောင်းမှာ စာသင်သားအဖြစ်နေရတယ်။ လွယ်တယ်များမှတ်နေသလား။ ခပ်ချောင်ချောင် နေရစားရမယ် မှတ်လို့ ဝင်လာရင်လူဆိုရင်တော့ သုံးလေးရက်လောက်နဲ့ လူထွက်ပြီး ပြေးမှာအမှန်ပဲ။

စာသင်သားတွေရဲ့ တစ်နေ့တာ အချိန်ဇယားကိုကြည့်ဦး။

မနက်ငါးနာရီထ၊ ဘုရားရှိခိုး ၊ အာရုဏ်ဆွမ်းစား၊ ခြောက်နာရီက မနက်ရှစ်နာရီထိ မနက်ပိုင်းစာ ဝါတက်၊ ပြီးရင် ရေချိုး၊ ဆွမ်းခံထွက် ၊ ဆယ့်တစ်နာရီဆွမ်းစား၊ ဆယ့်နှစ်နာရီက တစ်နာရီထိ နားနေကျိန်းစက်၊ တစ်နာရီက လေးနာရီထိ နေ့လယ်စာဝါတက်၊ စာကျက်၊ လေးနာရီက ခြောက်နာရီထိရေချိုး ၊ စကြံလျှောက်၊ ခြောက်နာရီက ကိုးနာရီထိ ညပိုင်းစာဝါတက် စာကျက်၊ ညကိုးနာရီ ဘုရားရှိခိုး ကျိန်းစက်ဖို့ အိပ်ရာဝင်၊ ဥပုသ်နေ့တိုင်း ကျောင်းသန့်ရှင်းရေးလုပ်။ တနင်္ဂနွေနံနက် လေးနာရီထ အရုဏ်ဆွမ်းခံထွက်၊ တစ်ပတ်စာသင်ထားတဲ့ စာတွေ နှုတ်တိုက်အာဂုံပြန်။

ကိုင်း ........စိတ်လေလွင့်ဖို့အချိန်မရအောင် ဘယ်လောက်အကွက်စေ့စေ့ စီစဉ်ထားတယ်ဆိုတာ တွေ့ပြီမဟုတ်လား၊ ကျောင်းထဲမှာ နေတာထိုင်တာ စားတာသောက်တာက ၊ လမ်းလျှောက်တာ၊ သင်္ကန်းရုံတာကအစ စည်းနှင့်ကမ်းနှင့်ဖြစ်အောင် အစဉ်ကြပ်မတ်နေတာကလား။

မနက် ဆွမ်းခံထွက်ခါနီး သင်္ကန်းရုံပြီးရင် ဆရာတော် ဦးလက်ာရှေ့မှာ တန်းစီပြီး ရပ်ကြရတယ်။ ဦးလက်ာက တစ်ပါးချင်း သေသေချာချာလိုက်စစ်ဆေးနေတာများ ဗိုလ်ချုပ်ကြီးတစ်ယောက် တပ်ကို လိုက်စစ်ဆေးနေတာကျနေတာပဲ။ ဟိုကိုယ်တော်က သင်္ကန်းရုံတာ ရွဲ့စောင်းနေတယ်။ သည်ကိုယ်တော်ကတော့ သင်းပိုင်ဝတ်တာတိုလွန်းတယ်၊ ဟိုဘက်ကကိုယ်တော်ကတော့ ခြေမျက်စိဖုံးနေပြီ စသည်ဖြင့်ပေါ့။

ဦးလက်ာက မကြာခဏမိန့်လေ့ရှိသည်။

"ကိုယ်တော်တို့ကို ဒကာ ဒကာမတွေက သူတို့စားမယ့် ထမင်းဟင်းထဲက ဖယ်ပြီး ဦးဦးဖျားဖျား လောင်းလှူတာ နှယ်နှယ်ရရစေတနာသဒ္ဓါတရားမဟုတ်ဘူး၊ ဒီတော့ကိုယ်ကလဲလူကြည်ညိုအောင် သိက္ခာရှိရှိ သေသေဝပ်ဝပ် နေတတ် ထိုင်တတ်ရမယ်"

တချို့ ကိုယ်တော်တွေက ဆွမ်းခံကြွတဲ့အခါ သင်္ကန်းအဟောင်းအစုတ်ကိုပဲ ရုံချင်ကြတယ်။ ဘာကြောင့်လဲဆိုတာတော့ ဆွမ်းခံထွက်တယ်ဆိုတာက နေပူရင် ချွေးတရွှဲရွှဲမဟုတ်လား။ အိမ်ကြိုအိမ်ကြားဝင်ရ၊ ရွှံ့ဗွက်ထဲသွားရတော့ စုတ်မှာပြဲမှာ ရွှံ့စင်မှာစိုးကြတာကိုး။ သင်္ကန်းအကောင်းကို အလှူသွားမှ ဝတ်ချင်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါနှင့်ပတ်သက်ပြီး ဦးလက်ာက .........

"ကြီးကြီးကျယ်ကျယ်လှူမှ အလှူလို့ထင်နေကြသလား။ နေ့စဉ်နေ့တိုင်း ဝတ်မပျက် ဆွမ်းလောင်းတာကကော အလှူ မဟုတ်ဘူးလား။ သူ့တို့ဟာနေ့တိုင်း အလှူလုပ်နေကြတဲ့လူတွေ မဟုတ်လား"

လို့ဆိုတယ်။ ဆွမ်းခံကြွတဲ့အခါ ဟောင်းနွမ်းစုတ်ပြတ်နေတဲ့သက်န်းနှင့်ဆိုရင် အကြည်ညိုပျက်စရာဖြစ်မယ်။ ဒကာဒကာမတွေကို မလေးမစားလုပ်ရာကျမယ်ဆိုပြီး ခပ်လတ်လတ် သက်န်းတွေကို သပ်သပ်ရပ်ရပ်ရုံခိုင်းတယ်။

"ကိုယ်တော်တို့က ဘာသိလို့လဲ၊ ဘုန်းကြီးမှာ အနံ့ရှိတယ်ကွဲ့"

လို့ဦးလက်ာကပြောသေးတယ်။ ကျုပ်တို့လည်းအစကတော့အမှတ်တမဲ့ပဲ။ သူပြောမှသတိထားမိ တော့တယ်။ ဟုတ်တော့လည်းအဟုတ်သားဗျ။ ကျုပ်တို့ ဘုန်းကြီးဆိုတာ လူတွေ အကျီအဝတ်အစား ခဏခဏလဲသလိုလဲလို့ ရတာမဟုတ်ဘူး။

ဒါ့အပြင် သက်န်းဆိုတာကလည်း ပုဆိုးလို ပါးပါးလုပ်လုပ်သေးသေးကွေးကွေးမဟုတ်ဘူး။ အသားကခပ်ပိန်းပိန်း ၊ အနားတွေမှာ ထပ်ခေါက်ပြီး ချုပ်ထားတာ ရှိသေးတယ်။ ဖြန့်လိုက်ရင် အညာစောင် တစ်ထည်စာလောက်ရှိတာကိုး။ သင်းပိုင်နှင့် ဧကသီနှစ်ခုပေါင်းလိုက်တော့ စောင်တစ်ထည်ကိုပတ်ပြီး စောင်တစ်ထည်ကို ခြုံထားရသလိုဖြစ်မနေပေဘူးလား။ သည်တော့ ဘုန်းကြီးတွေဟာ များသောအားဖြင့် ချွေးတစိုစိုရှိတတ်တာပေါ့ဗျာ။

တစ်ခါ.........သည်လောက်ကြီးတဲ့ သက်န်းတွေကို မကြာခဏလျှော်ဖို့ဆိုတာက မလွယ်ပေဘူး။ ဆပ်ပြာမတတ်နိုင်တာ ၊ အချိန်မရတာက တစ်ကြောင်း ၊ တော်တော်နှင့်ခြောက်ဖို့မလွယ်တာက တစ်ကြောင်းကြောင့် ဝတ်ထားတဲ့သက်န်းကို ချွေးခြောက်အောင်၊ သွေ့အောင် လွှားရုံလွှားထားရ တယ်။ နေနှင့်လေနှင့် လျှော်တဲ့သဘောပေါ့။ တစ်ထည်ကို လွှားထား၊ တစ်ထည်ကို ဝတ်၊ နောက်တစ်နေ့ကျတော့ ဝတ်ထားတာကိုလွှားပြီး လွှားထားတာကိုပြန်ဝတ်၊ သံသရာလည်နေတာပေါ့။

ချွေးဆိုတာမျိုးကလည်း ခြောက်သွားပေမယ့် အနံ့ကတော့ ကျန်ခဲ့တယ်မဟုတ်လား။ သက်န်း ဟောင်းကို ပြန်ရုံရတဲ့အခါ အဲသည်ချွေးနံ့နှင့် နောက်ထပ်ထွက်တဲ့ချွေးသစ်ပေါင်းပြီးထွက်လာတဲ့ အနံ့ဟာ ဘုန်းကြီးနံ့ပဲကွလို့ ဦးလက်ာက သရုပ်ခွဲပြလေရဲ့။ ဟုတ်လည်းဟုတ်ပါ့။ မိုးအခါများဆိုရင် သက်န်းက ထိုင်းနေတော့ ပိုသိသာတယ်။

ကျုပ်တို့ဘုန်းကြီးဆိုတာကလည်း လူတွေလို ကိုယ်လိမ်းပေါင်ဒါတို့၊ ကိုယ်နံ့ပျောက်ဆေးတို့ လိမ်းလို့ ဖျန်းလို့ ဖြစ်တာ မှမဟုတ်ဘဲကိုး။ ဒါကြောင့် သက်န်းတွေကို တတ်နိုင်သမျှ သန့်သန့်ရှင်းရှင်းထား၊ သုံးလေးရက် တစ်ခါလောက် လျှော်ကြရတယ်။

သက်န်းဆိုလို့ ပြောစရာတစ်ခု သတိရလာပြန်ပြီ။

တကယ်တော့ သက်န်းဆိုတာ ဘုန်းကြီးတွေသာ ဝတ်ရ ရုံရတာဖြစ်ပေမယ့် လူတွေက ဝယ်ပြီး ကပ်ရတာ မဟုတ်လား။ သက်န်းအကြောင်းကိုဘုန်းကြီးကနားလည်တယ်။ သို့ပေမယ့် ကိုယ့်ဟာကိုယ် သွားဝယ်ရလေ့မရှိဘူး။ လူတွေကတော့ သက်န်းအကြောင်းဘာမှမသိဘူး။ သို့ပေမယ့် ဘုန်းကြီးကပ်ဖို့သွားဝယ်ကြရတယ်။ အဲ့ဒီအချက်ကို အခွင့်ကောင်းယူပြီး ဝိသမလောဘသမားတွေက အမြတ်ထုတ်တတ်ကြတယ်။

ဘယ်လိုလည်းဆိုတော့ကာ ............

တချို့က သက်န်းကိုချုပ်တဲ့အခါ ဝိနည်းနဲ့အညီမချုပ်ဘူး။ ချုပ်ရိုးကွက်တွေပါရင်ပြီးရောဆိုပြီး ဖြစ်သလို ချုပ်ထားတတ်ကြတယ်။

တချို့ကျတော့ တိုက်ဆွေး ပိတ်အပေါစားတွေကို ဈေးချောင်ချောင်နဲ့ဝယ်၊ ဆေးဆိုး ၊ ကော်ကပ်၊ မီးပူတိုက် ကျကျနန ခေါက်ပြီး ပလတ်စတစ်အိတ်ထဲထည့် ၊ ဂျပ်ထူဘူးတွေ ဘာတွေနဲ့ဆိုတော့ ဒကာ ဒကာမတွေကလည်း အကောင်းစားတွေဆိုပြီး ဝယ်ယူကြတာပေါ့ ။ အဲ့သည် သက်န်းမျိုးကတစ်ခါလျှော်လိုက်တာနဲ့ ဆေးတွေကွက်ပြီး မွဲခြောက်ခြောက်ဖြစ်သွား၊ သုံးလေးခါလျှော်ပြီးရင် ရိပြီး စုတ်ပြဲကုန်ရော။

သံဃာတော်တိုင်း တညီတညွတ်တည်း နှစ်သက်လက်ခံကြတာကတော့ ပြည်သူပိုင်စက်ရုံက ထုတ်တဲ့ ယပ်တံဆိပ် သက်န်းပါပဲ။ ဆေးရောင်ခိုင်တယ်။ ကြာရှည်ခံတယ်။ ပေါ့ပါးတယ်။ တစ်ခုရှိတာက ယပ်တံဆိပ်သက်န်းကို လိုသလောက် အလွယ်တကူ ဝယ်လို့မရတာပဲ။ အပြင်မှာကျတော့လည်း ဈေးကြီးတယ်။ တချို့ ဒကာ ဒကာမတွေက ဈေးကြီးရင် ကြီးပစေဆိုပြီး ဝယ်လှူပြန်တော့လည်း တစ်ခါတစ်လေ အတုနဲ့မိတတ်သေးတယ်။

အတုလုပ်တဲ့သူတွေကလည်း တော်ပါ့။ ဖောင်းကြွအသားတံဆိပ်တွေဘာတွေနဲ့ သပ်သပ်ရပ်ရပ်လုပ်ကြတာပဲ။ ဒါ့အပြင် ဘုန်းကြီးဆောင်းထီးအရွက်ကို စက္ကူနဲ့လုပ်ပြီး အရောင်တင်ဆီတင်ထားတာကလည်း ရှိသေး။ မိုးရွာထဲတစ်ခါလောက် ဆောင်းပြီး တယ်ဆိုရင်ပဲ ပျော့ဖတ်ကုန်တော့တာပေါ့။

www.burmeseclassic.com



အိမ်း .......တယ်လည်း အကုသိုလ်ကြီးတာပါလားနော်၊ လျှုရတဲ့လူတွေမှာလည်း ငွေကုန်ရကျိုးမနပ် ၊ အလှူခံရတဲ့ ပုဂ္ဂိုလ်တွေမှာလည်း စိတ်အနှောက်အယှက်ဖြစ်ရ။ သူတို့မို့ငရဲမကြောက်ဘာမကြောက် လုပ်ရဲလေတယ်ဗျာ။

ဒါကြောင့်လည်း သိက္ခာရှိတဲ့ သင်္ကန်းတိုက်ကြီးတွေက 'ဝိနည်းခိုရ်နှင့်အညီချုပ်လုပ်ထားပါသည်' လိုအာမခံပြီး ရောင်းနေကြရတာပဲ။ သည်လိုသမ္မာအာဇီဝနဲ့လုပ်တဲ့ လူမျိုးတွေ ရှိပေလို့ တော်သေးတာပေါ့။

သည်နေရာမှာ သင်္ကန်းကပ်လှူခြင်းနဲ့ ပတ်သက်ပြီးနည်းနည်းတော့ ပြောချင်သေးတယ်ဗျ။လူတွေ နားလည်ထားတာက ဝါဆိုသင်္ကန်းဆိုရင်ဝါဆိုလပြည့်နေ့မတိုင်ခင် ကပ်ရမယ်။ကထိန်သင်္ကန်းက သီတင်းကျွတ်လပြည့်ကျော် တစ်ရက်ကနေ တန်ဆောင်မုန်းလပြည့်နေ့အထိအတွင်း မှာကပ်ရမယ်။ သည်လိုကိုး။

သင်္ကန်းကပ်လှူရခြင်းရဲ့ အကြောင်းရင်းတွေက ရဟန်းတစ်ပါးဟာ ဝါဝင်ပြီဆိုတာနဲ့ ရောက်ရာအရပ်က ကျောင်းသင်္ခမ်းတစ်ခု မှာ ဝါဆိုရတယ်။ ဝါတွင်းကာလမှာ အရပ်တစ်ပါးကိုပြောင်းရွှေ့ လို့မရဘူး။ ဝါတွင်းကာလဆိုတာ မိုးဥတု ကာလဆိုတော့ မိုးစိုရင် လဲဖို့ ၊ ဝါတွင်းမှာ ဝတ်ဖို့သင်္ကန်းလိုလာပြီ။ အဲသည်အတွက်ကပ်လှူထားတဲ့သင်္ကန်းကို ဝါဆိုသင်္ကန်းလို့ခေါ်တယ်။

ကထိန်သင်္ကန်းကျတော့ ဝါတွင်းတစ်ခုလုံး ဝါဆိုခဲ့ကြရတဲ့ ရဟန်းတွေဟာ သီတင်းကျွတ်တဲ့အခါ လိုရာ ခရီးကို ကြွကျရမယ်။ ပြီးတော့ မိုးတွင်းတစ်ခုလုံးဝတ်ထားတဲ့သင်္ကန်းတွေက မိုးဒဏ်လေဒဏ်ကြောင့် ဟောင်းနွမ်းစုတ်ပြဲနေပြီ။ ဒါကြောင့် ကထိန်သင်္ကန်းကပ်လှူကြရတယ်။

သင်္ကန်းနဲ့ပတ်သက်ပြီး လူတွေမှာ အစွဲတစ်ခုရှိတယ်။ သင်္ကန်းကပ်လှူရာမှာ သတ်မှတ်ထားတဲ့ လပြည့်နေ့အတွင်း အချိန်မီကပ်နိုင်မှကုသိုလ်ရတယ်လို့ ထင်တတ်ကြတာပဲ။

တကယ်တော့ ခုလိုအချိန်ကာလ သတ်မှတ်ပေးထားရတဲ့အကြောင်းရင်းက အမှန်တကယ်လိုအပ် နေချိန်မှာ လူတွေအနေနဲ့ လှူဒါန်းဖို့ သတိရအောင် နှိုးဆော်တဲ့သဘောပါပဲ။ သတ်မှတ်ကာလကျော်ရင် လှူလို့မရတော့ဘူးရယ်လို့တော့ ပညတ်ချက်မရှိပါဘူး။

လှူတယ်ဆိုတာ ကောင်းမှုကုသိုလ်ပြုတာပဲဗျာ။ ဘယ်အချိန်လှူလှူ ဘယ်တော့ လှူလှူကုသိုလ် ရတာချည်းပါပဲ။

တချို့အလှူရှင်တွေက ဒါကိုကောင်းကောင်း သဘောမပေါက်ဘူး။ သတ်မှတ်ချိန်အတွင်းမဖြစ် မနေလှူနိုင်အောင် အပင်ပန်းခံကြိုးစားကြရတယ်။ သင်္ကန်းတွေလည်းခါတော်မီဈေးတက်နေပြီ။

တချို့ကကျတော့ ကထိန်ကာလအတွင်းမှာ လှူချင်ပေမယ့် ငွေကြေးမပြည့်စုံလို့ မလှူနိုင်ဘူး။ အဆင်ပြေတဲ့ အချိန်ကျတော့ တန်ဆောင်မုန်းလပြည့်ကျော်သွားလို့ မလှူဖြစ်တော့ဘူး ။တကယ်တမ်းကတော့ သတ်မှတ်ကာလ လွန်သွားပေမယ့်လည်းအရန်သင်္ကန်းအဖြစ်လှူလို့ ရပါသေးတယ်။

တစ်ခုပဲရှိတာက ကထိန်သင်္ကန်းဟာ အလှူခံရဟန်းတွေအတွက် အထူးအခွင့်အရေးတွေ ရရှိနိုင်တဲ့ အကြောင်းပါပဲ။ အဲဒါကတော့ ........

ကထိန်ခင်းတဲ့သံဃာတော်တစ်ပါးဟာ ပင့်ဖိတ်ထားတဲ့ဒကာတစ်ဦးထံအထက်ဆရာတော်တွေဆီမှာ ခွင့်မပန်ဘဲ သွားလာနိုင်တယ်။

သင်္ကန်းနဲ့ ညဥ့်ကင်း၍နေသော်လည်း အာပတ်မသင့်နိုင်ဘူး။

အရပ်စကားနဲ့သာမန်ပင့်ဖိတ်တဲ့ဆွမ်းကို ဘုဉ်းပေးသော်လည်း အာပတ်မသင့်နိုင်ဘူး။

ရသမျှသင်္ကန်းစသည်တို့ကို အဓိဋ္ဌာန်မတင်ဘဲ ထားနိုင်တယ်။

ကျောင်းတိုက်အတွင်းရလာသမျှ သံဃိက သင်္ကန်းများကို သိမ်းဆည်းထားနိုင်တယ်။

ဒါကြောင့်လည်း 'ဘုန်းကြီးဆူတုန်း တန်ဆောင်မုန်း'လို့အဆိုရှိတာပဲ။ ဆူတယ်ဆိုတာက ဆူဆူပူပူလုပ်တာကို ပြောတာမဟုတ်ဘူး။ ဆူဖြိုးတာကို ဆိုလိုတာ။

အလှူတွေကလည်းတယ်ပေါသကိုးဗျ။ စနေ၊ တနင်္ဂနွေနေ့တိုင်း၊ ဥပုသ်နေ့တိုင်းလိုလို အလှူတွေရှိတတ်တယ်။ အဲသည်ကာလဟာ အရပ်စကားနဲ့ပြောရရင်'ဘုန်းကြီးဟောဒေး'ပဲ။ကျောင်းထိုင်ဆရာတော်ကြီးတွေ၊ တိုက်အုပ်ဆရာတော်တွေကလည်း အထိုက်အလျောက်တော့ လွတ်လပ်ခွင့်ပေးကြပါတယ်။ ကျောင်းမှာ အလှူရှိတဲ့အခါ ဆိုင်းဝိုင်းလေး ၊ အငြိမ့်ကလေး ၊ ရုပ်ရှင်လေး ဗီဒီယိုကလေးကလည်း ပါတတ်တယ်မဟုတ်လား။

အမှန်တော့ ဘုန်းကြီးဆိုတာ ပွဲမကြည့်ရဘူးဗျ။ သို့ပေမယ့် တစ်ချို့ကတော့ ဇာတ်ပွဲဆိုတာ နိပါတ်တော်တွေကိုလည်း ကပြတာဖြစ်တဲ့အတွက်ကြည့်ထိုက်တယ်ဆိုပြီး ခွင့်ပြုခဲ့ကြသေးတာပဲလေ။ နောက်တော့ ဇာတ်သဘင်တွင်သာမက ရုပ်ရှင်လည်းကြည့် ၊ ဘောလုံးပွဲလည်းကြည့် ဖြစ်လာကြလို့ တားမြစ်ယူရတာ ဘာကြာသေးလို့လဲ။

www.burmeseclassic.com



ကိုင်း ...... ဘုန်းကြီးများ တယ်လီဗေးရှင်းကော ကြည့်သင့်သလားတဲ့။ ဒါတော့ ပြောရခက်သား ကလား။ တယ်လီဗေးရှင်းဆိုတာ ဖျော်ဖြေမှုတစ်ခုတည်းမဟုတ်ဘူး ။ သိသင့်သိထိုက်တဲ့သတင်းတွေ၊ ဗဟုသုတဖြစ်စရာတွေလည်း ပါသေးတာကိုး။ အဲ .......နိုင်ငံခြားဇာတ်လမ်းတွေထဲမှာ တစ်ခါတစ်ခါ ကိုးရိုးကားရားတွေပါတာလည်း ရှိတော့ရှိတာပေါ့။

သည်တော့ ကြည့်သင့်ကြည့်ထိုက်တာလေးတွေ ရွေးကြည့်ရင် အာပတ်မသင့်ဘူးထင်တာပဲ။ပြဿနာ အကုန်ကြည့်မယ်ဆိုရင်တော့ အင်း ........။ ခက်တာက မြတ်စွာဘုရားလက်ထက်တော်က တယ်လီဗေးရှင်းဆိုတာလည်း မပေါ်သေးတော့ အဲ့ဒါနဲ့ပတ်သက်လို့ ဘယ်လိုမှ ပညတ်မှုမရှိခဲ့ပေဘူးပေါ့။

ကျုပ်လည်း တယ်လီဗေးရှင်းကို ကြည့်တော့ ကြည့်ဖူးပါတယ်။ မနက်ဆွမ်းခံထွက်တဲ့အချိန်နဲ့ မြဝတီရုပ်မြင်သံကြား ပြတဲ့အချိန်က အံကိုက်ပဲကိုး။ သည်တော့ ဆွမ်းခွက်သွားထည့်နေတုန်း အိမ်ရှေ့ခန်းမှာ ထိုင်စောင့်ရင်း တစေ့တစောင်း ကြည့်ဖူးပါရဲ့ ။ တစ်ခါတစ်ခါ ပြနေတဲ့အစီအစဉ်က စိတ်ဝင်စားစရာကောင်းနေတုန်း ကျုပ်က ဆွမ်းခံဖို့ရောက်သွားရော။ သည်အခါမှာ အမေလုပ်တဲ့လူက .......

"ဟဲ့.......သမီးကြီး ၊ ဘုန်းဘုန်းဆွမ်းခံကြွလာတယ်"

လို့တီဗီကနေ မျက်နှာမလွှဲဘဲလှမ်းပြောတယ်။ သမီးကြီးက တစ်ခါ ..........

"ညီမလေး ......ဆွမ်းဟင်းခွက်သွားယူချေ"

လို့တာဝန်လွှဲ။ ညီမက ........

"အမယ်......မမသွားယူပါလား၊ ခါတိုင်းမမပဲ ဆွမ်းလောင်းနေကျပဲဟာ"

ဆိုပြီးတွက်ကပ်နေကြတော့ အဖေလုပ်တဲ့လူက ဒေါသဖြစ်ပြီး ထကြိမ်းရော။

"ဖြည်းဖြည်းပေါ့ဒကာရာ ၊ ရပါတယ်"

လို့ကျုပ်ကပြောရတယ်။ ကျုပ်ကလည်းပြနေတဲ့အစီအစဉ်ကိုနည်းနည်းစိတ်ဝင်စားပြီး ကြည့်ချင်ချင် ဖြစ်သွားတာကိုး။ ပြနေတာက သန္တိသီဒါဆိုတဲ့ဇာတ်။ အနော်ရထာတို့ ရှင်အရဟံတို့အကြောင်းဆိုတော့ စိတ်ဝင်စားမိတာပေါ့။

တယ်လီဗေးရှင်းကို ကျုပ်သေသေချာချာ အစအဆုံး ကြည့်ဖူးရတာက ဒကာကြီးဦးသုခရဲ့ကျေးဇူးကြောင့်ပဲ။ ဦးသုခရိုက်တဲ့ ရဟန်းစားရသောဆွမ်းတစ်နပ်ဆိုတဲ့ ဇာတ်လမ်းက တယ်လူပြောများတာပဲ။

ပထမတစ်ခါပြတုန်းက ကြည့်လိုက်ရတဲ့လူတွေ ကျုပ်ဆီလာပြီး ဇာတ်လမ်းအကြောင်းပြောကြ။

မေးကြမြန်းကြပေါ့။ နောက်ထပ်ခါထပ်ခါပြတဲ့အခါကျတော့ ဘုန်းကြီးလောကမှာတောင် ဒီဇာတ်ကားမှမကြည့်ဘူးရင် ခေတ်မမှီသလိုဖြစ်လာတော့တာကိုး။ ဘုန်းကြီးတွေ စုမိတဲ့အခါအဲသည် အကြောင်းပြောကြဆိုကြ ဆွေးနွေးကြရော။ မကြည့်ရတဲ့ ကိုယ်တော်တွေက ပါးစပ်အဟောင်းသားနဲ့ ဘေးကနားထောင်သက်သက်ဖြစ်လာတယ်။

သည်တော့မဖြစ်ချေပါဘူးဆိုပြီး ဒကာရင်းတစ်ယောက်ကို အပူကပ်ရတယ်။ ကံကောင်းချင်တော့ အဲသည်ဇာတ်ကား ဒုတိယတစ်ခါပြတုန်းက ကူးယူထားလို့သူ့မှာ ရှိပါသတဲ့။ ဒါနဲ့တစ်ရက်တော့ အဲ့ဒီဒကာအိမ်သွားပြီး ကြည့်လိုက်ရတယ်။

အိမ်း .....ပြောမယ်ဆိုလည်းပြောလောက်စရာပေပဲကိုး။ အင်မတန်ရည်ရွယ်ချက်ကောင်းမွန်တဲ့ ဇာတ်ကားပါပဲ။ ဦးသုခကိုလည်း ကျေးဇူးတင်ချီးမွမ်းထိုက်ပါတယ်။ အဲသည်ဇာတ်ကားကြောင့် လူတွေက ရဟန်းသံဃာတော်တွေကို ပိုပြီးကြည်ညို လေးစားရကောင်းမှန်း သိလာကြတယ်။ အဲ....

ဘုန်းကြီးတွေအနေနဲ့လည်း လူကြည်ညိုအောင်နေတတ်ထိုင်တတ်ရမယ်ဆိုတာ သတိပြုမိစေတယ်။

ဟောဗျာ .....ကထိန်အကြောင်းပြောရင်းကနေ ဘယ့်နှယ် ဘယ့်နှယ် တယ်လီဗေးရှင်း အကြောင်းရောက်သွားမှန်း မသိပါဘူး။ အဲဒါပြောတာပေါ့။ ဘုန်းကြီးပါးစပ်ဆိုတာ ဘရိတ်ရှိတာမဟုတ်ဘူးလို့။

ဘုန်းကြီးဆိုတာသည်လိုပဲဗျ။ လူတွေလို မိသားစုနဲ့ ဝိုင်းဖွဲ့စကားပြောတာမျိုးတို့၊ မိတ်ဆွေသင်္ဂဟတွေ နှင့် လက်ဖက်ရည်ဆိုင်ထိုင်စကားပြောတာတို့ လုပ်ခွင့်မရတော့ ကြုံကြိုက်လို့စကားပြောဖော်ရပြီဆိုတာနဲ့ စိတ်ကူးမိသမျှ လျှောက်ပြောချတော့တာပဲ။

တစ်ခါတစ်ခါကျတော့ ခွကျကျတွေတောင်ဖြစ်ရတယ်။ ကျုပ်တို့စာသင်သားဘဝကတစ်ခါကြုံဖူးတယ်။ အသုဘရက်လည်ဆွမ်းကျွေးဖိတ်ထားတာရှိတယ်။ ဆရာတော်ဦးလက်ာက သူ့မယ်တော်ကြီးနေမကောင်းလို့ ရွာကို ခဏပြန်ကြွသွားတယ်။ သည်တော့ လက်ထောက်ကိုယ်တော်တစ်ပါးက ဦးဆောင်ပြီး ဆွမ်းစားကြွကြတယ်။ ကျုပ်ကတော့ ပဥ္စင်းပျိုလေးဆိုတော့ နောက်လိုက်အဖြစ်ပါသွားတာပေါ့။

www.burmeseclassic.com



အဲသည်လက်ထောက်ကိုယ်တော်ကလည်း တရားမဟောရတာကြာလို့ အခွင့်အရေးရခိုက် အားရ ပါးရဟောမယ်လို့ အားခဲထားတာထင်ပါရဲ့။ ရေစက်ချတရားကိုဟောလိုက်တာရေစက်ခွက်ကုန်လို့လည်းမပြီးနိုင်လို့ အောက်ခံခွက်ထဲက ရေကို ရေစက်ခွက်ထဲပြန်ထည့်ရတာပေါ့။ အလှူရှင်မိန်းမခများလည်း 'ကိုဘယ်သူရေ .........အမျှ ........အမျှ .........အမျှ'လို့ အော်ပြီး ချုံးပွဲချချင်လှပြီဖြစ်ပေမယ့် တရားက မချနိုင်သေးလို့ အောင့်ထားရရှာတယ်။

ပြောရင်းဆိုရင်းကျုပ်လည်းစကားကြော ရှည်သွားမိပြန်ပြီ၊ ထူးပါဖူး။ ပြောလက်စနှင့်ပြောရတော့မှာပဲ။

ကျုပ်စိတ်ထဲ မတင်မကျဖြစ်နေတာလေးတစ်ခုရှိတယ်။ လက်ပတ်နာရီကိစ္စပေါ့။ သံဃာတော်တွေဟာ လက်ပတ်နာရီပတ်ခွင့်မရှိဘူးလေ။ သံဃာတော်များလက်ဝတ်ရတနာ မဝတ်ရဆိုတဲ့ ပညတ်ချက်ထဲမှာ လက်ပတ်နာရီကော ပါသွားခဲ့တာပဲ။ တကယ်တော့ လက်ပတ်နာရီဆိုတာ အလှအပ အဆင်တန်ဆာ ပစ္စည်းမဟုတ်ပါဘူး။ အချိန်နာရီသိရဖို့အတွက် အသုံးဝင်တဲ့ မရှိမဖြစ်လိုအပ်တဲ့ပစ္စည်းတစ်ခုပါ။

ခရီးသွားတဲ့အခါ မွန်းမတည့်မီ ဆွမ်းကွမ်းကိစ္စဆောင်ရွက်ဖို့နာရီက လိုတယ်မဟုတ်လား။ လက်မှာပတ်လို့ မဖြစ်တော့အိတ်ထဲဆောင်ထားရတာပေါ့။ သည်လိုနှင့်အိပ်ဆောင်နာရီလေးတွေကို ဘုန်းကြီးနာရီလို့တောင် အမည်တွင် ခေါ်ခဲ့ကြသေးတယ်။

ခုခါမှာ အဲ့ဒီဘုန်းကြီးနာရီတွေလည်း ရှားလာပြီ။ ဆိုင်တိုင်းမှာ အလွယ်တကူဝယ်လို မရတော့ဘူး။ တချို့ဆိုင်တွေမှာ ရှားရှားပါးပါး တွေ့ပြန်တော့လည်း ဈေးကြီးတယ်။

လက်ပတ်နာရီဆိုတာ ပရိက္ခရာရှစ်ပါးထဲ မပါတော့လည်း ခက်သားပေါ့။ အိမ်း .....မျက်မှန်တော့ တပ်ခွင့်ရထားပေလို့ တော်သေးတယ်။

ကိုင်း ........ ကိုင်း ..........ကထိန်အကြောင်းပြန်ဆက်ကြဦးစို့။တန်ဆောင်မုန်းလပြည့်ကျော်လို့ ကထိန်ပွဲတွေ ပြီးပြီဆိုမှဖြင့် ကျုပ်တို့အလုပ်ရှုပ်ရတာတစ်ခုရှိတယ်။ ပဒေသာပင်လုပ်ထားတဲ့ ငွေစက္ကူတွေကို ပြန်ဖြုတ်ရတဲ့ကိစ္စပါပဲ။

လှူတဲ့လူတွေကလည်း သူတို့ရဲ့ ပဒေသာပင်ကလေးကို လှလှပပဖြစ်စေချင်ကြတာပေါ့။ ဒါမှကထိန်လှည့်တဲ့အခါ သားသားနားနားဖြစ်မယ်မဟုတ်လား။ သည်တော့ ငွေစက္ကူတွေနဲ့ ဆင်ရုပ်တွေလုပ်၊ နဂါးရုပ်တွေလုပ်၊ ပြာသာဒ်ပုံတွေလုပ်၊ လှမယ်ထင်တဲ့ပုံစံမျိုးစုံ အပြိုင်အဆိုင်လုပ်ကြရော။

ကထိန်ပွဲပြီးလို့ ပဒေသာပင်တွေ ကျုပ်တို့ကျောင်းရောက်လာတဲ့အခါ ကျုပ်တို့လည်း အလုပ်ရှုပ်ရောဗျား ။ ဘာကြောင့်လဲဆိုတော့ တချို့ကငွေစက္ကူတွေကို အပ်ချုပ်စက်နဲ့တွဲချုပ်ထားကြတာကိုး။ သည်တော့ကာ အပ်ချည်ကြိုးတွေ ဖြုတ်ရတာအလုပ်တစ်ခု။

တချို့ကျတော့လည်း အရုပ်တွေလုပ်ရာမှာ ခိုင်ခံ့အောင်ကော်နဲ့ကပ်ထားကြတယ်။ သည်အတိုင်းဆွဲခွာရင် ငွေစက္ကူတွေ ပြဲစုတ်ကုန်မှာစိုးလို့ ရေစိမ်ထားရသေးတယ်။ ကော်တွေပျော်ကုန်ပြီဆိုမှ အသာဆွဲခွာ၊ ကော်အကြွင်းအကျန်ကုန်အောင် ဆေးပြီးမှ အခြောက်ခံထားရတယ်။ ခြောက်သွားတော့လည်း ငွေစက္ကူတွေက တွန့်တွန့်လိပ်လိပ်ဖြစ်နေတတ်လို့ စာအုပ်ထူထူကြားမှာ ညှပ်ဖိထားရတယ်။

နောက်တစ်ခုကတော့ ကထိန်ကာလပြီးကာစမှာ ကျုပ်တို့ဘုန်းကြီးကျောင်းတွေဆီကို တစ်ကျောင်းပြီး တစ်ကျောင်း လှည့်ပြီး 'သင်္ကန်းပြန်ရောင်းဖို့ရှိသလားဘုရား'လို့လိုက်မေးလျှောက်တဲ့လူတွေရောက်လာတတ်တဲ့ကိစ္စပဲ။

ကထိန်မှာ အကပ်ခံထားရတဲ့သင်္ကန်းတွေကို ပြန်ကောက်တဲ့သူတွေပေါ့။ ကောက်ပြီးဘယ်ဆိုင်တွေ သွားပြန်သွင်း သလဲတော့ မပြောတတ်ဘူး။

တချို့ကျောင်းတွေက ကထိန်ကာလမှာသင်္ကန်းတွေလိုတာထက် ပိုပြီးရတယ်။ဒါပေမယ့်ကျောင်းက စာသင်သားတွေ အတွက် စာအုပ်တို့ စာရေးကိရိယာတို့၊ ကျောင်းမှာ ခိုလှုံနေတဲ့ဘုန်းကြီးကျောင်းသားလေးတွေရဲ့ စားဝတ်နေရေးတို့ အတွက်ကျတော့ မပြည့်မစုံဖြစ်နေတယ်။ သည်တော့ ပိုနေတဲ့သင်္ကန်းတွေကိုပြန်ရောင်းပြီး လိုအပ်တဲ့စာအုပ်၊ စာရေးကိရိယာ၊ ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ငါးခြောက်စတဲ့ ပစ္စည်းတွေ ပြန်ဝယ်ရတယ်။ သည်အချက်ကိုသိနေတဲ့လူတွေက ကျောင်းတိုက်တကာလှည့်ပြီး သင်္ကန်းလိုက်ကောက်ကြတာပဲပေါ့။ ကျုပ်တို့ဆရာ ဦးလက်ာ်တို့လို ဆရာတော်မျိုးတွေ နဲ့တွေ့ရင်တော့ အဲသည်လူတွေကို 'ကျုပ်သင်္ကန်းပွဲစားမဟုတ်ဘူး'လို့ပြောလွှတ်မှာသေချာတယ်။

သင်္ကန်းဆိုတာ ပြန်ရောင်းအပ်တဲ့ပစ္စည်း ဟုတ်မဟုတ်ဆိုတာတော့ပြောရခက်တယ်။ ကထိန်သင်္ကန်းဆိုတာကလည်း ပုဂ္ဂိုလ်ကိုအစွဲပြုပြီး လှူရတာမျိုးမဟုတ်ဘူး။ သံဃိက ပစ္စည်းအဖြစ် ရည်စူးပြီး လှူရတာမျိုးပဲ။ ဒါ့အပြင်သင်္ကန်းတွေကို အမြတ်အစွန်းအလို့ငှာ ပြန်ရောင်းခြင်းမဟုတ်ဘဲ ပရိယတ္တိကိစ္စအတွက် အသုံးပြုဖို့သာ ရည်ရွယ်ခြင်း ဖြစ်တဲ့အတွက် အပြစ်တော့မရှိတန်ကောင်းဘူးလို့ ယူဆရတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးလက်ာတို့လို တိတိကျကျလိုက်နာစောင့်ထိန်းတဲ့ဆရာတော်ကြီးတွေလည်း အများအပြားရှိပါတယ်။

ကျုပ်တို့ကတော့ ခေတ်ဘုန်းကြီးလို့ ဆိုရမလားမသိ။ ပဓာနကျတဲ့ ဝိနည်းသိက္ခာပုဒ်တွေကို တိတိကျကျလိုက်နာတယ်။ သာမန်အသေးအဖွဲကလေးတွေကျပြန်တော့ အခြေအနေအရလိုတိုးပိုလျှော့ လုပ်ရတာပေါ့။

ခေတ်ကပြောင်းနေတာမဟုတ်လားဗျ။ ဥပမာ ဘုန်းကြီးရဟန်းများဟာ ပိုက်ဆံငွေကြေးကိုကိုင် တွယ်သုံးစွဲခြင်း မပြုရဘူးလို့ ပညတ်ချက်ရှိတယ်။ ဒါကြောင့်လည်း ဘုန်းကြီးကို ငွေလှူတဲ့အခါမှာ ဘုန်းကြီးရဲ့လက်နဲ့ ငွေစက္ကူ မထိရအောင်စာအိတ်ထဲထည့်ပေးထားရတယ်။

လှူတဲ့ပုဂ္ဂိုလ်က တစ်စုံတစ်ခုအတွက် ရည်စူးပြီးလှူရင် အဲသည်ရည်စူးချက်အတွက်ပဲသုံးခွင့်ရှိတယ်။ ‘ကျောင်းပြင်ဖို့အတွက်ပါဘုရား’ လို့ပြောလှူရင်ကျောင်းပြင်ရာမှာပဲသုံးရတယ်။ ‘သင်္ကန်းတစ်စုံ အတွက်ပါ ဘုရား’ ဆိုရင်လည်း ထို့အတူပဲ။ တခြားကိစ္စသုံးလို့မရဘူး။ ‘နဝကမ္မပါဘုရား’ လို့ပြောပြီးလှူရင်တော့ လိုရာသုံးလို့ရတယ်။

ကောင်းပြီ။ အလှူငွေလက်ခံရာမှာ လက်နဲ့မထိအောင် ယူလို့ရပြီ။ တချို့ မသိနားမလည်လို့ ဝတ္ထုကို စာအိတ်နဲ့ မထည့်ဘဲကပ်ရင်တောင် ဘုန်းကြီးက ယပ်တောင်ကလေးထိုးခံလိုက်လို့ရသေးတယ်။

အဲသည်ငွေကို ပြန်သုံးပြီဆိုတဲ့အခါကျတော့ မကိုင်ချင်လို့မရတော့ဘူး။ ဥပမာကျုပ်ကကိစ္စရှိလို့ အငှားကားတစ်စင်း ငှားလိုက်တယ်ဆိုပါတော့။ ဘယ်လောက်ပေးရမလဲ မေးတဲ့အခါ ကားဒကာက ‘တစ်ရာ့ငါးဆယ်ပဲစွန့်ပါဘုရား’’လို့ပြောပြီဗျာ။ ငွေတစ်ရာ့ငါးဆယ်ကို စာအိတ်ထဲထည့်ပြီးသူ့ကိုပေးရမလား ။ ခေါင်းကိုက်လို့ ကွမ်းယာဆိုင်မှာ ပါရာစီတမော ဝယ်ပြီဆိုပါတော့ ။ တစ်လုံးနှစ်ကျပ်ကို စာအိတ်ထဲထည့်ပေးရမလား။

ဘယ်ဖြစ်မလဲ။ ဒါမျိုးကျတော့ ငွေကိုကိုင်တွယ်ရတော့တာပါပဲ။ စိတ်ထဲမရှင်းရင်ည ကျမှအာပတ်ဖြေတော့ပေါ့။ ဆရာတော်ကြီးတွေကတော့ ကပ္ပိယကို ငွေကိုင်ခိုင်းတယ်။ အလိုရှိရာကို ကပ္ပိယကပဲဝယ်ခြမ်းပေးရတယ်။

ကျုပ်တို့ကတော့ သည်လောက်လည်း ဘုန်းကံရှိတာမဟုတ်ဘူး။ နေရာတကာတိုင်းလည်း ကပ္ပိယကိုဘယ်ခေါ် သွားနိုင်ပါ့မလဲ။ နောက်တစ်ခုက ဘုန်းကြီးရဟန်းများဟာ မာတုဂါမနဲ့ အတူတစ်မိုးအောက်မှာ ကျိန်းစက်ခြင်းမပြုရလို့ ဆိုထားပေမယ့် ခရီးသွားတဲ့အခါတစ်ခါတလေ တည်းခိုခန်းမှာ ဝင်တည်းသင့်တည်းရတာပါပဲ။

ပြီးတော့တစ်ခါ မြို့ထဲမှာရှိတဲ့တိုက်ခန်းတစ်ခန်းက ဆွမ်းစားဖိတ်တယ်ဆိုပါစို့။ အဲသည်တိုက်ခန်းကလည်း ရှစ်ထပ်တိုက်ရဲ့အောက်ဆုံးမြေညီထပ်ဖြစ်နေတယ်ဆိုပါစို့။ အဲသည်အခန်းရဲ့အပေါ်မှာ အခြားအခန်းပေါင်း ခုနစ်ခန်းရှိနေတယ်။ အဲသည်အခန်းတွေမှာ မိန်းမတွေရှိနေမှာအမှန်ပဲ။ သူတို့ရဲ့အောက်မှာရှိနေတဲ့အခန်းမို့မဝင်ချင်ဘူးဆိုလို့ ဘယ်ဖြစ်ပါ့မလဲ။

အဲသည်လိုသာတွက်ကြေးဆိုရင်အပေါ်ဆုံးထပ် တစ်ခန်းတည်းမှာပဲ ဘုရားစင်ထားရတော့မလို ဖြစ်နေမှာပေါ့။ မြို့ပြလူနေမှုစရိုက်ရဲ့တိုက်ခန်းကျဉ်းကလေးတွေထဲမှာ ဘုရားစင်အတွက်မမေ့ မလျော့ဘဲ ကတ်ကတ်သတ်သတ် နေရာပေးထား တာကိုပဲ ကျေးဇူးတင်ရပေဦးမယ်။ သည်တော့အပေါ်ထပ်တွေ ဘာတွေကို အာရုံမထားနဲ့။ ရောက်နေတဲ့အခန်းရဲ့ပိုင်နက် အဝန်းအဝိုင်းကိုသာ အသိအမှတ်ပြုပြီး အဲသည်အခန်းရဲ့အမြင့်မြတ်ဆုံး နေရာမှာသာစံမြန်းဖို့ ပဓာနထားရတော့တာပေါ့။

ခေတ်ကြီးက ပြောင်းလဲတိုးတက်နေတယ်။ လူတွေကလည်းခေတ်နဲ့အညီပြောင်းလဲနေတယ်။ ကျုပ်တို့ဟာ တောမှီရဟန်းမဟုတ်တော့ လူတွေနဲ့ကင်းကွာပြီးနေလို့မရဘူး။ သည်တော့ခေတ်နဲ့လည်း သဟဇာတဖြစ်အောင်၊ ဝိနည်းနဲ့လည်း ညီညွတ်အောင် ထိန်းကျောင်းနေထိုင်ကြရတာပဲ။ ဒါမှလည်း သာသနာတော်ကြီးတည်တံ့ ပြန့်ပွားမယ် မဟုတ်လား။

တကယ်တော့လည်း ဘုန်းကြီးနဲ့လူဆိုတာတစ်မြေတည်း တစ်ရေတည်းဆက်စပ်နေထိုင်ကြပြီး အစဉ်ထိတွေ့ ဆက်ဆံမှုရှိပေမယ့် စရိုက်သဘာဝချင်းက လုံးဝတူတာမဟုတ်ဘူးဗျ။ သည်တော့ တစ်ခါတစ်ခါ ဘုန်းကြီးနဲ့လူကြားမှာ ခွကျတာလေးတွေဖြစ်တတ်တာပေါ့။

ခုချိန်မှာလူတော်တော်များများဟာဘာသာရေးကို လိုက်စားလာကြတယ်။ အလှူဒါနပြုသူတွေ ပေါ်များလာတယ်။ ဒါဟာ ကျေနပ်ဝမ်းသာစရာအချက်ပဲ။

သို့ပေမယ့် တချို့လူတွေမှာ မသိနားမလည်တာလေးတွေ ရှိနေသေးတယ်။ ဥပမာဆိုပါတော့ ရှိခိုးကန်တော့တဲ့ကိစ္စ။

လူတော်တော်များများဟာ ဘုရားကိုပဲဖြစ်ဖြစ်၊ ဘုန်းကြီးရဟန်းကိုပဲဖြစ်ဖြစ် ၊ လူကြီးမိဘဆရာသ မားကိုပဲဖြစ်ဖြစ် ကန်တော့တဲ့အခါ လက်အုပ်ချီပြီး ဦးသုံးကြိမ်ချလိုက်ပြီးရောထင်နေကြတာ။

တကယ်က ထိခြင်းငါးပါးနဲ့စနစ်တကျရှိခိုးကန်တော့တတ်ဖို့လိုတယ်။ ဘယ်လိုလဲဆိုတော့ဦးစွာ ဆောင့်ကြောင့် ထိုင်ရမယ်။ ဒူးနှစ်ဖက်ကို စေ့ထားရမယ်။ တံတောင်ကိုဒူးနှစ်ဖက်နဲ့ထိပြီးလက်အုပ်ချီရမယ်။ လက်အုပ်ချီရာမှာလည်း လက်ချောင်းတွေ ကားကားကြီးမဟုတ်ဘူး။ ကြာဖူးကလေးများလို လက်ချောင်းတွေကို စေ့ပြီးစုထားသင့်တယ်။ လက်အုပ်ချီထားတဲ့ လက်နှစ်ဖက်ဟာ နဖူးမှာထိနေရမယ်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုအနေအထားမှန်ပြီဆိုမှ လက်ဝါးကို ကြမ်းပြင်ပေါ်ချ၊ ပြီးတော့ ဒူးနှစ်ဖက်ကို ကြမ်းပြင်ပေါ်ချ။ဦးခေါင်းကို ညွတ်ပြီးကြမ်းပြင်နဲ့ထိအောင် ပြားပြားဝပ်ရမယ်။

သည်နေရာမှာ တစ်ခုသတိထားဖို့လိုတယ်။ ဘုန်းကြီးရဟန်း များကို ရှိခိုးဖို့မသင့်တော်တဲ့အခါမျိုး ရှိတယ်ဆိုတာပါပဲ။ ဘုန်းကြီးတစ်ပါးစာ အကြောင်းကိစ္စတစ်ခုကြောင့် ဖြစ်စေ၊ ရေချိုးနေလို့ဖြစ်စေခန္ဓာကိုယ်မှာ သင်္ကန်းမရှိဘဲ သင်းပိုင်မျှသာ ဝတ်ထားတဲ့အချိန်ဆိုရင်အဲသည်ဘုန်းကြီးကို မရှိခိုးရဘူး။

တစ်ခါဖိနပ်စီးထားတဲ့ဘုန်းတော်ကြီးကိုလည်း မရှိခိုးရဘူး။ တချို့က မသိလို့ လမ်းမှာကိုယ့်ဆရာ ဘုန်းကြီးကို တွေ့တဲ့အခါ ထိုင်ရှိခိုးတတ်ကြတယ်။ အဲသည်အခါမှာ ဘုန်းကြီးဟာ စီးလာတဲ့ဖိနပ်ကို ချွတ်ပြီး ရှိခိုးခံရတယ်။

အခုအခါမှာ မာဂဓီ–သာစည် ဆရာတော်ဘုရားက ကလေး သူငယ်တွေ ကျောင်းသားကျောင်းသူ တွေကို ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားပေးပြီး စနစ်တကျ ရှိခိုး ကန်တော့တတ်ကြတာမြင်ရတော့ကျုပ်ဖြင့် အင်မတန် ဝမ်းသာပီတိဖြစ်မိပါတယ်။

ပြောမယ်ဆိုရင်တော့အများကြီးပေါ့ဗျာ။ အလှူပစ္စည်းကပ်လှူပုံ၊ အလှူမခံအပ်တဲ့ပစ္စည်း၊ စားသင့်တဲ့ဆွမ်း၊ မစားသင့်တဲ့ဆွမ်း စသည်ဖြင့် ပြောရရင်ဆုံးမှာမဟုတ်ဘူး။

အခုကျုပ်ပြောပြချင်တာကတော့ လူများနဲ့ထိတွေ့ဆက်ဆံရာမှာ ခွကျကျဖြစ်ခဲ့ရတဲ့အကြောင်းကလေးများပါပဲ။ အိမ်း ......... ဘုန်းကြီးများ စကားပြောပြီဆိုတော့လည်း ရပ်လို့မရတော့ဘဲကိုးကွယ့်နော်။ သည်းခံလက်စနဲ့ ဆက်နားထောင် လိုက်ပါဦး ။

သည်လိုဗျ။ ကျုပ်ဟာ ဆရာတော်ဦးလက်ာဆီမှာ တပည့်လက်ထောက်အဖြစ်အတော်ကြာနေခဲ့ပြီ တစ်နေ့သဉ္စတော့ ဆရာတော်က ကျုပ်ကိုခေါ်ပြီး သည်လိုမိန့်သဗျ။

"ကိုယ်တော်ဟာ တစ်နေ့မှာ တိုက်အုပ်ဆရာတော်အဖြစ် ငါ့နေရာကိုဆက်ခံရမှာ၊ ဒီတော့အတွေ့အကြုံ အစုံအလင် ရအောင် ကျောင်းတစ်ကျောင်းမှာတစ်နှစ်လောက် ကျောင်းသွားထိုင်ချေ။ "

ဆိုပြီး ရွာကလေးတစ်ရွာက ကျောင်းကို လွှတ်လိုက်တယ်။

ရွာကလေးက တော်တော်ခေါင်တယ်။ ကားလမ်းကနေဖဲ့ဆင်းပြီး လှည်းနဲ့သွား။ ပြီးတော့ တစ်ခါချောင်းရိုးအတိုင်း ဆန်တက်ပြီးမှ ရွာကိုရောက်တာ။

ရွာသူရွာသားတွေက စရိုက်ကြမ်းသယောင်ထင်ရတယ်။ အမှန်ကတော့ ရိုးသားပွင့်လင်းကြတာပါ။ ဘုန်းကြီးကိုတော့ အင်မတန်ရှိသေတယ်။ အားလည်းကိုးကြတယ်။ အစစအရာရာဘုန်းကြီးကိုတိုင်ပင်လေ့ရှိကြတယ်။

အလှူလုပ်လို့ အငြိမ့်ငှားတာတောင် 'ဘုန်းဘုန်း .......ဘယ်အငြိမ့်ကြိုက်သလဲဘုရား' လို့လာမေးကြတာ။

"ဒီတစ်ခါရွေးချယ်ပွဲလုပ်ရင် ဦးတုတ်ကြီးကို ပြန်မရွေးပါစေနဲ့ဘုရား၊ သူက လုပ်အားပေးခဏခဏခေါ်တယ်။ ဓာတ်မြေသြဇာဖိုးတွေလဲ ကောက်ထားပြီး တစ်ဝက်လောက်ပဲပြန်ထုတ်ပေးသေးတယ်ဘုရား" လာတိုင်တဲ့လူတွေကလည်း ရှိရဲ့။

တချို့ကတော့ "ဒီမနက်ပဲ ဝက်တစ်ကောင်ပေါ်လို့ ဝမ်းတွင်းသား လတ်လတ်ဆတ်ဆတ်ကလေး ချက်ထားတာ လာပို့တာပါဘုရား" ဆိုတာကလည်းတစ်မျိုး ။

ဆယ်အိမ်မှူးတစ်ယောက်ကတော့ သူ့သမီးမင်္ဂလာဆောင်လုပ်မှာကို မိုးဖျက်မှာစိုးလို့ မိုးမရွာအောင် လုပ်ပေးပါ လို့ လာလျှောက်တယ်။

"မိုးခေါင်တဲ့အခါမှာတောင် မိုးရွာအောင် ငရုံ့မင်းပရိတ်ရွတ်ရတာရှိတယ်။ မိုးမရွာအောင်တော့မလုပ်ကောင်းဘူး"

ပြောတော့

"အဲ့ဒီ ငရုံ့မင်းပရိတ်တပည့်တော်ကို သင်ပေးပါ"

လို့ဆိုတယ်။ ဘာလုပ်ဖို့လဲဆိုတော့ ငရုံ့မင်းပရိတ်ရွတ်ရင်မိုးရွာတယ်ဆိုတော့ အဲ့ဒီပရိတ်ကို ပြောင်းပြန်ရွတ်ရင် မိုးတားနိုင်တယ်ထင်လို့တဲ့ ။ သည်တော့ ကျုပ်ကလည်း သူကျေနပ်အောင် ရှင်ဥပဂုတ္တကိုယ်တော်ကြီးကတော့ လေမုန်တိုင်း တွေဘာတွေ တားပေးနိုင်တဲ့အတွက် ဆုတောင်းပြည့်ပေါ့လို့ ပြောလိုက်ရတယ်။

သည်ထက်ဆိုးတာ တစ်ခုရှိသေးတယ်။ တစ်ရက်မှာရွာရဲ့ အရှေ့ခြမ်းနဲ့ အနောက်ခြမ်းကလူကြီး တချို့ ကျုပ်ဆီရောက်လာကြတယ်။ ရွာရဲ့အလယ်မှာ ချောင်းလက်တက်ကလေး တစ်ခုဖြတ်စီးနေလို့ ရွာက အရှေ့ခြမ်း၊ အနောက်ခြမ်းကွဲနေတာကိုး ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဘာလျှောက်သလဲဆိုတော့ ရှာအရှေ့ခြမ်းနဲ့ အနောက်ခြမ်းနဲ့ ဘောလုံးကန်ကြဖို့ ကိစ္စမှာ ဒိုင်လူကြီးပြဿနာတက်နေလို့တဲ့။ တစ်ဖက်ဖက်ကလူက ဒိုင်လုပ်ရင် ကိုယ့်အပိုင်း ဘက်မျက်နှာလိုက်မှာစိုးလို့တဲ့။

"အဲ့ဒါကြောင့် အရှင်ဘုရားပဲ ဒိုင်လူကြီးလုပ်ပေးပါ"

တဲ့ဗျာ။

ကျုပ်ကလည်း ဒါဘုန်းကြီးအလုပ်မဟုတ်လို့ မလုပ်နိုင်ဘူးလို့ အပြတ်မငြင်းချင်တာနဲ့ .........

"ကျုပ်ကဘောလုံးပွဲတွေ ဘာတွေ ကြည့်တောင်ကြည့်ဖူးတာမဟုတ်ဘူး၊ စည်းမျဉ်းစည်းကမ်းတွေလည်း နားမလည်ပါဘူး"

လို့ပြောတော့ ....

"သိပ်ထွေထွေထူးထူး ရှိတာမဟုတ်ပါဘူးဘုရား၊ လူချရင်ဖြစ်ဖြစ် ၊ ဘောလုံးကို လက်နဲ့ထိရင်ဖြစ်ဖြစ်၊ ဝီစီ မှုတ်လိုက်ရုံပါပဲ ဘုရား"

ဗုဒ္ဓေါ။ ဝီစီ မှုတ်ရအုံးမယ်ဆိုပါလား။ ကျုပ်တို့ငယ်ငယ် စာသင်သားဘဝက ရှမဝမဂ္ဂဇင်းစာအုပ် ခိုးဖတ်ရင်း ...ကုသရေးတဲ့ ဇီဝက ကိုင် ဝတ္ထုဖတ်ဖူးပါတယ်။ ဟိုထဲမှာကတော့ မြို့ကပြန်လာတဲ့ ခေတ်ပညာတတ်မို့လို့ ဒိုင်လူကြီး လုပ်ခိုင်းတာထားပါတော့ ။ ခုဟာက ဘယ့်နယ်ဘုန်းကြီးကဒိုင်လူကြီးလုပ်ရမယ်လို့ ။ သင်္ကန်း တလွှားလွှား ဝီစီ တရှီရှီနဲ့ ကွင်းထဲလျှောက်ပြေးနေရလို့တော့ဘယ်လောက်ကြည့်ကောင်းလိုက်မလဲလို့။

"ဒီလိုရှိတယ်လေ၊ ဒကာကြီးတို့ရဲ့၊ ကျုပ်တို့ဘုန်းကြီးတွေဟာ နစ္စ၊ ဂီတ၊ ဝါဒိတာ စသည်ဖြင့် ရှောင်ကြဉ် ရတာတွေရှိတယ်။ ဝီစီ ဆိုတာက တူရိယာထဲမှာ အပါအဝင်မဟုတ်လား၊ ဘုန်းကြီးအနေနဲ့ မမှုတ်အပ်ဘူး"

လို့ ဥပါယ်တံမျဉ်နဲ့ ငြင်းတော့လည်း .........

"အရှင်ဘုရားက မသင့်တော်တာတွေ့ရင် လက်သာမြှောက်ပေးလိုက်ပါ၊ တစ်ယောက်ယောက်က ကိုယ်စားဝီစီ မှုတ်ပေးပါလိမ့်မယ်"

လုပ်ပြန်ရော ။ ကျုပ်ကကြံဖန်ပြီး အကြောင်းပြရပြန်တာပေါ့။ ဒိုင်လူကြီးလုပ်လို့မတော်တဆတစ် ဖက်ဖက်ကို လိုက်မိရင် အာပတ်သင့်လိမ့်မယ်လို့ ပြောရတယ်။

နောက်ဆုံးတော့ ဘယ်လိုဈေးတည့်သွားကြသလဲဆိုတော့ ဘောလုံးပွဲမှာ ကျုပ်အနေနဲ့သွားထိုင် နေပေးရမယ်။ ကျုပ်ရှိနေရင် ကစားတဲ့လူတွေအနေနဲ့ ကောင်းကောင်းကစားကြလိမ့်မယ်။ ဒိုင်လူကြီးကတော့ အရှေ့ဘက်ခြမ်းကတစ်ယောက်၊ အနောက်ဘက်ခြမ်းကတစ်ယောက်၊ နှစ်ယောက်က ကွင်းတစ်ဖက်ဆီခွဲပြီး တာဝန်ယူကြရမယ်။ မကစားခင်မှာ ဒိုင်လူကြီးနှစ်ယောက်စလုံးကျုပ်ရှေ့မှာ ငါးပါးသီလယူပြီး ဖြောင့်မြတ်စွာကြီးကြပ်ဆုံးဖြတ်ပါ့မယ်လို့ သစ္စာရေသောက်ပြီး ကတိပေးရမယ်။ သည်လိုကိုး။

ကျုပ်တို့မြန်မာနိုင်ငံမှာ ဟိုးရှေးအစဉ်အဆက်ကတည်းက ရပ်ရွာတွေမှာ ဘုန်းတော်ကြီးတွေကပဲ စောင့်ရှောက် ကြီးကြပ်ပေးခဲ့ရတာမဟုတ်လား။ ဘာသာရေးကိစ္စတွင်မကဘူး။ သင်္ကြန်စာကြည့်ပြီး သည်နှစ်မိုးဦးကောင်းမလား၊ ညံ့မလား၊ လေမိုးမှန်မလားဆိုတာ တွက်ချက်ပေးရတာမျိုး။ သူကြီးအုပ်ချုပ်ပုံ ဟန်မကျရင် ဝင်ထိန်းပေးရတာမျိုး ရှိခဲ့တာကိုး။ အဲသည်ဓလေ့က တစ်ချို့နယ်တွေမှာ ခုထိကြွင်းကျန်နေတုန်းပဲလေ။

တောတွေမှာသာမဟုတ်ဘူး။ အခုကျုပ်သီတင်းသုံးနေတဲ့ ကျောင်းရှိရာ ရပ်ကွက်တွင်းမှာလည်း ဒါမျိုးတွေ ရှိသင့်သလောက်ရှိနေတုန်းပါပဲ။

လွန်ခဲ့တဲ့ဆယ့်ငါးနှစ်လောက် ကျုပ်သည်ကျောင်းကို ရောက်ခါစတုန်းက ဆိုရင် အရပ်ထဲက လူတွေကလူတွေက သူတို့အိမ်က တိုင်ကပ်နာရီပျက်ရင်လည်း ကျုပ်ကိုလာပြင်ခိုင်းတတ်ကြတယ်။ တချို့ကလည်း .............

"တပည့်တော်ရဲ့ ရေဒီယိုကြီးက တဂျစ်ဂျစ်နဲ့ မြည်နေတာဘုန်းဘုန်းကြည့်ပေးပါဦး"

လို့လာပြတတ်ကြတယ်။ ဟုတ်လည်းဟုတ်ပါတယ်။

ဦးပဥ္စင်းတစ်ချို့ဟာ နာရီလည်းပြင်တတ်တယ်။ ရေဒီယိုတွေဘာတွေလည်း ကလိတတ်တယ် မဟုတ်လား။

ဒါတွင်မကဘူး။ ဘုန်းကြီးဆိုတာ ဗေဒင်ယတြာအကြောင်းလေးလည်း နည်းနည်းပါးပါးတော့ တီးမိခေါက်မိရှိရတယ်။ ကလေးနာမည်မှည့်တာတို့၊ ဇာတာဖွဲ့ကာတို့အတွက် ဒကာဒကာမတွေက အကူအညီတောင်းလေ့ရှိတာကိုး။

သည်အတွက်တော့ သိပ်မခဲယဉ်းကြပါဘူး။ ကျုပ်တို့သင်ခဲ့ရတဲ့ဘုန်းကြီးစာထဲမှာ ဗေဒင်အခြေခံတွက်နည်းတွေ ပါခဲ့တာပဲလေ။

www.burmeseclassic.com



တစ်ခုတော့ရှိတယ်။ သံဃာတော်တစ်ပါးဟာ ပရိယတ္တိ၊ ပဋိပတ္တိတစ်ခုခု မလုပ်ဘဲကိုယ်ကျိုးစီးပွားအလို့ငှာ ဗေဒင်ဟောစားတဲ့ သဘောမျိုးတော့ လုပ်ခွင့်မရှိဘူး။ ဆွမ်းကွမ်းအလှူရှင်ဒကာ ဒကာမတွေရဲ့ အကျိုးအတွက် တတ်နိုင်သလောက် ကူညီဖြေရှင်းတာမျိုးပဲဖြစ်တတ်တယ်။ လာဘ်လာဘကို မမျှော်ကိုးရဘူး ။

သည်နေရာမှာ ဒကာဒကာမတွေကလည်း အမျိုးမျိုး။ သူတို့ရဲ့ အလိုဆန္ဒတွေကလည်းအမျိုးမျိုး ။

"တပည့်တော်ရာထူးတိုးဖို့ဟာ နည်းနည်းထစ်နေလို့ ဇာတာလေးစစ်ဆေးပေးပါဦးဘုရား"

ဆိုတာမျိုး။

"တပည့်တော်စားသောက်ဆိုင်ဖွင့်မလို့ နာမည်ရွေးပေးပါ"

ဆိုတဲ့လူမျိုး ။

"ဘုန်းဘုန်းရဲ့ဒကာမကြီးကိုလည်း ကြည့်ပြောပါဦး ၊ တပည့်တော်ရှာသမျှသူပိုကာဝိုင်းမှာ ဖြုန်းနေတာနဲ့ ရှိသမျှကုန်တော့မယ်"

ဆိုတာလည်းပါသေးတယ်။

"အိမ်ကဒကာကြီးက ညညအိမ်ပြန်မအိပ်တာတစ်လလောက်ရှိပြီဘုရား။ ယတြာလေးဘာလေး လုပ်ပေးပါဦး"

လို့အကူအညီတောင်းတာ ။ ပြီးတော့ ........

"တပည့်တော် ည အိပ်မက်ထဲမှာ ပန်းတွေအများကြီး မက်တယ်ဘုရား၊ ဇကန္တတော့ ငါးတစ်လုံး ကျိန်းသေပါမယ်လို့ ထင်တာပဲဘုရား"

ဆိုတဲ့လူမျိုးလည်း ရှိသေးရဲ့။

ကူညီသင့်တာကူညီ ၊ ဖြေရှင်းသင့်တာ ဖြေရှင်းပေး။ ကိုယ်နဲ့ မအပ်စပ်တာကျတော့လည်း ကြည့်ကောင်းအောင် ပြောပြီး ရှောင်ရတာပေါ့။

တစ်ခါတစ်ခါကျတော့လည်း ဘယ်လိုမှ ရှောင်လို့မဖြစ်တာမျိုးရှိတတ်တယ်။ ဗေဒင်ယတြာဆို တာနဲ့နီးနွယ်ပြီး ဖြစ်လာတဲ့ကိစ္စပဲ။ ပယောဂပေါ့။ တကယ်တော့ပယောဂဆိုတာ လောကီနဲ့ပိုဆိုင်တယ်။ သို့ပေမယ့် ဘုန်းကြီးဆိုတာ ဘုန်းတန်ခိုးကြီးတယ်။ သင်္ကန်းရဲ့အရှိန်အဝါရှိတယ်။ နတ်တွေကတောင် ရှိခိုးကန်တော့ကြရတာဆိုတော့ လူတွေက အစိမ်းသရဲ နာနာဘာဝကိုနိုင်မှာပဲဆိုပြီး အားကိုးကြတာပေါ့လေ။

ကျုပ်လည်းအဲ့ဒီအတွေ့အကြုံတစ်ခုအကြောင်း ပြောပြဦးမယ်။ တစ်ညသဥ္စမှာပေါ့။ ညဘက်ဘုရား ရှိခိုးပြီး ကျိန်းမယ်လုပ်တဲ့အချိန်မှာ ရပ်ကွက်ထဲက ဒကာတစ်ချို့ကျောင်းကို ရောက်လာကြတယ်။ဘာကိစ္စလဲမေးတော့ ကျုပ်ဆွမ်းခံကြွနေကျ အိမ်တစ်အိမ်က ဒကာမတစ်ယောက် အမှောင့်ပယောဂဝင်ပူးကပ်နေလို့ လိုက်ကြည့်ပေးပါတဲ့။

ကျုပ်ငြင်းလို့ဘယ်ဖြစ်မလဲ။ ကျုပ်ရဲ့ဒကာရင်းတွေ ဖြစ်နေတော့တတ်နိုင်သလောက်တော့ ကူညီရမှာပဲဆိုပြီး လိုက်သွားရတယ်။ တကယ်တော့ ကျုပ်ဟာ ပယောဂတွေ ဘာတွေလိုက်စားဖူးခဲ့တာမဟုတ်ဘူး။ ပရိယတ္တိကိစ္စသာကျွမ်းကျင်တာ။ သို့ပေမယ့် ဘုန်းကြီးဆိုတဲ့ဂုဏ်ပုဒ်နဲ့ဘုရား သားတော်ဆိုတဲ့အရှိန်အစော်ကြောင့် သိပ်တော့မကြောက်လှပါဘူး။

အိမ်ပေါ်ကိုလှမ်းတက်လိုက်တဲ့အခါ အမှောင့်ပယောဂပူးနေတယ်ဆိုတဲ့ ဒကာမဟာ အိမ်ရှေ့ခန်း မှာထိုင်လို့ အသားတွေတဆတ်ဆတ်တုန်ပြီး .........

"ငါ့ကိုဘာမှတ်သလဲ၊ ငါ့ကို ဘာမှတ်သလဲ၊ အားလုံးဒုက္ခတွေ့သွားမယ်"

လို့အော်နေတာ တွေ့လိုက်ရတယ်။ ထူးခြားတာကတော့ သူ့အသံဟာ ပင်ကိုသံမဟုတ်ဘဲ ယောကျ်ားတစ်ယောက်လို ခပ်ဩဩဖြစ်နေတာပဲ ။ ကျုပ်လည်းဘုရားစင်ဘက်ကိုလျှောက်သွားရင်း ......

"ဟော့ ........ဘာဖြစ်နေတာလဲ"

လို့မေးလိုက်တော့ အဲသည်ဒကာမက ကျုပ်ကို မော့ကြည့်ပြီး .........

"အမယ် .... ဘဂဝါပါလား"

ကျုပ်တစ်ချက်တော့ တွန့်ခနဲဖြစ်သွားသေးတယ်။ ပြီးမှ ဘုရားစင်ရှေ့မှာ တင်ပျဉ်ခွေထိုင်ချလိုက်တယ်။ အခြေအနေကို သုံးသပ်ကြည့်တယ်။

သူဟာအမှန်တကယ် အမှောင့်ပယောဂပူးကပ်နေတာဖြစ်ချင်လည်းဖြစ်မယ်။ ဒါမှမဟုတ် ရောဂါဝေဒနာ တစ်ခုခုကြောင့် စိတ်ဂယောက်ဂယက် ဖြစ်နေတာလဲ ဖြစ်နိုင်တယ်။ တကယ်လို့ အမှန်ဘဲ နာနာဘာဝ အဖျက်အမှောင့် ဖြစ်နေတယ်ပဲ ထားဦး၊သူကအဆင့်နိမ့်တဲ့အရူပဘုံကလာတာ။ ကျုပ်ကဘုန်းတော်ကြီး၊ သူ့ထက်အစစအရာရာ အဆင့်မြင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က သူ့ကို တစ်ချက်ကြည့်လိုက်တယ်။ သူကျုပ်နဲ့ကြာကြာမျက်နှာချင်းမဆိုင်ဘူး။ မျက်လွှာချသွားတယ်။ ကျုပ်အနေနဲ့သူ့ကို 'ဘယ်ပုဂ္ဂိုလ်ပါလဲ'လို့တလေးတစားဆက်ဆံစရာမလိုဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် ........

"မင်းဘယ်သူလဲ"

လို့လေသံခပ်မာမာနဲ့ အမိန့်ပေးသလိုမေးလိုက်တယ်။ သူက..........

"ဘာလို့ပြောရမှာလဲ"

"အမယ် ........မပြောလို့ဘယ်ရမလဲ၊ ဒုက္ခလှလှ တွေ့သွားမှာပေါ့၊ ပြောစမ်း ၊မင်းဘယ်သူလဲ"

"မပြောဘူး"

"ငါ့ကို ဘာမှတ်နေသလဲ .......ဟင်"

ကျုပ်က ဟောက်လိုက်တယ်။ သူကခေါင်းငုံ့ထားပေမယ့် အာခံမယ့်ပုံစံမျိုးဖြစ်နေတယ် ဆက်မေးလည်း ပြောမှာမဟုတ်ဘူးဆိုတာ တွက်မိလို့ မေးခွန်းတစ်မျိုး ပြောင်းမေးလိုက်တယ်။

"ဘာလိုချင်လို့ ခုလိုနှောင့်ယှက်နေရတာလဲ"

သူကမဖြေဘူး ။ ကျုပ်လည်း ကြမ်းပြင်ကိုဖြန်းခနဲရိုက်ပြီး .........

"ပြောလေ"

သူနည်းနည်းကြောက်သွားပုံရတယ်။ တစ်ချက်တုန်သွားပြီးတော့ ပြောတယ်။

"ပက်စီသောက်ချင်လို့"

မထင်မှတ်တဲ့အဖြေမို့ ကျုပ်နည်းနည်းကြောင်သွားသေးတယ်။ ဘေးကဝိုင်းအုံကြည့်နေတဲ့လူတွေတောင် ပြုံးစိစိဖြစ်ကုန်ကြတယ်။ ကျုပ်စိတ်ကူးတစ်ခုပေါ်လာလို့ ............

"အမယ်......ရာရာစစ.......ပက်စီတော့မရဘူး၊ ဟေ့ ......ဘုရားစင်က ညောင်ရေအိုးနဲ့ခွက် တစ်ခွက်ယူခဲ့စမ်း"

အိမ်ရှင်ဒကာက ညောင်ရေအိုးနဲ့ဖန်ခွက်တစ်လုံးယူလာပြီးချပေးတယ်။ ကျုပ်ကညောင်ရေအိုးထဲကရေကို ဖန်ခွက်ထဲထည့်ပြီး သူ့ရှေ့မှာ ချပေးလိုက်တယ်။

"ဒီရေကိုသောက်စမ်း"

"မသောက်ဘူး"

"မသောက်လို့မရဘူး၊ ငါအမိန့်ပေးနေတယ်၊ သောက်"

"မသောက်ချင်ဘူး၊ အဲဒီရေတွေကမသန့်ဘူး၊ ပိုးလောက်လန်းတွေနဲ့"

"ဘာရမလဲ၊ သောက်ဆိုသောက်"

"ဒီရေတွေတော့မသောက်ချင်ဘူး၊ ရေသန့်ဘူးဝယ်ပေး"

ကျုပ်မျက်ခုံးပင့်လိုက်မိတယ်။ တယ်တော့မလွယ်လှဘူး။ ဘာဆက်လုပ်ရမလဲလို့ခေါင်းကိုပွတ်ပြီး စဉ်းစားတယ်။ လူတွေက အကြံအိုက်တဲ့အခါ ခေါင်းကိုကုတ်ပြီးစဉ်းစားသလိုပေါ့။ ကျုပ်တို့ဘုန်းကြီးများကတော့ ဆံပင်မရှိတဲ့အခါ ခေါင်းပဲပွတ် ရတာပဲ။ တစ်ခုတော့သွားတွေးမိတယ်။ နာနာဘာဝဆိုရင် ရေသန့်ဘူးတွေဘာတွေသိမှာမဟုတ်ဘူး။ ရိုးရိုးစိတ်ဂယောက်ဂယက်ဖြစ်တာများလား ။ သည်တော့ကာ ............

"ကဲ .......အဲဒီရေသန့်သောက်ပြီးရင် ဆက်အနှောင့်အယှက်မပေးဘဲ ထွက်သွားမလား"

သူခဏတွေနေပြီး ခေါင်းညိတ်ပြတယ်။

"ကဲ ........ရေသန့်ဘူးသွားရှာကြစမ်း"

ကံကောင်းချင်တော့ ရပ်ကွက်ထဲက သဘော်သားတစ်ယောက်အိမ်က ရေသန့်ဘူးရလာတယ်။ ကျုပ်လည်း ရေသန့်ဘူးကို ရှေ့မှာချပြီး မေတ္တာသုတ်ရွတ်တယ်။ ပြီးတော့ ရေသန့်ကို ဖန်ခွက်ထဲထည့်ပြီး ..........

"ကဲ .......သောက်"

သူက ခဏစိုက်ကြည့်နေပြီးမှယူသောက်တယ်။ ပြီးတော့ .........

"ထပ်ပေးဦး"

"ကိုယ့်ဟာကိုယ်ထည့်သောက်"

ဆိုတော့ ရေသန့်ဘူးကိုယူပြီး ဘူးလိုက်မော့ချလိုက်တာ အကုန်ပြောင်တာပဲ။ သည်တော့မှကျုပ်လည်း အသင့်ယူသွားတဲ့ စိပ်ပုတီးကိုလည်ပင်းမှာဆွဲပေးပြီး 'ကဲ .......ထွက်စမ်း' လို့ပြောလိုက်တယ်။ သူက ကျုပ်ကို တစ်ချက်မော့ကြည့် ၊ ဝါးခနဲသမ်းပြီး ကျုပ်ကိုကြောင်တောင်တောင်နဲ့ကြည့်နေရင်းက .........



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ....ဘုန်းဘုန်း ၊ ဘယ်တုန်းက ကြွလာတာလည်းဘုရား"

လို့ပင်ကိုသံနဲ့ပြောပြီး ဦးချတယ်။ အဲသည်အခါကျမှ ကျုပ်လည်း သက်ပြင်းချနိုင်တော့တယ်။

အဲဒါပဲလေ။ ကျုပ်တို့ဘုန်းကြီးတွေဟာ ဒကာတွေလှူတဲ့ဆွမ်းကို ဇိမ်ကျကျစားနေကြတာမဟုတ်ပါဘူး။ ပရိယတ္တိ၊ ပဋိပတ္တိ ကိစ္စဆောင်ရွက်ရင်း ကြုံရင် ကြုံသလိုဒကာဒကာမတွေရဲ့အခက်အခဲကိုလည်းတတ်နိုင်သလောက် ကူညီဖြေရှင်းပေးရသေး

တယ်ဆိုတာ သိစေချင်လို့ ကျုပ်ရဲ့အတွေ့အကြုံကလေးတွေကို ရှည်ရှည်ဝေးဝေး ပြောပြနေရတာပါ။

ဟော .....ပြောရင်းဆိုရင်း စာသင်သားတွေတောင် နေ့လည်စာဝါတက်ဖို့လာနေကြပြီ။ ကိုင်း ...ဘရိတ်မရှိတဲ့ ဘုန်းကြီးပါးစပ်ကို ပရိယတ္တိစာပေသင်ကြားပို့ချတဲ့ဘက်မှာ အသုံးချလိုက်ဦးမယ်။ဒကာကြီးတို့လည်း ညောင်းလှရော့မယ်။ ပြန်ချင်ပြန်ကြပေရော့။ နောင်ကြုံတဲ့အခါကျမှသိသင့်သိထိုက်တာလေးတွေပြောကြသေးတ ၁ပေါ့ ......ဟုတ်စ။

(ပဋ္ဌင်းတက်စဉ်က တစ္စေ့တစောင်းလေ့လာခဲ့မှုများ၊ ဆရာတော်အချို့၏မိန့်ကြားချက်များနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာ စာပေအချို့မှထုတ်နုတ်စီစဉ်ရေးသားထားခြင်းဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



## ဗီဒီရုံ (၁)

သူတို့အရပ်၌လျှပ်စစ်မီးနှင့်ပတ်သက်၍ အကောင်းမြင်ရှုထောင့်မှ ပြောလျှင် တစ်ရက်ခြားမီးလာသည် ဟုဆိုနိုင်သည်။ အဆိုးမြင်ရှုထောင့်က ဆိုလျှင်တော့ တစ်ရက်ခြားမီးမလာပါဟုပြောရမည်။

မီးပျက်သည်ဟူ၍တော့ပြောလို့မရ။ မီးပျက်သည်ဆိုသည်မှာ ထရန်စဖော်မာ ချွတ်ယွင်းခြင်း၊ မြေအောက်လိုင်းကြိုးများ ပေါက်ခြင်းစသော အမှောင့်ပယောဂများကြောင့် လျှပ်စစ်ဓာတ်အားပျက်တောက်သွားခြင်းများကို ဆိုလိုခြင်းဖြစ်၏။

ခုဟာက အထက်ပါ ချွတ်ယွင်းချက်တွေ ဘာမှမရှိဘဲ တမင်တကာလျှပ်စစ်ဓာတ်အားပြတ်တောက်ထားခြင်း၊တစ်နည်းအားဖြင့် အလှည့်ကျမီးပေးခြင်းသာဖြစ်သောကြောင့် မီးမလာခြင်းဟုဆိုမှသဘာဝကျပေမည်။ လျှပ်စစ်မီး ဆိုတာကလည်း မလာလျှင် လာအောင် သွားခေါ်လို့ ရတာမျိုးမဟုတ်။

လာပြီဆိုတော့လည်း ဖျတ်ခနဲ ချက်ချင်းရောက်လာတာမျိုးဖြစ်၏။

သူတို့ရပ်ကွက်မှာ လမ်းမကြီးနှင့်ဝေးသည်။ ထို့ကြောင့် အရင်ကလျှပ်စစ်မီးရဖို့အလှမ်းကွာနေသည်။ နောက်တော့ သူတို့ရပ်ကွက်နှင့်လမ်းမကြီးကြားမှာ မျက်နှာသုတ်ပဝါစက်ရုံတစ်ရုံလာတည်သည်။ စက်ရုံဆီသို့ မီးကြိုးဆွဲသည်။ ထိုမှတဖန်ဘုရားကို မီးပူဇော်ရရင် ကောင်းမယ်ဆိုသော စိတ်ကူးရလာခဲ့ကြသည်။ သက်ဆိုင်ရာများနှင့် ညှိနှိုင်းတိုင်ပင်ကြသောအခါအစီအစဉ်တစ်ခု ဖြစ်လာသည်။

စက်ရုံဆီမှလာသောလိုင်းမှ ဘုရားဆီသို့ မီးကြိုးသွယ်လျှင် ဓာတ်တိုင်များစိုက်ရမည်။ ကြိုးရှည်ရှည်ဆွဲရမည်။ ကုန်ကျစရိတ်အတွက် ရပ်ကွက်ကလည်း တတ်နိုင်သမျှ လှူဒါန်းကြရန်နှင့် တစ်လက်စတည်း ရပ်ကွက်မှ လျှပ်စစ်မီး လိုချင်သူများလည်း လျှောက်ထားကြပြီး ကုန်ကျစရိတ်ကိုမျှ ခံကြဖို့ဖြစ်၏။

သည်လိုနှင့် ဘုန်းတော်ကြီးကျောင်းနှင့်အိမ်အချို့ လျှပ်စစ်မီးရရှိသွားကြသည်။ ဦးကုလားလည်း မီတာပုံး တပ်ခွင့်ရသွားပြီး ခေါက်ဆွဲစက်ကလေး တည်နိုင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိတာက ဘုရားနှင့်နီးသောအိမ်များ၊ ဘုရားဆီသွယ်တန်းထားသောမီးကြိုးဖြတ်သွားရာ လမ်းကျသော အိမ်များအတွက် လွယ်ကူသော်လည်း အလှမ်းဝေးကွာသော အိမ်တွေအတွက်ကျတော့ သိပ်အဆင်မပြေလှချေ။ ပင်မဝန်ထမ်း ကြိုးကြီးနှင့် ဝေးသဖြင့် မိမိတို့အိမ်ဆီရောက်အောင် ဓာတ်ကြိုးအရှည်ကြီး တစ်ဆင့်သွယ်တန်းရမည်။ ကြိုးရှည်လျှင်ကြားမှာ ဓာတ်တိုင်လုပ်ရမည်။

လူညီလျှင်တော့ စရိတ်စက မျှခံလို့ရသည်။ ခုကျတော့ မီးတပ်ဆင်ချင်သူက တောင်တစ်အိမ်၊ မြောက်တစ်အိမ်၊ အရှေ့တစ်အိမ် ၊ အနောက်တစ်အိမ်ဆိုသလိုဖြစ်နေသည်။

သည်လိုနှင့် လျှပ်စစ်မီးရနိုင်သောအခွင့်ထူးကြီးကို မတတ်သာဘဲလက်လွှတ်ခဲ့ကြရသည်။

လျှပ်စစ်မီတာပုံး ငွေးရမ်းခ ၊ တပ်ဆင်ခ၊ ဓာတ်ကြိုးဖိုးတွေက တဖြည်းဖြည်း ကြီးမြင့်လာသည့် အပြင် မီတာခတွေပါ ထပ်တက်ကုန်သောအခါ လျှပ်စစ်မီးနှင့် ဝေးသထက်ဝေးကြရလေတော့သည်။

တကယ်တမ်းကျတော့လည်း ရပ်ကွက်အတွင်းရှိ အိမ်အများစုမှာ နဂိုကတည်းက မီးသွယ်ဖို့ စိတ်ကူးခဲ့ကြသူများ မဟုတ်ကြ။ စရိတ်စကလည်း တတ်နိုင်ကြသူများမဟုတ်ကြ ။ ထို့ကြောင့် ဟိုအရင်က ရေနံဆီမီးခွက်ဖြင့် အလင်းဆောင် နေခဲ့ကြလေသည်။ တစ်ချို့လျှပ်စစ်ဓာတ်အား တပ်ထားသော အိမ်တွေက အနီးအနားရှိ အိမ်များကို မီးတစ်ပွင့်ဘယ်လောက်ဟု အခကြေးငွေယူပြီးဆင့်ပွားမီးသွယ်ပေးထားတာမျိုးလည်းရှိသည်။

တာဝန်ရှိသူများက စစ်မယ် ဆေးမယ် သတင်းကြားလျှင်တော့ ခဏပြန်ဖြုတ်ထားရုံပေါ့။

သူတို့ရပ်ကွက်က မီးပြတ်တတ်သည်ဆိုသော်လည်း စည်းမရှိ ကမ်းမရှိ ပရမ်းပတာဖြတ်ခြင်းမျိုး မဟုတ်။ သစ္စာရှိရှိ၊ မှန်မှန်ကန်ကန်ဖြတ်ခြင်းမျိုးဖြစ်၏။ တစ်နည်းအားဖြင့် ငါတကောကောပြီး ဖြတ်ချင်တဲ့အချိန် ဖြတ်ခြင်းမဟုတ်။ အချိန်မှန်မှန်တိကျစွာ ဖြတ်ခြင်းသာဖြစ်လေသည်။

မီးလာပုံမှာတစ်ရက်ခြားဖြစ်၏။ သည်နေ့မနက် ခြောက်နာရီမီးစလာလျှင် ညနေခြောက်နာရီမှာ ဖြတ်သည်။ ညဆယ့်နှစ်နာရီလောက်ပြန်လာပြီးဆယ့်နှစ်နာရီမှာဖြတ်သည်။ ပြီးတော့မနက် ခြောက်နာရီပြန်လာသည်။ သည်ပုံစံအတိုင်းပုံမှန်ဖြစ်၏။ သည်တော့ လုပ်ရကိုင်ရတာ အထိုက်အလျောက်တော့ အဆင်ပြေသည်ဟု ဆိုရမည်။

မီးလာချိန် ၊ ဖြတ်ချိန်ကို တိတိကျကျသိနေသဖြင့်ကြိုတင်စီစဉ်စရာရှိတာ စီစဉ်လို့ရသည်။ ဦးကုလားတို့ ခေါက်ဆွဲစက်ဆိုလျှင်မီးလာသည့်အချိန်ကိုလိုက်ပြီး နေ့တစ်လှည့် ၊ ညတစ်လှည့်လည်ပတ်လို့ရသည်။ ထို့ကြောင့်အချိန်မှန်မှန် မီးပျက်သွားခြင်းကိုပင် ကျေးဇူးတင်ကြရ၏။

လူတို့၏အဆင့်အတန်းမြင့်မားဖို့ ခေတ်မီတိုးတက်ဖို့အတွက် လျှပ်စစ်မီးမှာ တော်တော်အရေးပါလေသည်။ ခေတ်သစ် အရာဝတ္ထုအတော်များများသည်လျှပ်စစ်နှင့် ပတ်သက်နေကြောင်းအားလုံးအသိပင်ဖြစ်၏။

တခြားပစ္စည်းတွေအသာထားဦး ၊ ရေဒီယိုကိုပဲကြည့်။ ရေဒီယိုကို လျှပ်စစ်နှင့်သာဖွင့်လို့ရသည်။အိမ်မှာမီးမရှိလျှင် ဓာတ်ခဲနှင့်ဖွင့်လို့ရတယ်ပဲထားတော့ ။ ဓာတ်ခဲဈေးက သေးတာမှတ်လို့ ။ ပြီးတော့ ဓာတ်ခဲအများစုက အရည်အသွေး သိပ်မကောင်းလှ။ ကြာရှည်အသုံးမခံ။ နေရှင်နယ်တို့လို့၊ အဲဗားရယ်ဒီတို့လို ဓာတ်ခဲမျိုးကျတော့ ဈေးကခေါင်ခိုက်နေသည်။ ရေဒီယိုဆိုတာကလည်း မီးသွေးတို့ ဖယောင်းတိုင်တို့လို မရှိမဖြစ်ပစ္စည်းမဟုတ်။ သည်တော့ သူတို့ရပ်ကွက်ထဲတွင် အိမ်အနည်းငယ်မှာသာရေဒီယိုရှိသည်။

ဟိုအရင်တုန်းကတော့ ရေဒီယိုရှိသောအိမ်တွေက ကြွားချင်တာလည်းတစ်ကြောင်း၊ ကြားစေချင်တာလည်း တစ်ကြောင်းကြောင့် အသံကိုခပ်ကျယ်ကျယ်ဖွင့်ထားတတ်ကြသည်။ အိမ်နီးနားချင်းတွေက ကိုယ့်အိမ်ကနေ နားထောင် နိုင်တာပေါ့။

ဘောလုံးပွဲတိုက်ရိုက်ကြေညာသောနေ့မျိုး ၊ အသံလွှင့်ဇာတ်လာသောနေ့မျိုးကျတော့ ရေဒီယိုရှိသည့်အိမ်ရှေ့ ကွက်လပ်မှာ စုရုံးဝိုင်းထိုင်ပြီး နားထောင်ကြသည်။

နောက်တော့ကက်ဆက်ခေတ်ရောက်လာသည်။ စတီရီယိုသီချင်းတွေ ၊ တိပ်ခွေဇာတ်လမ်းတွေနားထောင်ကြသည်။ ရေဒီယိုကိုသိပ်စိတ်မဝင်စားကြတော့။

ရေဒီယိုဆိုသည်မှာ ဖျော်ဖြေရေးသက်သက်အတွက်မဟုတ်။ ပြန်ကြားပေးဖို့ နှင့်ပညာပေးဖို့အတွက် လည်းရည်ရွယ်ချက်ပါသည်။ သို့တိုင်အောင် သူတို့ ရပ်ကွက်မှာတော့ လျှပ်စစ်မီးမရှိလို့ ၊ ဓာတ်ခဲဈေးကြီးလို့ ၊ ရေဒီယိုမဝယ်နိုင်လို့ ၊ ဝယ်နိုင်သူတွေကလည်း စတီရီယိုသီချင်းနှင့် ဇာတ်လမ်းတွေဘက် အာရုံရောက်နေလို့ ရေဒီယို မဖွင့်ဖြစ်ကြ။

ထိုအခါသိသင့်သိထိုက်သော သတင်းအချက်အလက်များကို အချိန်မီမသိရခြင်း ၊ အသိပညာတိုးတက်စေသည့် ဗဟုသုတဖြစ်ဖွယ်များကို နားမထောင်ရခြင်းတို့ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာဆိုတာကလည်း တစ်ရပ်ကွက်လုံးမှာမှ ဆယ်ဦးလောက်သာ လပေးဝယ်ဖတ်သူရှိ၏။ သတင်းစာပို့သူက ရပ်ကွက်အတွင်းထဲထိ မပို့နိုင်ဘူးဆိုပြီး ပတေး၏လက်ဖက်ရည်ဆိုင်မှာပေးထားခဲ့တတ်သည်။ သတင်းစာလာသည့်အချိန်က ဆယ့်နှစ်နာရီကျော်မှ။

သည်တော့ သူတို့ရပ်ကွက်က လူများမှာ သတင်းတွေကိုနောက်ကျမှသိရသည်။ တချို့သတင်းတွေကို သတင်းစာဖတ်သူတွေပြန်ပြောပြမှသိရသည်။ တချို့သတင်းတွေကျတော့ တစ်ယောက်ယောက်က တစ်နေရာရာက ကြားလာတာကိုတစ်ဆင့်ပြန်ပြောပြခြင်းဖြစ်၏။ တစ်ဆင့်ထက်တစ်ဆင့် ထပ်ပြောပြရာမှ ကိုယ့်အာဘော် ၊ ကိုယ့်ဆန္ဒ ၊ ကိုယ့်စိတ်ကူးလေးတွေကို ပြင်ဆင်ဖြည့်စွက်ထည့်သွင်းကြရာမှ ကောလာဟာလတွေဖြစ်ကုန်လေသည်။

ဥပမာအားဖြင့် လမ်းပေါ်မှာ ညအိပ်ရပ်နားသော မော်တော်ယာဉ်များကို ညအိပ်ခွန်ကောက်မည်ဟု သက်ဆိုင်ရာမှ ကြေညာသည်။ ထိုသတင်းက တစ်ဆင့်စကားတစ်ဆင့်ကြားဖြင့် သူတို့ရပ်ကွက်က ဆံပင်ညှပ်ဆိုင်ကိုရောက်လာသည်။ ထိုသတင်းကိုပြောကြဆိုကြရင်း နားစွန်နားဖျားကြား သွားသောသူက မော်တော်ယာဉ်များဆိုသော စကားရပ်မပါတော့ဘဲ ညအိပ်ခွန်ကောက်မည်ဆိုပြီးလျှောက်သတင်းဖြန့်သည်။ ထိုအခါ ...........

"အလိုတော် ........ကြားသားမိုးကြိုး ၊ ညအိပ်တာများ အခွန်ကောက်ဦးမတဲ့ ၊ ကြားကြားဖူးပေါင်"

"ဟုတ်ပ ၊ ကျုပ်တို့တစ်သက်လုံး ကိုယ့်အိမ်ကိုယ်အိပ်လာခဲ့တာ၊ တစ်ပြားတစ်ချပ်မှမပေးခဲ့ရပါဘူး"

"ဒီလိုရှိတယ်ဗျ၊ လူတွေက အကြောင်းအမျိုးမျိုးပြပြီး အမြတ်တော်ခွန်မပေးဘဲရှောင်နေကြလို့မပေးမဖြစ်အောင် လုပ်တာဖြစ်မယ်၊ မအိပ်ဘဲတော့ မနေနိုင်ကြဘဲကိုး။"

ဟုကိုယ်ထင်ရာကိုယ်ပြောကြရာမှနောက်ဆုံးရပ်ကွက်ရုံးမှာသွားစုံစမ်းကြတော့မှ အကြောင်းမှန်ကို သိကြရသည်။

ဒါမျိုးက မကြာခဏဖြစ်သည်။ တစ်ခါကလည်း ငါးရာတန်ငွေစက္ကူအတုတွေ လေဆိပ်မှာဖမ်းမိကြောင်း သတင်းထဲမှာ ပါလာတယ် ။ ထိုသတင်းမှာလည်း ပုံစံပြောင်းပြီးပျံ့နှံ့လာရာ အထိတ်တလန့်ဖြစ်ချင်သလို ဖြစ်သွားသေးသည်။ လန့်မည့်သာ လန့်ကြသည်။ တကယ်တော့သူတို့ ရပ်ကွက်ရှိလူအများစုလက်ထဲမှာ ငါးရာတန်တစ်ရွက်မှမရှိကြချေ။

ရေဒီယိုခေတ် ၊ ကက်ဆက်ခေတ်ပြီးတော့ ရုပ်မြင်သံကြားခေတ်ကိုရောက်လာသည်။

ရုပ်မြင်သံကြားခေါ် တီဗီခေါ် အီလက်ထရွန်းနစ်သေတ္တာကလေးမှာ လူတို့၏အသိပညာကိုတစ်ရှိန်ထိုး မြင့်မား သွားစေသည်ဟုဆိုနိုင်သည် ။ သူက အသံကိုကြားရရုံသာမဟုတ်၊ အရုပ်ကိုပါ ကွင်းကွင်းကွက်ကွက် မြင်ရသဖြင့် ပို၍တိတိကျကျ သိရသည်။ လူတွေကလည်းအရုပ်ပါ မြင်ရသဖြင့် ပိုစိတ်ဝင်စားကြသည်။

ထို့ကြောင့်သူတို့ရပ်ကွက်မှလူများ ရုပ်မြင်သံကြားကြည့်ချင်လျှင် မြို့နယ်ရုံးသို့သွားရသည်။ မြို့နယ်ရုံးမှာ တော်တော်အလှမ်းဝေးသည်။ သွားချင်လျှင် လမ်းမကြီးဆီရောက်အောင်အတွက် နာရီဝက်မှတစ်စင်းလောက် လာသော လိုင်းကားကိုစီးရသည်။ ညဘက်ဆိုလျှင် လိုင်းကားက ရှစ်နာရီကျော်လျှင်မရှိချင်တော့။

သို့ဖြင့် အထူးအဆန်းဆိုလျှင် စိတ်ဝင်စားတတ်သူ၊ မကြည့်ရမနေနိုင်သူတစ်ချို့သာ မြို့နယ်ရုံးမှာ သွားကြည့်ကြသည်။ အပြန်ကျတော့ ကားမရှိ၍လမ်းလျှောက်ပြန်ကြရသည်။ နောက်ပိုင်းကျတော့ ဖွဲ့ရှိသူတစ်ချို့သာ နေ့စဉ် သွားနိုင်တော့သည်။သည်တော့သူတို့ရပ်ကွက်ထဲရှိလူအများစု အထူးသဖြင့်မိန်းမများသည် ရုပ်မြင်သံကြားစလွှင့်သည့်အချိန်မှ နှစ်အနည်းငယ်ကြာသည့်တိုင်အောင်တစ်ခါမှမကြည့်ဘူးခဲ့ကြချေ။

မြို့နယ်ရုံးတီဗီမှာ လက်မနှစ်ဆယ်ရှိသည်။ လူတွေကများသဖြင့် တိုးဝှေ့ကြည့်ကြရသည်။ နောက်နားကျသူတွေ ဆိုလျှင်သိပ်တောင်ကောင်းကောင်းမမြင်ရ။

စပြေကာစရက်တုန်းက ဘုရားပွဲမှာ အငြိမ့်တို့ ရုပ်ရှင်သုံးကားပေါင်းတို့ ပြစဉ်ကလိုပင် နေ့လယ်ကတည်းက ဖျာတွေလာခင်း ၊ အုတ်ခဲတွေချပြီး နေရာဦးကြသည်။

ရုပ်မြင်သံကြားကိုကြည့်နေကျမရှိသောကြောင့် တချို့ကသိပ်စိတ်ကြိုက်မတွေ့ကြ။

"ပိတ်ကားလေးကလည်း သေးသေးလေးဗျာ။ လူရုပ်ကလေးတွေကလည်း ပိစိကွေးလေးတွေ ကြည့်ရတာ ရုပ်ရှင်လောက် အားမရပါဘူးဗျာ"

ဟုဆိုသည်။ အများစုကတော့ ကြိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရှင်ဆိုတာက တစ်ခါတစ်ခါကြည့်ဖို့လွယ်တာမဟုတ်ဘူး ။ ရုံကိုတကူးတကသွားရမယ်။ ဟိုရောက်မှ လက်မှတ်ကုန်ပြီဆိုမောရော၊ ပြီးတော့ ကားထုပ်မှုန်သေးတယ်။ တစ်ခါတစ်ခါ ဖလင်ပြတ်သေးတယ် ၊ ကားခိုတာ ၊ မီးခိုတာ ရှိသေးတယ်။ ဟော ........တီဗီကျတော့ တောက်ပကြည်လင်နေတာပဲ။ မီးအားလဲကောင်းတယ်။ ရောင်စုံလဲ ကြည့်ရတယ် နမူနာကားပိုင်း တွေကလဲအများကြီးပဲ ၊ စတိတ်ရှိုးဆိုတာတွေ ၊ သတင်းကားတွေပါ အစုံကြည့်ရတာ"

ဟုထောက်ခံကြိုဆိုကြ၏။

ဟုတ်တော့လည်းဟုတ်သည် ။ သူတို့ဆီမှာ ရုပ်ရှင်ကြည့်ရတာသိပ်အဆင်မပြေလှချေ။ ရုပ်ရှင်ရုံ သည်မြို့နယ်၏ အချက်အချာကျသောနေရာမှာရှိသည်။ ရုပ်ရှင်ရုံ၏သက်တမ်းသည် အနှစ်သုံးဆယ်ကျော်လေးဆယ်ရှိမည်။ ထိုကာလအတွင်း ပြုပြင်ထိန်းသိမ်းမှုကအားနည်းလှသည်။

ပြစက်ကလည်းအဟောင်း ၊ ကာဗွန်မီးအားကိုလျှော့ထားသဖြင့် ကြည့်ရတာ မှုန်ဝါးဝါး (သူတို့အရပ်တွင် ဒါကိုမီးခိုးသည်ဟုခေါ်၏။) ပိတ်ကားက အဖြူဆွတ်ဆွတ်မဟုတ် တော့ချေ။ မီးခိုးရောင်သမ်းနေပြီး ပေါက်ပြဲနေသဖြင့် ပြန်ဖာထားရသောနေရာတစ်ခုလည်းရှိ၏။

(ယင်းပိတ်ကားပေါက်ပြဲသွားရသည်မှာလည်းရာဇဝင်ရှိသည်။ လွန်ခဲ့သောအနှစ် နှစ်ဆယ်ကျော်လောက်ကဖြစ်၏။ ထိုစဉ်ကရုပ်ရှင်မင်းသားရွှေဘ၏ အထိုးအကြိတ်ဇာတ်ကားများကိုလူတွေအလွန်ကြိုက်ကြသည်။ ရွှေဘမှာ မကောင်းသူဖယ် ကောင်းသူကယ်သောလူထုအချစ်တော်ဟီးရိုးဖြစ်၏ ။ ပရိသတ်မှာ ရွှေဘနိုင်မှကြိုက်သည်။ ရှုံးလျှင်စိတ်ဆိုးပြီး ဆူပူအော်ဟစ်ကန့်ကွက်ကြသည်။ တစ်ခါက ဤရုပ်ရှင်ရုံတွင်ရွှေဘကားပြသည်။ ဇာတ်ဝင်ခန်းအရတောသားရွှေဘကို နယ်ချဲ့အလိုတော်ရိ သူကြီးအဖြစ်သူရုပ်ဆောင်သော ညိုအေးကြီးကနှိပ်စက်သည့်အခန်းပါသည်။ ဇာတ်နာအောင် နှိပ်စက်ခန်းကိုနည်းနည်းကြာကြာလေး ပိုသာသာပြသည်။ ပရိသတ်ကမကျေမနပ်ဖြစ်ပြီး ဆူပူရာမှ စိတ်မထိန်းနိုင်သူ တစ်ယောက်က ထီးနှင့်လှမ်းပစ်သည်။ ထီးထိပ်မှသံချွန်ကညိုအေးကြီးမျက်နှာတည့်တည့်ကိုထိသည်။ ပိတ်ကားလည်းစုတ်ပြဲသွားလေတော့သည်။)

ထိုပိတ်ကားကို ပြန်ချုပ်ပြီးနောက်အသစ်မလဲပဲ ထားခဲ့သည်မှာ နှစ်ပေါင်းများစွာကြာပြီ။ အထက်ပါအဖြစ်အပျက်ကို အမှတ်တရရှိစိမ့်သောငှာထိုပိတ်ကား ကိုအမှတ်တရတစ်ခုအဖြစ်ထားခဲ့ခြင်းဟုတ်သည်မဟုတ်သည်ကိုတော့ဘယ်သူမှမပြောနိုင်။ မည်သို့ပင်ဖြစ်စေ ထိုပိတ်ကားသည် ရုပ်ရှင်စိန်ရတုအထိခွနိုင်ဦးမှာတော့သေချာလေသည်။

ထိုရုပ်ရှင်ရုံ၏ထိုင်ခုံများမှာ တချို့ကျိုးတာကျိုး ၊ ပေါက်တာပေါက်ဖြစ်နေ၏။ဒါလည်းပရိသတ်၏ လက်ချက်ပင် ဖြစ်သည်။ ရုံမှာမကြာခဏမီးပြတ်တတ်သည်။ပြီးတော့ဇာတ်ကားဟောင်းတွေပြတတ်သဖြင့် ခဏခဏ ဖလင်ပြတ်သည် ။ ဇာတ်ကားက ကြည့်လို့ကောင်းနေတုန်း ဖျတ်ခနဲပြတ်သွားလျှင် ပရိသတ်က အော်ဟစ်ဆဲဆိုပြီး ခုံများကို ထုကြရိုက်ကြသည်။

ပြီးတော့ လွန်ခဲ့သောတစ်ချိန်တစ်ခါကဆိုလျှင် ရုပ်ရှင်ကြည့်ပရိသတ်သည် ဒါရိုက်တာတို့၏ ပညာခန်းပြသည့် အတတ်ဆန်းတွေကိုနားမလည်ကြ။

ကွစ်ပင်ခေါ်တစ်နေရာမှ တစ်နေရာသို့ ကင်မရာကိုအမြန်ဆွဲယူ၍ပြခြင်းကိုမကြိုက်။ သူတို့အမြင်အရ ဖလင်ခိုးသည်ဟုယူဆသည်။ ဆလိုးမိုးရှင်းခေါ်အနှေးပြကွက်ဆိုလျှင်တမင်လုအောင် ရိုက်ပြသည်ဟုမထင်။ ရုံကစက်ကမော်တာလည်တာနှေးလို့ဖြစ်ရမယ်ဆိုလျှင် ...........

"ဟေ့ .......မအေ ပြစက်ဆရာ၊ စက်ကိုမြန်မြန်မောင်းကွ ၊ ကြာတယ်ဟေ့"

ဆိုပြီးခုံတွေကို ထုကြနက်ကြပြန်သည်။

ရုံ၏မျက်နှာကြက်မှာ နဂိုက ကျောက်ပြားလား ၊ ဖိုင်ဘာလား၊ သုံးထပ်သားလားဆိုတာ မှတ်တမ်း တင်ရလောက် အောင်မရှိတော့။ တစ်ချိန်ကမျက်နှာကြက်ရှိခဲ့ဖူးသည်ဆိုသောသဲလွန်စအဖြစ် သစ်သားပေါင်တွေသာ ကျန်တော့သည် ။ အပေါ်က သွပ်ပြားကိုအတိုင်းသားမြင်နေရ၏။ ရုပ်ရှင်ပြနေတုန်း မိုးသည်းသည်းရွာလျှင် သွပ်ပြားပေါ် မိုးပေါက်ကျသံ တဖြောင်းဖြောင်းက ဇာတ်ကားထဲကစကားသံတွေကို ဖုံးလွှမ်းသွားတတ်၏ ။ ထိုအခါ မကြားရဘူးကွ ဆိုပြီး ခုံတွေကို ထုကြပြန်လေသည်။ သည်လိုနှင့်ထိုင်ခုံတွေလည်း အခင်းတွေပေါက်လက်တန်းတွေ ကျိုးနေပြီ။

ဘာပဲဖြစ်ဖြစ်ကြည့်စရာဆိုလို့ သည်ရုပ်ရှင်ရုံတစ်ရုံသာရှိသဖြင့် ဒါကိုပင်မက်မက်မောမောကြည့်ခဲ့ရသည်။ ကားကောင်းလျှင် ချွေးသံတရွှဲ ရွှဲ ၊ လုံချည်ကျွတ် ၊ ဖိနပ်ပြတ်ခံပြီး တိုးခဲ့ကြရသည်။

ခုလိုရုပ်မြင်သံကြားပေါ်လာပြီဆိုတော့ အားကိုးရှိလာပြီ။ ရုပ်ရှင်ရုံကို ဘက်ကန်လို့ရလာပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် သူတို့ရက်ကွက်၏ထုံးစံအတိုင်း သူများထက်တော့နောက်ကျလိုက်သေးသည်။ တီဗီပေါ်ပြီး သုံးလေးနှစ်ကြာအောင် မကြည့်ဖူးသေးသူတွေအတော်များများရှိနေသေးသည်။ ကြည့်ဖူးသူတွေပြန်ပြောပြတာကို နားထောင်ပြီး စိတ်ကူးနှင့်သွားရည်ယိုကြရသည်။

သူတို့စိတ်ကူးထဲက တီဗွီဆိုတာ ထင်းရှူးသေတ္တာလိုပုံးကလေးရှေ့က ပိတ်ကားတပ်ထားတာ၊ ပြစက်ကလည်း အထဲမှာတစ်ခါတည်းပါပြီးသား ။ မီးခိုးတာတို့ ၊ ဖလင်ခိုးတာတို့လည်းမရှိ။ ရုပ်ရှင်ရုံကို ကိုယ့်အိမ်ထဲမှာ ဆောက်ထားသလိုပဲ။ ပြီးတော့ညစဉ်ညတိုင်းတစ်နေ့တစ်မျိုး လာနေတာကိုဗိမ်နဲ့ထိုင်ကြည့်ရုံပဲ။

"မနေ့ညကပြတဲ့ကားက သိပ်ကြည့်လို့ကောင်းတာဗျ။ ဆပ်ကပ်လေဗျာ ၊အသည်းယားစရာပြကွက်တွေ အများကြီးပဲ၊ ဘယ်လိုလဲဆိုတော့"

"မနေ့ကသွားကြည့်မိတာသိပ်ကောင်းသွားတယ်ဗျာ ၊ ဘာလို့လဲဆိုတော့ အကယ်ဒမီပေးပွဲလေ၊ မင်းသားမင်းသမီးတွေအစုံပဲ ၊ ကြည့်လို့ကောင်းလိုက်တာ"

ဒါမျိုးစကားတွေကြားလေ ကြည့်ချင်လေ ။ တီဗီကိုစိတ်ဝင်စားလေ။ တချို့ဆိုလျှင်တီဗီတစ်လုံး လောက်သာပိုင်မယ်ဆိုလျှင် သေပျော်ပါပြီလို့တောင်ပြောကြသည်။ ကိုကြီးငွေကတော့ "တီဗီသာရမယ်ဆိုရင် အိမ်ကမိန်းမနဲ့လဲဆိုရင်လဲပါတယ်"

ဟုဆို၏။ ထိုစကားကိုသူ့မိန်းမ မသီးပြန်ကြားသွားသဖြင့် စိတ်ဆိုးပြီး ထမင်းတစ်နပ်အငတ်ထား လိုက်သည်ဟုလည်းသိရ၏။

တစ်နေ့မှာတော့လူစွမ်းကောင်းပေါ်လာသည်။ သူတို့ရပ်ကွက်မှာပထမဦးဆုံးသောရုပ်မြင်သံကြား စက်တစ်လုံးကိုခေါက်ဆွဲစက်ပိုင်ရှင်ဦးကုလားက ဝယ်လိုက်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် ရပ်ကွက်ထဲမှာ ဦးကုလားသည် ရုပ်မြင်သံကြားဖခင်ကြီးဖြစ်သွားသည်။ သည်လိုဆိုတော့ သူ့သားခတ်ခဲကို ရုပ်မြင်သံကြားသားတော်လေးဟု ဆိုရပေလိမ့်မည်။

ခတ်ခဲသည် ဦးကုလားနှင့်ဒေါ်ခင်တီတို့၏တစ်ဦးတည်းသောမွေးစားသားဖြစ်၏။ မွေးစားတာဆိုသော်လည်း သားအရင်းထက်ပို၍ချစ်သည်။ ခတ်ခဲပူဆာတာရှိလျှင် အန္တရာယ်ဖြစ်နိုင်သော လေသေနတ်လိုပစ္စည်းမျိုးကလွဲလျှင် ဝယ်ပေးတာများသည်။

ခတ်ခဲက ရုပ်မြင်သံကြားစက်လိုချင်သည်ဟုပူဆာနေတာကြာပြီ။ တော်ရုံတန်ရုံဆိုလျှင်တော့ ပက်ခနဲချက်ချင်း ဝယ်ပေးမှာသေချာသည်။ ရုပ်မြင်သံကြားစက်ကျတော့ ဈေးကနည်းနည်းကြီးနေသည်။ ပြီးတော့ စက်ဝယ်ရာမှာလည်း နားလည်သည့်သူနှင့် သေသေချာချာဝယ်ပါမှ စိတ်ချရသည်။ ဘယ်အမျိုးအစားကကောင်းမှန်းလည်းမသိသေး။ အဝယ်မတတ်လျှင်ကိုယ့်အိမ်ရောက်ပြီးမကြာခင်မှာ ပျက်တာပြုတာ ရှိတတ်တယ်တဲ့။

ထိုအချိန်က တိုရှီဘာစင်တာ ၊ ဆိုနီ၊ ဒေဝူးတို့လို အာမခံနှင့်ရောင်းသော အရောင်းဆိုင်ခန်းမကြီး တွေမပေါ်သေး။ သင်္ဘောသားတွေနိုင်ငံခြားမှသွင်းလာသော၊ စက်လှေဖြင့်သယ်လာသောစက်တွေသာရှိသည်။ အသစ်မဟုတ်။ သုံးပြီးသား တစ်ပတ်နွမ်းတွေသာများသည်။ ရန်ကုန်မြို့ထဲက ဆိုင်တွေမှာ လိုက်ရှာပြီးဝယ်ရသည်။

အကြီးစားစက်မှုလုပ်ငန်းမှာတပ်ဆင်သောနေရှင်နယ်အမျိုးအစားရုပ်မြင်သံကြားစက်အသစ်တွေတော့ရှိသည်။

သည်တော့ရုပ်မြင်သံကြားစက်တစ်လုံးဝယ်ချင်လျှင် အတော်အသင့်တတ်ကျွမ်းနားလည်သူ၊ ဆိုင်မှာအသိအကျွမ်း ရှိသူတွေနှင့်သွားမှဖြစ်သည်။ ဒါမှမဟုတ်လို့ကတော့ ကံတရားသဘောထားပြီးနောက်မှဖြစ်ချင်တာဖြစ်ဆိုပြီး ဝယ်ရုံသာရှိ၏။

ထို့ကြောင့် ဦးကုလားအနေနှင့် ရုပ်မြင်သံကြားစက်တစ်လုံးဝယ်ဖို့ နှောင့်နှေးနေခြင်းဖြစ်၏။ ခတ်ခဲကလည်း နေ့စဉ်နှင့်အမျှဆိုသလိုပူဆာနေသည်။ နောက်ဆုံးစိတ်မရှည်နိုင်တော့ဘဲ တီဗီမဝယ်ပေးလျှင် ကျောင်းမတက်တော့ဟု ဆန္ဒပြ လေတော့သည်။

ခတ်ခဲသည် လုပ်မယ်ဆိုလျှင်တကယ်လုပ်တတ်သူဖြစ်၍ဦးကုလားပြာသွားသည်။ ဒေါ်ခင်တီကလည်းသူ့သား သည်နှစ်ရှစ်တန်းမို့အရေးကြီးသည်။ ဖြစ်ချင်တာဖြစ် ဝယ်ပေးလိုက်ပါတော့ ၊ ငွေလိုလျှင် သူ့လက်ဝတ်လက်စားတွေ ရောင်းတန်ရောင်းမည်ဟုပြောလာသည်။

ကံအားလျော်စွာပင် ဦးကုလား၏စက်ကို ဂျုံလာပို့သူကသူ့အသိဆိုင်ရှိသည်ဟု ဆိုသဖြင့်အဆင်ပြေသွားသည်။ နေရှင်နယ်အမျိုးအစားဆယ့်လေးလက်မတီဗီ ခပ်လတ်လတ်တစ်လုံးကို သောင်းနှစ်ထောင်နှင့် ရလာခဲ့သည်။

ဦးကုလားတီဗီဝယ်ပြီး ပြန်အလာကို အိမ်နီးနားချင်းများနှင့်သတင်းကြားထားသူများက စိတ်ဝင်စားစွာ စောင့်မျှော်နေကြသည်။ တချို့က ခေါက်ဆွဲစက်ရှေ့ကွက်လပ်မှာ၊ တချို့ကအိမ်အနီးအနား မှာ မယောင်မလည်လုပ်ရင်း ၊ တချို့မှာ မိမိတို့အိမ်ပေါ်မှပင် တစေ့တစောင်း အကဲခတ်လျက်။ ရင်းနှီးသူတွေကတော့ ဦးကုလား၏အိမ်ပေါ်မှာပင် ဒေါ်ခင်တီနှင့်စကားပြောရင်းစောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် .....ဖုတ်ချက်ဖုတ်ချက်ဆိုသော လေးဘီးကားစက်သံကိုကြားရသည်။

"ဟော.......လာပြီ"

အိမ်ထဲကလူတွေအိမ်ရှေ့ပြေးထွက်လာသည်။ ဘေးပတ်ဝန်းကျင်တွင်လှုပ်လှုပ်ရှုရှုဖြစ်သွား၏။ လေးဘီးအငှားယာဉ်ကလေးမှာ စက်သံဆူညံစွာ ရှုန်းလျက်လာနေသည်။ ကားနောက်မှကလေးအချို့ ပြေးလိုက်လာကြသည်။

အိမ်ရှေ့မှာကားရပ်သည်။ ဦးကုလားသည် အိမ်ရှေ့ခန်းမှာ ပြုံးပြုံးကြီးလိုက်လာရာမှ တံခါးဖွင့်ဆင်းသည်။ ခေတ်ခဲနှင့်ဖိုးနီတို့က ကားနောက်ခန်းမှ ဂျပ်သေတ္တာတစ်လုံးကိုနှစ်ယောက်မပြီးသယ်ချသည်။

"ဟော ........ပါလာပြီ"

မသီးက ဒေါ်ခင်တီကိုပြောလိုက်၏။ ကွက်လပ်ထဲမှာစောင့်နေသောလူတွေက အိမ်ဆီသို့လျှောက်လာကြသည်။ တချို့ကတော့ ထိုသတင်းကိုဖြန့်ချီရန်အတွက်မိမိတို့အိမ်များတို့လည်းကောင်း ၊ပတေး၏လက်ဖက်ရည်ဆိုင်သို့လည်းကောင်း ၊ဖိုးကျော်၏ဆံပင်ညှပ်ဆိုင်သို့လည်းကောင်း ၊ မပွေး၏အသုပ်ဆိုင်သို့လည်းကောင် အသီးသီး ခွဲထွက်သွားကြလေ၏။

"တီဗီကတော်တော်သေးတာပဲနော်"

ဟုဒေါ်ခင်တီကတီဗီကိုပွတ်သပ်ကြည့်ရင်း ပြောသည်။

"ဒါပေါ့ကွ ၊ အသစ်နီးပါးကို ကောင်းတာ၊ ခြောက်လလောက်ပဲသုံးရသေးတယ်တဲ့၊ စိုးတင့်ကိုယ်တိုင် လိုက်ဝယ်ပေးတာပဲ။ အသိအကျွမ်းနဲ့သွားတော့ပိုကောင်းတာပေါ့"

ဦးကုလားက ခပ်မိန့်မိန့်ပြန်ပြောသည်။

"ဒါနဲ့ညကျရင်ဘယ်လိုလုပ်ရမှာလဲ၊ ရှင်ဖွင့်တတ်လို့လား"

"ဖွင့်တာတော့တတ်တာပေါ့ကွ၊ ဟိုမှာသေသေချာချာပြပေးလိုက်တာပဲ၊ ဒါပေမယ့်အိမ်မှာပြန်ချိန်ရဦးမှာ ၊ ညကျတော့ စိုးတင့်လာချိန်ပေးလိမ့်မယ်"

တစ်ညနေလုံးလိုလို အိမ်သူအိမ်သားအားလုံး တီဗီကိုသာအရိပ်တကြည့်ကြည့်နေကြသည်။ခေတ်ခဲအတွက်ညီလေး (သို့မဟုတ်)ညီမလေးတစ်ယောက်မွေးလာသလိုပင်ဖြစ်၏။ အိမ်နီးနားချင်းတွေကလည်း မီးနေသည်အိမ်ကိုလာသကဲ့သို့ပင် ဝင်လိုက်ထွက်လိုက် လုပ်ကြသည်။

မှောင်စပျိုးသည်နှင့်လည်းတဆန့်ဆန့်လုပ်ရင်းစိုးတင့်ကိုမျှော်ကြသည်။ ထိုအချိန်မှာ စိုးတင့်သည် စိုးသူထက်ပင်ပို၍လူစိတ်ဝင်စားခံရလေ၏။

"မောင်စိုးတင့်ကလည်း နောက်ကျလိုက်တာကွာ"

ဦးကုလားက နာရီတကြည့်ကြည့်လုပ်ရင်း ရေရွတ်နေသည်။ စိုးတင့်က တီဗီလာချိန်နီးမှကပ်ပြီး ရောက်လာသည်။

"စောင့်လိုက်ရတာကွာ"

ဟုဦးကုလားကပြောသည်။

"ဩော် ......ဦးလေးကလဲ ၊ စောစောလာတော့ကော ဘာထူးမှာလဲ၊ တီဗီပြချိန်ကျမှ စက်ကချိန်လို့ရမယ့်ဟာပဲ"

"ဟုတ်တော့ဟုတ်တာပေါ့ကွာ ၊ ဒါပေမယ့်မင်းမရောက်သေးတော့ လာမှလာပါ့မလားလို့ စိတ်စောနေရတာပေါ့"

"ဟုတ်တယ်ကွယ့် ၊ ဒို့တစ်အိမ်လုံးဘယ်သူမှလုပ်တတ်တာမဟုတ်ဘူး ၊ မင်းသာမလာရင်ဒုက္ခ"

စိုးတင့်ကရယ်သည်။ ပြီးတော့ရုပ်မြင်သံကြားစက်ကိုနေရာချသည်။ မူလကဘုရားစင်ရှေ့မှာနေရာချထားခြင်းဖြစ်၏။ ဦးကုလားက ............

"ဘုရားစင်ရှေ့တော့ မလုပ်ပါနဲ့ကွာ၊ ငါပုတီးစိပ်လို့မရဘဲနေပါ့မယ်"

ဟုဆိုသဖြင့်နေရာပြောင်းရသည်။ ဧည့်ခန်းလုပ်ထားသည့်နေရာက နည်းနည်းကျယ်သည်။ ကုလားထိုင်တွေကို တစ်ဖက်သို့ကပ်ပြီး အခန်းအတွင်းထောင့်မှာထားသည်။

"အေး .......ကောင်းတယ်ကွ၊ ကြည့်တဲ့အခါကျတော့ ကုလားထိုင်တွေလှည့်လိုက်ရုံပဲ၊ နေရာလည်း ကျယ်တော့ ရှေ့မှာလည်းတစ်ချို့ထိုင်ကြည့်လို့ရတာပေါ့"

ဟုဦးကုလားကပြောသည်။

ရုပ်မြင်သံကြားအစီအစဉ်စရန် မိနစ်ပိုင်းအလိုတွင် စိုးတင့်စက်ကိုဖွင့်လိုက်၏။ ကာလာဘားခေါ် ရောင်စုံထောင်လိုက် အစင်းများပေါ်လာသည်။ ထိုအခါဒေါ်ခင်တီက ကပျာကယာလက်အုပ်ချီလိုက်၏။ ဦးကုလားက လှည့်ကြည့်ပြီး ........

"ဘာလုပ်တာလဲဟ"

ဒေါ်ခင်တီက ရုပ်မြင်သံကြားစက်၏ ဖန်သားပြင်ကို လက်ညှိုးထိုးပြလိုက်ပြီး ..........

"ဟိုမှာ သာသနာ့အလံပြနေတာမတွေ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသည်။ စိုးတင့်ကပြုံးပြီး ..........

"အဲဒါသာသနာအလံမဟုတ်ပါဘူးအဒေါ်ရဲ့၊ ကာလာဘားလို့ခေါ်တယ်၊ အရောင်တွေဘာတွေ ကြိုပြီးညှိချင် ညှိလို့ရအောင် ပြပေးတာပါ"

ဒေါ်ခင်တီကရှက်ပြုံးပြုံးပြီး "သိပါဘူးတော် ၊ ရုပ်ရှင်ရုံတွေမှာ နိုင်ငံတော်အလံထိုးသလိုမျိုးလားလို့" ဟုပြောလိုက်သည်။

စိုးတင့်က အင်တင်နာတိုင်များကိုဆွဲထုတ်လိုက်၊ အနေအထားအမျိုးမျိုးပြောင်းလိုက်လုပ်ရင်းပြတ် သားမှုရှိအောင် ချိန်သည်။ ပြီးတော့ အရောင်ခလုတ်များ ၊ အလင်းအမှောင် ၊ အနုအရင့်စသော ခလုတ်များကို လှည့်၍ချိန်သည်။ ဓာတ်ခဲက ဘေးမှစိတ်ဝင်စားစွာကြည့်နေသည်။ ဖိုးနီကပါစိုးတင့်ပြောသမျှကိုနားထောင်ရင်းလိုက်မှတ်နေ၏။

ဆယ်မိနစ်ခန့်ချိန်ပြီးသောအခါ ..........

"ဒီလောက်ဆိုရင်တော့မဆိုးပါဘူး၊ အောက်ဒိုးအင်တင်နာနဲ့ဆိုရင်ပိုပြီးကြည်မယ်"

ဟုစိုးတင့်ကပြောသည်။ ဦးကုလားက .........

"အခုတောင်တော်တော်ကြည့်လို့ကောင်းနေပါပြီကွ"

ဟုပြောရင်းမျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။ အိမ်နီးနားချင်းအချို့နှင့်သူ့စက်ရုံကအလုပ် သမားအချို့တို့သည်တံခါးဝမှာ ပြူတစ်ပြူတစ်လုပ်ရင်းချောင်းကြည့်နေရတာတွေ့ရသဖြင့် .....

"ဟာ .....လာကြလေကွာ၊ အထဲဝင်ထိုင်ကြ၊ အေး ...အေး ၊ ကုလားထိုင်ဆွဲထိုင် ၊ ကလေးတွေကရှေ့မှထိုင်ကြ"

ခပ်ရဲရဲတင်းတင်းရှိသူတွေက အိမ်မှာဝင်ထိုင်သည်။ တချို့ကတော့ အိမ်ရှေ့မှာ ကာထားသောသံဆန်ခါကြားမှ ချောင်းကြည့်ကြ၏။

ကံကောင်းချင်တော့ထိုနေ့ကမြန်မာရုပ်ရှင်ဇာတ်ကားပြသည့် နေ့ဖြစ်၏။ ဗိုလ်ကာတွန်း ဆိုသော ဟာသဇာတ်ကား ဖြစ်သဖြင့် တဝါးဝါးတဟားဟားသဘောကျနေကြသည်။

သူတို့အားလုံးမှာတီဗီကိုအစွဲကြီးစွဲကုန်ကြလေပြီ။

ဦးကုလားသည် တီဗီဝယ်ပြီးလျှင်သူ့ခေါက်ဆွဲစက်ရုံမှအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများ၊ အိမ်နီးနားချင်း အချို့တို့ကို ကြည့်ခွင့်ပေးမည်ဟု စိတ်ကူးခဲ့ပြီးသားဖြစ်၏။ တကယ်တမ်းကျတော့ ထိုသူများသာမက ရပ်ကွက်ထဲမှ မကြည့်ဘူးသော သူတွေပါလာကြသည်။တချို့ကအိမ်ပေါ်မှာနေရာ မရှိ၍လည်းကောင်း၊ မဝင်ရဲသဖြင့် လည်းကောင်း သံဆန်ခါမှပင် ချောင်းကြည့်ကြလေသည်။

သူတို့ရပ်ကွက်မှာ မြို့ပြနှင့်မနီးမဝေးမှာ ရှိသဖြင့်မြန်မာ့ ကျေးလက်ဓလေ့ စရိုက်များ မကွယ်မပျောက်သေးချေ။ သာရေးနာရေးကိစ္စတွေမှာ အားလုံးဝိုင်းကူတတ်ကြသည်။ အလှူမှာ ချက်ရေးပြုတ်ရေးကအစ တစ်ယောက်တစ်လက် ဝိုင်းလုပ်တတ်သလို အားမနာတမ်းတဝတပြစားတတ်ကြ၏။

တီဗီကိစ္စမှာလည်း သာရေးလိုသဘောထားပြီးဝိုင်းဝန်းအားပေးကြခြင်းဖြစ်၏။ ဦးကုလားအိမ်မှာ နေ့တိုင်းအလှူရှိနေလို ညဆိုလျှင်လူတွေတရုန်းရုန်းဖြစ် နေ၏။ဦးကုလားနှင့်ဒေါ်ခင်တီတို့ကလည်း အိမ်သာလို့ ဧည့်လာတာလို့ သဘောထားပြီး ကျေနပ်ပျော်ရွှင်နေကြ၏။

ဒေါ်ခင်တီမှာ ခုမှ လုပ်စရာအလုပ်တစ်ခုထပ်တိုးလာသည်။ မနက်တိုင်းဘုရားရှိခိုးပြီးသည်နှင့် တီဗီကို ဖုန်သုတ်ရခြင်းဖြစ်၏။ စိုးတင့်မှာသွားသည့်အတိုင်း ဖန်ပိတ်ကားကို ကြက်မွေးလေးဖြင့် ဖွဖွလေးခတ်ရသသာ တယုတယလုပ်ရသည်။

တစ်ညနေကျတော့ တီဗီဖွင့်လိုက်သောအခါ အရုပ်တွေကမပြတ်သားဘဲနှစ်ထပ်ဖြစ်နေသည်။ အရောင်တွေနီရဲပြီး ဖြုတ်ထနေသည်။ လူပုံတွေကမည်းမည်းသဲသဲတွေဖြစ်နေသည်။ တစ်ချက်တစ်ချက် ဖန်သားပေါ်မှာ အလင်းစက်တွေ အပြောက်တွေ အစင်းတွေပေါ်ပေါက်လာသည်။

တီဗီတော့ပျက်ပါပြီဆိုပြီး . . .

"ခြောက်လလောက်ပဲဖွင့်ရသေးတာဆို၊ အသစ်နီးပါးပဲဆို"

ဟုအပြစ်တင်သောလေသံဖြင့်ပြော၏။ ဦးကုလားကလည်း ...........

"အေးလေ ၊စိုးတင့်က အဲဒီအတိုင်းပြောလို့ ငါကပြောတာပဲ"

ဆိုပြီးလွှဲချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ၊ တီဗီပျက်ရင်ပြင်ရတာမလွယ်ဘူးဟ၊ မြို့ထဲမှာသွားပြင်မှရမှာ၊ ပစ္စည်းဖိုး လက်ခစားဖွင့်ပြီး စစ်ဆေးရုံနဲ့ သုံးရာလောက် ပေးရတယ်တဲ့၊ ပြီးတော့ ကားငှားသွားရမှာကရှိသေးတယ်""

ဟုဦးကုလားက ညည်းသည်။ ထိုစဉ်တွင် ဖိုးနီ အိမ်ပေါ်တက်လာသည်။

"ဘာဖြစ်လို့လဲ ဦးလေး"

မေးသည်။ စက်ပျက်သွားသလားမသိဘူးပြောတော့ ဖိုးနီခဏတွေသွားပြီး ဦးကုလားကိုတစ်စုံတစ်ခု ခပ်တိုးတိုးပြောသည်။

"ဟင် ......ဟုတ်လား ၊ ဟေ့ကောင် ခတ်ခဲ"

ဦးကုလား ခတ်ခဲဘက်လှည့်သည်။

"မင်းနေ့လယ်က ငါမရှိတုန်း စက်ကို ဘာတွေကလိထားသလဲ"

ခတ်ခဲက ခပ်အေးအေးပင် .....

"တီဗီမှာပါတဲ့ခလုတ်ကဘာလုပ်တာလဲလို့ သိချင်လို့ နည်းနည်းလှည့်စမ်းကြည့်တာပါ အဖေရ"

ဟုပြန်ပြောသည်။

"ကောင်းရောကွာ ၊ နားမလည်ဘဲနဲ့ လျှောက်လုပ်ရသလားကွ ၊ အခုတော့ဘယ်နှယ့်လုပ်ကြမလဲဟေ"

ဆိုပြီး ခတ်ခဲကို ဆူမည်အပြု ဒေါ်ခင်တီက ဝင်၍ ......

"ဖိုးနီ နင့်ကိုမောင်စိုးတင့် သင်ပေးသွားတယ် မဟုတ်လား ၊ နင်မလုပ်တတ်ဘူးလား"

ဖိုးနီးခေါင်းကုတ်၍ .........

"ပြတော့ပြသွားတာပဲ၊ ဒါပေမယ့် သူပြောတာတွေက အများကြီးပဲအဒေါ်ရ၊ ကျွန်တော်လည်းသေသေချာချာ မမှတ်မိတော့ဘူး ၊ ပြီးတော့ စက်ခလုတ်တွေပေါ်မှာရေးထားတာက ဂျပန်စာတွေချည်းပဲ"

သူတို့၏တီဗီမှာ ဂျပန်ပြည်တွင်းသုံးအတွက်ထုတ်လုပ်ထားခြင်းဖြစ်၍ ဂျပန်စာများသာပါသည်။ ပြောသာပြောရတယ် ၊ ဂျပန်လိုမရေးဘဲ အင်္ဂလိပ်လိုရေးထားလျှင်လည်းဖိုးနီဖတ်တတ်လိမ့်မည်မဟုတ်ချေ။

"နည်းနည်းပါးပါး မှတ်မိသလောက်လုပ်စမ်းပါဟယ်"

ဟုဆိုသဖြင့် ဖိုးနီသည် အင်တင်နာ တိုင်ကိုဟိုလှည့်သည်လှည့်လုပ်ကြည့်သည်။ နည်းနည်းတော့ကြည်လာသည်။

"ဟိုခလုတ်တွေတော့ မကိုင်ရဲဘူးဗျ ၊တော်ကြာတီဗီကြီးပေါက်ကွဲထွက်သွားရင်ခက်မယ်"

ဟုပြောပြီးလက်ရှောင်လိုက်သည်။

"ကဲ...ဒါဆိုလည်း ပိတ်ထားလိုက်တော့ ၊ သန်ဘက်ခါစိုးတင့် ဂျူလာပို့မှပဲ ပြန်လုပ်ခိုင်းရတော့မှာပဲ"

"ဟာ..အဖေကလဲ ၊ ဒီညကားကောင်းတယ်ဗျ"

"ကောင်းလဲ မတတ်နိုင်ဘူးကွာ ၊ ဒီအတိုင်းဖွင့်ထားလို့ပိုပြီးပျက်သွားရင် ဘယ်လိုလုပ်မလဲ၊ မင်းအပြစ်နဲ့မင်းပဲ"

ဟုပြောပြီးဦးကုလားကစက်ကိုပိတ်ထားလိုက်သည်။ ခတ်ခဲကမထိတရီတစ်ချက်ကြည့်ပြီး လှည့်ထွက်သွားသည်။

ထိုနေ့ညတွင်ခတ်ခဲပျောက်သွားသဖြင့်တစ်အိမ်လုံးစိတ်ပူ ပြီးအလုပ်ရှုပ်ကုန်သည်။ ဘယ်မှာမှရှာလို့မတွေ့။

"တီဗီမကြည့်ရလို့ စိတ်ဆိုးပြီးအိမ်ကထွက်သွားတာပဲ၊ အဲဒါရှင့်ကြောင့်" ဟုဒေါ်ခင်တီကဦးကုလားကိုအပြစ်တင်သည်။

ရှာမတွေ့သည့်အဆုံးရဲစခန်းတိုင်ဖို့ထွက်လာကြသည်။ ထိုအခါကျမှ ခပ်အေးအေးလျှောက်ပြန် လာသော ခတ်ခဲနှင့်လမ်းမှာဆုံသည်။

"မင်းဘယ်သွားနေတာလဲ၊ ဒီမှာအားလုံးစိတ်ပူနေတာ"

ဦးကုလားက ဆီး၍ဆူတော့ ......

"အဖေကတီဗီကိုပိတ်ပစ်တာကိုး ၊ ဒါကြောင့် မြို့နယ်ရုံးမှာသွားကြည့်တာ"

ဦးကုလားကစိတ်ဆိုးပြီးရိုက်မည်ပြုသည်။ ဒေါ်ခင်တီက .....

"ဒါ .....ကလေးအပြစ်မဟုတ်ဘူး ၊ ကျုပ်သားက တီဗီမကြည့်ရ မနေနိုင်ဘူးဆိုတာ ရှင်မသိဘူးလား"

ဟုသူ့သားကို ကာကွယ်ပြီး ဦးကုလားဘက်အပြစ်ပြန်ပုံချသည်။

နောက်တစ်နေ့ကျတော့ စိုးတင့်ကို သူ့ဂျူစက်အထိတကူးတကန့်သွားခေါ်ပြီး တီဗီကိုပြန်ချိန်ခိုင်းရသည်။ ဖိုးနီကိုလည်း စာရွက်တစ်ရွက်နှင့်သေသေချာချာ မှတ်ခိုင်းထားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးကုလားအိမ်မှာညစဉ်ညတိုင်းရုပ်မြင်သံကြားလာရောက်ကြည့်ရှုကြသောပရိသတ်များနှင့်စည်စည်ကားကားဖြစ်နေခဲ့တာ ကာလအနည်းငယ်တောင်ကြာလာခဲ့ပြီ ။ လူအများက လည်းပြသနေသည့် ဇာတ်လမ်းတွဲများနှင့်တော်တော်ရင်းနှီးနေကြပြီ။

ဇာတ်လမ်းတွဲများ၏ မူလနာမည်များကို အင်္ဂလိပ်လိုမခေါ်တယ်သဖြင့် ကလေးများကို သူတို့ဘာသာထွင်ပြီး ပေးထားသည့်နာမည်တွေရှိသည်။ ဥပမာ–'ဆစ်မီလျှံဒေါ်လာမင်း'ကို သံမဏိလက်သီး၊ 'ချားလိစ်အိန်ဂျယ်'ကို အာကျယ်မ သုံးယောက်စသည်ဖြင့် .........

လူတို့သည်ကိုယ့်အိမ်မှာပစ္စည်းအသစ်အဆန်းတစ်ခုဝယ်လာလျှင်သူများကိုပြပြီးကြွားချင်တတ်သော ဓမ္မတာပင် ဖြစ်၏။ ကြာတော့လည်းရိုးသွားတတ်လေသည်။

တီဗီရတော့တစ်မျိုး ၊ ပြသူတွေက ရိုးချင်လာသော်လည်း ကြည့်သူတွေကမရိုးနိုင်သေး။ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်တွေကလည်း တစ်နေ့တစ်မျိုး မရိုးရအောင် တင်ဆက်ပြသနိုင်နေတာကိုး။

ရုပ်မြင်သံကြားဆိုတာက ရုံးတွေလိုပိတ်ရက်ရှိတာမဟုတ်။ တနင်္ဂနွေပိတ်ရက်မျိုးမှာ ပိုတောင် ကောင်းကောင်းလေးတွေ ပြတတ်သေးသည်။ အခါကြီးရက်ကြီးတွေမို့ ပိတ်တာမျိုးလည်းမရှိ။

သည်တော့ ဦးကုလားတို့အိမ်မှာညစဉ်ညတိုင်း လူစည်ကားနေတတ်သည် ။ တီဗီကိုလည်းညတိုင်း မဖွင့်မဖြစ်ဖွင့်ပေးနေရသည်။ တစ်ခါတစ်လေ ဦးကုလားနေမကောင်းလို့ နားအေးပါးအေးနေချင်သော်လည်း အချိန်တန်လို့ပရိသတ်တွေရောက်လာလျှင်ဖွင့်ပြရသည်။ ဒေါ်ခင်တီသည်လည်းတီဗီရောက်လာမှပင် ဖြောင့်ဖြောင့်တန်းတန်း ဘုရားမရှိခိုးနိုင်တော့။

ခါတိုင်းညကိုးနာရီဆိုလျှင် ဘုရားရှိခိုး ၊ ပုတီးစိပ် အမျှအတန်းဝေပြီး အိပ်လေ့ရှိသည်။ ဒါ....သူနှစ်ပေါင်းများစွာ အချိန်မှန်လုပ်နေကျ။ အခုကျတော့ သူဘုရားရှိခိုးချိန်သည် တီဗီချိန်နှင့်သွားကိုက်နေသည်။ တီဗီကတော့ ဘုရားရှိခိုးချိန်ကိုငဲ့ပြီးရွှေ့ပေးမှာမဟုတ်။ ဘုရားရှိခိုးချိန်ကိုသာရွှေ့ဖို့ရှိသည်။

ဒေါ်ခင်တီမှာ ဇာတ်ကားတိုင်းကိုကြည့်ချင်တာတော့မဟုတ်။ မြန်မာဇာတ်ကားလာသည့်နေ့မျိုး ၊ပရေရီမြက်ခင်းပေါ်က အိမ်ကလေးအမည်ရှိ ဇာတ်လမ်းတွဲလိုမျိုးကျမှ ကြည့်တတ်သည်။ သို့ရာတွင် ဘုရားခန်းနှင့် တီဗီထားသည့် ဧည့်ခန်း နှင့်ကပ်နေသည်။ သည်တော့ တီဗီမကြည့်ဘဲ ဘုရားရှိခိုးပြန်တော့လည်း အသံတွေက ကြားနေရပြီး အာရုံပျက်သည်။

ထို့ကြောင့် တီဗီပြီးသည့်အချိန်ကျမှပဲ အေးအေးဆေးဆေး ဘုရားရှိခိုးရသည်။ သူက ဘုရားရှိခိုးလျှင် အချိန်ကြာတတ်သဖြင့် တီဗီအပြီးနောက်ကျသည့်နေ့မျိုးဆိုလျှင် ညဥ့်နက်သန်းခေါင်ကျမှဘုရားရှိခိုးလို့ပြီးသည်။ မနက်အစောကြီး ထရသဖြင့် အိပ်ရေးပျက်ပြီး ခေါင်းတွေအုံ့ရတာမကြာခဏ။

ဦးကုလားအဖို့လည်းမလွယ်။ တီဗီဧည့်ခန်းမှာဖြစ်၍ တီဗီချိန်မှာဧည့်သည်လာလျှင် ဧည့်ခံစရာနေရာမရှိ။ တစ်ခါတစ်လေ ဘုရားခန်းမှာ ၊ တစ်ခါတစ်လေခေါက်ဆွဲစက်ထဲမှာ ဧည့်ခံရသည်။

သူ့စက်ထဲက အလုပ်သမားတွေကလည်း တီဗီစွဲနေကြပြန်သည်။ ညစဉ်တီဗီပြီးသည်အထိ ပွဲကောင်းကောင်းနှင့် ကြည့်တတ်ကြသဖြင့် ဇာတ်ကားရှည်သည့်နေ့ဆိုလျှင် အိပ်ရာဝင်နောက်ကျသည်။ ဇာတ်ကားကောင်းလျှင် ပိုဆိုးသည်။ ကောင်းခန်းကလေးတွေ စားမြုံ့ပြန်နေရသဖြင့် တော်တော်နှင့်မအိပ်ဖြစ်။ မနက်ကျတော့ မထနိုင်ဘဲ အလုပ်ဝင် နောက်ကျတာတွေ ဘာတွေဖြစ်ကုန်သည်။

ညဆိုင်းအလုပ်ဝင်ရသောကောင်တွေကလည်း လစ်လျှင် လစ်သလိုပြူတစ်ပြူတစ်လာချောင်း တတ်သည်။ ဖိုးနီကတော့ တီဗီကိုထိန်းသိမ်းစောင့်ရှောက်ရန် တရားဝင်တာဝန်ခံထားရသူဟု သူ့ကိုယ်သူသတ်မှတ်ထားသည်။ ဇာတ်ကား ကောင်းကောင်း ပြပြီဆိုလျှင် အရောင်မှန်မမှန်စစ်ဆေးသလိုလို၊ အင်တင်နာ အနေအထား ကြည့်သလိုလို လာလုပ်ရင်း ညာတာပါတေးနှင့်ထိုင်ကြည့်နေတတ်သည်။

တစ်ခါကလည်းဖိုးနီသည် သူတာဝန်ကျနေသည့်ခေါက်ဆွဲစက်ကိုအလုပ်သင်ကောင်လေးနှင့် ထားခဲ့ပြီး တီဗီလာကြည့်သည်။ ခဏဆိုပြီးကြည့်လိုက်တာ ပြနေသော'ပန်းပန်လျက်ပါ'ဇာတ်ကားထဲ စိတ်ဝင်စားနစ်မျောပြီး မထနိုင်ဘဲ ဖြစ်နေ၏။ အလုပ်သင်ကောင်လေးကလည်း သူပြန်မလာလို့ လိုက်ခေါ်ရင်းဇာတ်ကားထဲကကောလိပ်ဂျင်နေဝင်းနှင့်မြတ်လေ းတို့အချီအချစကားပြောနေပုံကိုကြည့်မိရာမှ ဖိုးနီကိုခေါ်ဖို့မေ့နေပြီးငေးနေ၏။ သည်လိုနှင့်ခေါက်ဆွဲတစ်ဖိုစာ ပျက်သွား ခဲ့ရဖူးသည်။

တီဗီလာကြည့်သော အိမ်နီးချင်းတွေ ၊ အလုပ်သမားများ၏မိန်းမတွေက သူတို့ကလေးတွေကိုပါ ခေါ်လာကြသည်။ မခေါ်လို့လည်းမဖြစ်။ ကလေးတွေကိုထားခဲ့လျှင် အော်ဟစ်ငိုယိုဆန္ဒပြကြမှာ ကျိန်းသေလေသည်။ ထို့ကြောင့် နို့စို့ကလေးပါ မကျန်ခေါ်လာကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ တီဗီကြည့်ရင်း ကလေးချင်းနေရာလုရာမှ ရန်ဖြစ်ကြ ၊ တီးကြ ၊ နှက်ကြ၊ ဆံပင်ဆွဲကြ၊ ငိုကြ။ အမေလုပ်သူက ဇာတ်လမ်းထဲ စိတ်ဝင်စားနေတုန်း ရင်ခွင်ထဲကကလေးက နို့ဆာလို့ထငိုတော့ ကြည့်ရတာ အရသာပျက်ကုန်သည်။

တချို့နို့ညှာကလေးတွေက တီဗီကြည့်ရင်းသေးပေါက်ချတာမျိုးရှိသေးသည်။ တချို့က ရေဆာတယ်ဆိုပြီး ပူဆာ၊ အမေက မြည်တွန်ပြီး ပေါင်တွင်းကြောဆွဲလိမ်၊ ထငို ၊ ဆူညံနေတော့သည်။

သည်ကြားထဲ လူတွေများပြီး လူစော်ချွေးစော်တွေက နံသေးသည်။ ပြီးတော့လူထုထုမှာဖြစ်တတ် သည့်အတိုင်း ဘယ်သူကပေါက်လွှတ်လိုက်မှန်းမသိသည့်အနံ့ကတစ်ချက်တစ်ချက်ပျံ့လွင့်လာတတ်ပြန်သည်။

တချို့ရင်းနှီးသူတွေက တီဗီကြည့်ရင်း ဆေးလိပ်သောက်သည်။ ဆေးလိပ်ပြာကို ပစ်စလက်ခတ် ခြွေချခဲ့သည်။ ရေထသောက်သည်။ အိမ်သာဝင်သည်။ ရေတော့ပြန်မလောင်းခဲ့။ တချို့ကြတော့ လည်းရုပ်ရှင်ကြည့်လျှင် တစ်ခုခုဝါးနေရသည့် အကျင့်ပါပြီး နေကြာစေ့တွေ၊ ဆီးထုပ်တွေယူလာသည်။

တီဗီပြီးလို့ အားလုံးပြန်ကုန်ကြလျှင် ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲကျန်ရစ်ခဲ့သည့် နေကြာစေ့ခွံတွေ၊ ဆီးစေ့တွေ၊ ပလတ်စတစ်အိတ်ခွံတွေ လှည်းရကျင်းရတာ အလုပ်တစ်ခု ။

သောက်ရေကလည်းတစ်နေ့တစ်အိုးလောက်ကုန်သည်။ အိမ်သာကလည်း နံစော်ကျန်ရစ်သည်။ ရေဆေးချရသည်။ အိမ်သာအိုးထဲရေဖြည့်ရသည်။

ခုကျမှ လျှပ်စစ်မီးကလည်း ညဆိုလျှင်မှန်မှန်လာနေသည်။ ဗီအိုင်ပီလိုင်းဆိုလား ၊ စီမံကိန်းလိုင်း ဆိုလားနှင့် တစ်ဆက်တည်းဖြစ်သွားလို့ဟုဆိုသည်။

ကြာတော့ ဒေါ်ခင်တီညည်းညူလာသည်။ ဦးကုလားလည်းစိတ်ညစ်စပြုလာသည်။ သို့တိုင်အောင် လာမကြည့် ကြပါနဲ့လို့ ပြောလို့မကောင်း အများစုက သူ့စက်က အလုပ်သမားမိသားစုတွေကိုး ။

ထိုပြဿနာကိုဓာတ်ခဲက ဖြေရှင်းလိုက်သည်။

သူကလည်း သူ့မကျေနပ်ချက်နှင့်သူ။ မြန်မာဇာတ်ကားပြသည့်နေ့များတွင် အနီးအနားမှလူကြီးတွေလည်း လာကြည့်ကြသည်။ လူကြီးတွေဖြစ်နေသောကြောင့် အိမ်မှာရှိသည့်ကုလားထိုင်များကို ခင်းပေးရသည်။ ထိုအခါဓာတ်ခဲအတွက် ထိုင်စရာခုံမရှိတော့ပဲကြမ်းပေါ်ဆင်း ဆင်းထိုင်ရသည်။ဒါကိုသူကသိပ်မကျေနပ်။ သူကတီဗီကြည့်လျှင် ကုလားထိုင်နှင့် ဖိမ်ကျကျကြည့်ချင်သည်။

သူ့အဖေနှင့်အမေက တီဗီလာကြည့်သူတွေများ၍စိတ်ညစ်ကြောင်းပြောနေသံကြားသောအခါသူ့အတွက် အကွက်ရသွား၏။

ထို့နောက် နောက်တစ်နေ့ညနေတီဗီကြည့်မည့် ပရိသတ်တွေလာကြသောအခါ အိမ်ရှေ့မှာ ထောင်ထားသော ဆိုင်းဘုတ်တစ်ခုကို တွေ့ကြရလေသည်။ သုံးထပ်သားအဟောင်းတစ်ချပ်ပေါ်မှာ မြေဖြူနှင့်ရေးထားသော ဓာတ်ခဲ၏ လက်ရေးစာသားဖြစ်၏။

"ယနေ့မှစ၍တီဗီတစ်ခါကြည့်တစ်ကျပ်"

ပုံ ..........ဓာတ်ခဲ

သည်နေ့ည ဝင်ဦးပါဝင်သည့်ဆောင်းအိပ်မက်ဇာတ်ကားပြမည်ဖြစ်၍အားခဲပြီးလာခဲ့ကြသောပရိသတ်မှာ ဓာတ်ခဲ၏ ဆိုင်းဘုတ်ကြောင့် တန့်ခနဲဖြစ်သွားကြသည်။ တချို့ကတော့ ဓာတ်ခဲနောက်ထားတာဖြစ်မှာပဲဆိုပြီး အိမ်ပေါ်ကို အရဲစွန့်၍တက်ကြည့်သည်။

ဓာတ်ခဲက အိမ်ပေါက်ဝမှ ဆီးစောင့်နေပြီး ................

"ကဲ .......ရုံဝင်ခလေးမစပါ"

ဟုခပ်တည်တည်ပြောနေ၏။ ဦးကုလားက .........

"ဟာ ၊ ဟေ့ကောင် မင်းကလဲ"

ဟု ဟန့်ဖို့ကြိုးစားသောအခါ ..........

"အဖေကဘာသိလို့လဲ ၊ ဒီတီဗီကသောင်းကျော်ပေးထားရတာဗျ၊ ဒီလောက်အကြာကြီးလည်းအလကားပြခဲ့ပြီးပြီ ၊ အခုတော့အလကားမပြနိုင်တော့ဘူး"

ဒေါ်ခင်တီကတော့ မသိချင်ယောင်ဆောင်နေသည်။ ပြီးတော့ ဦးကုလားကိုလက်ကုတ်ခေါ်သွားသည်။

"အသာနေ၊ ဓာတ်ခဲနဲ့လွှတ်ထားလိုက်၊ ဒါမှ လူနည်းနည်းရှဲသွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးကုလားကလည်းလူရှုပ်တာကိုစိတ်ပျက်နေသူမို့ အသာမှိန်းနေဖို့ သဘောတူလိုက်သည်။ သူ့စက်ရုံက အလုပ်သမားတွေကိုတော့ အလကားကြည့်ခွင့်ပေးဖို့ ခတ်ခဲကို တိုးတိုးကျိတ်မှာထားရသည်။ တခြားလူတွေကိုတော့ ..........

"ခတ်ခဲဆိုတဲ့ကောင်ကွာ ၊ ဘယ်လိုမှပြောလို့မရဘူး၊ အဲဒီလိုမလုပ်ရင် တီဗီကြီးပါ ရိုက်ခွဲမယ်ဆိုလို့ သူစိတ်ချမ်းသာအောင် ကြည့်နေရတာ၊ ဒီကောင်က လုပ်မယ်ဆိုတကယ်လုပ်တဲ့ကောင်မဟုတ်လား"

ဟုလူကြားကောင်းအောင် သတင်းလွှင့်ရသည်။ ခတ်ခဲအကြောင်းသိပြီးသားမို့ဦးကုလားပြောတာကိုယုံကြသည်။

တစ်ခါကြည့်တစ်ကျပ်ဆိုတော့ လူတွေနည်းနည်းတွန့်သွားကြသည်။ သိပ်များများမလာကြတော့။ဒါတောင်မြန်မာ ဇာတ်ကားပြသည့်နေ့ဆိုလျှင် လူစည်ကားတတ်သေးသည်။ ရုံဝင်ခ နှစ်ဆယ်အစိတ်လောက်ရတတ်သည်။

အိမ်မှာလူလည်းသန့်သွားသည့်အပြင် ဝင်ငွေကလေးကလည်းရနေသဖြင့် ဒေါ်ခင်တီက ခတ်ခဲ၏ အကြံဉာဏ်ကိုချီးကျူးသည်။ ပြဿနာရှာနေကြ ခတ်ခဲမှာ ဒီတစ်ခါတော့အသုံးဝင်သွားသဖြင့်ဦးကုလားကလည်း ကျေနပ်ဟန် ပြလေသည်။

ခတ်ခဲ၏အကြံဉာဏ်မှာ သည်မျှနှင့် မကုန်သေးပါ ။

ခေတ်က ဗီဒီယိုခေတ်ဖြစ်လာသည်။ တခြားအရပ်တွေမှာဗီဒီယိုပြသည့်ရုံတွေ အလျှိုအလျှိုပေါ်လာကုန်ပြီ။ ပြီးခဲ့သည့်လကပင် ဟိုဘက်ရပ်ကွက်မှာ ရုံတစ်ရုံဖွင့်သည်။ ရပ်ကွက်ချင်းက အပြိုင်အဆိုင် ဖြစ်သဖြင့် ကိုယ့်ရပ်ကွက်က ခြေတစ်လှမ်းနောက်ကျကျန်ခဲ့တာ သိပ်နာသည်။

"တို့ရပ်ကွက်မှာလဲ ရုံတစ်ရုံတော့ရှိဖို့ကောင်းတယ်"

ဟုပြောလာကြသည်။

ဟိုဘက်ရပ်ကွက်ကရုံမှာ သွားကြည့်ရတာ မျက်နှာငယ်သည်။ ဟိုဘက်ရပ်ကွက်၊ သည်ဘက်ရပ်ကွက် လူငယ်ချင်းစောင့်နေကြသဖြင့် တစ်ယောက်တည်းချွန်ပြီးမသွားရဲ။ ဗီဒီယိုကြည့်ချင်လျှင် သုံးလေးယောက်စုပြီးမှသွားရသည်။ အဖော်ညှိသည့်အခါမှာလည်း လူကမညီချင်။ တစ်ယောက်က သည်ကားမကြည့်ချင်ဘူး၊ ဟိုကားကျမှ သွားမယ်ဆိုတာ မျိုးရှိသည်။

လူစုပြီးသွားတာတောင် ဟိုဘက်ရပ်ကွက်ကကောင်တွေက ....

"ဒီခေတ်မှာဗီဒီယိုရုံလေးတစ်ရုံတောင်မရှိတဲ့ရပ်ကွက်ကတော့ နေဖို့တောင်မကောင်းဘူး"

ဟုရိလွှတ်သည်။ မခံချင်သော်လည်းသူများနယ်မြေမှာမို့ဒေါသကိုမျိုသိပ်ခံရသည်။

ပြီးတော့ မိန်းမကလေးတွေဆိုလျှင် ဟိုဘက်ရပ်ကွက်ထဲမသွားရဲ။ မိန်းကလေးတွေသွားလျှင်လည်း ဝိုင်းပြီး နောက်ပြောင်လွှတ်မှာ သေချာသည်။

သည်တော့ရပ်ကွက်ထဲမှာ ဗီဒီယိုရုံတစ်ရုံရှိဖို့ အရေးတကြီးလိုအပ်လာပြီ။

ခတ်ခဲသည် သူ့အဖေကိုဗီဒီယိုပြစက်တစ်လုံးဝယ်ယူခိုင်းချင်နေတာကြာပြီ။ သူရှင်ပြုပြီးကိုရင်လူထွက်သောနေ့က အိမ်မှာဗီဒီယိုစက်ငှားပြီးအခွေငါးခွေမိုးအလင်းပြခဲ့သည်။ အဲသည်ကတည်းကဗီဒီယိုစက်ကိုအရမ်းလိုချင်နေခဲ့တာ၊ သို့ရာတွင်ထိုစက်ကဈေးကြီးသည်။ သည်အတိုင်းတော့ ဝယ်ပေးမှာမဟုတ်။

အခုတော့ အကွက်ဝင်လာပြီ။ အိမ်မှာ တီဗီကိုတစ်ယောက်တစ်ကျပ်နှင့်ပြတာတောင်မြန်မာကား ပြသည့်နေ့ဆိုလျှင် နှစ်ဆယ်အစိတ်လောက်ရတတ်သေးတာ ။ ဗီဒီယိုဆိုလျှင် ပိုရသည်။ ထို့ကြောင့် ဗီဒီယိုရုံထောင်ဖို့ အဖေနှင့်အမေကို တင်ပြ အကြံဉာဏ်ပေးလိုက်သည်။

ဦးကုလားတို့လင်မယားစဉ်းစားရပြီ။ ဗီဒီယိုရုံထောင်ဖို့ အရပ်ကလည်းတောင်းဆိုနေသည်။ နောက်ပြီး ခေါက်ဆွဲစက်ကလည်းပုံမှန်လည်ပတ်ဖို့ နည်းနည်းအခက်အခဲရှိလာသည်။ကုန်ကြမ်းဂျုံဈေးတက်လာတာကလည်း တစ်ကြောင်း ၊ နောက်တစ်ခုက သူတို့ရပ်ကွက်မှာညဘက်သာမီးမှန်သော်လည်း နေ့ဘက်မှာတော့ တစ်ရက်ခြားသာလာသည်။ ခေါက်ဆွဲစက်ကိုနေ့တစ်ရက် ညတစ်ရက်လည်ရသည်။ ခုကျတော့ လျှပ်စစ်ဓာတ်အားသုံးသောစက်ရုံများ ညဘက်လည်ပတ် ခွင့်မပြုဟု တားမြစ်ချက်ထွက်လာသည်။ သည်တော့ စက်ကိုတစ်ရက်ခြားသာလည်ရလျှင်ဝင်ငွေလျော့တော့မည်။ တခြားဘာလုပ်ရင်ကောင်းမလဲ စဉ်းစားနေတုန်းခတ်ခဲအကြံအစည်ကိုသိရခြင်းဖြစ်၏။

ဒေါ်ခင်တီက လုပ်သင့်သည်ဟု တိုက်တွန်းသည်။ ဦးကုလားကိုယ်တိုင်ကလည်း အလုပ်ဖြစ်နိုင် သည်ဟုတွက်သည်။ သူ့သားခတ်ခဲကလည်း ကျေနပ်၊ ဝင်ငွေလည်းရမည်ဖြစ်၍လုပ်မည်ဟုဆုံးဖြတ်လိုက်သည်။

အိမ်ဘေးတစ်ဖက်တွင် ခနိမိုးဝါးကပ်ကာ ဂိုထောင်တစ်လုံးရှိသည်။ အရင်စက်လည်လို့ကောင်းတုန်းက ဂျုံဈေးကျနေသည့်အချိန် ဝယ်လှောင်ထားဖို့ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းဂိုထောင်ကို ဗီဒီယိုရုံအဖြစ်သတ်မှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်က တီဗီမှာ ဆယ့်လေးလက်မဖြစ်၍နှစ်ဆယ့်တစ်လက်မနှင့်လဲရမည်။ အောက်စက်ခေါ်ဗီဒီယိုပြစက်လည်း ထပ်ဝယ်ရမည်။ ထိုကိစ္စများကို အရင်တီဗီလိုက်ဝယ်ပေးသောစိုးတင့်ကပင်စီစဉ်ပေးသည်။ အလိုက်ပေးဖို့ငွေမမီသဖြင့် ဒေါ်ခင်တီ၏ လက်ကောက်သုံးကွင်းရောင်းလိုက်ပြီး ဖြည့်လိုက်ရသည်။

ပြစက်တာဝန်ခံကတော့ ဖိုးနီကိုပဲခန့်အပ်လိုက်၏။ စိုးတင့်က ဖိုးနီးကို စက်ဖွင့်နည်း ၊ အခွေရစ်နည်း ၊ ဟက်မှိုတက်လျှင် ဆေးနည်းများသင်တန်းပေးသည်။ ဖိုးနီမှာ တီဗီတုန်းက လေ့လာခဲ့ရသည့်အခံရှိသဖြင့် နေ့တစ်ဝက်လောက် အကြာမှာပင် တတ်မြောက်သွားသည်။

ဤသို့ဖြင့် ဦးကုလား၏ဗီဒီယိုရုံတော်ကြီးမှာ အောင်မြင်စွာစတင်ဖွင့်လှစ်နိုင်ခဲ့လေတော့သည်။

ဖွင့်ပွဲအခမ်းအနားမှာ ဖဲကြိုးဖြတ်ခြင်း ၊ မိုးပျံပူဖောင်းများလွှတ်တင်ခြင်းတို့တော့ မလုပ်ဖြစ်ပါ။ ဘုန်းကြီးငါးပါး ဆွမ်းကျွေးပြီး ရုံအတွင်းပရိတ်ရေပက်ဖျန်းခြင်း ၊ ရပ်ကွက်တွင်းရှိလူများကို မုန့်ဟင်းခါးကျွေးခြင်း ၊ ညဘက်တွင် ဗီဒီယိုဇာတ်ကားတစ်ကားကို ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်အခမဲ့ပြခြင်းတို့ကိုတော့ပြုလုပ်ခဲ့သည်။

ရုံရှေ့မှာချိတ်ထားသောဆိုင်းဘုတ်မှာ ရိုးရိုးရှင်းရှင်းတိုတိုပြတ်ပြတ်ပင်ဖြစ်၏။

'ဗီဒီရုံ' ဟူ၍ဖြစ်လေ၏။ အဓိပ္ပာယ်ထိရောက်ပြီးတာသွားလှသည်ဟု ဦးကုလားကသူ့ဘာသာမှတ်ချက်ပြုလေသည်။

နေ့လည်ဘက်မီးလာသည့်နေ့တွင် နေ့တစ်ပွဲညတစ်ပွဲပြပြီးကျန်ရက်များတွင် ညဘက်တစ်ပွဲသာ ပြသည်။ ရုံမှာစပြကတည်းကလူအဝင်များသည်။ တစ်ယောက်နှစ်ကျပ်သာယူသဖြင့် အများစုမှာ နေတိုင်းလာကြည့်ကြသည်။

ဝင်ငွေမှန်နေသဖြင့်ဦးကုလားမှာ တပြုံးပြုံးဖြစ်နေသည် ။ဒေါ်ခင်တီကလည်း .......

"ဒါ.....ကျုပ်သားဓာတ်ခဲရဲ့အကြံဉာဏ်ကြောင့်ပဲ။ ဒီကောင်ကလာဘ်ကောင်းတယ်။ ဒီကလေးအကျိုးပေးမယ်လို့ ဆရာဝင်းနောင်ဟောထားတာသိပ်မှန်တာပဲ"

ဟု သူက သူ့သားကိုချီးကျူးသည်။

သူတို့ရုံအနေဖြင့် မြန်မာဗီဒီယိုဇာတ်ကားသစ်တွေထွက်ထွက်ချင်းတော့ မပြနိုင်။ တစ်ပတ်လောက် နောက်ကျပြီးမှ ပြနိုင်သည်။ ဒါကလည်းသူတို့ငှားနေကြအခွေဆိုင်ကြောင့်ဖြစ်၏။

အခွေအငှားဆိုင်သည် ဈေးနားမှာရှိသည်။ သူတို့မြို့နယ်အနေနှင့်တော့ အချက်အချာကျသော နေရာဖြစ်သည်။ သို့ရာတွင် ထိုအငှားဆိုင်သည်ပင်ရင်းအငှားဆိုင်ကြီးတော့မဟုတ်။ ပင်ရင်းကတစ်ဆင့်ယူသောဆိုင်၏ လက်ခွဲဆိုင်သာဖြစ်၏။

ခုချိန်မှာ ပင်ရင်းဖြန့်ချိရေးမှ တရားဝင်ထုတ်သော 'ဖြန့်ခွေ'များမှာ ဈေးကြီးသည်။ အငှားဆိုင်ကြီးတွေ လောက်ကသာဝယ်နိုင်သည်။ ထိုဆိုင်ကြီးတွေက အခွေတွေတစ်ဆင့်ထပ်ကူးပြီး 'ပွားခွေ' များပြုလုပ်သည်။ ထိုပွားခွေများကို ဆိုင်ငယ်ကလေးတွေကယူကြသည်။ သူတို့မြို့နယ်မှအငှားဆိုင်ကလေးကတော့ ပွားခွေကိုတောင် အပိုင် ဝယ်နိုင်တာမဟုတ်။ တစ်ရက်ငှားပြီးသူ့ဆိုင်မှာရှိသည့် အခွေဟောင်းတွေနှင့်ပြန်ကူးယူထားပြီးမှ တစ်ခါထပ်ငှားရခြင်းဖြစ်၏။

ဗီဒီယိုတိပ်ခွေတို့၏သဘောမှာ တစ်ခွေ မှ တစ်ခွေသို့တစ်ခါထပ်ကူးတိုင်းအရည်အသွေးတစ် ဆင့်လျော့ကျလေ့ရှိ၏။ ခုလိုဖြန့်ခွေမှ ပြန်ကူးထားသည့် ပွားခွေကို ထပ်ကူးရသောအခါအရုပ်များ၏ ကြည်လင်ပြတ်သားမှုကို ထိခိုက်သည့် အပြင်အရောင်တွေကလည်း မှိန်တာကမှိန်၊ ပြူးတာကပြူး ဖြစ်ပြီးနောက်အကြောင်းတွေထွက်လာလေသည်။ သည်ကြားထဲ တစ်ဆင့်ထပ်ကူးသည့်အခွေက အသစ်မဟုတ်။ ရှိပြီးသားဇာတ်ကားဟောင်းကိုဖျက်၍ ထပ်ကူးရခြင်းဖြစ်၏။ သူ့ရှေ့မှာလည်း လေးငါးခြောက်ခါထပ်ကူးပြီးသား။

သည်တော့ ထိုတိပ်ခွေကိုပြသည့်အခါ မင်းသားမင်းသမီးတို့၏မျက်နှာများမှာမီးနေသည်တွေ လိုဝါထိန်နေ တော့သည်။ ထိုအခွေများကိုသာ နိုင်ငံခြားပို့လျှင် မြန်မာဆိုသည်မှာအသားအလွန်ဝါသည့်လူမျိုးတွေဖြစ်သည်ဟု ထင်ကြပေလိမ့်မည်။

သို့တိုင်အောင် သူတို့ရပ်ကွက်ကလူတွေအတွက်ကတော့ 'အပါသိုက်'ခေါ်အသားအရောင်ခွဲခြားရေး ဝါဒီများ မဟုတ်ကြချေ။ ဝါသည်ဖြစ်စေ ၊ မည်းသည်ဖြစ်စေ ဒါလွင်မိုးပဲ ၊ ဒါကနေဆန်းပဲ၊ ဒါကတော့ စုဒါလီပဲဆိုတာ ခွဲခြားသိနိုင်လျှင် ကျေနပ်ပြီ။

တစ်ခါတလေကျတော့ တိပ်ခွေမှာနဂိုရှိသည့်ဇာတ်ကားကရှည်ပြီးနောက်ထပ်ကူးသည့် ဇာတ်ကားကတိုနေတတ်သည်။ ထိုအခါတကယ်ပြသည့်ဇာတ်ကားဆုံးပြီးလျှင် နောက်မှာ ကျန်သည့်အရင်ဇာတ်ကား၏ဇာတ်သိမ်းခန်းက ထပ်ပေါ်လာ တတ်သည် ။ဒါကို သူတို့က နမူနာအဆစ်ထည့်ပေးတာဆိုပြီး သဘောကျကြလေ၏။

တကယ်တော့လည်းဗီဒီယိုဆိုသည်မှာ လက်လုပ်လက်စားဆင်းရဲသားလူတန်းစားအတွက် ဈေးအသက်သာဆုံးနှင့် အကောင်းဆုံးဖိမ်ခံပစ္စည်းပင်ဖြစ်လေသည်။ သူ့ထက်ဈေးသက်သာသည့်ဖိမ်ခံမှုမှာ အိပ်စက်ခြင်းသာလျှင်ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေမှာ တစ်နေ့လုံးပင်ပင်ပန်းပန်းအလုပ်လုပ်ခဲ့ကြရသည်။ ညဘက်ရေမိုးချိုးထမင်းစားပြီးလျှင် မအိပ်ခင်အချိန်ကလေးမှာအနားယူခွင့်ရကြသည်။ အိမ်မှာနေလျှင်မိုတ်တုတ်မိုတ်တုတ်မီးရောင်အောက်မှာ ခြင်တဖျတ်ဖျတ် ရိုက်နေရုံသာရှိသည်။ နှစ်ကျပ်ပေးပြီးဗီဒီယိုသွားကြည့်လျှင်ရုံထဲရောက်လို့သူတို့ချစ်သောမင်းသားမင်းသမီးတို့၏ မျက်နှာလေးများကို မြင်လိုက်ရလျှင်တစ်နေ့လုံးပင်ပန်းလာသမျှ အမောပြေပြီး နောက်တစ်နေ့လုပ်ငန်းခွင်ဝင်ဖို့ အားအင်သစ်တွေ ဖြစ်ပေါ်လာသည်။

ဦးကုလား၏ဗီဒီယိုရုံမှာ အလုပ်ဖြစ်သည်ဟုဆိုရမည်။ လူတော်တော်များများမှာဗွီဒီယိုကိုအစွဲကြီးစွဲနေကြပြီ။ ပုံမှန်လာကြည့်သူတွေပင်မနည်းလှ။ ပရိသတ်မှာလူငယ်တွေလူလတ်ပိုင်းတွေများသဖြင့်အပြင်းစားဇာတ်ကားမျိုးကိုမှ ကြိုက်ကြသည်။

အလွမ်းဆိုလျှင်မျက်ရည်တောက်တောက်ကျရမည်။ ဟာသဆိုလျှင် မြေကြီးခွက်ဝင်လောက်အောင် ဖင်ဆောင့် ရယ်ရသည်။ ဖိုက်တင်ဆိုလျှင်လည်း တီဗီဖန်သားပွင့်ထွက်လုနီးနီးကြမ်းမှရမ်းမှကြိုက်ကြသည်။

ဖိုးနီကလည်း ဒါကိုသိသဖြင့်ပရိသတ်အကြိုက်ကားတွေရွေးပြီးပြသည်။ ထို့ကြောင့် ဦးကုလား၏ ရုံမှာနေ့တိုင်းလူပြည့်သည်ချည်းဖြစ်၏။ ဦးကုလားကသူ့ရုံအခြေအနေကိုနေ့စဉ်အကဲခတ်ကြည့်ပြီး မိန့်မိန့်ကြီး ခေါင်းတညိတ်ညိတ်လုပ်တတ်သည်။ ဒေါ်ခင်တီကတပြုံးပြုံး။ ဓာတ်ခဲကတော့ဘာပြောကောင်းမတုန်း ။ ဗီဒီယိုလည်း နေ့တိုင်းကြည့်ရ။ တစ်ခါတစ်ခါရုံဝင်သိမ်းရင်း တစ်ဆယ်ဆယ့်ငါးကျပ် အိတ်ထဲထည့်လို့လည်းရသေးတာကိုး။

သည်ကြားထဲမှာ ဖိုးနီကိုတချို့ကစည်းရုံးလာကြသည်။

"ဟေ့ကောင် ဖိုးနီ ........ဟိုကားသည်ကားလေးပြပါလားကွ ၊ ဟပ်ဆိုလား အောဆိုလား ၊ အဲဒါလေးတွေပြပါလားကွ"

"ဟာ ....ဘယ်ဖြစ်မလဲကွ၊ လိုင်စင်ယူကတည်းက ဆင်ဆာမရှိတဲ့ကားမပြရဘူးလို့စည်းကမ်းပါပြီးသားကွ"

သည်ကိစ္စမျိုးမှာ လူငယ်တွေကထက် လူကြီးကပိုဆိုးသည်။

"ဒီလိုလုပ်ကွာ ၊ ညဘက်လူခြေတိတ်တော့မှ ကျိတ်ပြီးပြပေါ့ကွ ၊ တစ်ယောက်တစ်ဆယ်ပေးဆိုလဲပေးမယ်ကွာ"

ဟုဆိုသည်။

"ဟာ ၊ မဖြစ်ပါဘူး ၊ ဦးကုလားက ဒါမျိုး ရှုပ်ရှုပ်ယှက်ယှက်လုပ်တာကြိုက်တာမဟုတ်ဘူး။ တော်ကြာ ကျွန်တော် အလုပ်ပြုတ်နေပါဦးမယ်"

ဆိုပြီး ဖိုးနီက အပြတ်ငြင်းလိုက်ရသည် ။

ဦးကုလား၏ရုံမှာအဆင်ပြေသည်ဟုဆိုသော်လည်း ဘာပြဿနာမှမရှိဘဲလုံးဝအဆင်ပြေနေတာတော့မဟုတ်။ ဗီဒီယိုရုံတို့၏ထုံးစံအတိုင်း ပြဿနာလေးတွေတော့ ရှိတတ်လေသည်။ဒါကလည်းပရိသတ်တို့ သဘာဝအတိုင်း မင်းသားမင်းသမီးများကို ချစ်ကြလွန်းလို့ဖြစ်ရသောပြဿနာများသာ။

ဥပမာ..........

မောင်ဝနှင့်ပွကြီးတို့ဗီဒီယိုကြည့်ရင်း ဇာဂနာ၏ခေါင်းတုံးမှာ အစစ်ဟုတ်မဟုတ် ငြင်းကြရာမှရုံထဲ၌ ထထိုးကြသဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်သွားခြင်း ။

ရန်အောင်နှင့်လွင်မိုးဘယ်သူက ပိုအရပ်ရှည်သလဲဆိုတာရွှေကြည်နှင့်မိတုတ်တို့ငြင်းကြရာ မှအော်ကြီးဟစ်ကျယ်တွေ ဖြစ်ကြခြင်း ။ (ထိုကိစ္စနှင့်ပတ်သက်၍ရွှေကြည်နှင့်မိတုတ်တို့တစ်ပတ်လောက်မခေါ်မပြောဘဲဖြစ်သွားရသည်။ နောက်တော့မပွေးက တကယ်တမ်းအရပ်အရှည်ဆုံးမှာ မျိုးမင်းဦး ခေါ်အရှည်ကြီးသာဖြစ်ကြောင်း ပြောပြီး ဖျန်ဖြေ ပေးလိုက်ရ၏။)

နောက်တစ်ခုကတော့ ဖိုးနီပါးစပ်ဆော့ခြင်းကြောင့်ဖြစ်၏။ ဒွေးပါဝင်သော သူတို့ကြောင့် ဆိုသောဇာတ်ကား ပြသည့်နေ့ကဖြစ်သည်။ ဖိုးနီက ...........

"ဒွေးဆိုတဲ့ကောင်က အသားခပ်မည်းမည်းနေမှာပဲ"

ဟုပြောမိသည်။ သူတို့ရပ်ကွက်ကလူများသည် ဒွေးဆိုလျှင် အသေရရ အရှင်ရရဆိုတာမျိုး ။ ဒွေးဘာပဲလုပ်ပြလုပ်ပြ ကြည့်မည်ဆိုတဲ့လူတွေဖြစ်၏။ အပျိုကြီးဒေါ်ပိုပင်လျှင် 'ဒီကောင်လေးကိုအပြင်မှာ တစ်ခါလောက် မြင်ဖူးလိုက် စမ်းချင်တယ်' ဟုမချင့်မရဲ ပြောခဲ့သေးသည်။ ခုလိုသူတို့၏အချစ်တော်မင်းသားလေးကိုဖိုးနီက 'အသားမည်းတယ်'ဟု စွပ်စွဲသောအခါ ဒေါသဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေကဆိုလျှင် ဖိုးနီကို ချောင်းရိုက်ဖို့တိုင်ပင်ကြသည်ဟုဆို၏။ ထိုသတင်းကြားသဖြင့်ဖိုးနီမှာ ညဘက်ဆိုလျှင် တစ်ယောက်တည်းအပြင်မထွက်ရဲတော့။ မိန်းကလေးတချို့ကတော့ ....

"ဟင်း ........ သူ့လိုကောင်ကများပြောရတယ်ရှိသေး ၊ သူ့အမေက ကျီးကန်းနဲ့ မီးသွေးရောချက်စားပြီး မွေးလာတဲ့ကောင် ၊ အခုလိုသူများသားသမီးကို မှိုချိုးမျှစ်ချိုးပြောတဲ့ဖိုးနီကို အလုပ်ကတောင် ထုတ်ပစ်သင့်တယ်"

ဟု ဦးကုလားကိုအရေးဆိုကြသေးသည်။ ဦးကုလားကချော့မော့တောင်းပန်လိုက်မှကိစ္စပြီးသွားသည်။

သည်ကြားထဲမှာ ကိုကြီးငွေကလည်းတစ်မျိုး ။ သူကနေရာတကာလူတတ်ကြီးလုပ်တတ်သည်။ ဗီဒီယိုလာကြည့်လျှင် အေးအေးဆေးဆေးမကြည့်။

"ဟ ........ကာလာတွေသိပ်မမှန်ပါလားကွ ၊ အသားရောင်ကဒီလိုမှမဟုတ်ပဲ ၊ ဟော့ ...ဖိုးနီ ၊ မင်းစက်က ဟက်စားနေပြီထင်တယ် မက္ကင်းနစ်လေး ဘာလေး ခေါ်ပြဦးကွ"

ဟုတစ်မျိုး ။

ဗီဒီယိုကြည့်နေရင်းသူသဘောကျတာလေးတစ်ခုခုပါလာလျှင် ...........

"တွေ့လား ၊ သမ္ဘာရင့်တဲ့သရုပ်ဆောင်တွေကျတော့ လုပ်သွားလိုက်တာ မဲ့ပြုံးလေးတစ်ချက်တည်း နဲ့ခံစားချက်ကို ဖော်ပြသွားတယ်။ ဟော ...ဟော .....အဲဒါဇွန်းဆွဲတာလို့ခေါ်တယ်"

"ဇွန်းတွေ ယောင်းမတွေလို့မပြောနဲ့ ၊ နားငြီးတယ်" ဟုတစ်ယောက်က လှမ်းဟန့်သော်လည်းမရ။

"စမိုးရှင်းဆိုတာမင်းသားမင်းသမီးတွေက တကယ်ဖြည်းဖြည်းလေးသွားနေတာမဟုတ်ဘူး။ ကင်မရာထရိတ်နဲ့ လုပ်ထားတာ ၊ ခုချိန်မှာ စက်မှုနည်းပညာတွေကလဲ တိုးတက်လာတာဆိုတော့ကာ"

ထိုးခန်းကြိတ်ခန်းမဟုတ်ဘဲ စကားပြောခန်းဆိုလျှင် ကလေးတွေကကောင်းကောင်းမကြည့်ဘဲ ဆူညံပေးလွှားနေရတဲ့ကြားထဲ ကိုကြီးငွေကပါ အော်ကြီးဟစ်ကျယ်လုပ်နေသဖြင့် ဇာတ်ကားထဲစကားပြောသံများကို မကြားရတော့ချေ။

မောင်ဝ ဗီဒီယိုလာကြည့်သည့်နေ့မျိုးဆိုလျှင်တော့ ကိုကြီးငွေဟောင်ဖွာဟောင်ဖွာလုပ်လာလျှင် ...

""ဒီမှာကိုကြီးငွေ ၊ ခင်ဗျားဒီလောက်တတ်နေရင် ဒါရိုက်တာသွားလုပ်ပါလား ၊ ဒီရုံထဲမှာတော့တောင်ပြော မြောက်ပြော လာလုပ်မနေနဲ့"

ဟုပြောတတ်သည်။ မောင်ဝက စိတ်ဆတ်သူဖြစ်၍ သူ့ကိုတော့ ကိုကြီးငွေဖြုံသည်။ မောင်ဝက ဟောက်လိုက်လျှင် ငြိမ်သွားတတ်သည်။ ဒါတောင်တစ်ချက် တစ်ချက် ...........

"ဟာ .......အနုပညာဆိုတာ အဲ့ဒါပဲ" စသည်ဖြင့် မသဲမကွဲရေရွတ်တတ်လေသည်။

သည်လိုပြဿနာလေးတွေကလွဲလျှင် ဦးကုလား၏ရုံးမှာ အဆင်ပြေသည်ဟု ပြောနိုင်ပါသည်။

တစ်ရက်ကျတော့ ဖိုးနီက ဒွေးနှင့်မျိုးသန္တာထွန်းတို့ပါဝင်သောဇာတ်ကားတစ်ကားငှားလာသည်။ ထိုဇာတ်ကားမှာ အသစ်စက်စက်ဖြစ်ပြီး ထွက်တာသုံးရက်လောက်တာရှိသေးသည်။ ကံကောင်းလို့ စောစောစီးစီးရလာတာဟု အငှားဆိုင်က ပြောသည်။

ဖိုးနီသည် ဟိုတစ်ခါ ဒွေးကိုအသားမည်းသည်ဟုပြောမိသည်ကိစ္စနှင့်ပတ်သက်၍ရပ်ကွက်ပရိသတ်က သူ့ကိုမကြည်မလင်ဖြစ်နေတာ ပြေပျောက်အောင် ကြိုးစားချင်သည်။ ထို့ကြောင့်ထိုအခွေကို ခါတိုင်းထက် ဆယ့်ငါးကျပ်ပိုပေးပြီး ဦးဦးဖျားဖျားငှားလာခဲ့သည်။

ဇာတ်ကားနာမည်က 'မမိုက်ချင်ဘဲမိုက်နေရသောဖိုးမိုက်'ဟူ၍ဖြစ်၏။ ဒွေးကဖိုးမိုက်အဖြစ် ပီပြင်စွာ သရုပ်ဆောင်ထားသည်။ ပရိသတ်ကနာမည်ကြားကတည်းက အရမ်းစိတ်ဝင်စားနေကြပြီ။

ဒါ့အပြင် ......သည်နေ့ သူတို့ရုံမှာ အထူးတန်းကိုစတင်ပြုလုပ်ထားသည်။ အရင်ကဝါးဖျာကြမ်းတွေသာ ခင်းထားသည်။ ခုတော့ရှေ့ပိုင်းမှာ ဖျာကြမ်းများခင်းထားပြီး နောက်ဘက်မှာခုံတန်းလျားများဖြင့်အထူးတန်းလုပ်ထားသည်။ ရိုးရိုးတန်း နှစ်ကျပ် ၊ အထူးတန်းသုံးကျပ်ဖြစ်၏။

ထိုနေ့မှာ တနင်္ဂနွေနေ့လည်းဖြစ် ၊ မီးလည်းလာသဖြင့် နှစ်ပွဲပြမည်။ နေ့လည်မှာကတည်းက ရုံပြည့်လျှံသွားသည်။ ဖိမ်ကျကျလက္ကန္နာနဲ့ကြည့်ချင်သူတွေကသုံးကျပ်ပေးပြီး အထူးတန်းကကြည့်ကြသည်။ ပွကြီးသည် နှစ်ကျပ်တည်း ပေးပြီးအထူးတန်းခုံတန်းလျားမှာ မယောင်မလည်သွားထိုင်သည်။ ဖိုးနီကမြင်သော်လည်း သူငယ်ချင်းဖြစ်နေ၍ဘာမှမပြောဘဲ နေလိုက်သည်။

နမူနာဇာတ်ကားပိုင်းများပြပြီး နောက်ဇာတ်ကားကြီးစပြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းအရ ဖိုးမိုက် (ဒွေး ) မှာလူရိုးလူကောင်းတစ်ယောက်ဖြစ်၏။ ယာခင်းလေးတစ်ခုကိုအေးချမ်းစွာလုပ်ကိုင်စားနေသော တစ်ကိုယ်ရေတစ်ကာယသမားလည်းဖြစ်သည်။ သူသည်ရွာမှာအချောဆုံး အလှဆုံးဆိုသော ရက်ကန်းသည်မလေး မျိုးသန္တာထွန်းနှင့်ချစ်ကြိုက်နေသည်။

ပြဿနာဖြစ်ချင်တော့သူကြီးသားကလည်း မျိုးသန္တာထွန်းကိုတဖက်သတ်ကြိုက်နေသည်။သူ့ကို မျိုးသန္တာထွန်းက လုံးဝအဖက်မလုပ်။ ထို့ကြောင့် သူကြီးသားကအကောက်ကြံသည်။ ဖိုးမိုက်ကိုအမှုဆင်ပြီးဖမ်းသည်။ ဖိုးမိုက်ကိုသူကြီးအိမ်ရှေ့မှာ ကြိုးနှင့်တုပ်ထားပြီး သူကြီးသားက ရွာသူရွာသားတွေရှေ့မှာ လမ်းသလားရင်း ဖိုးမိုက်ကိုလက်ညှိုးငေါက်ငေါက်ထိုး၍ ..........

"မင်းဟာ .......တော်တော်ယုတ်မာတဲ့ကောင်ပါလားဟင် "

ဟု ဟန်ပါပါပြောလိုက်သည်။

ဗီဒီယိုကြည့်နေသော ပရိသတ်မှာ မတရားသက်သက်ခံရသော ဖိုးမိုက်ကိုသနားသမျှသူကြီးသားကို အော့နှလုံးနာပြီးမကျေမနပ်ပွစိပွစိဖြစ်ကုန်ကြသည်။ ပဲပြုတ်သည်ဒေါ်မိုန်ကတော့ အောင့်အည်းသည်းမခံနိုင်တော့ဘဲ ......

"အောင်မယ် .......သူခိုးကလူဟစ်လို့ ..နင်ဘာယုတ်မာတာတဲ့ ၊ အယုတ်တမာ ကောင်ရဲ့"

ဟုထအော်သည်။

"အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့မရပါဘူးလေ ၊ တစ်နေ့ကျတော့ အဖြေပေါ်မှာပေါ့"

ဟု ပတေးက နှစ်သိမ့်လိုက်ရသည် ။

တကယ်တော့ သူကြီးသားကသာ ဖိုးမိုက်ကို အကောက်ကြံခြင်းဖြစ်သည်။ သူကြီးသမီးကတော့ ဖိုးမိုက်အပေါ်ကို တစ်ဖက်သတ်သံယောဇဉ်ဖြစ်နေ၏။ ထို့ကြောင့် ဖိုးမိုက်ကိုထိတ်တုံးခတ်၍ချုပ်ထားစဉ် သူကြီးသမီးက ညဘက် တိတ်တိတ်ကလေး လာ၍လွတ်မြောက်အောင် ကူညီပေးလိုက်သည်။

ဖိုးမိုက်သည် ထွက်ပြေးပြီးတောထဲသို့လျှောက်သွားနေစဉ် လူဆိုးသုံးယောက်နှင့်တွေ့သည်။ လူဆိုးကြီးတွေက ဖိုးမိုက်ကိုအနိုင်ကျင့်ဖို့ကြိုးစားရာ ဖိုးမိုက်က သုံးလေးယောက်စလုံးကို မှောက်သွားအောင် ဆော်ပစ်လိုက်သည်။

ဒါကိုလူဆိုးခေါင်းဆောင်ကမြင်တော့ သဘောကျပြီးဖိုးမိုက်ကို သူတို့ဂိုဏ်းထဲဝင်ရန်ပြောသည်။ ဖိုးမိုက်မှာ လောလောဆယ် ဝရမ်းပြေးဘဝရောက်နေသဖြင့် ခိုလှုံဖို့နေရာလိုနေသည်။ထို့ကြောင့်လူဆိုးဂိုဏ်းထဲ ဝင်ရန်သဘောတူလိုက်ရသည်။ သူ့အနေဖြင့် ရွာမှာဖြစ်ပျက်ခဲ့သည်ကိစ္စအမှန်အတိုင်း မဖြစ်မချင်း ပြန်လို့မရသဖြင့်လူဆိုးလူမိုက်ဘဝမှာ ကျင်လည်နေရလေတော့သည်။

ဖိုးမိုက်မရှိတော့သည့်နောက်ပိုင်းတွင် သူကြီးသားက မျိုးသန္တာထွန်းကို မရရအောင် ကြံစည်သည်။

မျိုးသန္တာထွန်းတို့အမေနှင့်စီးပွားရေးအဆင်မပြေသဖြင့်သူကြီးက တော်ထံမှငွေချေးထားရသည်။ ထိုငွေကို ခုနစ်ရက်အတွင်း ပြန်မဆပ်နိုင်လျှင်ရက်ကန်းစင် ကိုသိမ်းပစ်မည်ဟုခြိမ်းခြောက်သည်။

တစ်ပြိုင်တည်းတွင် သူကြီးနှင့်သူကြီးကတော်က မျိုးသန္တာထွန်းကို သူတို့သားနှင့်ပေးစားရန် ကြောင်းလမ်းလာသည်။ ရွေးစရာလမ်းမရှိတော့ ။ ရက်ကန်းစင်မရှိလျှင်ဘဝပျက်တာနှင့်တူတူပင်ဖြစ်၏။ ထို့ကြောင့် သဘောတူ ခေါင်းညိတ်လိုက်ရသည်။ မျိုးသန္တာထွန်းမှာဆိုးရွားလှသည့် သူ့ကံကြမ္မာအတွက်ငိုကြွေးရန်သာ တတ်နိုင်တော့သည်။

လက်ထပ်ပွဲကျင်းပမည့်နေ့သို့ရောက်လာသည်။ သူကြီးအိမ်ရှေ့တွင်မဏ္ဍပ်ကြီးထိုးထားသည်။ တစ်ရွာလုံး မီးခိုးတိတ် လာကြရန်ဖိတ်ခေါ် ထားသည်။ မျိုးသန္တာထွန်းမှာမချိသောမျက်နှာနှင့်သူကြီးသားဘေးမှာထိုင်နေရသည်။ သည်နေ့ကျမှပင် လှလိုက်သည့်ဖြစ်ခြင်း ၊ ဘိသိက်ဆရာက ဩဘာစာရွတ်ရန်ထရပ်လိုက်သည်။

ထိုစဉ်မှာပင်မြင်းခွာသံများကိုကြားလိုက်ရသည်။ ထို့နောက်မိုးပေါ်ထောင်ပစ်လိုက်သောသေနတ်သံများ ၊ ရွာထဲသို့ လူဆိုးတွေဝင်လာကြပြီ။

လူတွေရုပ်ရုပ်သဲသဲ ပြေးလွှားကုန်ကြသည်။ သေနတ်သံတွေကတဒိုင်းဒိုင်း ။ သူကြီးသားအိမ်ပေါ် ပြေးတက်ပြီးနှစ်လုံးပြူးသေနတ်ကိုဆွဲ၍ထွက်လာသည်။ ထိုစဉ်မဏ္ဍပ်ထဲသို့မြင်းဖြူကြီးတစ်ကောင် ဒုန်းစိုင်းဝင်လာသည်။ မြင်းပေါ်မှာတော့ ဖိုးမိုက်။ သူကြီးသားက နှစ်လုံးပြူးသေနတ်ဖြင့်ထိုးချိန် လိုက်သည်။ သို့ရာတွင်ဖိုးမိုက်က မြင်းကိုစိုင်းဝင်လာရင်းကပင် သူကြီးသားကို ခြေထောက်ဖြင့်ခတ်လိုက်သည်။ သူကြီးသားပစ်လဲကျသည်။ ပြန်မထနိုင်တော့။ မြင်းဖြူကြီးကမဏ္ဍပ်ဆင်မြင့်ပေါ် သို့ပင်တက်သွားသည်။ ငေးကြောင်ကြည့်နေသော မျိုးသန္တာထွန်းကို မြင်းပေါ်ဆွေ့ခနဲဆွဲတင်ပြီး အပြင်းနှင်သွားလေတော့သည်။

လူဆိုးများစခန်းပြန်ရောက်သောအခါ သူတို့နှင့်အတူ ဖိုးမိုက်ပါမလာတော့ကြောင်းတွေ့ရသည်။ဖိုးမိုက်သစ္စာဖောက် သွားလေပြီ။

www.burmeseclassic.com



ထိုအချိန်တွင်ဖိုးမိုက်တို့သည် တစ်ချိန်ကသူကျေးဇူးပြုခဲ့ဖူးသောအဘွားကြီးလင်မယား၏ယာတဲကလေးမှာ ရောက်နေကြသည်။ ချစ်သူချင်းပြန်ဆုံကြပြီဖြစ်သော်လည်း သူ့တာဝန်ကမပြီးဆုံးသေး။ လူဆိုးဂိုဏ်းကို ဖြိုခွင်းနိုင်ရန်အတွက်ရဲစခန်းကိုသွား၍အကြောင်းကြားထားခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် ရဲတပ်ဖွဲ့နှင့်ချိန်းဆိုထားသောနေရာသို့သူသွားရဦးမည်။ ရဲများနှင့်ပူးပေါင်း၍လူဆိုးဂိုဏ်းကို ချေမှုန်းရဦးမည်။

ထို့ကြောင့် မျိုးသန္တာထွန်းကိုအဘိုးကြီးအဘွားကြီးထံမှာ ခဏအပ်ထားခဲ့ပြီးထွက်ခွာဖို့ပြင်ဆင်ရသည်။ မျိုးသန္တာထွန်းက စိတ်မချသဖြင့် သတိဝီရိယဖြင့်သွားရန်အထပ်ထပ်မှာသည်။ ဖိုးမိုက်က ယုယစွာပွေ့ဖက်ပြီးနှစ်သိမ့်သည်။ ထို့နောက်မြင်းပေါ် တက်ပြီးထွက်သွားသည်။

ထိုအချိန်တွင်ဖိုးမိုက်ကို နောက်ယောင်ခံလိုက်နေသောလူဆိုးဂိုဏ်းဝင်တစ်ယောက်က သစ်ပင်အကွယ်မှ ချောင်းမြောင်းကြည့်နေသည်။ ဖိုးမိုက်တောစပ်သို့အဝင်မှာပင်သေနတ်ဖြင့် သေချာစွာချိန်ပြီးပစ်ချလိုက်လေတော့သည်။ ဖိုးမိုက်မြင်းပေါ်မှပြုတ်ကျပြီးမြေပြင်ပေါ်လိမ့်သွားသည်။ သူ့ချစ်သူမျိုးသန္တာထွန်းကပေးလိုက်သော ပဝါစလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်းဆတ်ခနဲဖြစ်ပြီး ငြိမ်သက်သွားသည်။ ဤနေရာတွင်ဇာတ်ကားပြီးသွား၏။

"ဟင် ......ဘယ်လိုကြီးလဲကွ"

"အဓိပ္ပါယ်မရှိတာပဲ"

"အသားလွတ်ကြီးသတ်ပစ်လိုက်တာပဲ"

"ဒီလိုဇာတ်သိမ်းတာတော့မကောင်းဘူးပေါ့"

ပရိသတ်တွေ မကျေမနပ်ရေရွတ်ကာထထွက်သူကထွက် ၊ မိုးတိုးမတ်တပ်ရပ်သူကရပ် ၊ ဆက်ထိုင်ရင်း ခပ်ကြောင်ကြောင်ဖြစ်သူကဖြစ် ၊ ရုတ်ရုတ်သဲသဲ ရှိနေကြသည်။

တခြားလူတွေက ဇာတ်လမ်းကိုသာ မကျေနပ်ခြင်းဖြစ်၏။ လှထုံကတော့ သာမန်မကျေနပ်ရုံမကဘဲ ဒေါသအမျက် ခြောင်းခြောင်း ထွက်နေ၏။ သည်ဇာတ်သိမ်းခန်းမှာ ဇာတ်လမ်းသဘောအတိုင်းဒါရိုက်တာတွေ ရိုက်ကူးထားခြင်း ဖြစ်သည်ကို သဘောမပေါက် ။ လက်မခံ ။

လှထုံသည် နာမည်နှင့်လိုက်အောင် ထုံသူ အသူ ဖြစ်၏။ သူ့စိတ်ထဲတွင်ဇာတ်သိမ်းခန်း၌ဖိုးမိုက်အဖြစ် သရုပ်ဆောင်သောဒွေးသေဆုံးရခြင်းမှာ ဖိုးနီ၏စနက်ဖြစ်ရမည်ဟု သက်ဲမကင်းဖြစ်နေ၏။

ထို့နောက်ဖိုးနီဆီသို့ မျက်နှာတင်းတင်းဖြင့်လျှောက်သွားသည်။ မပွေးကလည်း မယောင်မလည် လိုက်လာသည်။ ဖိုးနီမှာ သူ့ပရိသတ်သူ့အပေါ်ကျေနပ်ပါစေတော့ရယ်လို့ သည်ဇာတ်ကားပြမိကာမှ ပိုဆိုးနေသဖြင့် စိတ်ညစ်ရတဲ့ကြားထဲ လှထုံနှင့်မပွေးတို့က သူ့ဆီလျှောက်လာနေသောအခါပို၍လန့်သွားသည်။

"ဒီမှာ ဖိုးနီ "

ဟုလှထုံခေါ်လိုက်သောအခါ တွန့်ခနဲဖြစ်သွားသည်။

"နင် ဒီလိုလုပ်တာ ကောင်းသလားဟင်"

"ငါ ....ငါ ........ဘာလုပ်လို့လဲဟ"

မပွေးကအလိုက်ကမ်းဆိုးမသိဘဲ ........

"တကယ်တော့ ဒွေးဟာ လူကောင်းတစ်ယောက်ပါ ၊ ဆိုးချင်မိုက်ချင်လို့မဟုတ်ပါဘူးဟ"

"ဟုတ်ပါတယ်"

"ဘာ .......ဟုတ်ပါတယ်လဲ"

လှထုံက ရှေ့တစ်လှမ်းတိုးရင်းဟောက်လိုက်ရာ ဖိုးနီယို့ခနဲနောက်ဆုတ်သွားပြီး .........

"ဟာ .....ဟာ ......မဟုတ်ဘူးလေ ၊ သူဆိုးချင်လို့ဆိုးတာမဟုတ်ပါဘူးလို့ပြောတာဟုတ်ပါတယ်လို့ပြောတာပါ"

ဟုပျာပျာသလဲ ရှင်းရသည်။ ဆက်၍ ........

"သူကြီးသားကကလိမ်ကျလို့သူ့ခမျာ ဝရမ်းပြေးဖြစ်ရရှာတာ၊ သူ့မှာ ဘာအပြစ်မှမရှိဘူး ၊ ဒါနဲ့များ 'လှထုံအသံက ပိုကျယ်လာသည်။ လူတွေကလည်း ခပ်လှမ်းလှမ်းမှ ဝိုင်းကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးနီမှာ ကြောက်လက်စနှင့်ဘာမှတွေးမနေနိုင်တော့ဘဲ ........

"ငါသတ်တာ မဟုတ်ရပါဘူးဟာ "

ဟုငြင်းလိုက်မိသည် ။ သည်တော့မှ ပိုဆိုးသွား၏။ လုထုံကခါးထောက်လိုက်ပြီး ..

"ဘာမဟုတ်ရမှာလဲ ၊ ဘာမဟုတ်ရမှာလဲ ၊ ဟိုတစ်ခါနင်ခွေးကိုအသားမဲတယ်လို့ပြောကတည်းက မသင်္ကာဖြစ်နေတာ၊ ငါတို့ကခွေးကိုအရမ်းသဘောကျလို့နင်က မနာလိုဖြစ်ပြီးအခုလိုပက်ပက်စက်စက် ကြံစည်တာ မဟုတ်လားဟင်"

"မဟုတ်ရပါဘူးဟာ ၊ မဟုတ်ရပါဘူး"

"ခုမှ ငြင်းမနေနဲ့ ၊ နင်ဟာ တော်တော်ယုတ်မာတဲ့ကောင်"

"ငါ .....ငါတောင်းပန်ပါတယ်ဟာ"

ဖိုးနီမှာမျက်နှာငယ်လေးနှင့်ပြောမိပြောရာပြောနေသည်။ လုထုံကတော့

"နင့်ကိုငါတစ်သက်မကျေဘူး ၊ မှတ်ထား"

ဟုပြောပြီး မပွေးလက်ကိုဆွဲ၍ ချာခနဲ လှည့်ထွက်သွားလေသည်။

ဖိုးနီသည် ကြံရာမရဖြစ်နေ၏။ တခြားပရိသတ်များအနေဖြင့် ခွေးကိုသူသတ်တာမဟုတ်ကြောင်း သိကြသည့်တိုင်သည်လိုဇာတ်သိမ်းတာမျိုးကိုလုံးဝကြိုက်ကြသည် မဟုတ် ။ ဒါဆိုလျှင် ညပွဲပြသည့်အခါ ကြည့်မယ့်သူတောင်ရှိပါဦးမလားလို့စိုးရိမ်စရာဖြစ်နေပြီ။ ခုလိုပရိသတ်နှင့်မကြာခဏ ပြဿနာဖြစ်လို့ဆိုပြီး ဦးကုလားက ခေါက်ဆွဲစက်ထဲ ပြန်ပြောင်းလိုက်မှာလည်းကြောက်ရသည်။

ထို့ကြောင့်အခွေငှားဆိုင်ဆီပြေးပြီးအကူအညီတောင်းရသည်။ အခွေငှားသူက ဖြစ်ပျက်ပုံကိုနားထောင်ပြီး ..........

"မင်းအောက်စက်က ဘာအမျိုးအစားလဲ "

ဟုမေးသည်။ စီဝမ်းဆိုတော့ ဒါကိုဒီလိုလုပ်ဆိုပြီး အကြံဉာဏ်ပေးသည်။ သေသေချာချာလည်း ရှင်းပြလိုက်သည်။ ဖိုးနီမှာအခုမှ သက်ပြင်းချနိုင်လိုက်ပြီးဝမ်းသာအားရပြန်လာသည်။ ထို့နောက်ရုံရှေ့က ကျောက်သင်ပုန်းမှာ အောက်ပါအတိုင်း ရေးပြီးကြော်ငြာလိုက်သည်။

"မနက်ကပြသည့်အခွေမှာ မပြည့်စုံသဖြင့်တောင်းပန်ပါသည်။ ယခုညပွဲပြသည့်အခါခွေးမသေဘဲ ပြန်ရှင်လာပုံကို ရပ်သပ်ရှုမောဖွယ်တွေ့ရမည်။ နေ့လည်ပွဲကြည့်ထားသူများတစ်ကျပ်တည်းပေး၍ထပ်ကြည့်နိုင်ပါသည်။"

ခွေးမသေဘူးဆိုတဲ့သတင်းမှာ ပျံ့နှံ့သွားသဖြင့်ညပွဲချိန်နီးသောအခါ လူတွေကြိတ်ကြိတ်တိုးဝင်ရောက်လာကြသည်။ နေ့လည်ကကြည့်ပြီးလူတွေလည်း တစ်ကျပ်နှင့်ပြန်ကြည့်ရမည်ဆိုသဖြင့်အပြေးအလွှားရောက်လာသည်။ တချို့ကလည်း သူတို့သည် ဇာတ်သိမ်းခန်းကိုသာ ကြည့်လိုခြင်းဖြစ်သဖြင့် ကျေနပ်သွားကြသည်။ အစောကြီးရုံပြည့်သွားသဖြင့် ဆယ့်ငါးမိနစ်လောက် စောပြီးပြလိုက်ရသည်။

ပရိသတ်မှာ ဇာတ်သိမ်းခန်းမှာ ထူးထူးဆန်းဆန်းကြည့်ရမည်ဆိုသဖြင့် စိတ်ဝင်စားပြီး ရင်တမမနှင့် ငြိမ်သက်စွာကြည့်နေကြသည်။

ဤသို့ဖြင့်ဇာတ်သိမ်းခန်းကိုရောက်လာသည်။

ဖိုးမိုက်အဖြစ်သရုပ်ဆောင်ထားသောခွေးကလူဆိုးဂိုဏ်းကို ဖြိုခွင်းရန်သွားခါနီး မျိုးသန္တာထွန်းကို ပွေ့ဖက်နှစ်သိမ့်သည်။ ထို့နောက်မြင်းပေါ်တက်သွားသည်။ တောစပ်တစ်နေရာအရောက်တွင် လူဆိုးဂိုဏ်းဝင်တစ်ဦးက သေနတ်နှင့်ပစ်သည်။ ခွေးသည်မြင်းပေါ်မှပြုတ်ကျပြီး မြေပြင်မှာလိမ့်ထွက်သွားသည်

ထိုနေရာအရောက်တွင်ဖိုးနီကအခွေအငှားဆိုင်မှသင်ပေးလိုက် သည့်အတိုင်းပင် အသင့်ကိုင်ထားသော 'ရီမုဒ်ကွန်ထရိုး' မှ 'စတော့' ဆိုသော ခလုတ်ကိုနှိပ်လိုက်သည် ။ ဖန်သားပေါ်တွင်ရုပ်သေဖြစ်သွားသည်။ ထို့နောက် ' ရီဝိုင်း ' ဆိုသော ခလုတ်ကိုဖိ၍နှိပ်ထားလိုက်သည်။ တိပ်ခွေကိုနောက်ပြန်လှည့်ရစ်ခြင်းပင်ဖြစ်သည်။ တီဗီကိုပိတ်ထားခြင်းမပြုသဖြင့် အရုပ်များမှာ တိပ်ခွေရစ်သည့်အတိုင်း နောက်ပြန်လှုပ်ရှားလေတော့သည်။

ထိုအခါခွေးက မြေပြင်ပေါ်လဲနေရာမှ တစ်ပတ်လိမ့်ပြီးမြင်းပေါ်ခွေ့ခနဲ ပြန်ခုန်တက်သွားသည်။ ထို့နောက်မြင်းကို နောက်ပြန်စီးသွားသည်။ လူဆိုးကလည်း သေနတ်နှင့်ပစ်ရန်ချိန်ထားရာမှသေနတ်ကိုပြန်ချလိုက်သည်။ ခွေးသည်တုတ်တုတ် တုတ်တုတ်နှင့်မြင်းကိုနောက်ပြန်စီးသွားပြီးနောက် ရပ်လိုက်သည်။ မြင်းပေါ်မှဆင်းသည်။ နောက်ပြန်လမ်းလျှောက်သည်။ ပြီးတော့ သည်ဘက်လှည့်၍မျိုးသန္တာထွန်းကိုဖက်လိုက်သည် ။

ထိုနေရာအရောက်တွင် ဖိုးနီက ရီမုဒ်ကွန်ထရိုးမှ ' စတော့ 'ဆိုသောခလုတ်ကိုပြန်နှိပ်လိုက်သည် ခွေးနှင့် မျိုးသန္တာထွန်းတို့ တစ်ဦးနှင့်တစ်ဦး တင်းကျပ်စွာဖက်ထားစဉ် ရုပ်သေဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ....ဒီမှာတင်ပဲ ပြီးပါပြီ ခင်ဗျာ"

ဟု ဖိုးနီက အောင်မြင်ခန့်ညားသောလေသံဖြင့်အော်လိုက်သည်။ တစ်ချိန်လုံးရင်တထိတ်ထိတ်ဖြင့် ကြည့်နေခဲ့ရသောပရိသတ်များသည် ခဏမျှ ငြိမ်သက်နေသည်။ ထို့နောက်ရုတ်တရက်ဝေါခနဲဖြစ်သွားပြီး လက်ခုပ်သံတွေ ဆူညံသွားသည်။

"ကောင်းတယ်ဟေ့ ၊ သိပ်ကောင်းတယ်"

"ဒီလိုမှပေါ့ကွ"

"တွေ့တယ်မဟုတ်လား ၊ ဒွေးကိုဒီလိုစမ်းလို့ဘယ်ရမလဲကွာ"

စသည်ဖြင့်အလွန်ကျေနပ်အားရစွာပြောကြသည်။ တချို့မှာ ရုံထဲက မထွက်နိုင်သေးဘဲ ဘယ်နေရာမှာ ဘယ်လိုကောင်းတာကွဟု စားမြုံ့ပြန်လို့အားမရနိုင်အောင် ရှိနေကြသည်။ တချို့ကလည်းဇာတ်သိမ်းခန်းကို တစ်ခေါက်လောက်ပြန်ပြပေးပါ။ တစ်ယောက်တစ်ကျပ် ပေးဆိုပေးပါ့မယ်ဟုဖိုးနီကိုစည်းရုံးကြသည်။

ဖိုးနီကလည်းဒီလောက်တော့ လျင်တာပေါ့ ။ သူမှာဒီအခွေအတွက်ပြဿနာတွေတက်ခဲ့ရသည်။ နာမည်လည်း ပျက်ခဲ့ရသည်။ ဒါကိုအဖတ်ဆယ်ဖို့အသည်းအသန်ကြိုးစားထားခဲ့ပြီးမှ အဆင်ချောခဲ့ရတာ။ သည်အောင်မြင်မှုက ိုတော်ရုံတန်ရုံနှင့်တော့ အလဲအလှယ်မရနိုင်။ ကိုယ်ခံခဲ့ရသမျှတန်အောင်တော့ ပြန်ယူရမည်။ ထို့ကြောင့် ကြည့်ချင်လျှင် အထူးပွဲအဖြစ် နက်ဖြန်ကျလျှင် အစအဆုံး တစ်ပွဲပြန်ပြပေးမည်ဟု ဈေးကိုင်ထားလိုက်သည်။ အားလုံးလိုလိုကပင် နက်ဖြန်လည်း ထပ်ကြည့်ဦးမည်ဟု ဆိုကြသည်။

"ဇာတ်သိမ်းခန်းကိုတော့ ပြောင်းမပစ်ပါနဲ့ကွာနော်"

ဟုဖိုးနီကိုဝိုင်း၍ မျက်နှာချိုသွေးကြသည်။ ဖိုးနီက ........

"အေးပါကွာ ၊ စိတ်ချပါ"

ဟု ခပ်မိန့်မိန့်ကြီး ကတိပေးလိုက်၏။ ဖိုးနီ၏အောင်မြင်မှုမှာ သည်မျှသာမဟုတ်သေး ။နေ့လယ်က အပြတ်ကြိမ်းမောင်းသွားခဲ့သော လှထုံသည် ဖိုးနီရှိရာသို့ ပျူငှာပြုံးရွှင်သောမျက်နှာဖြင့်ရောက်ရှိလာပြီး ......

"နင်အခုလို အမြင်မှန်ရသွားတာကို ငါသိပ်ဝမ်းသာပါတယ်ဟာ"

ဟု လေးလေးစားစားပြောသွားသေးသည်။

ထိုဇာတ်ကားသည်နောက်တစ်နေ့ပြတော့လည်း ကြိတ်ကြိတ်တိုး ရုံပြည့်ရုံလျှံဖြစ်နေသဖြင့်နောက်တစ်နေ့တွင် နှစ်ပွဲထပ်ပြရပြန်သည်။ သူတို့တီဗီရုံရာဇဝင်တွင် ဝင်ငွေစံချိန်တင်သွားသောဇာတ်ကားကြီးဖြစ်သွား၏။

ထိုမျှမက 'ဒီလိုမြင်းကိုနောက်ပြန်စီးနိုင်တာသူ့တစ်ယောက်ပဲတွေ့ဖူးသေးတယ်' ဆိုပြီးဒွေးမှာလည်း ထိုရပ်ကွက်တွင် နာမည်ကြီးသထက်ကြီးသွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းလောင်းထိုးသောလူတစ်ယောက်

ကျောင်းဆရာဆိုတာ နောက်စေ့မှာ မျက်လုံးအပို ပါရသည်။ကျောက်သင်ပုန်းဘက်လှည့်ပြီး စာရေးနေပေမယ့် နောက်မှာကျောင်းသားတွေ ဘာဖြစ်နေတယ်ဆိုတာရိပ်မိဖို့လိုသည်။ သည်အတွက်အကြားအာရုံကိုအားကိုးရတယ်။ တခြားနေရာတွေမှာထူချင်ထိုင်းချင်ထိုင်းမယ်။ကျောင်းခန်းထဲရောက်ပြီဆိုတာနဲ့ နားရွက်အလိုလိုပါးရည်နပ်ရည်ရှိပြီးသား ဖြစ်နေအောင် လေ့ကျင့်ထားပြီးသား။

ကလေးဆိုတာကလည်း တစ်ချိန်လုံးဗီဒီယိုကင်မရာနှင့်ရိုက်နေသလို စောင့်ကြည့်နေသောဆရာ၏ မျက်လုံးများရှေ့မှာ နေနေရတော့စိတ်ကျဉ်းကျပ်မှာပဲ။သည်တော့ဆရာတစ်ဖက်ကိုလှည့်လိုက်တာနဲ့ လွတ်လပ်ခွင့်လေးရသခိုက် စိတ်ကူး တည့်ရာလေးတွေ လုပ်ချင်တတ်သည်။

ဂူးဂူးဝါးဝါး ဗလုံးဗထွေးပြောလိုက်တဲ့အသံသဲ့သဲ့ကြားလျှင် ယောကျ်ားလေးတွေ တစ်ယောက်နှင့် တစ်ယောက်အလစ်မှာလက်မောင်းကို လက်သီးနှင့်ထိုးနေကြတာမှန်းသိသည်။ ဖြောက်ခနဲ ဖြောက်ခနဲ မြည်သံကတော့ ရှေ့တန်းကမိန်းကလေးတွေ နေကြာစေ့ခိုးစားနေကြတာ။ ကြမ်းပေါ်ကိုတစုံတစ်ခုကျသွားတဲ့အသံကြားရလျှင်လူနောက်တစ် ကောင်ကောင်ကကောင်မလေးတွေကိုဆီးစေ့နှင့်လှမ်းပေါက်လိုက်ပြီစသည်ဖြင့်မှန်းလို့ရသည်။

များသောအားဖြင့် ဒါမျိုးကို မသိချင်ယောင်ဆောင်နေရသည်။ သူတို့လေးတွေရဲ့အပျင်းဖြေသည့် အချိန်ကလေးကို မနှောက်ယှက်သင့်။ သိပ်ကျပ်လွန်းလျှင်စာသင်ရတာကိုကြောက်လန့်သွားနိုင်သည်။ ကျောင်းကိုမုန်းသွားတတ်သည်။

ခင်မောင်ဦးသည် ရယ်ချင်စိတ်ကိုမအောင့်နိုင်တော့ဘဲ ပါးစပ်ထဲမှာ ငုံ့စာသင်နေရင်းကတစ်ခု သတိရပြီး ဟိုဘက်အတန်းကို ကြည့်လိုက်မိသည်။ သူတို့ကျောင်းလေးမှာ တစ်တန်းနှင့်တစ်တန်းကြားထဲမှာ ထရံနှင့်ကန့်ပြီး ကာရံထားခြင်းမရှိသဖြင့်တစ်ဖက်ကိုမြင် နေရသည်။ ဟိုဘက်တန်းကဆရာမလေးက နားစွင့်အကဲခတ်နေရာမှ သူလှမ်းအကြည့်တွင် ဖျတ်ခနဲပြန်လှည့်သွားသည်။ ပြုံးယောင်ယောင်ဖြစ်သွားတာကိုတော့ မြင်ဖြစ်အောင်မြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ရှိန်းခနဲဖိန်းခနဲဖြစ်သွားရ၏။ မနေ့ကကျောင်းကအပြန်အိမ်ရောက်တော့မောမောနှင့် အဝတ်စား မလဲနိုင်သေးဘဲပတ်လက်ကုလားထိုင်မှာထိုင်ပြီးဆေးပေါ့လိပ်ဖွာနေမိသည်။ဆေးလိပ်မီးခဲတစ်ခဲ ကဘယ်အချိန်က ဘယ်လိုပုဆိုးပေါ်ကျသွားမှန်းမသိ။ အဝတ်မီးလောင်စော်ညှော်တော့မှကပျာကယာ ခါထုတ်လိုက်သော်လည်း ပက်စီပုလင်းအဖုံး တစ်ဖုံးစာနီးနီးပေါက်သွားခဲ့သည်။အပေါက်က နောက်တည့်တည့်မှာရောက်နေသည်။ ကျောင်းမတက်ခင်တုန်းက ဆရာမတွေလည်းတွေ့မှာပဲ၊ ကွယ်ရာမှာပြောပြောပြီး ရယ်နေကြမလားဟုတွေးပြီးရွှေးပုံချင်လာသည်။

ခုချိန်ကျမှ ပုဆိုးကိုလှည့်ဝတ်လို့လည်းမဖြစ်။ ကလေးတွေကရယ်ကြဦးမည်။ သည်အတိုင်းထား ပြီးစာပြန်ရေးဖို့ကျတော့လည်းတစ်ခက်ဖြစ်နေပြန်သည်။ ကလေးတွေမှာနှစ်တန်းကျောင်းသား ကျောင်းသူလေးများဖြစ်၍ အသက်ခုနစ်နှစ်ရှစ်နှစ်ထက်မပိုကြသေး။ သို့ရာတွင်ကလေးပေါင်းလေးဆယ်၏မျက်လုံးပေါင်းရှစ်ဆယ် ဖြစ်လာသောအခါ အင်အားကမသေးလှတော့ချေ။ ပြီးတော့ဟိုဘက်အတန်းကဆရာမလေးကအပျို။ ဆရာမလေး၏မြင်ကွင်းထဲမှာ ပုဆိုးလှည့်မဝတ်ရဲ။

ကျောက်သင်ပုန်းပေါ်မှာစာကြောင်းကလည်း အဆုံးထိမရေးရသေး။ သူဘာလုပ်ရမလဲမသိဖြစ်နေရာမှ ထိုင်ခုံပေါ် ထိုင်ချလိုက်သည်။ ဆရာမလေးကိုလှမ်းကြည့်တော့သူ့ဘာသာစိတ်ပါလက်ပါစာသင်နေတာကိုတွေ့ရ၏။ ကလေးတွေလည်း မျက်နှာပိုးသေကုန်ကြပြီ။ တစ်နည်းနည်းနဲ့တော့စာဆက်သင်ရမည်။ သည်အတိုင်းထိုင်နေလို့ မကောင်းသဖြင့် ဖတ်စာအုပ်ကိုလှန် လှောကြည့်နေတုန်းကျောင်းဆင်းခေါင်းလောင်းထိုးသံကြားရသည်။ ထိုအသံကြောင့်သူသည် ကလေးတွေထက်တောင်ပိုဝမ်းသာမိလိမ့်မည်ထင်၏။

"ကဲ .......အားလုံးမင်္ဂလာပါ"

ဟုအလျင်အမြန်ပြောလိုက်၏။ ကလေးတွေဝုန်းခနဲထရပ်ပြီး ..........

"မင်္ဂလာပါဆရာကြီး ၊ ကျေးဇူးတင်ပါတယ်"

သူ့အတန်းက အပေါက်ဝနှင့်ပိုနီးသဖြင့်အရင်ထွက်ရသည်။

"နှစ်ယောက်တစ်တွဲတန်းစီပြီးထွက်ကြနော်၊ မတိုးကြနဲ့"

ထိုင်လျက်ကပင်လှမ်းအော်ရသည်။ သူတို့အတန်းပြီးတော့ ဟိုဘက်အတန်းကကျောင်းသား ကျောင်းသူတွေ ထွက်ကြသည်။ သူကတော့စာအုပ်တွေသိမ်းသလိုလိုလုပ်ရင်းအချိန်ဆွဲနေသည်။ဆရာမလေးပါထွက်သွားပြီး သူတစ်ယောက်တည်း ကျန်တော့မှပုဆိုးကိုလှည့်ဝတ်လိုက်ရသည်။

လက်မှတ်ထိုးဖို့ဆရာမကြီးရုံးခန်းသို့အသွားတွင်လက်မှတ်ထိုးပြီးပြန်ထွက်လာသောဆရာမလေးနှင့်သွားဆုံသည်။ ဆရာမလေးကရှိုးရှိုးသားသားပင်နှုတ်ဆက်ပြုံးပြသည်။သူကတော့သူ့ဘာသာစိတ်မလုံသူမို့ မဲ့သလိုလိုပြုံးသလိုလို ပြန်လုပ်ပြလိုက်မိ၏။

အိမ်ပြန်ရောက်ရောက်ချင်းရေတစ်ခွက်သောက်ပြီးလုပ်ငန်းစသည်။လစဉ်စာမေးပွဲ အမှတ်စာရင်းလုပ်ဖို့ ကိစ္စမှာ ဦးစားပေး အဆင့်တွင် နောက်သို့ရောက်သွားသည်။သူ့မှာအပ်ချည်အစိမ်းရောင်မရှိ။ ရှိသည့်အစိမ်းရောင်နှင့် ဖာလို့ကတော့ ပေါက်နေတာထက်ပင်ပိုဆိုးဦးမည်။

အင်္ကျီတွေဘာတွေမှာ အမှတ်အသားလုပ်ချင်လျှင်ကွမ်းရွက်ကိုတုတ်နှင့်ခြစ်ပြီး မှတ်ရသည်။ ကွမ်းရွက်ဆိုတာ အကောင်းဆုံးအစိမ်းရောင်ဆိုးဆေးပဲမဟုတ်လား။

သူငှားနေသောအခန်းပိုင်ရှင်မှာ ကွမ်းရွက်သုံးလေးရွက်သွားတောင်းသည်။အကြမ်းပန်းကန်လုံးထဲမှာ အရည်ညှစ်ချသည်။ အပ်ချည်ကိုလိုအပ်တာထက်ပိုပိုသာသာဖြတ်ပြီးစိမ်လိုက်သည်။ ကျောင်းစိမ်းလုံချည်နှင့် အရောင်ချင်းသိပ်မတူသော်လည်းမဖာဘဲထားတာထက်စာလျှင်အဖြူနှင့်ဖာတာထက်စာလျှင် အများကြီးတော်သေးသည်။ စိတ်ကူးကောင်းသွားသည့်အတွက် သူ့ကိုယ်သူ သောမတ်စ်အက်ဒီဆင်လောက်ကိုထင်မိသေးသည်။

ပုဆိုးဖာနေရင်းက မျက်နှာလေးတစ်ခုကို ဖျတ်ခနဲ မြင်ယောင်မိပြန်၏။ သူ့အတန်းနှင့်ကပ်လျက် အတန်းကဆရာမလေးဒေါ်ခင်စိုးမြင့်။ 'ဒေါ်' တပ်ပြီး ခေါ် သည့်တိုင် အသက်က နှစ်ဆယ့်ငါး နှစ်ဆယ့်ခြောက်လောက် ပဲရှိဦးမည်။ မိမိထက်နှစ်နှစ်လောက်ငယ်လိမ့်မည်။

တစ်ကျောင်းလုံးမှာ ယောကျ်ားဆရာဆိုလို့မိမိတစ်ယောက်တည်းရှိ၏။ အပျိုဆရာမဆိုလို့လည်း ဒေါ်ခင်စိုးမြင့်တစ်ယောက်ပဲရှိ၏။ သည်တော့ထုံးစံအတိုင်းတခြားဆရာမတွေက သူတို့နှစ်ယောက်ကို ဖြစ်သွားစေချင်တာ သူသိ၏။ သူ့ကိုဘာမှမပြောကြသည့်တိုင်ဒေါ်ခင်စိုးမြင့်ဆိုသူနှင့် စ စနေတာရိပ်မိသည်။ ဆရာမတွေစုပြီး ထိုင်နေတုန်း သူ့ရှေ့က ဖြတ်လျှောက်လျှင် ဒေါ်ခင်စိုးမြင့်ကိုအဓိပ္ပါယ်ပါပါပြုံးပြီးဝိုင်းကြည့်ကြတာ။ ဒေါ်ခင်စိုးမြင့်က ရှက်ပြုံးပြီး ခေါင်းငုံ့သွားတာလှမ်းမကြည့်သော်လည်းမြင်ကွင်းထောင့်မှာ တစ်ခွန်းတစ်စမြင်ရတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ဆရာမလေးဒေါ်ခင်စိုးမြင့်မှာ သဘောကျမည်ဆိုလျှင် ကျနိုင်လောက်စရာအရည်အသွေး ရှိနေသည်။ ရုပ်ကလှသည်ဆိုတာထက်ကျက်သရေရှိသည်ဆိုလျှင်ပိုမှန်မည်။သဘောကောင်းပုံရသော ချိုသာသည့် အပြုံးကသူ၏ ထူးခြားမှုပင်ဖြစ်၏။ အနည်းငယ်ပိန်သည်ဟုထင်ရသော်လည်းသူ့အရပ်အမောင်းနှင့်သူ ပါးပါးလျားလျားနှင့် ကြည့်ကောင်းသော ကိုယ်ခန္ဓာရှိသည်။ လှုပ်ရှားသွားလာပုံမှာ အေးဆေးငြိမ်သက်သည်။ စာသင်နေသောအခါမှာတော့ သွက်လက်ဖျတ်လတ်နေတတ်ပြန်၏။ ကလေးတွေအပေါ်စေတနာထားတတ်တာလည်းတွေ့ရသည်။

ထို့ကြောင့် ဒေါ်ခင်စိုးမြင့်ကိုစိတ်ဝင်စားမည်ဆိုလျှင်ဝင်စားလောက်ပေသည်။ သို့တိုင်အောင်မိမိကိုယ်တိုင်က မပြတ်မသားတွေဝေနေမိတာတော့ ဘာမှမတတ်နိုင်။ သူသည် ကျောင်းမှာတုန်းက နှလုံးသားရေးရာကိုစိတ်မဝင်စားခဲ့။ စိတ်ဝင်စားဖို့အခြေအနေမပေး ခဲ့ဆိုလျှင်ပိုမှန်မည်။ ဆရာတော်သာရန်ကုန်မှာရှိမနေဘူးဆိုလျှင် သူတက္ကသိုလ်တက် ဖြစ်လိမ့်မည်မထင်။ သူ့မှာမိဘမရှိတော့။ ညီအစ်ကိုမောင်နှမငါးယောက်မှာသူက စတုတ္ထမြောက်ဖြစ်၏။ သူ့အောက်က ညီမမှာကလေးသာသာအရွယ်မှာဆုံးသွားသည်။ အစ်ကိုနှစ်ယောက်က စောစောစီးစီး အိမ်ထောင်ကျသွားပြီး တစ်နယ်တစ်ကျေးမှာသွားအခြေချနေကြသည်။အစ်မအကြီးဆုံးနှင့် ယောက်ဖတို့က သူ့ကိုဆယ်တန်းအထိ ကျောင်းထား ပေးခဲ့ခြင်း ဖြစ်သည်။ ဆယ်တန်းအောင်လာတဲ့အခါကျတော့တက္ကသိုလ်ဆက်တက်ဖို့အခက်အခဲဖြစ်နေ၏။ အစ်မကြီးတို့အနေနဲ့သည်လောက်ထိတော့မတတ်နိုင်တာသူသိသည်။ ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း ဆရာတော်ရွာကို ရောက်လာသည်။

ဆရာတော်ကသူတို့ရွာသားဖြစ်၏။ ရွာကျောင်းမှာ ပဥ္စင်းလေးအဖြစ်သီတင်းသုံးနေခဲ့ဖူးသည်။နောက်တော့ ရန်ကုန်ရောက်ဒကာ တစ်ယောက်၏ပင့်ဖိတ်မှုကြောင့် ရန်ကုန်ဆင်ခြေဖုံး တစ်နေရာရှိ ကျောင်းကလေးတစ်ကျောင်းကို ရောက်သွားသည်။ ကြည်ညိုသဒ္ဓါသူပွားများလာသဖြင့်အခြေတကျသီတင်းသုံးဖြစ်သွားသည်။ သူ့ကိစ္စကိုဆရာတော် ကြားသိသောအခါ ...........

“တို့ရွာက ပညာတတ်ရှားလှဘိချင်းကွယ်၊ ထူးထူးခြားခြားဆယ်တန်းအောင်လာတဲ့ လူငယ်တစ်ယောက်ကို အလဟဿတော့ဆုံးရှုံးမခံသင့်ဘူး။ ကျုပ်ဒီကောင်ကိုရန်ကုန်ခေါ် သွားပြီးကျောင်းဆက်တက်ခိုင်းမယ်။ စားရေး ၊ နေရေးကတော့ပူစရာမလိုပါဘူး။ ဒကာမကြီးတို့လဲ နိုင်သလောက်ထောက်ကြပေါ့။”

ဟုမိန့်တော်မူသဖြင့်သူတက္ကသိုလ်ဆက်တက်ဖြစ်သွားသည်။ တက္ကသိုလ်ကျောင်းသားဆိုသော်လည်း သူများလို ကြော့ကြော့လေးမနေနိုင်။ တစ်ပြိုင်နက်တည်းတွင်ဘုန်းကြီးကျောင်းသားလည်း ဖြစ်နေရသေးသည်။ ဆရာတော်ဝေယျာဝစ္စ ၊ကျောင်းဝေယျာဝစ္စတွေနိုင်သလောက်ကူလုပ်ရသေးသည်။ အဝတ်အစားနှစ်စုံလောက်ကိုအလဲအလှယ်လုပ်ဝတ်ပြီးကျောင်းတက်ရသည်။ သည်လိုအခြေအနေမျိုးနှင့်ကျောင်းတက်နေရသူတစ်ယောက်အဖို့ .မိန်းကလေးတွေကိုစိတ်ဝင်စားဖို့မဖြစ်နိုင်။ သူကိုယ်တိုင်ကလည်းသည်လိုဘက်မှာအလိုလိုထက်သန်မှုမရှိဘဲ ဖြစ်နေသည်။ ကျောင်းမှာဆုံရသည့်သူငယ်ချင်းတွေထဲမှာ မိန်းကလေးတွေလည်းပါသည်။ သို့ရာတွင်သူက မိန်းကလေးတွေကိုစိတ်ဝင်စားစရာဟုမထင်ခဲ့။ မိန်းကလေးတွေကလည်း သူ့ကိုစိတ်ဝင်စားစရာဟုမသတ်မှတ်ခဲ့။

လက်လုပ်လက်စားတစ်ယောက်က ရွှေတောင်ကြားကတိုက်တွေကိုကိုယ်နဲ့မဆိုင်သလိုသဘောထား သကဲ့သို့သူကလည်းမိန်းကလေးတွေကိုသူစိတ်ဝင်စားတတ်သည့် အရာမဟုတ်သလိုသဘောထားခဲ့ခြင်းပင်ဖြစ်နိုင်လေသည်။ နှလုံးသားက ငယ်ရွယ်လတ်ဆက်သည့်အချိန်မှာအသုံးမချခဲ့ရသဖြင့် တစ်ခါမှမလီးဖြတ်ရဘဲ သံချေးတက်သွားသော ဓားတစ်လက်လိုဖြစ်ခဲ့ပြီထင်သည်။ ခုချိန်မှာတော့ သူ့နှလုံးသားက ထုံထုံထိုင်းထိုင်းဖြစ်နေပြီ။ အထနှေးနေပြီ။

ခုနေခါမှာ အချစ်အကြောင်းကိုစဉ်းစားကြည့်သည့်အခါဘဝဆိုသောအကြောင်းကအမြဲကပ်ပါလာသည်။ ဆယ့်ခြောက်ပဲရည် အပြည့်ရွှေစင်လိုအချစ်သက်သက်ဖြစ်ဖို့ခဲယဉ်းသည်။တစ်ခါတစ်လေ ကုန်စျေးနှုန်းနှင့်ထိပ်တိုက်တိုးသည့် အခါများအချစ်ကဂျ ပန်ရွှေအဆင့်လောက်ကိုတောင်ထိုးကျသွားချင်သေးသည်။

ဒေါ်ခင်စိုးမြင့်ကိုစိတ်ဝင်စားနေမိသလားဟု သူ့ကိုယ်သူမေးကြည့်သည်။ ဟုတ်သလိုလိုတော့ရှိသား ။ သို့ရာတွင်အချစ်ဆိုလျှင် ရင်တွေတလှပ်လှပ်ခုန်ရမည်။ ခြေဖျားလက်ဖျားတွေအေးစက်ရမည်။ သွေးလှည့်ပတ်မှုတွေ ကပြောင်းကပြန်ဖြစ်ရမည်ဟုကြားဖူးနားဝရှိသည်။ခုဟာက သည်လောက်တော့မဖြစ် ။ ဒါဆိုတကယ်ချစ်မိတာ ဟုတ်ရဲ့လားဟုသူ့ကိုယ်သူသံသယဖြစ်မိသည်။ ချစ်ချင်လို့ချစ်တာမဟုတ်ဘဲချစ်သင့်လို့ချစ်တာမျိုးများဖြစ်နေမလား။ အဲဒါမျိုးဆိုရင် တော့ သန့်စင်သောအချစ်ဖြစ်ပါ့မလား။ တွက်ချက်ပြီးမှ ချစ်တာမျိုးများ ဖြစ်နေမှာလား။ ဒါဆိုရင်အချစ်လို့ ခေါ်နိုင်ပါ့မလား။

စဉ်းစားရင်းက ခေါင်းရှုပ်လာသည်။ ပုဆိုးချုပ်နေသောအပ်ချည်ကလည်းသူ့အတွေးတွေလို ရှုပ်ထွေးကုန်သဖြင့် ပြန်ဖြေပြန်ရှင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ခု စဉ်းစားမိပြီး ပြုံးလိုက်၏။ သူကသာဟိုတွေး သည်တွေး တွေးနေသည်။ ဒေါ်ခင်စိုးမြင့်ကတော့ သူ့ကိုရှိတယ်လို့တောင်သဘောထားရဲ့လားမသိ။ ဆရာတစ်ယောက်အဖြစ်လုပ်ဖော်ကိုင်ဖက် တစ်ယောက်အဖြစ်တော့ အသိအမှတ်ပြုလိမ့်မည်။ စိတ်ဝင်စားစရာဆန့်ကျင်ဘက်ယောကျ်ားတစ်ယောက်အဖြစ်တော့စိတ်ကူးထဲတောင်ထည့်ချင်မှထည့်မည်။ ကိုယ့်ဘာသာတွေးချင်ရာလျှောက်တွေးပြီး နက်ဖြန်ကျောင်းမှာဒေါ်ခင်စိုးမြင့်နှင့်ဆုံလျှင် အလကားသက်သက် ကျိတ်ပြီးမျက်နှာပူနေရတော့မှာပဲ ဟုစိုးရိမ်လိုက်မိပြန်သည်။

ဖာထားသည့် ပုဆိုးပေါက် အတွင်းထဲ ထည့်ဝတ်လာတာသေချာပါလျက် ကျောင်းဝင်းထဲအဝင်မှာ ခြေလှမ်းတုံ့ချင်မိသေးသည်။ ဒေါ်ခင်စိုးမြင့် နှင့်တခြားတခြား ဆရာမတွေက 'ဒီနေ့တော့ ပုဆိုးကိုဖာပြီးဝတ်လာတာဖြစ်မှာပဲ'ဟု အချင်းချင်းပြောရင်းကြိတ်ရယ်နေကြမလားဟု တွေးမိသောကြောင့် ဖြစ်၏။

တကယ်တော့သူ့ဘာသာလျှောက်တွေးနေခြင်းသာဖြစ်သည်။ တခြားသူတွေကသူတို့လူမှုကိစ္စနှင့်သူတို့ရှုပ်နေကြတာ။ သူ့ကိုသတိတောင်မရအားကြ။ သူတစ်ယောက်တည်းကို ဝိုင်းပြီးဂရုစိုက်ရအောင်သူက ရုပ်ရှင်မင်းသားလည်းမဟုတ်။ ဘာပဲဖြစ်ဖြစ် ပုဆိုးအကြောင်းစဉ်းစားမိလျှင် အလစ်သမားတွေကိုစိတ်နာမိသည်။ကျောင်းစိမ်းလုံချည်လေး နှစ်ထည်ရှိတာတစ်ထည်အခိုးခံလိုက်ရသည်။လျှော်ဖွပ်ပြီးအိမ်ရှည့်မှာလှမ်းထားတုန်းအလစ်သုတ်သွား ခြင်းဖြစ်၏။ အခိုးခံရသည့် ပုဆိုးကလည်းပိုတောင်လတ်သေးသည်။အသစ်တစ်ထည်ဝယ်ဖို့လည်းမတတ်နိုင်သေး။ သီတင်းကျွတ်ကျောင်းပိတ်ရက်ကလည်းနီးနေပြီဖြစ်၍ကျန်တဲ့တစ်ထည်ကိုသာ ဒုံးချဝတ်နေလိုက်၏။

ကျောင်းထဲဝင်လာပြီး ရုံးခန်းမှာ လက်မှတ်ထိုးဖို့ သွားသည်။ သူဝင်လာတာ မြင်တော့ ကျောင်းအုပ်ဆရာမကြီးက ဆီးကြို၏။

"အတော်ပဲဆရာရေ့ ၊ စာမေးပွဲမေးခွန်းစာရွက်အတွက် စက္ကူထုပ်တွေကိစ္စအတွက် ပညာရေးမှူးရုံးကို သွားပေးပါဦး၊ စက္ကူထုပ်က ရခဲဘိချင်းနော်"

"ရပါတယ် ဆရာမကြီး ၊ ကျွန်တော့်အတန်းကို ကူကြည့်ဖို့သွားပြောလိုက်ဦးမယ်"

"ဆရာ့အတန်းကို ကျွန်မကြည့်ပေးထားပါ့မယ်"

ဆရာမကြီးကခရီးစရိတ်နှစ်ဆယ်ထုတ်ပေးသည်။ ခရီးစရိတ်ဆိုသော်လည်း လက်ဖက်ရည်ဖိုးပါပါကြောင်းသူသိ၏။

"ဟိုတစ်ခါလိုလည်း လမ်းစရိတ်ကို နှစ်ကျပ်တည်းသုံးလာတာမျိုး မလုပ်နဲ့ဦးနော်၊ သွားရလာရပင်ပန်းတယ်။ လက်ဖက်ရည်ဝင်သောက်ခဲ့ဦး"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ကျောင်းမှာတစ်ယောက်တည်းသောယောကျ်ားဆရာဖြစ်ရတာ မစားသာလှချေ။ ကျောင်း၏ဗာဟီရကိစ္စမှန်သမျှ ကိုယ့်ခေါင်းပေါ်ပုံကျလာတတ်သည်။ ပြီးတော့ကိုယ်က လူပျိုလူလွတ်ဖြစ်ပြီး ကျောင်းနှင့်နီးနီးနားနားနေသူဖြစ်၍ ပိုပြီးတာဝန်ပိသည်။

ပညာရေးမှူးရုံးသွားရသည့်ကိစ္စ၊ ကျောင်းအတွက်လိုအပ်သော ပစ္စည်းအတိုအထွာ ၊ ဝန်ထမ်းဆန်ထုတ်ရသည့်ကိစ္စ ၊ဘဏ်သွားရသည့်ကိစ္စ ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအတွက်ပြင်ဆင်ရသည့်ကိစ္စ ၊ ကျောင်းပိတ်ရက်များမှာ ပြုလုပ်ရသည့်အထူးသန့်ရှင်းရေးတို့၊ ဆိုင်းဘုတ်ဖွင့်ပွဲတို့မှာ ကျောင်းက ကလေးတွေပါလျှင်လည်း သူပဲလိုက်ကြီးကြပ်ရသည်။

တခြားဆရာမတွေက အိမ်ထောင်သည်တွေဖြစ်သောကြောင့်တစ်ကြောင်း ၊ ကျောင်းနှင့်အိမ်ဝေးသော ကြောင့်တစ်ကြောင်း ၊ကျောင်းပိတ်ရက်တွေမှာလာဖို့အခက်အခဲရှိသည်။ ဒေါ်ခင်စိုးမြင့်ကတော့ အိမ်ထောင်မရှိသောကြောင့် အခါအားလျော်စွာ သူနှင့်အတူ လိုက်ပေးလေ့ရှိသည်။သူ့အနေနှင့် သည်လိုဗာဟီရကိစ္စတွေ သိပ်မလုပ်ချင်။ အတန်းကို ထားခဲ့ပြီး အပြင်ထွက်ရတာကို သိပ်မလိုလား ။ သူ့အတန်းကကလေးတွေ စာသင်ချိန်လျော့မှာ စိုးရိမ်သည်။ သို့ရာတွင်သည်ကိစ္စတွေမလုပ်ခင် ဆရာမကြီးပဲ ဖတ်သီဖတ်သီ သွားရမည်။ ဒါကိုငဲ့ညာ၍သူပဲတာဝန်ယူလိုက်ရတော့သည်။

လုပ်တတ်ကိုင်တတ်လျှင်တော့မဆိုးရ။ အလုပ်ကိစ္စအကြောင်းပြပြီး အပြင်လစ်ထွက်လို့ရသည်။ အသွားအပြန် တစ်နာရီလောက်သာ ကြာမည့်ကိစ္စကိုပညာရေးမှူးအပြင်သွားလို့ စောင့်နေရလို့ဆိုပြီး တစ်နေကုန်အောင်နေလို့ရသည်။ နောက်နေ့မှလာပါ ဟု ချိန်းလိုက်တယ်ဆိုပြီးနောက်တစ်ရက်ဆက်လစ်လို့တောင်ရသေးသည်။ ခရီးစရိတ်ကို ပိုပိုသာသာလေး ပြလို့ရသည်။ လျှောက်လွှာအရွယ်စက္ကူငါးထုပ်လောက်ကို ဘတ်စ်ကားနှင့်သယ်ပြီး တက္ကစီခထုတ်လို့ရသည် ။ မေးခွန်းစာရွက်တွေကို အထက်တန်းကျောင်းကြီးမှာဖြစ်ဖြစ် ၊ ပညာရေးမှူးရုံးမှာဖြစ်ဖြစ် စာကူးစက်သွားလှည့်ပြီး အပြင်ဆိုင်မှာလှည့်သယောင်ပြော၍ ငွေထုတ်လို့ရသည်။ ကျောင်းအတွက် လိုအပ်သည့်ကိစ္စတွေ ဝယ်ရာမှာ ကုန်ကျစရိတ် ပိုပြလို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင်သူကဒါမျိုးတွေမလုပ်တတ်။ ထို့ကြောင့်ဆရာမကြီးကသူ့ကိုစိတ်ချလက်ချမျက်နှာလွှဲထားခြင်းဖြစ်၏။ သူအပိုမသုံးတတ်မှန်းသိသောကြောင့်လည်း လက်ဖက်ရည်သောက်ခဲ့ဖို့ တကူးတကန့် မှာလိုက်ခြင်းဖြစ်၏။ ဒါတောင်သူက လက်ဖက်ရည်ကို 'ရှယ်'မသောက်ပဲ ရိုးရိုးသာသောက်ခဲ့သည်။ 'လပ်ကီး'လေး ခဲလိုက်ချင်သော်လည်း တစ်လိပ်လေးကျပ်မို့ ဂျိုးသိန်းတစ်လိပ်သာသောက်ဖြစ်သည်။

ကျောင်းကိုပြန်ရောက်တော့ မုန့်စားတောင်မဆင်းသေး ။ သူ့အတန်းဆီသို့တန်းကာလာခဲ့သည်။ အတန်းကမငြိမ်သက်ဘဲ ဆူဆူညံညံဖြစ်နေတာ ခပ်လှမ်းလှမ်းကပင်ကြားရသည်။ ဆရာမကြီးကိစ္စရှိလို့ ရုံးခန်းပြန်နေတုန်း ကျောင်းသားတွေဆော့နေပြီထင်တယ်။ ဒေါ်ခင်စိုးမြင့်ကတော့ ကူထိန်းမှာပါ၊ နှစ်တန်းခွထိန်းနေရလို့ မနိုင်ဘူးထင်တယ် ဟုတွေးသည်။တကယ်တမ်းကျတော့ သည်လိုမဟုတ်။ အတန်းထဲမှာ ဆရာမကြီးတစ်ယောက်လုံး ရှိနေသည်။ သည်ကြားထဲမှာ ဆူနေကြခြင်းဖြစ်၏။ ဆရာမကြီးတောင်မနိုင်ဘူးဆိုတော့ သူ့ကောင်တွေတော်တော်ဆိုးနေပြီဟုတွက်လိုက်သည်။ ဆရာမကြီးကတော့ ပြုံးပြုံးပြုံးပြုံးနှင့်အတန်းသားတွေကြားထဲ လျှောက်သွားနေသည်။

"ဆူလှချည်လားဟေ့"

သူကအော်လိုက်သည်။ သူ့အသံကြားမှ အားလုံးတိတ်သွားကြ၏။ ဆရာမကြီးကသူ့ဆီလျှောက်လာသည်။

"အဆင်ပြေခဲ့လား ဆရာ"

"ဟုတ်ကဲ့ဆရာမကြီး ၊ ဒါနဲ့ အတန်းက တော်တော်ဆူနေတာပဲ၊ ဒီကောင်တွေတော်တော်ဆိုးနေပြီ၊ ဆရာမကြီးရှိတာတောင်"

ဆရာမကြီးက ရယ်ပြီး ............

"သူတို့ကိုကျွန်မ စကားပြောခိုင်းထားတာပါ"

"ဗျာ"

"ဟုတ်တယ်ဆရာ၊ ဒီနေ့မိဘကို ကူညီလို့ ရွှေငွေတွေရတဲ့အကြောင်း ပုံပြင်ပြောပြပြီးကိုယ့်မိဘကို ဘာတွေကူညီခဲ့ဖူးတယ်ဆိုတာ အချင်းချင်းပြောရမယ်လို့ပြောထားလို့ တစ်ယောက်နဲ့တစ်ယောက်အားပါးတရ ပြောနေကြတာလေ။ တစ်ယောက်တစ်လှည့်စီ ပြောရာက စိတ်မရှည်ဘဲ လုပြောကြလို့ ဆူနေတာပေါ့ ဆရာရဲ့"

"ဩော်.....မသိပါဘူး ၊ ကျွန်တော်က ဆရာမကြီးရှိတာတောင် ဆူနေကြတယ်ဆိုပြီး ကျွန်တော့်အထိန်းအသိမ်း ညံ့လို့များလားလို့"

'ဘယ်ဟုတ်မလဲ ဆရာ၊အတန်းတစ်တန်းက အပ်ကျသံတောင် ကြားရမလောက်တိတ်ဆိတ်နေမှတာ အဲဒီဆရာအထိန်းအသိမ်း ညံ့တယ်လို့ပြောရမှာပါ"

"ဘယ်လိုခင်ဗျ ၊ ဆရာမကြီးစကားက အဆန်းပဲ"

ဆရာမကြီးကပြုံးသည်။

"ဒီလိုဆရာရဲ့ ၊ အထက်တန်းကျောင်းကြီးတစ်ကျောင်းဆိုရင်တော့ကျောင်းသားတွေတိတ်ဆိတ်ငြိမ်သက်နေတာ သဘာဝကျတယ်၊ ဒါပေမယ့် ကျွန်မတို့လိုမူလတန်းကျောင်းလေးတစ်ကျောင်းအဖို့တော့ သိပ်တိတ်ဆိတ်နေရင် အဓိပ္ပါယ်မရှိဘူး၊ ဆရာစဉ်းစားကြည့်လေ၊ မူလတန်းအဆင့်ဆိုတာတကယ့် ကလေးငယ်လေးတွေပဲရှိသေးတာ၊ သူတို့ကို ကဗျာတွေရွတ်ခိုင်းရမယ် ၊ စာတွေအော်ဆိုခိုင်းရမယ်မဟုတ်လား၊ ဒါကြောင့်မူလတန်းကျောင်းမှန်ရင်ဆူညံလှုပ်ရှားတက်ကြွနေရမယ်၊ ဒါမှမဟုတ်တိတ်ဆိတ်ငြိမ်သက်နေရင် ဆရာဆရာမတွေကရေသာခိုချင်လို့ကလေးတွေကို စာတွေချည်းလိုမ့်ရေးခိုင်းထားတာဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ဟိန်းဟောက်ရိုက်နှက်ပြီးတုတ်တုတ်မှမလုပ်ရဲအောင် လုပ်ထားတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒီအရွယ်လေးတွေဆိုတာ အငြိမ်နေချင်တတ်ကြတာမဟုတ်ဘူး၊ သိပ်အဆော့သန်တဲ့ အရွယ်ပေါ့၊ အဲဒီလိုပင်ကိုယ် စရိုက်သဘာဝ ကိုအတင်းသွားချုပ်ချယ်ရင် စိတ်ညစ်ပြီး ကျောင်းကိုမုန်းသွားလိမ့်မယ်။ နောက်ပြီးသူတို့အရွယ်ကလေးတွေကမိဘနဲ့ ရင်အုပ်မကွာနေနေကြတဲ့အရွယ်လေ၊ မိဘရင်ခွင်က ဆရာဆရာမရဲ့ ရင်ခွင်ကိုအချိန်အပိုင်းအခြားနဲ့လာပြီးခိုလှုံနေကြတာမဟုတ်လား၊ ဒီတော့ ချော့သင့်ချော့ ၊ ခြောက်သင့်ခြောက်၊ မြှောက်သင့်မြှောက်ပြီးကျောင်းမှာပျော်အောင်လုပ်ရတယ်။ တစ်ခါတစ်လေလည်း ဆူပါစေ ၊ ဆော့ပါစေ ဆိုပြီးခဏတဖြုတ် လွှတ်ပေးထားရတယ်။ ပြီးမှကိုယ်သင်ချင်တဲ့စာကိုခဏလေးထည့်ပေးလိုက်ကြည့်၊ ဟိန်းဟောက်ပြီး သင်တာထက်ပိုတတ်လွယ်တယ်ဆရာရဲ့ ၊ ကျွန်မလုပ်သက်တစ်လျှောက်လုံးဒီနည်းနဲ့ သင်လာတာပဲ'

သူကျေနပ်စွာပြုံးလိုက်သည်။ ဆရာမကြီး၏သမ္မာကိုလည်းလေးစားသွားမိသည်။

"ကဲ....ကျွန်မလေရှည်နေတာနဲ့ဆရာတောင်မနားရသေးဘူး၊ ဩော်....ဒါနဲ့ဒီနေ့မုန့်စားဆင်းချိန် တာဝန်မှူးကဆရာပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဆရာပင်ပန်းရင်နားချင်နားပါလား၊ တခြားတစ်ယောက်အစားထိုးလိုက်မယ်"

"ရပါတယ်ဆရာမကြီး၊ ကျွန်တော်ပဲတာဝန်ယူပါ့မယ်"

မုန့်စားဆင်းဖို့ အချိန်နီးနေပြီဖြစ်၍စာမသင်တော့ဘဲ ထားလိုက်သည်။ ကလေးတွေကတော့ စောစောက သူဆူထားသဖြင့် သိပ်မဆူတော့ ။ တစ်ခုသတိရသဖြင့် ........

"ကဲ ....မင်းတို့ကိုဆရာမကြီးက မိဘကူညီတဲ့အကြောင်း ပြောသွားတယ်မဟုတ်လား ၊ နက်ဖြန်ကျရင် တစ်နေ့တာအတွင်းမိဘကိုဘာတွေကူညီခဲ့တယ်ဆိုတာ တစ်ယောက်ချင်းပြောပြရမယ်၊ကြားလား"

"ကြားပါတယ်ဆရာကြီး"

တစ်ဖက်အတန်းကိုလှမ်းကြည့်လိုက်သည်။ ဒေါ်ခင်စိုးမြင့်က အေဘီစီဒီ စာလုံးတွေရေးထားသောကတ်ပြားများကို ကလေးများအား တစ်ရွက်စီဝေပေးနေသည်။

"ကဲ ......ကိုယ့်ကတ်ပြားပေါ်က စာလုံးကို ကိုယ်သေသေချာချာကြည့်ထားနော်၊ ဆရာမက စကားလုံးတစ်လုံးပြောမယ်၊ အဲ့ဒီစကားလုံးထဲက စာလုံးပေါင်းအတိုင်း ကတ်ပြားရှိတဲ့လူတွေထွက်လာရမယ်၊ ကဲ......ပုရွက်ဆိတ်ကို အင်္ဂလိပ်လိုဘယ်လိုခေါ်လဲ"

ရှေ့တန်းကမိန်းကလေးတစ်ယောက်ကို မေးသည်။

"အေ........အန်.......တီ..........အန့်ပါဆရာမ"

"ကဲ.......ကတ်ပြားအေ ရယ် အန်ရယ် တီရယ် ရှိတဲ့လူအခန်းရှေ့ကိုထွက်ခဲ့ကြ"

ကလေးသုံးယောက်ထွက်သွားသည်။

"တန်းစီ ၊ ကတ်ပြားတွေကိုမြှောက်ပြီးကိုင်ပြ၊ အေး .....ဟုတ်ပြီ၊ အားလုံးဆိုကြည့်စမ်း"

"အေ ...........အန်.............တီ.........အန့် ပုရွက်ဆိတ်"

"မှတ်မိတယ်နော် ၊ ပုရွက်ဆိတ်ကိုမြင်ဖူးကြတယ်မဟုတ်လား"

"မြင်ဖူးပါတယ်ဆရာမ"

"ပုရွက်ဆိတ်မှာအရောင်ဘယ်နှစ်မျိုးရှိသလဲ"

"နှစ်မျိုး"

"ဘာလဲ"

"အနီနဲ့အနက်"

"လူကိုကိုက်တတ်တာဘာအရောင်လဲ"

"အနီရောင်"

'အေး .......ဟုတ်ပြီ'

ထို့နောက် ပုရွက်ဆိတ်နှင့်ပတ်သက်၍ဗဟုသုတဖြစ်ဖွယ်များကိုပြောပြီးပုရွက်ဆိတ်နှင့်နံ့ကောင် ပုံပြင်ကို ဆက်ပြောပြသည်။

အင်း ......တကယ်တော်တဲ့ဆရာမလေးပဲ၊ ကလေးတွေအပေါ်မှာလည်း တော်တော်စေတနာထားတယ်၊ စိတ်သဘောထားလည်းပြည့်ဝကောင်းမွန်မယ့်ပုံပဲဟုစိတ်ထဲကျိတ်၍ ချီးကျူးနေတုန်း ကျောင်းဆင်းခေါင်းလောင်း ထိုးသံကြားရသည်။

သူတို့ကျောင်းလေးမှာ အစီအစဉ်တစ်ခု လုပ်ထားတာရှိသည်။ ကျောင်းဆင်းချိန်နှင့် မုန့်စားဆင်းချိန်တို့တွင် ဆရာဆရာမတစ်ယောက်စီ အလှည့်ကျတာဝန်ယူပြီး ကလေးတွေကို စောင့်ရှောက်ပေးရန်ပင်ဖြစ်၏။

ကျောင်းရှေ့မှာကားလမ်းရှိသည်။ ပင်မလမ်းမကြီးမဟုတ်သော်လည်း ဖြတ်လမ်းလိုဖြစ်နေသဖြင့် ကားအသွားအလာ များသည်။ သူတို့ကျောင်းကလေးမှာ ဆင်ခြေဖုန်းမြို့နယ် အစွန်အဖျားရှိ သာမန်ရပ်ကွက်တစ်ခု အတွင်းမှာ တည်ရှိသဖြင့်မြို့ထဲက ကျောင်းကြီးတွေမှာလိုကျောင်းဆင်းချိန်တွင်ယာဉ်ထိန်းရဲ တွေကလမ်းရှင်းပေးတာမျိုးမရှိ။ 'ကျောင်းရှိသည် ၊ ဖြည်းဖြည်းမောင်း'ဆိုသော လမ်းညွှန်ဆိုင်းဘုတ်လည်းမရှိ။ ကားတွေကလည်း များသောအားဖြင့်ကလေးတွေ ကျောင်းဆင်းလာပါလား ဆိုသောအသိစိတ်ဓာတ်ဖြင့်ဖြည်းဖြည်းမောင်းပေးတာမျိုးမရှိ။

သည်တော့ ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်နှင့်ပင် ကြည့်ရှုစောင့်ရှောက်ပေးရသည်။နိုင်ငံခြားမှာလို'စတော့ပ်' ဆိုသောဆိုင်းဘုတ်ကြီးကိုကိုင်ပြီး ကားတွေရပ်ခိုင်းလို့တော့မဖြစ်။ ဒါမျိုးလုပ်ပိုင်ခွင့်လည်းမရှိ။ ကြက်ခြေနီတို့ ၊ အရန် မီးသတ်တို့က လုပ်ပေးလျှင်တော့ရသည်။ သို့ရာတွင်နေ့စဉ်နေ့တိုင်း ကိစ္စကျတော့ အကူအညီတောင်းဖို့မလွယ်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းကူးမည့်ကလေးတွေကို ရပ်ပြီးစောင့်ခိုင်းထားရသည်။ ကားတွေရှင်းပြီဆိုမှတစ်သုတ်ပြီးတစ်သုတ်ကူးခိုင်းရသည်။ လမ်းကူးရာမှာမပြေးဖို့ သွက်သွက်မှန်မှန်ကူးဖို့သတိပေးရသည်။ အလုပ်ပိုသော်လည်း ကလေးတွေအတွက် တကယ်လိုအပ်သဖြင့် ဆရာဆရာမအားလုံး ကျေကျေနပ်နပ်ပင် အလှည့်ကျတာဝန်ယူပေးကြသည်။

မုန့်စားဆင်းချိန်မှာတော့ ကလေးအချင်းချင်း ရန်မဖြစ်အောင် ၊ အနိုင်မကျင့်အောင် ကစားရာမှာအန္တရာယ်မဖြစ်အောင် ထိန်းသိမ်းပေးရသည်။ ကျောင်းမုန့်ဈေးတန်းက ဈေးသည်တွေ ကျန်းမာရေးနဲ့ညီညွတ်အောင် ပြင်ဆင်ရောင်းချရဲ့လား ၊ စည်းကမ်းလိုက်နာရဲ့လား ၊ ဆက်ဆံရေးကောင်းရဲ့လား လိုက်လံစစ်ဆေးပေးရသည်။

ဈေးဆိုင်တွေဘက်လျှောက်ရင်းကလေးတွေစားကြသောက်ကြတာကိုကြည့်သည်။ ကလေးတွေမှာ အလယ်အလတ်မှ အောက်ဆုံးလွှာအထိရှိသည်။ မုန့်ဖိုငါးကျပ်ရသူ၊လေးကျပ် ၊ သုံးကျပ်၊နှစ်ကျပ်၊ တစ်ကျပ်ရသူထိရှိသည်။ တချို့ကျတော့ ငါးမူးသာရသည်။ ငါးမူးသမားကဘာသွားစားမလဲ။ ဆီးထုပ်တောင် အနည်းဆုံးတစ်ကျပ်ဖြစ်နေပြီ။ သူ့ဟာနဲ့သူတော့လည်းဟုတ်နေတာပါပဲ။ တစ်ကျပ်တန်ဆီးပြားကို နှစ်ထုပ်ခွဲပြီး ငါးမူးနှင့်ရောင်းတာရှိသည်။ ဈေးသည်တွေက သူတို့ဘာသာအိမ်မှာထိုးသောဆီးယို၊ မရန်းပြား၊ သရက်ပြားတွေကို အာသာပြေရုံဝယ်စားရသည်။ ထူးထူးခြားခြားတစ်နေ့မှတစ်မတ်ရသူတောင်ရှိသည်။ အကြွေတစ်မတ်စေ့က ရှားပြားနေပြီဖြစ်၍ နှစ်ရက်အတွက် ပြားငါးဆယ်တန် ငွေစက္ကူတစ်ရွက်ရသည်။။သူများကလေးတွေလို ကျောင်းမုန့်ဖိုးပေးတယ်ဆိုတာမျိုးလည်း ဖြစ်စေချင်၊ တတ်လည်းမတတ်နိုင်သဖြင့် စတိသဘောပေးခြင်းမျိုးဖြစ်သည်။မုန့်ဖိုးဟု နာမည်ခံရုံသက်သက်။ သည်လိုကလေးမျိုးတွေကျတော့ ရွေးစရာလမ်းသိပ်မရှိ။ နှစ်ရက်တစ်ခါ ငါးမူးဖိုးဝယ်စားချင်စား။ နေ့တိုင်းဝယ်စားချင်လျှင်တော့တစ်ခုပဲရှိသည်။ သခွားသီးကို လက်ညှိုးလောက်အစိတ်ကလေးတွေစိတ်ပြီး တုတ်နဲ့ထိုးထားတာကို အချဉ်ရည်နဲ့တို့စား ၊ တစ်ခုတစ်မတ်ဖြစ်သော်လည်း အမ်းစရာတစ်မတ်စေ့အတွက် အလွယ်တကူ မရှိသဖြင့် ပြားငါးဆယ်တန်ငွေစက္ကူကိုပေးတစ်ခုယူစားပြီး 'အဒေါ်ကြီးတစ်ခုပဲယူတာနော်၊ တစ်မတ်ကျန်တာ နက်ဖြန်မှယူစားမယ်' ဟုပြောရသည်။ ကလေးဆိုတော့လည်း သူများစားလျှင်ကိုယ်လည်းစားချင်သဖြင့် နေ့တိုင်းစားရအောင် ကိုယ့်နည်းကိုယ့်ဟန်နှင့်ကြံဖန်ရခြင်းဖြစ်၏။

"ဆရာကြီး"

ခေါ် သံကြားသဖြင့်လှည့်ကြည့်သည်။ သူ့အတန်းကကျောင်းသူသက်ထားမော်လက်ပိုက်ပြီးရပ်နေသည်။

"ဘာလဲသက်ထားမော်"

"သမီးပိုက်ဆံပျောက်သွားလို့"

"ပိုက်ဆံပျောက်တယ်၊ ဘယ်လိုပျောက်တာလဲ၊ သမီးကဘယ်မှာထားလို့လဲ"

"သမီးကွန်ပါဘူးထဲမှာထည့်ထားတာမုန့်စားလွှတ်လို့ကြည့်တော့မရှိတော့ဘူး"

"အထားများမှားသလား၊ လွယ်အိတ်ထဲမှာ ကြည့်ပြီးပြီလား ၊ ခုံအောက်တွေဘာတွေရော"

"ဘယ်မှာမှမရှိဘူးဆရာကြီး"

"ကွန်ပါဘူးထဲကပျောက်တယ်ဆိုတော့ ........ဩော်......ဆရာကြီးအပြင်သွားနေတုန်း သမီးတို့အတန်းထဲမှာ ဟိုသွားဒီသွားလျှောက်သွားကြတယ်မဟုတ်လား"

"ခဏလေးပါ ၊ သမီးအိမ်သာခဏသွားတာပါ"

ဖြစ်နိုင်တာသူအပြင်သွားနေတုန်း ဆရာမကြီးအတန်းကိုကြည့်ထားသည်။ ဆရာမကြီးကိစ္စခဏ ရှိ၍ရုံးခန်းခဏသွားနေတုန်း ကလေးတွေဆော့ကြမည်။ သက်ထားမော်က သံလိုက်ကွန်ပါဘူးကိုစားပွဲပေါ်တင်ပြီး တခြားခုံမှာ သွားဆော့မည်။ ထိုစဉ်တစ်ယောက်ယောက်က နောက်ပြောင်သည့်သဘောဖြင့်ပိုက်ဆံကိုနှိုက်ထားမည်။ ပြီးတော့လောဘလေး ဝင်လာပြီးပြန်မပေးဘဲထားမည်။

"သမီးခုံနားကို ဘယ်သူတွေလာတာတွေ့လည်း"

"ဂေါ်လစ်တို့တွေဓားခုတ်တမ်းလာကစားတာတွေ့ရတယ်၊ သူပဲဖြစ်မှာပဲ"

"ဂေါ်လစ်ယူတာကိုသမီးတွေ့လို့လား"

"ယူတာတော့မတွေ့ပါဘူး၊ ဒါပေမယ့်သမီးတို့အိမ်သာကပြန်လာတော့ သမီးတို့ခုံနားကနေ သူထွက်သွားတာမြင်တယ်။ ၊ သူပဲယူမှာပဲ ဆရာကြီးပြန်တောင်းပေးပါ"

"သူယူတာတပ်အပ်မမြင်ဘဲ မစွပ်စွဲကောင်းဘူး သမီးရဲ့ ၊ တကယ်လို့မဟုတ်ရင် သူ့သိက္ခာ ၊ အဲ...သမီး ငရဲကြီးနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုသမီး ပိုက်ဆံပြန်မရတော့ဘူးပေါ့"

ပြောရင်း ငိုမဲ့မဲ့ဖြစ်လာသည်။

"သမီး ပိုက်ဆံကဘယ်လောက်လဲ"

"နှစ်ကျပ်"

"ကဲ......ဆရာကြီးနှစ်ကျပ်စိုက်ပေးမယ်၊ ဒါပေမယ့် ဒီတစ်ခါပဲ စိုက်ပေးနိုင်မှာနော်၊ နောက်တစ်ခါမပျောက်အောင် ကိုယ့်ဟာကို ဂရုစိုက်ရမယ် ၊ ဟုတ်ပြီလား " သက်ထားမော်ကခေါင်းညိတ်သည်။ သူကကျပ်တန်နှစ်ရွက်ကို ထုတ်ပေးလိုက်သည်။ သက်ထားမော်ဝမ်းသာအားရဖြစ်သွားပြီး မုန့်ဆိုင်ဘက်ပြေးသွားသည်။

ကလေးတွေဆိုတာ တစ်ခါတစ်လေ ထင်ရာမြင်ရာပြောတတ်သည်။ သူတို့ပြောတိုင်းလည်းယုံနေလို့မဖြစ်။

အိမ်ကတည်းကပါမလာတာ။ လမ်းမှာကျပျောက်ခဲ့တာကို ကျောင်းရောက်မှပျောက်ပါသည်ပြောချင်ပြောတတ်သည်။ ကျောင်းမတက်ခင်မုန့်ဝယ်စားခဲ့တာကိုမေ့ပြီးပိုက်ဆံသုံးကျပ်ပါတာ အခုနှစ်ကျပ်ပဲရှိတော့သည်။ လုပ်ချင်ရာလုပ်သည်။ ခဲတံပျောက်သွားပြီး သူများဆီမှာကိုယ့်ဟာနဲ့တူတာတွေ့လျှင် ကျွန်တော့်ခဲတံပါ။ သမီးဥစ္စာပါ ပြောချင်ပြောတတ်သည်။ ထို့ကြောင့် ပေါက်ကရတွေဆိုပြီး သူတို့စကားတိုင်းကို ပစ်ပယ်လို့လည်းမရပြန်။ တစ်ခါတစ်လေ သူတို့ပြောတာ တကယ်ဟုတ်ချင်လည်းဟုတ်နေတတ်သည်။

ထို့ကြောင့် နည်းနည်းစနည်းနာကြည့်ဦးမည်ဟုတွေးပြီး မုန့်ဆိုင်တန်းဘက်လျှောက်အလာတွင် အုန်းဆီညှပ်ဝေဖာတစ်ခုကိုင်ပြီး မျက်နှာချင်းဆိုင်မှလျှောက်လာသောကုလားကပြားလေးဂေါ်လစ်ကိုတွေ့ရသည်။

"ဟာ .......မင်းမုန့်တွေတယ်ကောင်းမယ့်ပုံပဲကွ ဟေ"

သူက နှုတ်ဆက်လိုက်ရာ ဂေါ်လစ် ကြောင်အအ ဖြစ်သွားသည်။

"ဘယ်လောက်ဖိုးလဲကွ"

'နှစ်ကျပ်ဖိုးပါ ဆရာကြီး'

နှစ်ကျပ်ဆိုတာကတော့ တူသည်။ သို့ရာတွင်ခိုင်လုံသောအထောက်အထားမဟုတ်။ သူကတစ်ချက်စိုက်ကြည့်လိုက်ပြီး ဂေါ်လစ်မနေတတ်မထိုင်တတ်ဖြစ်သွားမလားဟုအကဲခတ်ကြည့်သည်။

"ဆရာကြီး စားပါဦး"

ဂေါ်လစ်က သူ့မုန့်ကိုလှမ်းပေးသည်။

"စားပါကွာ ၊ မင်းမဝဘဲနေပါဦးမယ်"

ဂေါ်လစ်၏လက်တွင် ခြောက်ဆယ် ၊ ခုနစ်ဆယ်တန် ပလတ်စတစ် ကွာ့ဇ်နာရီလေးကို တွေ့လိုက်ရသည်။ နာရီကောင်းဆင်နိုင်သည့်မိဘက မုန့်ဖိုးတော့မပေးဘဲနေမှာမဟုတ်ဟုတွက်လိုက်၏။

သက်ထားမော်၏ပိုက်ဆံနှစ်ကျပ်ကို ဂေါ်လစ်ယူတာမဟုတ် ဟုဆုံးဖြတ်လိုက်သည်။

ကလေးတွေ ခြေထောက်ညောင်းစပြုလာကြပြီ။ ဆောင့်ကြောင့်ထိုင်သူက ထိုင်ချသည်။ တချို့ကဖောင်းထဲမှာ ကြာလာသောမြင်းတွေလို ခြေလှုပ်လက်လှုပ်ဖြစ်လာကြ၏။ မနက်ခြောက်နာရီခွဲကတည်းက ကျောင်းရှေ့မှာ စုပြီးခေါ်လာခဲ့ခြင်းဖြစ်သည်။ ခုနစ်နာရီထိုးကာနီးပြီဆိုတော့ညောင်းလောက်ပေပြီ ။

မိုးမရွာလို့တော်သေးသည်။ သို့တိုင်အောင် တော်သလင်းနေက မနက်ရှစ်နာရီဆိုသည့်တိုင်အတော်ပြင်းစပြုလာပြီ။ တချို့ကလေးတွေမှာရေဘူးပါလာသည်။ အချင်းချင်းမျှသောက်ကြရသည်။ မနက်စောစောစာမစားရသည့်ကလေးတွေဆိုလျှင် တော်တော်ဆာနေကြရော့မည်။သူကိုယ်တိုင်လည်းဗိုက်ထဲကဟာလာသည်။ မနက်က ကွမ်းဆိုင်မှာ ဆေးလိပ်ဝယ်ရင်း ငှက်ပျောသီးတစ်လုံးသာစားခဲ့ရသည်။ ခပ်လှမ်းလှမ်းမှာလက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်။ သွားသောက်ချင်သော်လည်း ကလေးတွေကို ထားခဲ့ ပြီးကိုယ့်ဝမ်းကိုယ်သွားဖြည့်တာမျိုးမလုပ်ချင်။

"ဆရာစားပါဦး"

ဆရာမဒေါ်ခင်စိုးမြင့်က လိမ္မော်သီးတစ်ခြမ်းလာပေးသည်။

"စားပါ ဆရာမ၊ မနက်စောစောဆိုတော့ အချဉ်မစားချင်ဘူး"

"လက်ဖက်ရည်သောက်ချင်နေတာမဟုတ်လားဆရာ"

သူပြုံးလိုက်သည်။ ဒေါ်ခင်စိုးမြင့်က သူဘာသောက်ချင်ကြောင်းသိနေသည်။ တစ်ယောက်အတွင်းစိတ်ကို တစ်ယောက်ကသိနေခြင်းဟာ နားလည်မှုတစ်ခုလားဟု သူတွေးသည်။ ဒါဆိုရင် ခုချိန်မှာဒေါ်ခင်စိုးမြင့်စိတ်ထဲမှာကော ဘာများစားချင်သောက်ချင်နေသလဲဟု မုန်းဆကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသိချေ။ အင်း .....လိမ္မော်သီးစားချင်လို့စားနေတာဖြစ်မှာပေါ့ဟူ၍သာသတ်မှတ်လိုက်၏။

"လာခါနီးပြီထင်တယ်နော်"

ဒေါ်ခင်စိုးမြင့်က ပြောသည်။

"ဟုတ်တယ် ၊ နည်းနည်းတောင်နောက်ကျနေပြီ၊အထူးသန့်ရှင်းရေး လုပ်အားပေးပွဲတစ်ခုဝင်စရာရှိနေလို့ ပြောနေသံတော့ကြားနေတာပဲ"

ဆိုင်းဘုတ်ဖွင့်ပွဲအတွက် သူတို့ကျောင်းကလေးမှ ကျောင်းသားကျောင်းသူအယောက်နှစ်ဆယ်လောက် အကူအညီတောင်းသဖြင့် လေးတန်းကလေးတွေခေါ်လာခြင်းဖြစ်၏။ သူကတော့ထုံးစံအတိုင်းမပါမဖြစ်။ ဆရာမကြီးကခရိုင်အစည်းအဝေးရှိနေသဖြင့်မလိုက်နိုင်။ လေးတန်းဆရာမကလည်းကိုယ်ဝန်ကြီးနှင့်မို့ ဆရာမကြီးက ဒေါ်ခင်စိုးမြင့်ကို လူစားထည့်လိုက်သည်။ သူနှင့်ဒေါ်ခင်စိုးမြင့်တို့ နှစ်ယောက်တွဲမိအောင် ဆရာမကြီးက တမင်ဖန်တီးပေးလိုက်တာလား ၊ ဆရာမကြီးလည်း တခြားဆရာမတွေနဲ့ အလိုတူအလိုပါပဲလားဟု တွေးနေတုန်း .......

"ဆရာကြီး"

ခေါ် သံကြားသဖြင့်လှည့်ကြည့်သည်။ ကျောင်းသားလေးတစ်ယောက်လက်ပိုက်ပြီးရပ်နေသည်။

"ဘာလဲကွ"

"သေးပေါက်ချင်တယ်ဆရာကြီး"

ဟုတ်သားပဲ၊ မနက်အစောကြီးကတည်းကထွက်လာခဲ့တာဆိုတော့အပေါ့အပါးသွားချင် နေကြမှာပဲ၊ လမ်းဆုံလမ်းခွကြီးမှာ၊ ပြီးတော့ တခြားဂုဏ်သရေရှိ လူကြီးမင်းတွေရှေ့မှာ ဖြစ်၍အဆင်ပြေသလို ကော့ပန်းလိုက်ကွာလို့ ပြောလို့မဖြစ်။

"ဒီအနီးအနားကအိမ်တွေမှာ အကူအညီတောင်းကြည့်ပါလားဆရာ"

ဒေါ်ခင်စိုးမြင့်ကအကြံဥာဏ်ပေးသည်။ တိုက်ခံအိမ်တစ်လုံး၏ဝင်းပေါက်ဝမှာ လူတစ်ယောက်ထွက်ရပ်နေတာတွေ့ရသဖြင့် လျှောက်သွားပြီး အကူအညီတောင်းကြည့်သည်။

"ဟာ ........ရပါတယ်ဆရာ၊ အိမ်သာဝင်ချင်တဲ့ကလေးတွေအားလုံးသာခေါ်ခဲ့ပါ"

ဟုလိုလိုချင်ချင် ခွင့်ပြုသဖြင့် ယောကျ်ားလေး အုပ်စုကိုခေါ်ပြီး အိမ်သာလိုက်ပို့ရသည်။ အိမ်ရှင်ကကလေးတွေကို ရေပါတိုက်ပြီးသကြားလုံးတစ်လုံးစီ ပေးလိုက်သေးသည်။သူတို့ပြန်ထွက်လာတော့ ဒေါ်ခင်စိုးမြင့်နှင့် မိန်းကလေးအုပ်စု သွားကြသည်။

ဒေါ်ခင်စိုးမြင့်တို့ပြန်ထွက်လာပြီး မကြာခင်လူစုံသဖြင့် ဖွင့်ပွဲအခမ်းအနားစတင်သည်။မိန့်ခွန်းပြောကြားခြင်း ၊ ဖဲကြိုးဖြတ်ခြင်း ၊ မိုးပျံပူဖောင်းလွှတ်တင်ခြင်း ၊အိုးစည်ဗုံးပတ်များဖြင့်ကခုန်ခြင်းတို့မှာ အချိန်သိပ်မကြာလိုက်။

အခမ်းအနားပြီးတော့ ကလေးတွေကို စုရပ်ဖြစ်သောကျောင်းရှေ့သို့ပြန်ခေါ်လာသည်။ သူကရှေ့မှဦးဆောင် လျှောက်ပြီး ဒေါ်ခင်စိုးမြင့်က ကလေးများ၏နောက်ဆုံးမှ လိုက်လာသည်။ ကျောင်းရှေ့ပြန်ရောက်တော့ တချို့ကလေးတွေက သူတို့ဘာသာပြန်သွားကြသည်။ တချို့ကိုတော့ မိဘတွေကလာကြိုကြ၏။ အားလုံးထွက်သွားကြသောအခါကျောင်းရှေ့မှာ သူတို့နှစ်ယောက်တည်းကျန်ခဲ့သည်။

"ဆရာမကြီး ဆာနေပြီလား"

ဒေါ်ခင်စိုးမြင့်က ပြုံးသည်။ ဆာနေမှာကျိန်းသေသည်။

"တစ်ခုခုစားပါလား ဆရာမ"

ဒေါ်ခင်စိုးမြင့်က ခဏစဉ်းစားနေပြီး .......

"ကောင်းသားပဲ၊ ဆရာ လက်ဖက်ရည်သောက်ပေါ့"

ဟုပြောသည်။ လက်ဖက်ရည်ဆိုင်ကိုလျှောက်လာကြရင်း ကရင်ထဲက တစ်ချက်ထိတ်ခနဲဖြစ်သွားရသေးသည်။ ပါးစပ်ဆော့ပြီး ခေါ်ခဲ့မိရာ အိတ်ထဲမှာ ပိုက်ဆံမှရှိရဲ့လား ဟုတွေးမိသောကြောင့်ဖြစ်၏။ ဆိုင်မှာသူက ပိုက်ဆံရှင်းမှ သင့်တော်မည်မဟုတ်လား၊ အိတ်ထဲမှာငွေသုံးဆယ်လောက်တော့ပါသည်။ ပဲပလာတာနှစ်ချပ်နှင့် လက်ဖက်ရည်နှစ်ခွက်အတွက် တော့လောက်သည်။ တကယ်လို့ ဒေါ်ခင်စိုးမြင့်က ပက်စီသောက်မယ်ဆိုလျှင်တော့ အရှက်ကွဲတော့မည်။ တကယ်တမ်းကျတော့ ဒေါ်ခင်စိုးမြင့်က အလိုက်သိတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမဘာသောက်မလဲ"

မေးတော့ "ဘာမှ မသောက်တော့ဘူး၊ လက်ဖက်ရည်ကော်ဖီသောက်တဲ့အကျင့်မရှိလို့ပါ ။ စမူဆာပဲစားမယ်" ဆိုပြီးစမူဆာ တစ်ခုစားသည်။ သည်တော့မှ သူလည်း စေတနာပိုပြီး ........

"စားပါဦး ဆရာမရဲ့ ၊ တစ်ခုနဲ့ ဘယ်ဝပါ့မလဲ"

ဟုပြောသဖြင့် တစ်ခုထပ်စားသည်။ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ဘာစကားမှမပြောဘဲနေလို့ မဖြစ်သဖြင့် ပြောစရာတစ်ခုခုစဉ်းစားရသည်။

"ဆရာမအိမ်က ကျောင်းနဲ့နီးတယ်ထင်တယ်"

"သိပ်တော့မနီးလှပါဘူး၊ ဘတ်စ်ကားနဲ့ကျောင်းကိုလာရင်ဆယ်မိနစ်လောက်တော့စီးရတယ်၊ ဘာဖြစ်လို့လဲ"

"သြော် ....ဆရာမက ကျောင်းကို စောစောရောက်တတ်လို့ပါ"

"ကျွန်မကတခြားဆရာမတွေလိုသားသမီးကိစ္စ၊ အိမ်ထောင်ကိစ္စ၊ ဗာဟီရတွေမရှိလို့စောစော ရောက်အောင် လာနိုင်တာပါ"

"ဆရာမက တစ်ယောက်တည်းနေတာလား"

မေးပြီးမှ စကားလွန်သွားပြီဟုသိလိုက်သည်။ ဒေါ်ခင်စိုးမြင့်ကတော့ ဘာမှထူးခြားဟန်မပြဘဲ...

"အမေနဲ့နှစ်ယောက်နေကြတာ ၊ သားအမိနှစ်ယောက်တည်းဆိုတော့ ဝန်ကျဉ်းတယ်လေ ၊ သိပ်အလုပ်မရှုပ်ဘူးပေါ့"

"ဆရာမက အမေကြီးကို လုပ်ကျွေးနေတာပေါ့နော်"

ဒေါ်ခင်စိုးမြင့်ကပြုံးသည်။

"အမေက ကျွန်မကိုလုပ်ကျွေးနေတာလို့ပြောရင်ပိုမှန်မလားမသိဘူး ၊ အမေ့ဝင်ငွေက ကျွန်မထက်ပိုများတာကိုး ၊ အမေက ခြင်ထောင်ချုပ်တာလက်ရာသိပ်ကောင်းတယ်၊ ကျွန်မတို့နားက အိပ်ရာခမ်းနားဆိုင်အတွက် မင်္ဂလာခြင်ထောင်တွေဆို အမေပဲချုပ်ပေးရတာ"

မင်္ဂလာခြင်ထောင်ဆိုသော စကားလုံးကြောင့် မျက်နှာပူသွားလားမသိ။ ဒေါ်ခင်စိုးမြင့်ခေါင်းတစ်ချက်ငုံ့သွားသည်။ ပြီးမှ ..........

"ဆရာကနယ်ကနေလာလုပ်နေတာဆို"

ဟုမေးသည်။

"ဟုတ်တယ် ဆရာမ ၊ အညာကပါ၊ မြို့ပေါ်ကတော့မဟုတ်ဘူး ၊ ကျွန်တော်တို့ရွာက နည်းနည်းခေါင်တယ် ၊ ကားလမ်းမကနေ ခြောက်မိုင်လောက်အတွင်းထဲကို ဝင်ရတယ်"

"မိဘတွေက အဲ့ဒီမှာပဲပေါ့"

"ကျွန်တော့်မှာ မိဘမရှိတော့ပါဘူး ၊ ရွာမှာ အစ်မပဲရှိတော့တယ်၊ ကျန်တဲ့အစ်ကိုတွေက တခြားရပ်ရွာမှာ အခြေချနေကြပြီ"

ထို့နောက် ကံကောင်းထောက်မသဖြင့် ဆရာတော်၏ အထောက်အပံ့ဖြင့် တက္ကသိုလ်တက်ခွင့်ရခဲ့ပုံကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြနေမိ၏။ ဒေါ်ခင်စိုးမြင့်မှာ စိတ်ဝင်စားစွာ နားထောင်နေသည်။ ဘုန်းကြီးကျောင်းမှာနေရင်း ကျောင်းတက်ခဲ့ရပုံများကို ပြောပြနေစဉ် ကရုဏာသက်သောမျက်နှာထားများကို မြင်ရသည်။

ဘာကြောင့်တစ်ယောက်အကြောင်းတစ်ယောက်အပြန်အလှန်ပြောပြနေမိကြောင်းကိုတော့ စစ်စစ်ပေါက်ပေါက် မတွေးဖြစ်ကြ။ တစ်ယောက်ဘဝကို တစ်ယောက်စိတ်ဝင်စားမှုရှိနေကြတာတော့သေချာသည်။ ဘယ်တော့ကျလျှင်ထိုထက်ပိုလာမလဲဆိုတာတော့ အချိန်တန်မှပင် သိရပေတော့မည်။

"ဆရာတို့ကတော်တော်အခြေအနေတိုးတက်နေမှပဲ၊ ကျွန်မတို့ကဒီလောက်တောင်မထင်ဘူး"

ကျောင်းရောက်ချိန်လက်မှတ်ထိုးပြီးပြန်အထွက်မှာ ဆရာမဒေါ်အေးအေးချစ်နှင့်ဆုံသည်။ မနေ့ကဒေါ်ခင်စိုးမြင့်နှင့် လက်ဖက်ရည်ဆိုင်ထိုင်ကြသည့်ကိစ္စကိုဘယ်ကဘယ်လိုသတင်းရသလဲမသိ။ တကယ်တော့ ဆရာတစ်ယောက်နှင့် ဆရာမတစ်ယောက်တို့ အလုပ်ကိစ္စအတွက်အတူသွားကြခြင်း ၊စားကြသောက်ကြခြင်းသည်ဘာမျှ မဆန်း ၊ သူတို့နှစ်ယောက်ကျတော့ နဂိုကပင်ဝိုင်းပြီးတွန်းပို့နေကြတာဆိုတော့တစ်ဆိတ်ကိုတစ်အိတ်လုပ်ပြီး ထပ်ချွန်ကြခြင်းဖြစ်၏။

"ဘယ်လိုလဲ ဆရာ ......ကျွန်မတို့စားရဖို့နီးပြီလား"

"ဟာဗျာ ....ဆရာမကလည်းတစ်ယောက်ကိုတစ်ယောက် မပြောရဲမဆိုရဲတွေဖြစ်ကုန်တော့မှာပဲ ၊ကျွန်တော်တို့က ရိုးရိုးသားသားပါဗျာ"

ဒေါ်အေးအေးချစ်က ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့က မရိုးသားစေချင်ဘူး ဆရာရဲ့"

"မလုပ်ပါနဲ့ဗျာ ၊ အေးဆေးနေပါရစေ"

"တကယ်ပြောတာဆရာ၊ ဆရာ့အနေနဲ့အိမ်ထောင်ပြုမယ်လို့ စိတ်ကူးမယ်ဆိုရင်တော့ ခင်စိုးမြင့်ကိုပဲ ရွေးစေချင်တယ်"

သူခေါင်းကုတ်လိုက်သည်။ ဘာပြန်ပြောရကောင်းမလဲစဉ်းစားနေတုန်း ။

"သူများကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်တယ်လို့ တော့မထင်ပါနဲ့နော်၊ ကျွန်မတို့ကျောင်းမှာက အားလုံးမိသားစုတွေလိုနေနေကြတာမို့ မိတ်ဆွေတစ်ယောက်လို မောင်လေးတစ်ယောက်လိုသဘောထားပြီး အကြံပေးတာပါ၊ ရှင်းရှင်းပြောရရင်ကျွန်မတို့က ခင်စိုးမြင့်အတွက် အဓိကထားပြီး စဉ်းစားကြတာပါဆရာ၊ ကောင်မလေးကသိပ်တော်တယ် ၊ ရိုးလည်းရိုးတယ်၊ ဒါကြောင့်သူ့အဖို့က ဆရာ့လိုလူမျိုးနဲ့မှ သင့်တော်မယ်ထင်လို့ပါ၊ ဆရာ့အတွက်လဲ"

"အတန်းကဆူနေပြီဆရာမ၊ တော်ကြာဘေးခန်းတွေ အနှောက်အယှက်ဖြစ်နေဦးမယ်၊ ကျွန်တော့်ကိုခွင့်ပြုပါဦး"

စကားဖြတ်ပြီး ထွက်လာခဲ့ရသည်။ သည်ဆရာမတွေကြားထဲမှာ ကြာကြာမှတောင့်ခံနိုင်ပါ့မလား ဟုတွေးမိသည်။ ကိုယ်ကကော ခပ်ယိုင်ယိုင်များဖြစ်နေပြီလား ၊ သူတို့တွေကကော မိမိ၏အတွင်းစိတ်ကို မိမိထက်ပင်ပိုသိနေလို့များ ခုလိုပြောလိုက်တာလား၊ သူကိုယ်တိုင်ကတော့ ခုထိမပြတ်မသားတွေဝေနေဆဲ။

ရှေ့မှာလက်ပိုက်ရပ်နေသောခင်မောင်ဦးကိုတွေ့လိုက်ရကတည်းက တစ်ခုခုတိုင်တော့မည်ဟုသိလိုက်၏။ ခင်မောင်ဦးသည် စကားလည်းများသည်။ အတိုင်အတောလည်းထူသည်။ စပ်လည်းစပ်စုတတ်သည်။ တစ်ခါတစ်ခါတော့လည်း သူ့ဆီကအတန်းသားတွေအကြောင်းသိရသဖြင့်အသုံးတည့်သည်။

"ကဲ ......ဘာလဲ .......ပြော"

သူကမေးလိုက်သည်။

"ကျွန်တော့်ခဲတံဘောပင်ကိုပြန်မပေးဘူးတဲ့ဆရာကြီး"

"ဘယ်သူကပြန်မပေးတာလဲ"

"ဂေါ်လစ်"

"ကဲ...ဂေါ်လစ်သွားခေါ် စမ်း"

ခင်မောင်ဦးကဂေါ်လစ်ကိုသွားခေါ် သည်။ ဂေါ်လစ်ကခပ်အေးအေးပင်လိုက်လာသည်။

"ဂေါ်လစ် .....မင်းသူ့ခဲတံဘောပင်ကိုပြန်မပေးဘူးဆို"

"သူကသုံးကျပ်ပဲပေးတာကိုး ဆရာကြီးရဲ့"

"ဘာ ...ဘယ်လိုသုံးကျပ်ကဘာလဲ ၊ ရှင်းစမ်းပါဦး"

"သူက ခဲတံဘောပင်ကိုကျွန်တော့်ဆီမှာ သုံးကျပ်နဲ့ပေါင်တယ်"

"ဘာ ......ပေါင်တယ်ဟုတ်လား"

"ကျွန်တော်သုံးကျပ်ပြန်ပေးတာကို ကျွန်တော့်ဟာပြန်မပေးဘူးတဲ့"

ဟုခင်မောင်ဦးက ဖြတ်ပြောသည်။ ဂေါ်လစ်က ခင်မောင်ဦးဘက်လှည့်၍ ...........

"သုံးကျပ်တည်းပေးလို့ရမလား ၊ အတိုးတစ်ကျပ်ပေးမယ်လို့မင်းပဲပြောခဲ့ပြီးတော့"

"ဟေ့ကောင်တွေတိတ်စမ်း "

သူကဟောက်လိုက်ပြီး .........

"ဒီမှာနားထောင် ၊ သူငယ်ချင်းချင်း ခင်လို့မုန့်ဝယ်ကျွေးချင်ကျွေး ၊ ပိုက်ဆံချေးချင်ချေး ၊ ယူတဲ့လူကလဲ မှန်မှန်ကန်ကန်ပြန်ပေး ၊ ပစ္စည်းပေါင်တာတို့ ၊ အတိုးနဲ့ချေးတာတို့လုံးဝမလုပ်ရဘူး၊နောက်တစ်ခါဒါမျိုး ကြားရင်ရိုက်မယ်၊ မင်းတို့ငယ်ငယ်လေးရှိသေးတယ်၊ ဒါမျိုးတွေမလုပ်ရဘူး၊ကဲ .......မင်းကပိုက်ဆံသုံးကျပ်ပြန်ပေး၊ မင်းက ခဲတံဘောပင် ပြန်ပေးလိုက်"

ဂေါ်လစ်က ခဲတံဘောပင်ကို မကျေမနပ်နှင့်ပြန်ပေးလိုက်သည်။ သူတို့အိမ်ကလူတွေ ဟင်းချက်စရာမရှိလို့ ဆန်ဝယ်ဖို့ ငွေလိုလို့ လုံချည်တို့ နာရီတို့ မီးပူတို့ပေါင်ကြနှံကြတာတွေမြင်ပြီး အတုမြင်အတတ်သင်လာကြခြင်းဖြစ်သည်။

ဂေါ်လစ်ကိုတော့ နည်းနည်းသတိထားစောင့်ကြည့်ရမည်။ သည်ကောင်ကနည်းနည်းရှုပ်ချင်သည်။ လည်လည်းလည်သည်။ ပြဿနာတွေကလည်းသည်ကောင်နှင့်ပတ်သက်ပြီး နွယ်နွယ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာရည်တိုးတက်မှုမှတ်တမ်းကတ်ပြားကိုအိမ်ကိုမပြဘဲသူ.ဘာ သာလက်မှတ်ထိုးလာတာမျိုး၊ကျောင်းပြေးပြီး ခွင့်စာတောင်းတော့ ဟိုလိုလို သည်လိုလိုလုပ်နေတာမျိုး ၊ သူ.ထက်ငယ်သည့်ကလေးတွေဆီက နောက်သလိုပြောင်သလို လုပ်၍မုန်.လုစားတာမျိုး ၊ ကျောင်းမတက်ခင်လွယ်အိတ်တွေဘေးချပြီး ဆော့နေသည့်ကလေးတွေ ထမင်းဘူးထဲက ဟင်းခိုးစားတာမျိုး ။

ဟိုတစ်ပတ်ကတော့ ကလေးတစ်ယောက်ကလာတိုင်သည်။ ဂေါ်လစ်ကသူ.ဆီကခဲတံတစ်ချောင်းငှားသည်။ သူ.ခဲတံအသစ်ကိုချွန်ကာစပဲရှိသေးသည်။ ဂေါ်လစ်က ရေးစရာမရှိ၍တစ်ရက်လောက်ငှားပါဆိုသဖြင့်ငှားလိုက်သည်။ ညနေပြန်ပေးတော့ ခဲတံကတော်တော်ကြီးတိုနေသည်။ ဂေါ်လစ်က'မင်းခဲတံစငှားတုန်းက တိုင်းထားလို.လား'ဟု ခပ်တည်တည်နှင့် ပြန်မေးသေးသည်။ အမှန်တော့ဂေါ်လစ်ခဲတံအသစ်ကို နှစ်ဆစ်လောက်ဖြတ်ထားပြီး ကျန်တာကို ပြန်ချွန်ပေးလိုက်ခြင်း ဖြစ်၏။

နောက်တစ်နေ.မှာခဲတံတိုတိုလေးနှင့် ဂေါ်လစ်စာရေးနေတာတွေ.မှ သဘောပေါက်ရခြင်းဖြစ်၏။ ဂေါ်လစ်၏မိဘများကသိပ်ချို.ချို.တဲ့တဲ့မဟုတ်နိုင်။ ကလေးကိုလက်ပတ်နာရီတောင်ဆင်နိုင်တာတွေ.ခဲ့ရသည်။ ခုနောက်ပိုင်းမှာတော့ ဂေါ်လစ်နာရီပတ်လာတာမတွေ.တော့ ။ ပျက်သွားတို.ဘာတို.ဖြစ်နိုင်သည်။

ဂေါ်လစ်သည် ပင်ကိုယ်စရိုက်ကပင်နည်းနည်းပျက်ချင်ချင်ဖြစ်နေလို.လား၊ ရပ်ကွက်ထဲမှာပဲ အပေါင်းအသင်းမှားလေသလား ၊ သတိထားပြီးစောင့်ကြည့်ရမည်၊ အခြေအနေပို၍ယိုယွင်းလာလျှင်တော့ နည်းလမ်းရှာပြီး ပြုပြင်ဆုံးမရမည်။

သည်ကလေးတွေကိုဆုံးမရာမှာ ဂရုစိုက်ရသည်။ တချို.ကိစ္စတွေမှာမသိမသာသွယ်ဝိုက်၍ဆုံးမရသည်။ တစ်ခါတစ်လေကျတော့ သေသေချာချာနားလည်အောင်ရှင်းပြရသည်။ တစ်ခါတစ်လေကျတော့ ဘာမှမရှင်းပြဘဲ 'ဒါမလုပ်ရဘူး'ဆိုပြီးယတိပြတ်အမိန်.ပေးသလိုလုပ်ရတာမျိုးရှိသည်။တစ်ခါတည်းမှတ်သွားအောင် ခပ်စပ်စပ်ကလေးရိုက်ပေးဖို.လိုအပ်သောကိစ္စမျိုးလည်းရှိသည်။ သူ.အတိုင်းအတာအလျောက်သင့်တော်သလိုမဆုံးမတတ်လျှင်ကလေးကို အကောင်းဘက်ဆွဲခေါ်ရာမရောက်ဘဲ အဆိုးကိုပိုစိတ်ဝင်စားသွားအောင်တွန်းပို.ရာရောက်တတ်သည်။

ပထမအစမ်းစားမေးပွဲနီးပြီ။ထို.အတူသီတင်းကျွတ်ကျောင်းပိတ်ရက်လည်းနီးလာပြီ။ထုံးစံအတိုင်း ကျောင်းကပြုလုပ်သောဆရာကန်တော့ပွဲအပြင်ကျောင်းသားကျော င်းသူများကတစ်ဦးချင်းစီလာကန်တော့ကြသည်။

သူတို.ကျောင်းကလေးမှာ လက်လုပ်လက်စားအများစုနေသောရပ်ကွက်အတွင်းမှာရှိသည်။ ကျောင်းသားကျောင်းသူများ မှာလည်းဝန်ထမ်းသားသမီးများ၊လက်လုပ်လက်စားသားသမီးများသာများသည်။ ထို.ကြောင့်တစ်ချို.နာမည်ကြီးကျောင်းတွေမှာလို ငါးရာတန်ထောင်ကျော်တန် နိုင်ငံခြားမုန်.ဘူးတို. ၊ ပါတိတ်ဝမ်းဆက်တို.ဘာတို. ကန်တော့နိုင်သူ လုံးဝမရှိ။ အတန်းထဲမှာ လူလေးဆယ်ကျော်ရှိရာ ဆယ်ယောက်လောက် ကသာတစ်ဦးချင်းလာကန်တော့နိုင်သည်။

သည်ထဲမှာငါးယောက်လောက်ကိုတ်ခြောက်ထုပ်ကလေး ၊ ပုတင်းပေါင်မုန်.ထုပ်ကလေးလောက်သာဖြစ်၏။ နှစ်ယောက်သုံးယောက်လောက်တော့ ကိတ်မုန်.ဘူးနှင့်ကန်တော့ကြသည်။ ခုချိန်မှာရိုးရိုးပလိန်းကိတ်တစ်လုံးတောင် လေးငါးဆယ်ဖြစ်နေတော့ တော်ရုံတန်ရုံစေတနာနှင့်ကန်တော့ချင်တာတောင် ကန်တော့ဖို.မလွယ်။ တစ်တန်းလုံးမှာမှ တစ်ယောက်စ နှစ်ယောက်စသာအင်္ကျီပိတ်စလေး ၊ ကန်တော့နိုင်သူရှိ၏။

ဝါကျွတ်မှာ မိဘ၊ ဆရာသမား ၊ သက်ကြီးဝါကြီးတို.ကိုကန်တော့ခြင်းသည်မြတ်နိုးဂုဏ်ယူဖွယ် ကောင်းသောမြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံဖြစ်၏။ ဆရာဆရာမများအဖို.လည်း စိတ်သန်.ရှင်းစွာ လက်ခံရယူနိုင်သည်။

ကန်တော့သူမိဘတွေဘက်က သူတို.သားသမီးကိုပိုပြီးဂရုစိုက်အောင်လို.ဆိုသောဆန္ဒအနည်းအများပါကောင်းပါမည်။ သို.တိုင်အောင် သားသမီးပညာရေးအတွက် ဆိုသောစေတနာကိုက ကပ်လျက်ပါလာသဖြင့်အပြစ်မယူရက်စရာဖြစ်နေသည်။ မိမိအလုပ်မိမိပြီးမြောက်ဖို.၊ ရာထူးတည်မြဲဖို.၊တိုးတက်ဖို. ပေးရကမ်းရသောတံစိုးလက်ဆောင်ထက်စာလျှင် အပုံကြီးသန်.ရှင်းစင်ကြယ်ပါသေးသည်။

သည်နှစ်တော့ ကုန်ဈေးနှုန်းတွေပိုတက်လာလို.လားမသိ။ သူ.အတန်းကတစ်ဦးချင်း လာကန်တော့သူ ကျောင်းသားကျောင်းသူဦးရေ လျော့ကျသွားသည်။ ကန်တော့သူတွေထဲမှာလည်း မုန်.နှင့်ကန်တော့ သူတွေသာများသည်။ ပစ္စည်းနှင့်ကန်တော့သူကတော့ တစ်ယောက်တည်းသာရှိသည်။ ကျောင်းသူလေး အေးသီရိထွေး ပင်ဖြစ်သည်။

ကျောင်းတက်ခါစတွင် မင်္ဂလာဆောင်တို. ၊ မွေးနေ.တို.မှာ ပေးသလိုပန်းပွင့်များ ပါသောစက္ကူဖြင့် သပ်ရပ်စွာထုပ်ထားသောရှည်မျောမျော ခပ်ပြားပြားအထုပ်ကလေးကို ယူလာပြီးသူ.ကို လက်နှစ်ဖက်ဖြင့် ပေးသည်။

"မေမေက ဆရာကြီးကိုကန်တော့ဖို.ပေးလိုက်ပါတယ်"

"သြော် .....အေးအေး ၊ ကျေးဇူးပါပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အထုပ်ကိုလှမ်းယူသည်။ ခပ်မွမွအတွေ့အထိကြောင့်အထဲကပစ္စည်းသည် ပိတ်စတစ်ခုခုဖြစ်ကြောင်းသိလိုက်၏။ အေးသီရိထွေးကဒူးထုပ်ထိုင်ချလိုက်ပြီး ကန်တော့သည်။

"အေးကွယ် ၊ စာမေးပွဲအောင်ပါစေ ၊ ပညာတွေအများကြီး တတ်ပါစေ၊ သမီးဖြစ်ချင်တဲ့ဆန္ဒပြည့်ဝပါစေ"

ဟုဆုပေးလိုက်၏။ စာမေးပွဲမှာပထမရပါစေဆိုသောဆုကိုတော့စိတ်ထဲကပင်ပေးလိုက်သည်။နှုတ်ကဖွင့်မပြောဖြစ်။ အေးသီရိထွေးကစာတော်သူဖြစ်သည်။ တကယ်လို့သူ့ဘာသာကြိုးစားသောကြောင့် ပထမရနေလျှင်ပင် လက်ဆောင်နှင့်ကန်တော့လို့ဟုအထင်ခံရမှာစိုးသောကြောင့်ဖြစ်သည်။

သီတင်းကျွတ်မှာကန်တော့သောပစ္စည်းကိုသံသယကင်းရှင်းစွာလက်ခံနိုင်ကြောင်းသူနားလည်သည်။ သို့တိုင်အောင် စေတနာကိုတန်ဖိုးထားခြင်းကလွဲ၍တပ်မက်သောလိုချင်သောစိတ်တော့ဘယ်တုန်းကမှ သူ့မှာမရှိခဲ့။

သည်တစ်ခါကျတော့ ထိုလက်ဆောင်ထုပ်ကလေးကိုစိတ်ဝင်စားသောစိတ်က ထူးဆန်းစွာဖြစ်ပေါ်လာသည်။ လောဘစိတ်မျိုးမဟုတ်တာတော့သေချာသည်။ အထုပ်ထဲတွင်ပိတ်စတစ်စပါသည်။ထိုပိတ်စသည် အင်္ကျီစလား ၊ လုံချည်စလားဆိုတာသိချင်သောဆန္ဒများသာဖြစ်လေ၏။ကျောင်းဆင်းချိန်မှာဆိုတော့ ကလေးတွေရှေ့မှာ ဖွင့်ကြည့်လို့မဖြစ်။ စာကိုသာဟန်မပျက်ဆက်သင်နေရသည်။ ဒါတောင်တစ်ချက်တစ်ချက်မျက်လုံးကစားပွဲပေါ်မှအထုပ်ဆီရောက်ရောက်သွားချင်သေးသည်။

အရေးထဲမှာဒီနေ့သင်ရမည့်သင်ခန်းစာကဂျီသြမေတြီဆိုင်ရာ ပုံသဏ္ဌာန်များအကြောင်းဖြစ်၏။ကလေးတွေနားလည်ရလွယ်အောင် လက်တွေ့မြင်နိုင်သည့်အရာများ နှင့်နှိုင်းယှဉ်သင်ရသည်။

"မော်တော်ကားဘီးက ဘယ်လိုပုံသဏ္ဌာန်ရှိသလဲဟေ့"

"အဝိုင်းပါဆရာကြီး"

"ကဲ......ဟောဒါကိုကြည့်ဦး"

ပုလင်းအဖုံးတစ်ခုကိုပြသည်။

"အဝိုင်း"

"အေး ......အဲ့ဒီလိုဝိုင်းစက်နေတာမျိုးကိုစက်ဝိုင်းလို့ခေါ်တယ် ၊ လွယ်လွယ်လေးနော၊ ဝိုင်းစက် ...စက်ဝိုင်း ၊ အဲ့ဒီလိုမှတ်ထား ၊ ကဲ ....ဟောဒီမှာကျောက်သင်ပုန်းကိုကြည့်စမ်း ၊ ဘယ်လိုပုံရှိသလဲ"

"လေးထောင့်"

"အေး ....ဟုတ်တယ် ၊ ထောင့်လေးထောင့်ပါလို့ လေးထောင့်လို့ခေါ်တာ ၊ သင်္ချာမှာကျတော့အဲဒါမျိုးကို ထောင့်မှန်စတုဂံလို့ခေါ်တယ် ၊ ဟောဒီကျောက်သင်ပုန်းကိုကြည့် ၊ ဒီလိုအလျားကရှည်တယ်၊ ဟောဒီအနံကတိုတယ်၊ အပေါ်နဲ့အောက်နဲ့အရှည်ချင်းတူတယ်၊ စတုဂံလို့ခေါ်တယ်၊ဘယ်လို့ခေါ် သလဲ"

"ထောင့်မှန်စတုဂံ"

"အဲ .....ဟုတ်ပြီ ၊ မင်းတို့သိတဲ့ထောင့်မှန်စတုဂံရှိတဲ့အရာတွေပြောပြစမ်း ၊ ကဲ ...အောင်အောင်ပြော"

"စာအုပ်ပါဆရာကြီး"

"အေး .....မှန်တယ် ၊ သက်ထားမော်ပြော"

"ပေတံပါဆရာကြီး"

"ဟုတ်ပြီ ခင်မောင်ဦး"

ခင်မောင်ဦး ဟိုကြည့်သည်ကြည့်ပြီး ......

"ပြတင်းပေါက်"

"ဟုတ်တယ် ၊ နောက်တစ်ယောက် ဂေါ်လစ်"

ဂေါ်လစ်ထရပ်ပြီး ခေါင်းကုတ်စဉ်းစားနေသည်။ အတန်ကြာမှ .........

"ဆီးထုပ်"

"အဲ ........အင်း .....ဟုတ်ပါတယ် ၊ ဆီးထုပ်တဲ့ပလတ်စတစ်အိတ်ကထောင့်မှန်စတုဂံပုံပဲ၊ ကဲ ... အေးသီရိထွေး ပြောပါဦး"

အေးသီရိထွေး ထရပ်ပြီး ......

"ဟိုဥစ္စာ .....လုံချည်ဆရာကြီး"

"အင်း .....မှန်ပါတယ် ၊ လုံချည်က ဖြန့်ထားရင် ထောင့်မှန်စတုဂံပုံပေါ့"

ဆိုပြီး စားပွဲပေါ်မှ အထုပ်ကို ဖျတ်ခနဲကြည့်မိ၏။ 'အင်း .....ဖြစ်နိုင်တယ်'ဟုလည်းတွေးဖြစ်အောင် တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန့်စားကျောင်းဆင်းခေါင်းလောင်းထိုးသည်။ ကလေးတွေ နှုတ်ဆက်ပြီး မုန့်စားဖို့ထွက်သွားသည်။ တစ်ဖက်အတန်းကိုကြည့်သည်။ ကလေးတွေထွက်နေကြတုန်းဒေါ်ခင်စိုးမြင့်ကလည်း ဘာတွေရေးမှတ်နေမှန်းမသိ။ ချက်ချင်းမထွက်သေး ။ အတန်ကြာမှထရပ်သည်။ သူ့ဘက်ကြည့်၍တစ်ချက်ပြုံးနှုတ်ဆက်ပြီး ထွက်သွားသည်။

သီတင်းကျွတ်ကျောင်းပိတ်ရက်မှာရွာကိုပြန်သည်။မန္တလေးအမြန်ရထားနှင့်သာစည်ထိလိုက်သည်။ ထို့နောက်ကားဆက်စီးရသည်။ မြို့မရောက်ခင်လမ်းမှာဆင်းသည်။ ရွာရောက်အောင် ခြောက်မိုင်လောက်ခရီးဆက်ရမည်။ ကြိုတင်မှာထားလျှင်လည်းလာကြိုနိုင်သည်။သူကရောက်မည့်ရက်မသေချာသဖြင့်ဘာမှမှာမထားခဲ့။ လှည်းကြုံလည်းမရှိ။ အညာသားပဲကွာ ဒီခရီးလောက်ကတော့ ဟုတွေးပြီး ခြေကျင်လျှောက်လာခဲ့၏။

တကယ်တမ်းကျတော့ ခြေထောက်တွေက အညာသားမပီသတော့ချေ။ ကိုယ့်ကိုယ်ကို အဟုတ်ကြီးမှတ်ပြီး လျှောက်လာခဲ့ရာ ခရီးတစ်ဝက်မကျိုးခင်ခြေလှမ်းတွေနှေးလာသည်။ ခုချိန်မှာသူသည်ရန်ကုန်သားတစ်ပိုင်း ဖြစ်နေပြီ၊ မိုင်ဝက်လောက်ခရီးကိုဘတ်စ်ကားလေးပေါ်ပြေးတက်ပြီး လိုက်ပါသွားသည့်အကျင့်က သတ္တိပြလာပြီ။ ငယ်ငယ်ကရွာမှာနေတုန်းကဆိုလျှင် သည်ခရီးလောက်ကို အသွားအပြန်တောင် အသာလေးလျှောက်နိုင်သည်။

ရာသီဥတုက ရန်ကုန်မှာ နေလို့ထိုင်လို့ ကောင်းရုံရှိသော်လည်း သည်မှာက ပူတုန်းရှိသေးသည်။ ခိုစရာအရိပ်လည်းမရှိ။ ယာခင်းကွင်းပြင်ကို ဖြတ်လျှောက်ရခြင်းဖြစ်၏။အစကတော့ရွာကို ထမင်းစားအမီရောက်လိမ့်မည်ထင်ခဲ့သည်။ ထို့ကြောင့်သာစည်မှာတုန်းကပဲပလာတာတစ်ချပ်နှင့်လက်ဖက်ရည်တစ်ခွက်သာစားသောက်ခဲ့သည်။ ကားတစ်စင်းလွတ်သွားတာ ၊ နောက်ကားကလူစောင့်နေတာ ၊ လမ်းမှာရပ်ပြီးလူတင်တာ ၊ ကုန်ချနေတာကြောင့် နောက်ကျသွားသည်။ သို့နှင့်လမ်းလျှောက်ရင်းဗိုက်ထဲကဟာလာသည်။ယာတဲတစ်ခုခုမှာ ဝင်နားဖို့ကြည့်ပြန်တော့ လမ်းကြောင်းကနေမြောက်ဘက်ကို အတော်ဝေးဝေးဖဲ့ထွက်သွားရမည့်နေရာမှာသွားတွေ့သည်။ ယာတဲရောက်အောင် သွားရမှာနှင့် လမ်းကြောင်းပေါ်ပြန်ရောက် အောင်ပြန်လာရမှာနှင့်ဆိုလျှင် ခရီးတာ ပိုရှည်တာကြောင့် ဘာမှမထူး ။

ရပ်နေလို့လည်း မဖြစ်သဖြင့်ခပ်ဖြည်းဖြည်းပင်ဆက်လျှောက်လာခဲ့ရသည်။ ခဏအကြာနောက်ဘက်က စက်သံလိုလိုကြားသဖြင့်လှည့်ကြည့်သည်။ လက်တွန်း ထွန်စက်ငယ်တစ်စီးလာနေသည်။ ခပ်လှမ်းလှမ်း အရောက်တွင်နောက်တွဲလည်း ပါလာကြောင်း တွေ့လိုက်ရ၏။ လက်တားပြီးခရီးကြုံလိုက်လို့ရမရမေးသည်။ ရပါသည်ဟု ကြည်ကြည်ဖြူဖြူ ခေါ်သဖြင့် တက်လိုက်လာခဲ့၏။

ထွန်စက်မောင်းလာသူမှာဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်အရွယ်လူငယ်လေးဖြစ်၏။ သူ့ကိုသိပုံမရ၊မေးကြည့်တော့ သူတို့ရွာကမဟုတ်။ အရှေ့ရွာကြီးကဖြစ်၏။ ထွန်စက်တွေဘာတွေတောင်ဝယ်နိုင်ပြီဆိုတော့ သူတို့ဘက်တွေမှာ စီးပွားရေးအခြေအနေအထိုက်အလျောက် တိုးတက်လာပုံရသည်ဟု ခန့်မှန်းလိုက်သည်။

ရွာထိပ်မှာသူဆင်းသည်။ ကျေးဇူးတင်စကားပြောပြီး ရွာထဲသို့ဝင်လာခဲ့၏။ ပြီးခဲ့သည့်နွေရာသီ ကျောင်းပိတ်ရက်ရောက်ခဲ့တုန်းကနှင့်စာလျှင် အိမ်တွေနည်းနည်းပိုသပ်ရပ်လာသည်ဟုထင်မိ၏။သည်ရက်ပိုင်းအတွင်း သူရောက်လာနိုင်တာကို အစ်မတို့က မျှော်လင့်ထားပြီးဖြစ်သည်။ ဘယ်နေ့ရောက်မည်ဆိုတာသာမသိခြင်းဖြစ်၏။ သူတို့ အညာသူအညာသားတွေ ထုံးစံအတိုင်းဘယ်လောက်အနေဝေးဝေး စိမ်းသွားသည်ဟူ၍မရှိ။ မောင်နှမနှစ်ယောက်ငယ်ငယ်တုန်းကလိုပင်ချစ်ခင် ရင်းနှီးမြဲဖြစ်၏။ ယောက်ဖဖြစ်သူကိုချစ်က လည်း အသက်ချင်းကွာသည့်တိုင်အောင်ငယ်စဉ်ကတည်းက သူငယ်ချင်း ပေါင်းပေါင်းလာသူ ဖြစ်၍ပြဿနာမရှိ။

အစ်မက သူရောက်လာနိုင်မည့်ရက်ကိုမှန်းပြီး ဝက်သားဟင်းလေးချက်ချက်ထားသည်။ ဟင်းလေးချက်က ထားတတ်လျှင်လေးငါးရက်လောက်ခံသောကြောင့်သူရောက်သွားချိန်မှာ အဆင်သင့်ရှိနေ၏။ ဆာဆာနှင့်စားလိုက်ရာ ထမင်းတော်တော်ဝင်သွားသည်ဟုသူကထင်သည်။ အစ်မကတော့ အစားနည်းသည်ဟု ထင်သည်။ ရန်ကုန်မှာ ထမင်းတစ်လုံးချက်ကို ညမနက်စားတာတစ်ခါတစ်ခါ ကုန်တောင်မကုန်ဘူးပြောလျှင် အစ်မအံ့သြလိမ့်မည်။

ညနေစောင်းတော့ကိုချစ်က ထန်းရည်သွားသောက်ရအောင်ဟု စကားစသည်။ သူသည်အရက်သေစာကို လုံးဝရှောင်ကြဉ်သူတစ်ယောက်တော့မဟုတ် ။ ရွာမှာနေခဲ့တုန်းက ကိုချစ်သင်ပေးသဖြင့်သောက်လက်စရှိခဲ့ဖူးသည်။ နောက်ပိုင်းအခြေအနေအရ မသောက်ဘဲနေခဲ့ခြင်းသာဖြစ်၏။ထို့ကြောင့်ရွာရောက်တုန်း ငယ်ဘဝအမှတ်တရပေါ့ဟုဆိုပြီး ထန်းတောထဲ လိုက်သွားခဲ့သည်။ သမီးယောက်ဖနှစ်ယောက်စကားတပြောပြောနှင့်သောက်လိုက်ကြတာ မှောင်ရီသန်းမှ အိမ်ကို ပြန်ဖြစ်တော့သည်။ သူကနှစ်ပုလင်းစာလောက်သာသောက်ဖြစ်သည်။ ကိုချစ်ကတော့ ငါ့ညီရောက်တုန်းပျော်သကွာ ဆိုပြီး တစ်ခွက်ပြီးတစ်ခွက်ဆင့်သောက်ရာ လေးငါးမြူလောက်တောင်ရှိမလားမသိ။

အစ်မက ညနေစာအဆင်သင့်လုပ်ထားသည်။ ရန်ကုန်မှာစားရဖို့မလွယ်သောမြူရွက်သုတ်နှင့်ထမင်းမြိန်သွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ညကျတော့ မြေပဲကျော် ၊ အမဲခြောက်ဖုတ်တို့ကိုရေနွေးကြမ်းနှင့်မြည်းရင်း စကားဝိုင်းဖွဲ့ဖြစ်ကြသည်။သည်လို အရသာမျိုး မကြုံရတာကြာပြီ ။ ရွာအကြောင်း ၊ စီးပွားရေးအကြောင်း ၊ ရန်ကုန်က အကြောင်းတွေပြောရင်း ..............

"မင်းလည်း တစ်ယောက်တည်းမနေသင့်တော့ဘူးကွ ၊ အိမ်ထောင်ပြုဖို့ဘာလေး စဉ်းစားဦး ၊ရန်ကုန်မှာ တွေ့ထားတာ မရှိဘူးလား"

ဟုကိုချစ်ကစကားစသည်။ မျက်နှာတစ်ခုကို ဖြတ်ခနဲမြင်ယောင်မိ၏။ သူဘာမှမပြောနိုင်ခင် အစ်မက အရင်ဦးအောင်ဖြတ်ပြောသည်။

"အမယ် .....ရန်ကုန်သူတော့ ယူဖို့စိတ်မကူးနဲ့နော်"

"ရန်ကုန်သူမဟုတ်ပါဘူးအစ်မရဲ့"

ဟုလွှတ်ခနဲပြောထွက်သွားသည်။

"ဘာ ....ဘာတဲ့"

အစ်မကမေးသည်။

"မဟုတ်ပါဘူး ၊ အစ်မက ရန်ကုန်သူစိတ်မကူးနဲ့ဆိုလို့"

ဟုစကားကိုလွှဲလည်းလွှဲ ပိတ်လည်းပိတ် လုပ်လိုက်ရသည်။ အစ်မက ကိုချစ်ကို တစ်ချက်ကြည့်ပြီး ဘယ်လိုလည်း ဆိုသောသဘောမေးငေါ့ပြသည်။ ကိုချစ်က အမဲခြောက်တစ်ဖတ်ကို ပါးစပ်ထဲထည့်မြုံလိုက်ပြီးနောက် မင်းပြောလိုက်ပေါ့ ဆိုသည့် အမူအရာ ပြန်လုပ်ပြသည်။ အစ်မက .........

"ဒီမှာ မင်းနဲ့သင့်တော်မယ့်သူ ငါရှာထားတယ်"

"ဟင် ....ဘယ်သူလဲ"

"ရင်ရင်ရွှေကို သိတယ်မဟုတ်လား"

"ဒေါ်ထွေး သမီးလေကွယ်"

"ဟာ .....အရီးထွေးသမီးက ငယ်ငယ်လေး ရှိပါသေးတယ်ဗျာ"

"မငယ်တော့ဘူးဟဲ့ ၊ ဆယ့်ခုနစ်နှစ်ရှိပြီ"

"ဗျာ"

ဆယ့်ခုနစ်နှစ်အရွယ်ဆိုတာ ဆယ်တန်းကျောင်းသူအရွယ်ပဲ ၊ သူ့အဖို့တော့ တပည့်အရွယ်မျှသာရှိသေးသည်။

"မဗျာနဲ့ ၊ ငါက သင့်တော်မယ်ထင်လို့စီစဉ်တာ"

"ဘာ .......စီစဉ်တာ"

"ဟုတ်တယ် ၊ ဒေါ်ထွေးကိုတောင် ငါတီးခေါက်ကြည့်ပြီးပြီ ၊ မင်းနဲ့သာဆိုရင် ဟိုက ...ကတောင်ပေးစားဦးမယ်"

"ဟာ .......ပြဿနာပဲ၊ အစ်မကကျွန်တော့်ကို မတိုင်ပင်ဘဲ လျှောက်လုပ်လို့ရမလား"

"အမယ်....ဘာတိုင်ပင်စရာလိုသလဲ ၊ မင်းကို ငါတစ်သက်လုံး ကျွေးမွေးစောင့်ရှောက်ခဲ့တာပဲ၊ ကောင်းမယ်ထင်တာ လုပ်ပေးဖို့ ငါ့မှာ တာဝန်ရှိတာပေါ့"

"ဟာဗျာ ...ခက်တော့တာပဲ ၊ ကျွန်တော့်အိမ်ထောင်ရေးကိစ္စကျွန်တော့်ဘာသာသာဆုံးဖြတ်မှာပေါ့၊ အစ်မက မပြောမဆို ဘာကြောင့် လျှောက်ပြီးလုပ်တာလဲ"

"ဘာပြောစရာလိုလဲ ၊ နင်က ငါ့မောင်ပဲ ၊ ငါ့စကားနားထောင်ရမှာပေါ့၊ ငါ့တုန်းကရော နင်တို့ဝိုင်းတိုက်တွန်းလို့ သူ့ကိုငါယူခဲ့တာပဲ၊ ဘာများအထွန့်တက်ခဲ့လို့လဲ"

ဆိုပြီးကိုချစ်ဘက်ကိုကြည့်သည်။ ကိုချစ်က ...........

"ဒါလည်း ဟုတ်တာပဲ၊ ကဲပါကွာ ၊ မင်းအစ်မက ကောင်းမယ်ထင်လို့ စိတ်ကူးတာ ၊ ဒီတော့ ကောင်မလေးကိုလည်း မင်းကြည့်လိုက်ဦးပေါ့၊ သဘောမကျဘူးဆိုလဲ တစ်မျိုးပေါ့"

"ဘာပဲဖြစ်ဖြစ် စကားတွေသွားကျုံထားတာတော့ ဘယ်ကောင်းမလဲ"

"ကျုံလဲ ဘာဖြစ်သလဲကွာ ၊ ကိုယ်ယူမှဖြစ်တာပဲ ၊ အဲ ....ကောင်မလေးက ချောတော့ အတော်ချောသမောင်"

ဆက်ငြင်းနေလျှင်လည်း ပြီးမှာ မဟုတ်သဖြင့် 'ကြည့်လုပ်တာပေါ့' ဟုစကားလှအောင်ပြောပြီး ယာယီရှောင်တိမ်း လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင်ကိစ္စကမပြီးသေး ။ နောက်တစ်နေ့ကျတော့ ဒေါ်ထွေးနှင့်သူ့သမီး ရင်ရင်ရွှေတို့ အိမ်ကို ရောက်လာကြသည်။

"မောင်မြင့်ကြည့်ရောက်နေတယ်ကြားလို့ လာခဲ့တာတော့"

ဟုဒေါ်ထွေးကပြောသည်။ ဒေါ်ထွေးကသမက်ဖမ်းတတ်သော လည်လည်ပတ်ပတ်မိန်းမကြီး တစ်ယောက်၏ ပုံစံမျိုးမဟုတ် ရိုးရိုးအေးအေးကြီးသာဖြစ်၏။ ခုကိစ္စမှာလည်း အစ်မကြီးကဦးဆောင်ပြောဆိုထားလို့ လာကြရရှာခြင်းသာ ဖြစ်နိုင်၏။

ရင်ရင်ရွှေကလည်းကိုချစ်ပြောသလိုတကယ်ချောပါသည်။ ဝတ်စားဆင်ယင်ပုံခေတ်မမှီဘဲ ရိုးစင်းလွန်းနေတာ သာရှိသည်။ ရုပ်ရည်ကတော့ မွေးထူးရေခြားဆိုသလို အတော်ကြည့်ကောင်းလေသည်။ တစ်ခုပဲရှိသည်။ ဆယ့်ခုနစ်နှစ် ဆိုသော်လည်း မြို့ကကျောင်းသူလေးတွေနှင့်စာလျှင်ရုပ်နည်းနည်းရင့်သည်ဟု ဆိုရမည်။

သူသည်ဒေါ်ထွေးတို့ကို နေကောင်းလားဘာညာနှုတ်ဆက်စကားပြောရင်းက မျက်နှာပူလာသည်။ ဒါဟာ ငါနဲ့ပေးစားချင်တဲ့ကောင်မလေးကိုလာပြနေတာပါလားဟုတွေးမိသောကြောင့်ဖြစ်၏။

ကောင်မလေးကတော့ ခပ်အေးအေးပင်။ ရှက်ရွံ့နေဟန်လည်းမရှိ။ သူ့ကိုစိတ်ဝင်စားပုံလည်းမပြ၊ ဘာမှမထူးခြား သလိုပင်။

ဒေါ်ထွေးတို့သားအမိပြန်သွားတော့ အစ်မက 'ဘယ်လိုလဲဟေ့'ဟုမေးသည်။

"ကောင်မလေးက ငယ်ပါသေးတယ်"

"ကောင်မလေးက ငယ်ပေမယ့် မင်းကမငယ်တော့ဘူး ၊ သုံးဆယ်နားနီးနေပြီ"

"ဟား .....ရန်ကုန်မှာဆိုဒီအရွယ်က အလုပ်လုပ်လို့ကောင်းတုန်းပေါ့အစ်မရ၊ သိပ်မလောပါနဲ့ဦးလေ ၊ စဉ်းစဉ်းစားစား လုပ်ရအောင် ဖြည်းဖြည်းပေါ့"

ဟု အချိန်ဆွဲနည်းဗျူဟာနှင့် အကာအကွယ်ယူလိုက်ရပြန်သည်။

ခုကိစ္စမှာ အစ်မကြီးကိုလည်း အဆိုမဆိုသာ ။ အစ်မကြီးအနေဖြင့် နေထိုင်ကြီးပြင်းလာခဲ့ရသည့် ဘဝတစ်လျှောက် လုပ်သင့်လုပ်ထိုက်တာတွေကို ချည်းလုပ်ခဲ့ရသည်။ စိတ်ခံစားမှုဆိုတာအတွက်အချိန်မပေးနိုင်ခဲ့။ အဖေအမေဆုံးသွားတော့ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ဦးစီးတာဝန်ယူရသည် ။နောက်တော့အားကိုးအားထား ပြုလောက်စရာ ယောကျ်ားတစ်ယောက် အဖြစ်ကိုချစ်ကိုယူခဲ့သည်။ ပြီးတော့မောင်အတွက် ရှုန်းကန်လှုပ်ရှားရသည်။ သည်တော့သူများကိုလည်း သူ့လိုပဲ ထင်နေလိမ့်မည်။ ခုကိစ္စမှာလည်း အစ်မကြီးကသင့်တော်မယ်ထင်လို့ ကိုယ့်စိတ်ကူးနဲ့ကိုယ်စီစဉ်တာကို မောင်ဖြစ်သူက အသာတကြည်လက်ခံမှာပဲဟုတွက်ထားပုံရသည်။ 'အချစ်ဆိုတာဖန်တီးယူလို့မရကြောင်း'ဘာညာရှင်းပြလို့လည်း နားလည် လက်ခံမှာ မဟုတ် ၊ သည်တော့အစ်မကြီးနှင့်ထိပ်တိုက်မတွေ့ဘဲ အလိမ္မာသုံး၍ရုန်းထွက်သည့်နည်းကိုပဲ သုံးရတော့မည်။

စေ့စေ့စပ်စပ်တွေးကြည့်တော့ ကိုယ့်ကိုယ်ကိုအထင်တော့ကြီးမိ၏။ ရန်ကုန်မှာဆိုလျှင်ဘွဲ့ရသူတွေများလွန်းလို့ တစ်နေ့တစ်နေ့လမ်းသွားရင် ဘွဲ့ချင်းတိုက်မိမှာတောင်စိုးရသည်။ ဘွဲ့နှင်းသဘင်ခန်းမရှေ့မှာသာ သွားထိုင်ကြည့်နေလျှင် တစ်သုတ်ပြီးတစ်သုတ်ဘွဲ့ယူနေကြသည်မှာ လှတောသားစကားနှင့်ပြောရလျှင် ကျွဲအုပ်ကြီးမောင်းသွင်းထားသလို ထင်ရလိမ့်မည်။

ပြီးတော့ရန်ကုန်မှာကျောင်းဆရာဆိုတာကိုယ့်ကျောင်းထဲမှာသာသြဇာရှိတာ။တခြားနေရာမှာကျတော့ ဘတ်စ်ကား စပယ်ယာကတောင် 'ဟို .....ပုဆိုးစိမ်းနဲ့ပုဂ္ဂိုလ်ရှေ့တိုးပါဗျ၊ရှေ့မှာပုလိပ်ရောဂါမရှိပါဘူး' ဟုဟောက်တာခံရနိုင်သည်။

ရွာမှာကျတော့ဘွဲ့ရဆိုတာရှားပါးပစ္စည်းတစ်ပါးလိုမျိုးဖြစ်နေ၏။ သုံးလေးနှစ်နေမှ ဆယ်တန်းအောင်သူတစ်ယောက်စ နှစ်ယောက်စ ထွက်သည်။ များသောအားဖြင့် ကျောင်းဆက်မနေနိုင်ကြ။

အဝေးသင်တက္ကသိုလ်တောင်အနိုင်နိုင်။ သည်တော့ ရွာမှာ ဘွဲ့ရပညာတတ်ဆိုလျှင် ဆရာကြီးပဲ ။ သူတက္ကသိုလ် ပထမနှစ်တက်ပြီးကျောင်းပိတ်လို့ရွာခဏပြန်လာတုန်းကအဖြစ်ကိုကောင်းကောင်းမှတ်မိနေသည်။သူပြန်ရောက်တော့ မိုးချုပ်လုလု ဖြစ်နေပြီ။သူပြန်ရောက်ကြောင်းသတင်းကြားတော့ရွာကလူတွေကတက္ကသိုလ်သွားတက်တာ ဘာများထူးခြား ပြောင်းလဲလာမလဲသိချင်မြင်ချင်ကြသဖြင့် မီးအိမ်ကလေးတွေ မီးခွက်ကလေးတွေကိုင်ပြီး သူ့အိမ်သို့ဝိုင်းအုံ ရောက်ရှိ လာကြသည်။

ခုထိလည်း သူရွာကိုပြန်ရောက်လာလျှင် တွေ့ကြ ၊စကားပြောကြ။ ရန်ကုန်ကအကြောင်းမေးကြမြန်းကြရှိနေတုန်းပင်။ ဒါတင်မကသေး ။ ရွာမှာအငယ်ဆုံးအချောဆုံးမိန်းကလေးပင်လျှင် အိမ်တိုင်ရာရောက် ကြိုက်မကြိုက်လာပြရသည်။

သည်အကြောင်းတွေဒေါ်ခင်စိုးမြင့်ကိုပြန်ပြောလျှင် သူ့ကိုအထင်ပဲကြီးမလား ဟားပဲဟားချင်မလားမသိ ။

ရွာမှာနေရတာဇိမ်ကျတာတော့အမှန်ပဲ။ အစ်မက အညာစာတွေတစ်နေ့တစ်မျိုးလုပ်ကျွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာကလူတွေကလည်း စားစရာတွေလာပို့သူကပို့. ‘ငါတို့အိမ်လည်းထမင်းလာစားပါဦး’ဟုဖိတ်သူကဖိတ် တကယ့်ဗီအိုင်ပီပဲ။

တစ်ခါတစ်ခါကျတော့ ရွာကိုပြန်ပြန်လာတာဟာအစ်မနဲ့ရွာကိုသတိရလို့များဟုတ်ရဲ့လား ၊ ဇိမ်ကျကျနေချင်လို့ များလား ဟုတွေးပြီး စိတ်မလုံချင်သလိုဖြစ်မိသေးသည်။

စိတ်မလုံစရာနောက်တစ်ခုရှိသေးသည်။ ရွာကိုပြန်လာသည့်အခါ မြို့ပြန်လက်ဆောင်လေးအနည်းအကျဉ်းသာ ပါတတ်သည်။ သည်တစ်ခေါက်မှာပိုက်ဆံပြတ်နေသဖြင့်အစ်မကြိုက်တတ်သည့်ဒူးရင်းယိုတောင်ဈေးကြီးလို့ဝယ်မလာနိုင်။ ကလေးတွေကန်တော့ထားသည့်အထဲက ကိတ်ခြောက်တစ်ထုပ် ၊ နံကထိုင်တစ်ထုပ်နှင့်သကြားကပ်ပေါင်မုန့်ခြောက်တစ်ထုပ သာယူလာခဲ့ရသည်။

ရွာမှာတစ်ပတ်ကျော်ကျော် စရိတ်ငြိမ်း စားရသောက်ရသဖြင့် အကုန်အကျသက်သာကာ ရှိသေးသည်။ သူပြန်သည့်အခါအစ်မတို့က ငွေတစ်ထောင် ၊ ထောင့်ငါးရာထည့်ပေးလိုက်တတ်သေးသည်။ ခုနောက်ပိုင်း ပဲဈေး နှမ်းဈေးကောင်းနေသဖြင့်အစ်မတို့နည်းနည်းချောင်လည်လာသည်။သားသမီးလည်းမရှိသဖြင့် သူ့ကိုသာတတ်နိုင်သလောက် ပေးကမ်း ခြင်းဖြစ်၏။ ရန်ကုန်ပြန်ရောက်လို့လခနှင့်မလောက်မငဖြစ်သောအခါအစ်မတို့ပေးသည့်ငွေထဲကပင်စိုက်သုံးရသည်။ ထိုငွေကလေးပါ ကုန်သွားသောအခါဖြစ်သလိုစားသောက်နေထိုင်ရင်းနောက်တစ်ခ ါကျောင်းပိတ်ရက်မှာရွာကိုပြန် ၊ ကောင်းကောင်းစား ၊ ပြန်တော့အစ်မပေးလိုက်သည့်ငွေကလေးပါလာ ၊ ရန်ကုန်မှာလုံးလည်ချာလည် ပြန်ဖြစ်ဆိုသော ဖြစ်စဉ်အတိုင်း နေခဲ့ရသည်။

သည်တစ်ခေါက်သူပြန်တော့လည်း အစ်မက ငွေထောင့်နှစ်ရာထည့်ပေးလိုက်သည်။ ‘ရင်ရင်ရွှေကိစ္စကိုလည်း ခေါင်းထဲထည့်ထားဦး ’ဟုမှာလိုက်သေးသည် ။ရွာကလူတွေကလည်း ပဲခြမ်းကြော်၊မြေပဲဆန် ၊ အမဲခြောက်စသည်ဖြင့် လက်ဆောင်တွေ ပေးလိုက်ကြသေးသည်။

အရင်တုန်းက ရွာကနေပြန်ထွက်ရပြီဆိုလျှင်စိတ်မကောင်းချင်သလိုလို ၊ မပြန်ချင်သလိုလိုဖြစ်ရတတ်သည်။ ဇာတိမြေကိုခုံမင်တတ်သောအညာသားစိတ်ကြောင့်လည်း ဖြစ်နိုင်သည်။ ရန်ကုန်ပြန်ရောက်လျှင် ဖြစ်သလိုနေ ဖြစ်သလိုစားရမည့် အရေးကိုတွေးပူမိသောကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။

သည်တစ်ခေါက်ကတော့ တော်တော်ထူးဆန်းသည်။ ရန်ကုန်ကိုပြန်ချင်သည့်စိတ်က ရွာကိုခုံမင်သည့်စိတ်ထက် ပိုချင်သလိုလိုဖြစ်နေ၏။ ရွာမှထွက်ပြီးသာစည်ဘက်သို့ကားစီးလာသည့်အခါသူ့စိတ်သည်ရွှင်လန်းတက်ကြွနေသည်။ ရန်ကုန်ကို အမြန်ဆုံးပြန်ရောက်ချင်သောဆန္ဒသည်ပြင်းပြစွာဖြစ်ပေါ်လာ၏။

ကျောင်းကိုလည်းကောင်း ၊ကျောင်းသားကျောင်းသူလေးများကိုလည်းကောင်း သတိရသောကြောင့် မဟုတ်တာတော့သေချာသည်။ ကျောင်းအုပ်ဆရာမကြီးကိုလည်းမဟုတ် ၊ ဆရာမဒေါ်အေးအေးချစ်တို့ကိုလည်းမဟုတ် ၊ ဒါဆိုတစ်ယောက်ပဲကျန်သည်။

ဒေါ်ခင်စိုးမြင့် ၊ ကိုယ့်ကိုယ်ကိုညာနေလို့လည်းမထူးတော့သဖြင့်ဝန်ခံလိုက် ရသည်။ သူဒေါ်ခင်စိုးမြင့်ကို သတိရနေသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင်လွမ်းသည်။ ဒေါ်ခင်စိုးမြင့်နှင့် ပြန်တွေ့ရတော့မည့်အကြောင်းကိုတွေးမိသောအခါ ကြည်လင်လှပသောမျက်နှာလေးတစ်ခုကိုအရင်ဆုံးမြင်ယောင်သည်။ ထိုအခါခြေဖျားလက်ဖျားတွေအေးခနဲဖြစ်သွားသည်။ ဒါဆိုအချက်တစ်ချက်တော့မှန်သွားပြီ။ ထို့နောက်ခပ်ကြိမ်းကြိမ်းလှုပ်ကာ မြည်ဟိန်းနေသော ရထားသံကိုတောင် ဖောက်ထွက်ပြီးကြားရသည့်အသံ ။သံပတ်ပေးရသော စားပွဲတင်နာရီတစ်လုံး၏ စက်သံလိုလို။ သစ်ရွက်ဖားဖားပေါ်ကျသောမိုးစက်မိုးပေါက်သံလိုလို။ တကယ်ကတော့ သူ့ရင်ထဲကပုံမှန်ထက် စည်းချက်ပိုမြန်နေသော နှလုံးသားလှုပ်သံသာဖြစ်၏။

ဒါဆိုလျှင် ကျိန်းသေပြီ၊ ဒေါ်ခင်စိုးမြင့်ကိုသူချစ်နေမိပြီ။

သူတော်တော်ဝမ်းသာသွား၏။ ဒေါ်ခင်စိုးမြင့်ကိုသူတကယ့်မေတ္တာစစ်နှင့် ချစ်နေမိကြောင်း သိရသောကြောင့် ဖြစ်လေသည်။

သူတော်တော်ဝမ်းသာသွား၏။ ဒေါ်ခင်စိုးမြင့်ကို သူဖွင့်ပြောမည်။ ဆရာမ ဆရာမဟု ခေါ်ရတာ သိပ်ခံတွင်းတွေ့စရာ မကောင်းလှ။ ဘယ်လိုခေါ်လျှင်ကောင်းမလဲ။ ဟုတ်ပြီ ။ စိုးလေးလို့ခေါ်ရမည် ၊ စိုးလေး ......စိုးလေး ။ စိုးလေးကို ကိုယ်ချစ်သည်။

တကယ်တမ်းကျတော့ စိတ်ကူးထဲမှာသာလွယ်သည်။ လက်တွေ့ဖွင့်ပြောဖို့ဆိုတာက .......



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ...အားလုံးမတ်တပ်ထ ၊ ဆရာကြီးကိုချစ်သလား .....မချစ်ဘူးလား"

ဟုကလေးတွေကိုမေးသလို လွယ်တာမဟုတ်။ ဒေါ်ခင်စိုးမြင့်ကလည်းလက်ပိုက်ပြီး ..........

"ချစ်ပါတယ်ဆရာကြီး ၊ ကျေးဇူးတင်ပါတယ် ဆရာကြီး "

ဟုပြန်အော်ပြောလိမ့်မည်မဟုတ် ။

ပြီးတော့သူသည်တစ်သက်လုံးဘယ်သူ့ကိုမှ တစ်ခါမှရည်းစားစကားပြောခဲ့ဖူးသူမဟုတ် ။သည်လိုနှင့်ရထားက ရန်ကုန်နှင့်နီးလာလေ ၊ ရောက်ရောက်ချင်းဖွင့်ပြောလိုက်မဟဲ့ ဆိုသောဆုံးဖြတ်ချက်က အားလျော့လာလေ။ နောက်ဆုံးရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်ပြီး ကျွဲခနဲရပ်လိုက်သည့်အချိန်မတော့ ယဲ့ယဲ့သာ ကျန်လေတော့သည်။

ဒေါ်ခင်စိုးမြင့်ကိုပေးဖို့ လက်ဆောင်တွေပါလာသည်။ သို့ရာတွင်တစ်ယောက်တည်းကို ကွက်ပြီးပေးလျှင် ပြောစရာဖြစ်မည်ဟုသတိရသည်။ အားလုံးကိုခွဲပေးလို့လည်းမဖြစ် ၊ ကိုယ့်အတွက်လည်းရိက္ခာအဖြစ်ဖယ်ထားရဦးမည်။ သည်ရက်ပိုင်းမှာ ပဲကြော်သုတ်တစ်လုည့် ၊ပဲရည်ပွတစ်လုည့် ၊အခြောက်ဖုတ်တစ်လုည့် ခုခုပြီးစားသွားမှ လခနှင့်လောက်မည်။ အစ်မပေးလိုက်သည့်ငွေက နောက်ပိုင်း ရိက္ခာရော ၊ ငွေရောပြတ်သွားသည့်အခါထုတ်သုံးဖို့ဖယ်ထားရမည်။

ဆရာမကြီးကိုတော့တစ်ခုခုပေးသင့်သည်။ ထို့ကြောင့်ပဲကြမ်းကြော်နည်းနည်း ၊ မြေပဲဆန်နည်းနည်းနှင့် အမဲခြောက်သုံးလေးမြောင်းထည့်ပြီးပေးလိုက်သည်။တခြားဆရာမတွေအတွက်တော့ မြေပဲကြော်နှင့် အမဲခြောက်ဆီဆမ်း ယူသွားသည်။ မုန့်စားဆင်းချိန်ဆရာမတွေစုပြီး စားသောက်နေကြတုန်း ........

"ဆရာမတို့အတွက်"

ဆိုပြီး အလယ်မှာချပေးလိုက်သည်။ ဆရာမတွေဝိုင်းထဲမှာ ဒေါ်ခင်စိုးမြင့်ကိုမတွေ့ရ။ ဆရာမတစ်ယောက်က ............

"ခင်စိုးမြင့်တော့စားရမှာမဟုတ်တော့ဘူး ၊ ဒီနေ့မုန့်စားဆင်းချိန်သူ့ဂျူတီလေ"

ဟုပြောသည်။ သူက 'ရှိတဲ့လူပဲပေါ့'ဟုပြောပြီး ပြန်လှည့်ထွက်လာခဲ့သည်။ တစ်ယောက်ယောက်က တစ်စုံတစ်ခုပြောလိုက်သံမသဲမကွဲကြားရသည်။ ခပ်အုပ်အုပ် ရယ်သံကိုလည်း ကြားလိုက်ရ၏။မနက်ကကျောင်းနောက်ကျသဖြင့် အတန်းထဲ ခပ်သုတ်သုတ်အဝင်မှာ ဒေါ်ခင်စိုးမြင့်ကို ပြုံးရုံသာပြုံးပြီး နှုတ်ဆက်ခဲ့ရသည်။ မုန့်စားဆင်းချိန်မှာလည်း ကလေး တွေစောင့်ဖို့တာဝန်ကျနေသဖြင့်ခပ်အေးအေးမဆုံရ။ စာသင်နေချိန်အတွင်းမှာ ဒေါ်ခင်စိုးမြင့်တို့အခန်းဘက်သို့ . တစ်ချက် တစ်ချက် လှမ်းကြည့်မိသည်။ သူ့စိတ်ထဲမှာ မတွေ့ရတာအတော်ကြာနေပြီထင်နေ၏။ တကယ်တော့ ဆယ်ရက်သာ ရှိသေးသည်။ သည်ရက်ပိုင်းအတွင်းမှာလည်း နည်းနည်းပြည့်လာသည်။ ပိုကြည့်ကောင်းလာသည် ဟုလည်းထင်မိ၏။

ကျောင်းဆင်းခေါင်းလောင်းထိုးတော့ကလေးတွေအား လုံးထွက်အောင်စောင့်သည်။ ဒေါ်ခင်စိုးမြင့်က ပစ္စည်းတွေသိမ်းနေတုန်း သူရောက်သွားသည် ။ သူ့ကိုမြင်တော့ 'သြော်.......' ဆိုပြီး ပြုံးပြသည်။

"ဆရာ နည်းနည်းဝလာသလိုပဲ"

ဟု ထီးနှင့်စာအုပ်များကို ခြင်းတောင်းထဲထည့်ရင်းပြောသည်။

"ဟုတ်မှာပေါ့ ဆရာမ ၊ ဟိုမှာကောင်းကောင်းအိပ် ၊ကောင်းကောင်းစားခဲ့ရတာကိုး "

"ကိုယ့်အရပ်ကိုယ်ပြန်ရတာဆိုတော့ တော်တော်ပျော်မှာပေါ့"

"ပျော်တယ်ရယ်တော့မဟုတ်ပါဘူး ၊ တာဝန်ဝတ္တရားတွေမေ့ထားလို့ရတဲ့အချိန်ဆိုတော့ အနားယူတဲ့ သဘောဖြစ်နေတာပေါ့လေ"

ဆရာမကိုတော့မမေ့ပါဘူး ၊ အမြဲသတိရနေပါတယ်ဟု စိတ်ထဲကသာ ဆက်ပြောဖြစ်သည်။

"သြော်....ဒီမှာဆရာမအတွက်အညာပြန်လက်ဆောင်"

"ဘာတွေလဲဆရာရဲ့"

"သနပ်ခါးတွေပါ"

ဟုပြောပြီးကြွပ်ကြွပ်အိတ်ကိုစားပွဲပေါ်တင်ပေးလိုက်သည်။

"အားနာစရာကြီးဆရာရယ် ၊ သယ်လာရတာ အလေးကြီးနေမှာ"

"သိပ်မလေးပါဘူး ၊တခြား ပစ္စည်းလဲ များများပါလာတာမှမဟုတ်ဘဲ ။ မုန့်စားဆင်းချိန်ကတောင် ဆရာမတွေကို မြေပဲကြော်နဲ့ အမဲခြောက်ဖုတ်ကျွေးလိုက်သေးတယ်"

"ဟုတ်တယ် ၊ ကျွန်မကဂျူတီရှိနေလို့"

"ဆရာမ ၊ မစားလိုက်ရဘူးပေါ့"

"စားရပါတယ်၊ ချန်ထားကြတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး သနပ်ခါးတုံးထည့်ထားသည့်အိတ်ကို ခြင်းတောင်းထဲထည့်ပြီး ........

"ကျေးဇူးတင်ပါတယ်" ဟုပြောသည်။

"ဆရာမ"

ဒေါ်ခင်စိုးမြင့်က မော့ကြည့်သည်။

"ဟိုလေ .......သနပ်ခါးတုံးလက်ဆောင်ပေးတာကို တခြားဆရာမတွေကို ပြောမပြပါနဲ့နော် ၊ကျွန်တော်က ဆရာမတစ်ယောက်တည်းအတွက်ပဲ ယူလာခဲ့မိလို့ပါ"

ဟုပြောပြီးထွက်လာခဲ့သည်။ ဒေါ်ခင်စိုးမြင့်ကတော့ အမျိုးမျိုးစဉ်းစားရင်း ကျန်ခဲ့လိမ့်မည်။ တကယ်တော့ သိပ်ထွေထွေထူးထူးစဉ်းစားစရာမလို။ ဘယ်လိုလမ်းမျိုးခင်းနေပြီဆိုတာ အသိသာကြီး ။ တရားဝင်နှုတ်က ဖွင့်ပြောဖို့သာ လိုတော့ သည်။ ဘာလဲဆိုတာထက် ဘယ်တော့လဲဆိုတာသာ ပဓာနအချက်ဖြစ်နေပြီ။

ကျောင်းကိုစောစောရောက်အောင်သွားသည်။ လက်မှတ်ထိုးပြီး သူ့အတန်းရှိရာကို သွားတော့ တစ်ဖက်အတန်းရှေ့က စားပွဲမှာ ဒေါ်ခင်စိုးမြင့်ရောက်နှင့်နေတာကိုတွေ့ရသည်။ သူက ဒေါ်ခင်စိုးမြင့်ဆီတန်းလျှောက်သွားသည်။

"ဆရာဒီနေ့လာတာစောတယ်နော်"

ဟုဒေါ်ခင်စိုးမြင့်က နှုတ်ဆက်စကားပြောသည်။

"ဟုတ်တယ်ဆရာမ ၊ ဩော် .......ဒါနဲ့ သနပ်ခါးတုံးတွေက ကောင်းရဲ့လား"

"သိပ်ကောင်းတယ်ဆရာ ၊ အမေက သနပ်ခါးအကြောင်းကောင်းကောင်းသိတယ်လေ၊ ဆရာပေးတဲ့ သနပ်ခါးတုံးတွေက ရင့်လည်းရင့်တယ် ၊အပွေးလည်းထူတယ်တဲ့ ၊ ဒီမှာသနပ်ခါးဝယ်ရတာ မကောင်းဘူးလေ၊ အတုခဏခဏ မိလာတယ်။ ကျွန်မက ကိုယ်တိုင်သွေးလိမ်းရမှကျေနပ်တာဆိုတော့ သနပ်ခါးခဲတွေလည်းဝယ်မသုံးချင်ဘူး"

"ဒီသနပ်ခါးတုံးတွေကတော့ ကျွန်တော့်သူငယ်ချင်းသနပ်ခါးခင်းက သူကိုယ်တိုင်ဖြတ်ပေးလိုက်တာလေ"

"ဒါကြောင့်ထင်ပါရဲ့ သိပ်မွှေးတာပဲ"

ဟုပြောပြီးမှ သနပ်ခါးဆိုတာ အမွှေးအကြိုင် အလှအပပစ္စည်းဖြစ်ကြောင်း သတိရသွားဟန်တူသည်။ မျက်လွှာချသွားသည်။ သိပ်မွှေးတာပဲဆိုပြီး နမ်းနာမွှေးကြည့်ခိုင်းလို့ ဖြစ်တာလည်းမဟုတ်၊ သည်နေ့တောင် ထိုသနပ်ခါးကိုသွေးလိမ်း လာတာလားမသိဟုတွေးမိပြီး ဒေါ်ခင်စိုးမြင့်မျက်နှာကိုဖျတ်ခနဲ ကြည့်မိ၏။ မျက်နှာမှာတော့ သနပ်ခါး အခံလိမ်းပြီး ခရင်ပတ်တို့လာသလားမသိ။ ခပ်ဖုံဖုံပဲ ။ အကျႌလက်ရှည်ဝတ်ထားသောကြောင့် လက်အဖျားများ ကိုသာမြင်ရသည်။ ခပ်ပါးပါးလိမ်းထားသောသနပ်ခါးစများကို မြင်ရသည်။ ပြီးတော့ ခြေထောက်တွေ ၊ ခြေဖမိုး ပေါ်မှာ သနပ်ခါး ဖွေးဖွေးကိုမြင်ရသည်။

မျက်နှာကိုတော့ နောက်တစ်ကြိမ်မကြည့်ရဲတော့ ၊ ထို့ကြောင့် ကျောင်းတက်တော့မယ်ထင်တယ်ဟုပြောပြီး လှည့်ထွက်လာခဲ့တယ်။

ထိုအခိုက်မှာပင်လေပြည်တစ်ချက် ဝှေ့ဝင်လာဟန်တူသည်။ သနပ်ခါးနံ့က ဝှေ့ခနဲလိုက်လာ၏။ သည်သနပ်ခါးတုံးတွေ မကုန်ခင်မြန်မြန်ဖွင့်ပြောရင်ကောင်းမယ်ထင်တယ်ဟစိတ်ကူးပေါက်လိုက်မိပြန်၏။

ထိုစိတ်ကူးလေးမှာ ကြာကြာယဉ်ခွင့်မရလိုက်။ အတန်းထဲမှာ ပြဿနာတစ်ခုပေါ်လာပြန်သောကြောင့်ဖြစ်သည်။

ကျောင်းတက်ခေါင်းလောင်းထိုးပြီး ကျောင်းသားတွေစုံပြီးသောအချိန်တွင် ဒေဝီနိုင်အတန်းရှေ့ကိုထွက်လာပြီး သူ့ရှေ့မှာ ရပ်သည်။

"ဘာလဲ ဒေဝီနိုင်"

ဒေဝီနိုင်က ဘာမှမပြောသေးဘဲ သူ့ကိုငေးကြည့်ရင်းက မျက်ရည်ဝဲလာသည်။

"ကဲ ....ဘာဖြစ်တာလဲ .ပြောလေ ၊ ဆရာကြီးကို "

"သမီး ......သမီးရဲ့ဆွဲကြိုးပျောက်သွားလို့"

"ဘာ...ဆွဲကြိုး .......ဘာဖြစ်လို့ဆွဲကြိုးဆွဲလာရတာလဲ"

ဒေဝီနိုင်မျက်ရည်ပေါက်ခနဲကျလာသည်။ ကျောင်းကိုရွှေငွေ လက်ဝတ်ရတနာ ဝတ်မလာရ ။ ဝတ်လာ၍ ပျောက်ဆုံးလျှင် တာဝန်မယူနိုင်ကြောင်းကြေညာထားပြီးဖြစ်၏။ မိဘတွေကို အသိပေး

ထားပြီးလည်းဖြစ်၏။ သည်ကြားထဲက ဝတ်ဖြစ်အောင် ဝတ်လာသေးသည်။ သို့ရာတွင်လောလောဆယ်သည်အတွက် အပြစ်တင်နေလို့ မဖြစ်တော့ ။ ကလေးက ငိုနေပြီ။

"နေပါဦး ၊ ဆွဲကြိုးက ဆွဲထားရက်နဲ့ ဘယ်လိုလုပ်ပျောက်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီနိုင်က ရှုက်နေရသဖြင့် ရုတ်တရက် စကားမပြန်နိုင် ။ ပြီး မှ ..........

"ကျောင်းမတက်ခင်တုန်းက သမီးတို့ ဆင်ဝင်အောက်မှာ ရေလားကုန်းလား ကစားကြတယ်။ကျောင်းတက်ခေါင်းလောင်းထိုးသံကြားလို့ အတန်းထဲဝင်မယ်လုပ်တော့ ဆွဲကြိုးမရှိတော့ဘူး"

"အင်း .....ကစားရင်းနဲ့ ဆွဲရင်းလွဲရင်း ပြုတ်ကျသွားတာဖြစ်မယ် ၊ အဲဒီနားမှာ ရှာကြည့်သေးလား"

"ရှာတယ်ဆရာကြီး ........အားလုံးဝိုင်းရှာတာပဲ ၊ မတွေ့ဘူး"

"ကြွက်တွင်းတွေဘာတွေထဲများကျသလား"

"ကြွက်တွင်းလည်းမရှိပါဘူး"

တစ်ယောက်ယောက်ကောက်ရသွားတာဖြစ်နိုင်သည်ဟုတွေးမိ၏။ ဘာပဲဖြစ်ဖြစ်ရှာရတော့မည် ။

"ကဲ ......အားလုံး ခုံပေါ်တက် ၊ မတ်တတ်ရပ် ၊ လက်ပိုက်ထားကြ"

ပြောပြီးတစ်ဖက်အတန်းကိုလှည့်ကြည့်သည်။ ဒေါ်ခင်စိုးမြင့်က အခြေအနေကို အကဲခတ်နေတာတွေ့ရ၏။ သူက ဒေါ်ခင်စိုးမြင့်ဘက်လျှောက်သွားပြီး အခြေအနေကိုပြောပြသည်။

"အဲဒါ တခြားအတန်းကဆရာမတွေလဲ ပြောပေးပါ ။ ဆရာမကြီးဆီလည်း သတင်းပို့ပေးပါ၊ ကျွန်တော့်အတန်းကို ရှာလိုက်ဦးမယ် "

ဒေါ်ခင်စိုးမြင့်က ခေါင်းညိတ်သည်။ သူ့အတန်းဘက်ပြန်လှည့်လိုက်၏။ ကောက်ရထားသူရှိလျှင်မရှာခင်ပြန်ပေးနိုင်ဖို့ အခွင့်အရေးပေးရမည်။ ကလေးဆိုတော့ ကောက်ရပစ္စည်းပြန်ပေးဖို့မှာထားသင်ထားသော်လည်း ပစ္စည်းကလှနေလျှင် လိုချင်စိတ်ကလေး ဖြစ်လာနိုင်သည်။ ပြန်ပေးရကောင်းမလား ၊ ယူလိုက်ရကောင်းမလား ဝေခွဲမရဖြစ်ချင်ဖြစ်နေမည်။ ထို့ကြောင့် ........

"ကဲ .....သားတို့သမီးတို့ထဲကဒီနေ့ကျောင်းမတက်ခင်ပစ္စည်းတွေဘာတွေကောက်ရတဲ့လူရှိလား"

ဘာမှပြန်မပြောကြ။ သူကခဏစောင့်ကြည့်နေလိုက်ပြီးမှ ထပ်မေးသည်။

"............ရှိသလား"

"မရှိပါဘူး"

သူမျက်လုံးများသည် ဂေါ်လစ်ဆီအမှတ်မထင်ရောက်နေသည်။ မရှိပါဘူးဟုအော်ကြရာတွင် ဂေါ်လစ်သည် မဆိုစလောက်ကလေး နောက်ကျနေသည်ဟုသူထင်သည်။ ခဏအကြာတွင် တစ်ဖက်အတန်းမှလည်း ဒေါ်ခင်စိုးမြင့်၏ မေးသံနှင့်မရှိပါဘူးဟု ဖြေသံများကြားရသည်။ တခြားအတန်းတွေက အသံတွေလဲ ရေ့ဆင့်နောက်ဆင့်ကြားရသည်။ နောက်တော့ဆရာမကြီးရောက်လာသည်။ ဒေဝီနိုင်ကိုဖြစ်ပုံအရင်မေးသည်။ ကျောင်းသားတွေကိုစောစောကအတိုင်းမေးသည်။ အဖြေက မထူးခြား ။

"ကဲ ......ဆရာရေ ၊ တစ်ယောက်ချင်းလွယ်အိတ်တွေရှာဖို့ပဲရှိတော့တယ်"

"နောက်ဆုံးတန်းက စရှာရင်ကောင်းမယ်ဆရာမကြီး"

သူကပြောပြောဆိုဆိုနောက်ဆုံးတန်းကိုလျှောက်သွားသည်။အတန်း၏နောက်ဆုံးလက်ဝဲဘက်ခြမ်းမှာ ဂေါ်လစ်တို့ထိုင်သောနေရာ။ အစွန်ဆုံးကျောင်းသား၏လွယ်အိတ်ကို ရှာသည် ။ ဘာမှမတွေ့၊ ဂေါ်လစ်၏လွယ်အိတ်ကို ရှာသည်။ အနားတွေတွန့်လိပ်နေသော ဖတ်စာအုပ်များ ၊အညှိစားဗလာစာအုပ်များ ၊ လက်နှစ်ဆစ်ခန့်ရှိခဲတံတစ်ချောင်း ၊ ဂျင်နှင့် ဂျင်ကြိုး ၊ ဘလိတ်ဓားအကျိုးတစ်ခု၊ဒါပဲတွေ့သည်။

တခြားကျောင်းသားကျောင်းသူများ၏ လွယ်အိတ်ထဲမှာလည်း ကလေးတွေထည့်လာလေ့ရှိသည့် ပလတ်စတစ်အရုပ်အသေးအဖွဲလေးတွေ၊ သားရေကွင်း၊ ပို့စကတ်အဟောင်း၊ ပင်ပေါင်ဘောလုံးစသည်တို့သာတွေ့ရသည်။ တခြားအတန်းတွေကလည်း မတွေ့ကြောင်း သတင်းလာပို့ကြသည်။

ဒေဝီနိုင်ကတော့ ငိုနေပြီ။ ဆရာမကြီးကကလေး ကျေနပ်အောင် ပျောက်သွားသည်ဆိုသောနေရာကိုခေါ် သွားပြီး ထပ်ရှာသည်။ မတွေ့။ သည်လိုကိစ္စမျိုးမှာ စည်းကမ်းကိုမလိုက်နာရကောင်းလားဟုကလေးကို ဖိပြီးဆူနေလို့ ဘာမှမထူးနိုင်။ ထို့ကြောင့်ဒေဝီနိုင်ကို ချော့မော့ပြီး အတန်းထဲပြန်ပို့ရသည်။

ရွှေငွေပစ္စည်းယူမလာဖို့ ကြိုတင်သတိပေးထားပြီးဖြစ်၍ခုကိစ္စမှာကျောင်းအနေနှင့်ဘာမှတာဝန်မရှိ။ သို့တိုင်အောင် ဒေဝီနိုင်ရဲ့မိဘတွေကရဲစခန်းတိုင်တာတို့ဘာတို့လုပ်ချင်လုပ်နေလိမ့်မည်။

ထိုအခါရဲစခန်းကလည်းသူတို့တာဝန်အရ စစ်ဆေး မေးမြန်းမှုတွေလုပ်ရမည်။ ကိုယ်နှင့်မဆိုင်သော်လည်း အလုပ်တော့ ရှုပ်ဦးမည်။ ကျောင်းအတွက်လည်းမကောင်း ။ အရပ်ထဲကလူတွေကအမျိုးမျိုး မှတ်ချက်ချကြဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာ ကသိကအောက်ဖြစ်နေသည်။ သည်ကိစ္စနှင့်ပတ်သက်ပြီးတစ်ခုခုသိထားသလိုထင်နေ၏။ ဘာလဲဆိုတာ စဉ်းစားလို့မရ။ ဝတ္တရားအတိုင်း စာသင်နေရသော်လည်း စိတ်ကမရှင်းဘဲ ဖြစ်နေ၏။

မုန့်စားဆင်းခေါင်းလောင်းထိုးပြီး ကျောင်းသားတွေ ပြေးထွက်သွားကြသောအချိန်ကျမှ တစ်စုံတစ်ခုကို ဖျတ်ခနဲသတိရလိုက်သည်။ မနက်က ကျောင်းဝင်းထဲ ဝင်အလာတွင်တစ်ဖက်မှပြေးလာသောကျောင်းသားတစ်ယောက်က သူ့ကို ဝင်တိုးမိမလိုဖြစ်သွားသည်။ ဂေါ်လစ်ဖြစ်၏။

"ဟိတ်ကောင်ဘယ်လိုဖြစ်လာတာတုန်း"

"ကန်တော့ဆရာကြီး"

ဟု ပြောပြောဆိုဆိုလုစ်ခနဲ ပြေးထွက်သွားသည်။ ထိုအချက်သည်စဉ်းစားစရာဖြစ်၏။ ဂေါ်လစ်သည် ဆရာတစ်ယောက်လုံးလာနေသည်ကို မမြင်ဘဲ ဝင်တိုးလုလုဖြစ်ရအောင် ဘာကြောင့်ရေးကြီးသုတ်ပျာပြေးလာရသနည်း။ ကျောင်းဝင်းထဲရောက်ပြီးမှာ ဘာကြောင့်ကျောင်းပြင်သို့ ပြန်ပြေးထွက်ရသနည်း ။ ပြီးတော့ ဂေါ်လစ်သည် ခပ်ရှုပ်ရှုပ် လုပ်တတ်ခဲ့သော သာဓက တွေလည်းရှိသေးသည်။

သူမုန့်စားတန်းဘက်သို့ထွက်ခဲ့၏ ။ မုန့်ဆိုင်တွေဆီခပ်လှမ်းလှမ်းမှကြည့်သည်။ ဝိုင်းအုံဝယ်ယူ စားသောက်နေကြသော ကလေးတွေကြားမှာရှာသည်။ ကြာဆံသုပ်သည်ကြီးရှေ့မှာ ဂေါ်လစ်ကိုတွေ့ရသည်။ သူက ကျောဘက်မှ ပတ်ပြီး မနီးမဝေးမှ အကဲခတ်သည်။ ဂေါ်လစ်သည်ကြာဆံသုတ်ပန်းကန်ကိုလှမ်းယူပြီး ဆယ့်ငါးကျပ်တန် တစ်ရွက်ပေးလိုက်သည် ။ ပြန်အမ်းငွေကိုယူပြီး အိတ်ထဲထည့်လိုက်သည်။ ကြာဆံသုပ်ကို ပလုတ်ပလောင်းစားသည်။ ခဏချင်းကုန်သွားသည်။ ကြာဆံသုပ်ဆိုင်မှထွက်ပြီးနောက် မုန့်မျိုးစုံဆိုင်ဝင်သည်။ ဆီးထုပ်တစ်ထုပ်နှင့် နေကြာစေ့တစ်ထုပ် ဝယ်သည်။ ဂေါ်လစ်၏ပုံစံမှာ ပုံမှန်ဝယ်စားနေကျဟန်ပန်နှင့်မတူ။ ရုတ်တရက်ငွေအစုလိုက်အပုံလိုက် ရသောလူတစ်ယောက် ဟိုဟာဝယ်ရကောင်းနိုး သည်ဟာလည်းဝယ်ချင်ဆိုသည့်ပုံမျိုးဖြစ်နေ၏။

ဖြစ်နိုင်ချေကတော့ တော်တော်များနေပြီ။ ထို့ကြောင့်လာရာလမ်းကနေဆီးပြီး စောင့်နေလိုက်၏။ ဂေါ်လစ်လည်းဆီးထုပ်ကို ပါးစပ်နှင့်ကိုက်ဖောက်၍မြိန်ရေယှက်ရေစားရင်းလျှောက်လာနေသည်။ သူ့ကိုမြင်တော့ ခြေလှမ်းတစ်ချက် တုံ့သွားပြီးမှ .......

"ဆရာကြီးစားပါဦး"

ဟုပြောသည်။ သူက ...........

"ဂေါ်လစ် ၊ မုန့်တွေက များလှချည်လားကွ ၊ မင်းအိမ်ကမုန့်ဖိုးဘယ်လောက်တောင်ပေးလိုက်လို့လဲ"

ဂေါ်လစ် ခဏစဉ်းစားပြီး .........

"ဟိုဒင်း ......... ငါးကျပ်ဆရာကြီး"

ဂေါ်လစ်ညာနေပြီ ၊ ထို့ကြောင့် ........

"ကဲ ...ဂေါ်လစ် ၊ မှန်မှန်ပြောစမ်း ၊ မင်းမှာ ပိုက်ဆံ ငါးကျပ်ထက်မကရှိတယ်။ အဲ့ဒါဘယ်ကရသလဲ"

ဂေါ်လစ်ဖြူသွားသည်။

"ကျွန်တော် ........ကျွန်တော်ကောက်ရတာပါ"

"ကောက်ရတာ ၊ ဘာကောက်ရတာလဲ ၊ ပိုက်ဆံလား ၊ တခြား ပစ္စည်းတစ်ခုခုလား"

ချောင်ပိတ်မိနေပြီဖြစ်ကြောင်း ဂေါ်လစ်သိသွား၏။ ထို့ကြောင့်ဝန်ခံသည်။

"ဆွဲကြိုးပါဆရာကြီး"

"အခု အဲ့ဒီဆွဲကြိုးဘယ်မှာလဲ"

"ကျွန်တော် ...........ကျွန်တော်ရောင်းလိုက်ပြီ"

"ဘာ .........ရောင်းလိုက်ပြီ"

ကျောင်းမတက်ခင်ဂေါ်လစ် ရေးကြီးသုတ်ပျာပြေးထွက်သွားတာကို ဖြုတ်ခနဲသတိရသည်။ ။

"မင်း ဘယ်မှာရောင်းလိုက်လဲ"

ဂေါ်လစ်ခဏဆုတ်ဆိုင်းဆိုင်းလုပ်နေပြီး 'ဟင်' ဟု ထပ်မေးမှ .......

"လမ်းထိပ်နားက ပုလင်းဆိုင်မှာ"

"ကဲ .......လာ ၊ မင်းငါ့ကို လိုက်ပြ"

ဂေါ်လစ်လက်ကို ဆွဲပြီးခေါ် သည်။ ဂေါ်လစ်ကတစ်ချက်တွန့်ခနဲဖြစ်ပြီးမှ ငြင်းလို့မရမှန်းသိ၍လိုက်လာသည်။ လမ်းမှာ ထပ်မေးကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆွဲကြိုးကို မင်းဘယ်လောက်နဲ့ရောင်းလိုက်တာလဲ"

"နှစ်ဆယ်"

"ဘာ .........နှစ်ဆယ် "

ကလေးမို့ နှပ်ချပြီး ဝယ်လိုက်ဟန်တူသည်။ ပြဿနာကတော့သိပ်မလွယ်လှပဟု ခန့်မှန်းရသည်။ဂေါ်လစ်က ဆက်ပြောသည်။

"သူ့ဆွဲကြိုးက အစစ်မှမဟုတ်ဘဲ ၊အင်ကြီးပါ"

"ဘယ်လိုကွ"

"ဟုတ်တယ်ဆရာကြီး ၊ ဈေးထဲမှာငါးဆယ်နဲ့ရောင်းတဲ့ရွှေအတုဆွဲကြိုးကြီးပါ ၊ ဒါကြောင့် နှစ်ဆယ်ပဲရတာပေါ့"

ဂေါ်လစ်လိုက်ပြသည့်ဆိုင်သို့ရောက်လာသည်။ သတင်းစက္ကူတို့ ၊ ပုလင်းတို့ တစ်ဆင့် ပြန်ဝယ်သည့်ဆိုင်။ ရှေ့မှာဂေါ်လစ်တို့လိုလူမျိုး ကုလားမတစ်ယောက်ထိုင်ပြီး ပုလင်းအမျိုးအစားတွေ ခွဲခြားရွေးချယ်နေသည်။ သူတို့ကိုမြင်တော့ အလုပ်ကိစ္စထင်၍မေးမည်ပြုပြီးမှ ဂေါ်လစ်ကိုတွေ့သွားသည်။ ကျောင်းဆရာအဝတ်အစားဝတ်ဆင်ထားသောသူ့ကို တစ်ချက်ကြည့်သည်။

"အစ်မကြီး ၊ ကျွန်တော်တစ်ခုမေးချင်လို့ ၊ ဒီကလေးက အစ်မကြီးဆီမှာ ဆွဲကြိုးတစ်ကုံးလာရောင်းတယ်ဆို"

"ဟာ .......မဟုတ်ပါဘူး ၊ ဒီကောင်လေး ရှုပ်ရှုပ်ယှက်ယှက်လုပ်တာ "

ဟုငြင်းသည်။ ထိုစဉ်တွင်ကလေးမလေးတစ်ယောက်ထွက်လာသည်။ သူ့လည်ပင်းမှာ ဆွဲကြိုး

တစ်ကုံး ။

"ဒီမသာမလေးက ....."

ဟု ရေရွတ်ပြီးမှ စကားမဆက်ဘဲ နေလိုက်၏။

"ဂေါ်လစ်မင်းရောင်းခဲ့တာ အဲ့ဒီဆွဲကြိုးလား"

ဂေါ်လစ်က ခေါင်းညိတ်ပြသည်။

"ကဲ ......အစ်မကြီး ၊ ဒီဆွဲကြိုးကကျောင်းသူလေးတစ်ယောက်ရဲ့ဆွဲကြိုးပါ ၊ သူကကောက်ရပြီးအစ်မကြီးဆီ လာရောင်းတာ "

"အဲ ....ဟုတ် ........ကျွန်မသမီးလေးကအတင်းလိုချင်တယ် ပူဆာလို့ပါ"

"ကဲပါလေ ၊ အဲဒီဆွဲကြိုးကို နှစ်ဆယ်နဲ့ရောင်းခဲ့တယ်ပြောတယ် ၊ အခုကျွန်တော် နှစ်ဆယ်နဲ့ပဲပြန်ဝယ်ပါ့မယ် ၊ ကဲ .......ဂေါ်လစ် ၊ မင်းအိတ်ထဲက ပိုက်ဆံတွေ ထုတ်"

"ကျွန်တော့်မှာ ဆယ့်လေးကျပ်ပဲကျန်တော့တယ် ဆရာကြီး "

"အေးပါ ၊ အဲဒါပဲထုတ်"

ဂေါ်လစ်က ဆယ်တန်တစ်ရွက်နှင့်ကျပ်တန်လေးရွက်ထုတ်ပေးသည်။ သူက ခြောက်ကျပ်စိုက်ပြီး မိန်းမကြီးကို ပေးလိုက်၏။ မိန်းမကြီးက သူ့သမီးလည်ပင်းမှ ဆွဲကြိုးကို ဖြုတ်သည်။ ကလေးကအဖြုတ်မခံဘဲ အော်ငိုသည်။ မိန်းမကြီးက .............

"တောက်....ငါလုပ်လိုက်မှပဲ ၊ ဟိုမှာနင့်အမေလင်က လာတောင်းနေတာ မတွေ့ဘူးလား"

သူ့မျက်နှာ ရှိန်းခနဲ ဖိန်းခနဲဖြစ်သွား၏။ မိန်းမကြီးက ရက်ရမ်းရမ်းပြီးကလေးကို ရိုက်မောင်းပုတ်မောင်း လုပ်ချင်သေးသည်။ သူက ..............

"ကလေးနဲ့မဆိုင်ပါဘူးဗျာ ၊ မလုပ်ပါနဲ့ "

ဟုမျက်နှာထားတည်တည်နှင့် ဟန့်လိုက်သောကြောင့် မရိုက်ဖြစ်လိုက် ။ ထိုအခါ ဂေါ်လစ်ဘက်လှည့်လာပြန်သည်။ ဆွဲကြိုးကိုပြန်ပေးရင်း ..........

"ဒီကောင်လေးက လည်း မလည်ရှုပ်လုပ်ချင်တယ်၊ ပြောတော့တစ်မျိုး "

ဟု စကားဖြတ်ပြီး ထွက်လာခဲ့၏ ။

"ကဲ ........ဂေါ်လစ် ၊ ဘယ်လိုလုပ်ကြမလဲ"

ဟုလမ်းမှာ သူက မေးသည်။ ဂေါ်လစ်က .........

"ကျွန်တော်ခိုးတာမဟုတ်ပါဘူး ၊ ကောက်ရလို့"

"အေး ...ဘာပစ္စည်းပဲ ကောက်ရကောက်ရ ၊ ဆရာကြီးဆီလာအပ်ရမယ် ၊ ပိုင်ရှင်ကိုပြန်ပေးရမယ်လို့ ဆရာကြီးခဏခဏ မှာထားတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ကဲ .......ဒီတော့မင်းမှာ အပြစ်ရှိတယ်"

ဂေါ်လစ် စိုးရိမ်သည့်မျက်နှာဖြစ်သွားသည်။ ခုကိစ္စကိုအခွင့်ကောင်းယူ၍ဂေါ်လစ်၏စာရိတ္တကိုပြုပြင်ဖို့ကြိုးစားရမည်။

"မင်းကိုငါပြောမယ် ဂေါ်လစ် ၊ အခုအကြောင်းကို သူများ တွေသိသွားရင် သိပ်ရှက်စရာကောင်းမှာပဲ"

ဆိုပြီး ဂေါ်လစ်ကို အကဲခတ်ကြည့်သည်။ ဂေါ်လစ်မျက်နှာငယ်နေကြောင်း တွေ့ရသဖြင့် နည်းနည်းထပ်ခြောက်လိုက်သည်။

"အခုဥစ္စာက ဆွဲကြိုးအတုဖြစ်နေလို့နော် ၊ ရွှေအစစ်သာဆိုရင် မင်းကိုဖမ်းလို့တောင်ရတယ်၊အေး ......ဒါပေမယ့် မင်းကို အခွင့်အရေးတစ်ခုပေးမယ်၊ အခုကိစ္စကို ဆရာကြီးဘယ်သူ့ကိုမှမပြောဘူး ၊ ဆွဲကြိုးကိုတစ်နေရာက ပြန်ရှာတွေ့တယ်လို့ ပြောလိုက်မယ်"

ဂေါ်လစ်မျက်နှာ ဝင်းခနဲဖြစ်သွားသည်။

"အေး .......ဒါပေမယ့် မင်းငါ့ကို ကတိတစ်ခုတော့ပေးရမယ် ၊ နောက်ကို ဘာပစ္စည်းပဲကောက်ရကောက်ရ ယူမထားရဘူး ၊ ဆရာကြီးဆီအပ်ရမယ် ၊ နောက်ပြီးသူများပစ္စည်းကိုသူများမသိအောင်မယူရဘူး ၊ အဲဒါမျိုးတွေ နောက်တစ်ခါ လုပ်တယ်ဆိုရင်တော့ မင်းကိုငါမညှာနိုင်ဘူး ၊ ဟုတ်ပြီလား"

ဂေါ်လစ်ခေါင်းညိတ်သည်။ သူတို့ကျောင်းဝင်းထဲပြန်ဝင်လာတော့ ကျောင်းတောင်ပြန်တက်နေပြီ။

သူက ဂေါ်လစ်ကို အတန်းထဲ သွားခိုင်းလိုက်ပြီး ဆရာမကြီးရုံးခန်းဆီသို့ လာခဲ့သည် ။

ဂေါ်လစ်၏ကိစ္စကိုဆရာမကြီးအား ပြောပြလိုက်သည်။ဆရာမကြီးကလည်း ဆရာဆောင်ရွက်ပုံ သင့်လျော်ပါသည် ဟုပြောသည်။ ခုနောက်ပိုင်းမှာ ကိစ္စအတော်များများကို အသိပေးတိုင်ပင်လေ့ရှိသောသူတစ်ယောက်ကိုလည်း ပြောပြဖြစ်၏။ ဒေါ်ခင်စိုးမြင့်ပင်ဖြစ်သည်။

ဂေါ်လစ်သည်ကျောင်းဖွင့်ကာစတုန်းက ခြောက်ဆယ် ခုနစ်ဆယ်တန်သောလက်ပတ်နာရီပတ်လာနိုင်သည်။ နောက်ပိုင်းလက်ပတ်နာရီ မပတ်နိုင်တော့သည်အပြင် အဝတ်အစားကလည်း ခပ်စုတ်ချာချာဖြစ်လာ၏။ မုန့်ဖိုးကလည်း ပုံမှန်ရပုံ မပေါ်တော့။ သူ့မိဘတွေစီးပွားရေးအခြေအနေ ကျဆင်းလာခြင်းဖြစ်မည်။သို့နှင့်သူ့မိဘတွေ အကြောင်းတတ်နိုင်သမျှ စုံစမ်းကြည့်သည်။စိတ်မကောင်းစရာအကြောင်းအချက်တွေကိုသိရ၏။ ဂေါ်လစ်၏အဖေက အမှုတစ်ခုဖြင့်ထောင်ကျနေသည်။ အမှုဆိုတာကလည်း ခိုးမှုလိုလို၊ခါးပိုက်နှိုက်မှုလိုလိုမသေချာ၊မရေရာ။သူ့အဖေရှိစဉ်ကချောင်ချောင်လည်လည်နေနိုင်သည်။ အဖေထောင်ကျသွားတော့ သူ့အမေက ကြုံရာကျရာအလုပ်လုပ်ပြီးကျွေးမွေးနေရသည်။ ဂေါ်လစ်၏အောက်မှာ ညီမနှစ်ယောက်ရှိသေးသည်ဟုသိရ၏။

ဂေါ်လစ်က သူ့အဖေ၏ဗီဇသွေးပါလာသလား ။ ဒါမှမဟုတ် ၊ အတုမြင်အတတ်သင်ခြင်း ပဲလား၊ သူများပစ္စည်းကို ခိုးတာ ဂုဏ်တာမကောင်းကြောင်း ဂေါ်လစ်ကိုဆုံးမရခြင်းသည် သူတို့မိသားစုကိုချောင်ချောင်လည်လည် ထားနိုင်သော သူ့အဖေ၏ အလုပ်အကိုင်ကိုစော်ကားသလိုဖြစ်နေသလား။

ဂေါ်လစ်ကကောဒါမျိုးတွေကို မကောင်းသောအပြုအမူဟု နားဝင်လက်ခံပါ့မလား။ဘာပဲဖြစ်ဖြစ် ကျောင်းထားဖြစ်အောင် ဆက်ထားနေသေးသော ဂေါ်လစ်အမေ၏အမြော်အမြင်ရှိမှုကိုတော့ ချီးကျူးရလိမ့်မည်။ သည်လိုဆိုတော့ ဂေါ်လစ်ကိုဝိုင်းဝန်းထိန်းသိမ်းတည့်မတ်ပေးနိုင်ဖို့အခွင့်အလမ်းရှိသည်ဟုဆိုရမည်။

ဂေါ်လစ်မှာသူခိုးခြောက်ထားသောကြောင့်လား ၊ သူ့ဘာသာပဲအရှက်တရားလေးနဲ့ ထိန်းနေသလားမသိ။ ပြဿနာသိပ်မထွေလာတော့ ။ သူကလည်းတစ်ပတ်တစ်ခါလောက် မုန့်ဝယ်ကျွေးသည်။ ဆရာမကြီးက အခါအားလျော်စွာ ခဲတံ ၊ ပေတံ ၊ ဗလာစာအုပ် စသည်ဖြင့်ပေးသည်။

ဒေါ်ခင်စိုးမြင့်ကလည်း မကြာခဏဆိုသလို ..........

"ဂေါ်လစ်ရေ .....ဆရာမကိုနေကြာစေ့တစ်ထုပ်ဝယ်ပေးစမ်းပါ ၊ မင်းလဲ တစ်ကျပ်ဖိုးဝယ်စား"

ဆိုပြီးနိုင်သလောက်ဝင်ကူသည်။

သည်လိုနှင့်ဂေါ်လစ်၏အခြေအနေမှာ တိုးတက်လာခဲ့သည်။ ဘာပစ္စည်းပဲကောက်ရကောက်ရလာပေးရမည်ဟု သူကဆိုထားခဲ့သည်။ ဂေါ်လစ်မှာ မျက်စိကလည်းလျင် နေရာတကာလည်းရောက်သူမို့မကြာခဏ ပစ္စည်းကောက်ရတတ်သည်။ ကောက်ရတိုင်းလည်း လာလာအပ်တတ်သည်။ လက်တစ်ဆစ်လောက်သာရှိ၍ သူများလွှင့်ပစ်ထားသောခဲတံလေးတွေ ၊ လက်သည်းခွံလောက်ရှိသည့် ခဲဖျက်အပိုင်းအစကလေးတွေ၊ နောက်ဆုံး တွယ်ချိတ်တို့၊ ကလစ်တို့ကအစလာအပ်သဖြင့် ပြုံးရသည့်အကြိမ်ပေါင်းမနည်းတော့။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် သူ၏အကောင်းဘက်ရောက်လာသောစိတ်ဓာတ်ကလေးကိုအားပေးချင်သဖြင့်အပ်သမျှပစ္စည်းတွေကို လက်ခံရသည်။ သူ့ကိုရှိုးကျူးစကားပြောရသည်။ ဂေါ်လစ်ကလည်း ဒါကို ကြည်နူးသာယာတတ်လေသည်။

အိမ်ပြန်ရောက်တော့အိမ်ရှင်အဒေါ်ကြီးက စာတစ်စောင်ရောက်သည်ဟုပြောပြီးပေးသည်။ စာအိတ်ပေါ်က လက်ရေးကိုကြည့်ပြီး ယောက်ဖကိုချစ်ဆီကစာမှန်းသိလိုက်၏။ စာကိုဖောက်ဖတ်ကြည့်သည်။ အိတ်ပေါ်မှာကိုချစ်က လိပ်စာရေးပေးထားခြင်းသာဖြစ်၏။ အထဲမှစာက အစ်မရေးလိုက်ခြင်းဖြစ်၏။ စာကိုကြည့်ပြီး မျက်လုံးပြူးချင်သွားသည်။

"ရင်ရင်ရွှေနဲ့ကိစ္စကိုလည်း အစ်မကတော့ မြန်မြန်စီစဉ်လိုက်ချင်တယ်။ လက်ထပ်ပြီးရင် ရန်ကုန်ကိုရင်ရင်ရွှေကို ခေါ်ချင်လည်းခေါ်သွား၊ သို့တည်းမဟုတ် မင်းအလုပ်က ထွက်ပြီးမိတ္ထီလာကကိုချစ်သူငယ်ချင်းပွဲရုံမှာ အလုပ်ဝင်လုပ်လို့လဲ ရတယ်။ သူတို့က ယုံကြည်ရမယ့်လူရင်းတစ်ယောက်လိုတယ်ပြောတယ်။ စရိတ်ငြိမ်းတစ်လသုံးထောင်လောက်ပေးမတဲ့၊ နောက်ပိုင်းကိုယ်ကျွမ်းကျင်သွားတော့ ပွဲရုံခွဲထောင်ဖို့အရင်းအနှီးလည်း ထုတ်ပေးမယ်ဆိုတယ်၊ အေးလေ ..ဒါကတော့ သင့်သလိုကြည့်စီစဉ်ကြတာပေါ့"

သည်အတိုင်းဆိုလျှင် အခြေအနေကတော့ သိပ်မလွယ်လှချေ။ အစ်မကိုသူက စကားနည်းရန်စဲ သဘောမျိုးဖြင့် 'ရင်ရင်ရွှေက ငယ်ပါသေးတယ်၊ နောက်တော့ကြည့်လုပ်တာပေါ့'ဆိုပြီးရွှေးသိပ်ခဲ့သည်။ အစ်မက တကယ်မှတ်ပြီး သူ့စိတ်ကူးနှင့်သူ လျှောက်လုပ်နေသည်။ ခုကိစ္စကိုမျှော်ထားလို့မဖြစ်တော့။ ခုတောင်တော်တော်စကားကျွံသွားပြီလားမသိ။ ကျွံလည်းမတတ်နိုင်။ စောစောစီးစီးဇာတ်လမ်းကို ဖြတ်မှဖြစ်မည်။ မျက်နှာပူစရာရှိလည်းအစ်မဘာသာကြည့်လုပ်ပေတော့။

ရင်ရင်ရွှေကိုမယူနိုင်ဘူးဆိုတာလောက်နဲ့တော့အစ်မက လက်ခံမည်မဟုတ်။ ငါ့မောင်ငါဖျောင်းဖျရင်ရမှာပဲဆိုပြီး ဆက်လုပ်ချင်လုပ်မည်။ သည်တော့တစ်နည်းပဲရှိသည်။ ရန်ကုန်မှာမိန်းမရောက်နေပြီလို့ပြောမလား။ သည်လောက်တော့ ပြောလို့မဖြစ်သေး။ အစ်မကယုံရတာမဟုတ်။ ရန်ကုန်ဆင်းချလာလျှင်ခက်မည်။ ရန်ကုန်ရောက်လာလို့ ပြစရာမိန်းမမရှိလျှင်ဟာသဇာတ်ကားတွေထဲကလို တစ်ယောက်ယောက်ကို မိန်းမအတုအဖြစ် ငှားရမလိုဖြစ်နေလိမ့်မည်။ အကောင်းဆုံး ကတော့ .....

"ရွာကိုပြန်ရောက်တုန်းက အစ်မဆူမှာစိုးလို့ မပြောဖြစ်ခဲ့တာ။ ရန်ကုန်မှာ ကျွန်တော်လက်ထပ်ဖို့ကတိပေးထားပြီးတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်။ သူကကျောင်းဆရာမပဲ ။ ရန်ကုန်သူမဟုတ်ပါဘူး ။ ပဲခူးဘက်ကပါ ။ သိပ်ရိုးသားတယ်။ ချောလဲချောပါတယ်။ အစ်မမြင်ရင် သဘောကျမှာပါ"

စသည်ဖြင့်စာတစ်စောင်ရေးပြီး အစ်မဆီထည့်လိုက်၏။ စာဖတ်ပြီးလျှင်အစ်မကတော့ အံ့ပဲအံ့ဩမလား ၊ စိတ်ပဲဆိုးနေမလားမသိ။

ခုလိုအစ်မကို အသိပေးလိုက်သည့်အတွက် တစ်ဖက်မှကိစ္စအေးသွားသလို တစ်ဖက်ကလည်း ပြဿနာတစ်ခု ရှိလာသည်။ စာထဲမှာရေးထားသည့်အတိုင်း တကယ်ဖြစ်အောင်လုပ်ဖို့ တာဝန်ရှိလာခြင်းပင်ဖြစ်၏။ ဘာပဲဖြစ်ဖြစ် ဒေါ်ခင်စိုးမြင့်ကို အနေးနှင့်အမြန်ဖွင့်ပြောရတော့မည်။သည်လိုမပြောမဖြစ်အောင်လုပ်ချင်လို့ပဲ အစ်မဆီကို စာရေးလိုက်မိ လေသလား မသိ။ ကိုယ့်ကိုယ်ကို သတ္တိမွေး တွန်းအားပေးချင်နေမှန်းသိသာနေတာတော့ အမှန်ပဲ။

အမြန်ဆုံးဖွင့်ပြောမှဖြစ်မည်ဆိုသောဆုံးဖြတ်ချက်သည်စိ တ်ကူးအဆင့်မှာပဲ ရှိနေသေးသည်။ သည်ထက် တက်မလာသေး ။ နက်ဖြန် ပြောဖြစ်အောင် ပြောမည်ဟုသန္နိဋ္ဌာန်ချခဲ့ပြီးမှနောက်တစ်နေ့လည်းရောက်ရောညသိပ်ထားသည့် မီးပုံပူဖောင်းတစ်လုံးလိုအားလျော့နေတတ်တာ အကြိမ်ကြိမ်။

သည်နေ့တော့ကျိန်းသေပဲဆို အားခဲပြီးမှကျောင်းလည်းရောက်ရော ဆရာမကြီးကအလုပ်ကိစ္စတစ်ခုနှင့် အပြင်ကိုခိုင်းလို့သွားရတာတို့ ၊ လူမလစ်လို့ မပြောဖြစ်လိုက်တာတို့နှင့်ကြုံရသည်။ စာနှင့်ရေးပြီးပြောဖို့ဆိုတာကလည်း သည်အသက်အရွယ်ရောက်နေသောကျောင်းဆရာတစ်ယောက်အတွက်မတင့်တယ်ပြန်ချေ။

သည်လိုနှင့်ဒီဇင်ဘာကျောင်းပိတ်ရက်ကို တိုင်ခဲ့သည်။ အစ်မနှင့်လောလောဆယ် ရင်မဆိုင်ချင်သေးသဖြင့် ရွာကိုမပြန်ဘဲ နေလိုက်သည်။ အစ်မကလည်း သူရေးလိုက်သောစာကြောင့် စိတ်ဆိုးသွားသလားမသိ။ စာပြန်မရေးဘဲနေသည်။

ကျောင်းပိတ်ရက်အတွင်းမှာ စာဖတ်လိုက် ၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက်နှင့်သာအချိန်ကုန်သည်။ ဒေါ်ခင်စိုးမြင့်တို့ အိမ်သွားလည်ရရင်ကောင်းမလားဟုစဉ်းစားမိသေးသည်။ သူ့မှာ သည်လောက်သတ္တိမရှိ။

ယောင်ချာချာလုပ်နေရင်း ကျောင်းဖွင့်ရက် ပြန်ရောက်လာသည်။ ဟိုတစ်ခါတုန်းက ရွာကို ပြန်နေရင်းအဝေးက သတိရတာ ။ ခုဟာက ရန်ကုန်မှာ တူတူရှိနေပါလျက် ကိုယ့်သတ္တိနှင့်ကိုယ်မတွေ့ရတာ။ သတိရမိတာချင်းတော့ တူတူပဲဟု ထင်သည်။ ကျောင်းစဖွင့်သည့်နေ့မှာ စိတ်လှုပ်ရှားတက်ကြွစွာကျောင်းပြန်တက်ခဲ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဆရာ၊ သိပ်အချိန်ဆွဲမနေနဲ့နော်၊ ခင်စိုးမြင့်ကချောတော့ သဘောကျတဲ့သူတွေများမှာပဲ။ တော်ကြာမောပြီး ကျန်ခဲ့မယ်နော်"

ဆရာမဒေါ်အေးအေးချစ်က စကားစပ်ပြီးတိုက်တွန်းလာပြန်သည်။ သည်တစ်ခါတော့အရင်လို အကြောက်အကန် မငြင်းမိဘဲ ပြုံးရုံသာပြုံးနေမိလိုက်၏။

"ဆရာမပြောရရင်ကျွန်မပြောပေးရမလား"

ဟုဒေါ်အေးအေးချစ်က နောက်သလိုလို ပြောင်သလိုလိုပြောပြီး သွေးတိုးစမ်းသည်။ ဒေါ်အေးအေးချစ်ကိုပဲ အောင်သွယ်လုပ်ခိုင်းရမလားဟုတွေးမိသေးသည်။ ဒါကျတော့လည်းသတ္တိနည်းရာကျလွန်းသည်ဟုထင်၏။

ဒေါ်အေးအေးချစ်တို့အနေဖြင့်အတွေ့အကြုံရင့်ကျက်သူများပီပီ သူ့မျက်နှာအမူအရာကို အကဲခတ်ကြည့်ပြီး အတွင်းစိတ်ကို ခန့်မှန်းသိရှိသွားနိုင်သည်။ ဒေါ်ခင်စိုးမြင့်ကိုလည်း 'ဆရာဦးမြင့်ကြည်က စိုးကို စိတ်ဝင်စားနေပုံရတယ်' ဟု ပြောမှာသေချာသည်။

သည်တော့ပြောစရာရှိတာမြန်မြန်ထက်ထက်ဖွင့်ပြောလိုက်ဖို့ .သာရှိတော့သည်။ တစ်ခုပဲရှိသည်။ ဒေါ်ခင်စိုးမြင့်ကကောသူ့အပေါ် ဘယ်လိုသဘောထားသလဲဆိုတာ ယေဘူယျသဘော ပြောရရင်တော့ မဖြစ်နိုင်စရာ အကြောင်းမရှိ။ သို့တိုင်အောင်သည်လိုကိစ္စမျိုးဆိုတာမသေချာသေးဘဲ အဆုံးစွန်တွေးလျှင် ကိုယ့်ကိုယ်ကို အထင်ကြီးရာကျမည်။

သည်လိုအခြေအနေမျိုးမှာ အစ်မဆီက စာတစ်စောင်ရောက်လာခဲ့သည်။

မောင်မြင့်ကြည် ........

အစ်မစာရေးလိုက်ပါတယ်၊ ခရစ္စမတ်ကျောင်းပိတ်ရက်တုန်းကဘာကြောင့် ရွာကိုပြန်မလာရသတုန်း ။ အစ်မကတော့ မင်းလာလိမ့်မယ်ကျိန်းသေပဲဆိုပြီး မင်းလာမယ့်ရက်ကိုမှန်းပြီး ဟင်းတွေချက်ထားသေးတယ်။ မင်းအစ်ကိုကလဲ မင်းကိုမျှော်နေတာပဲကောကွယ်။ အေး လေ .....မင်းမလာတာပဲခပ်ကောင်းကောင်းရယ် ။ ဘာကြောင့်ဆိုတော့ ရင်ရင်ရွှေတို့ သားအမိကိုမျက်နှာပူစရာဖြစ်နေတာကိုး။ အခုတော့ ရင်ရင်ရွှေလည်းအိမ်ထောင်ပြုသွားပါပြီ။ မလှိုင်က ကိုသိန်းဝင်းဆိုတဲ့ လူနဲ့ပဲ။ အဲသည်လူကအသက်တော့ကြီးပါပြီ ။ ဒါပေမယ့် ကုန်ကားသုံးစင်းလောက် ပိုင်တယ်ဆိုတော့ ကောင်မလေးတို့ သားအမိ ချောင်ချောင်လည်လည်ဖြစ်သွားတာပေါ့။

ရန်ကုန်မှာမင်းလက်ထပ်ဖို့ရည်စူးထားတဲ့မိန်းကလေးရှိနေတယ် ကြားတော့ အစပထမတော့ အစ်မလည်း စိတ်ပူသွားမိတယ်။ အစ်မကိုကြိုပြီး အသိပေးဖော်မရရကောင်းလားလို့စိတ်မကောင်းမိပါသေးတယ်။ နောက်ပြီးကျတော့မှ ရန်ကုန်သူမဟုတ်ဘူးဆိုလို့ စိတ်သက်သာရာရသွားတယ်။

မင်းအစ်ကိုကလဲကျောင်းဆရာမဆိုရင် တည်တည်ငြိမ်ငြိမ်ဖြစ်မှာပါလို့ ပြောတယ်။

အစ်မသဘောကတော့ လူငယ်ချင်းသဘောမျှပြီးနေကြပြီပဲဟာ သိပ်အချိန်ဆွဲမနေစေချင်ဘူး။ သည်နွေကျောင်းပိတ် ဆိုရင် ဘယ့်နှယ်နေမလဲ စဉ်းစားပါ ။ အစ်မတို့ရန်ကုန်လာပြီးတစ်ဖက် မိဘတွေကို ပြောဆိုပေးဖို့ကိုလည်း ကြိုကြိုတင်တင် ပြောပါ။ ဒါမှသည်ကလည်း စီစဉ်စရာရှိတာ

စီစဉ်နိုင်အောင်ပေါ့။ မင်းအစ်ကိုကလဲ ကိုယ့်ဘက်က ဂုဏ်မငယ်ရအောင် လက်ထပ်ပွဲကို အတော်အသင့် ခမ်းခမ်းနားနား ဖြစ်အောင် ကြိုးစားပြီး လုပ်ပေးဖို့ပြောတယ်။

မိန်းကလေးကို အစ်မတို့လဲ မြင်ဖူးထားရအောင် ဓာတ်ပုံတစ်ပုံလောက်ပို့ပေးပါလားကွယ်။

အစ်မတို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ ထုံးစံအတိုင်း အကြောင်းအချက်ကလေး တစ်ခုရတာနဲ့တစ်ခါတည်း အဆုံးစွန်ထိစွတ်တင်ချလိုက်တာပဲ ။ ဘာပဲဖြစ်ဖြစ် တစ်ခုတော့ကောင်းသည်။ တစ်ဖက်ပြဿနာတစ်ခုရှင်းသွားတော့ တစ်ဖက်မှာ အပြတ်ပုံအောလိုက်ဖို့သာရှိတော့သည်။

မအောလို့လည်းမဖြစ်တော့ ။ သည်နွေကျောင်းမပိတ်ခင်မှာဒေါ်ခင်စိုးမြင့်ကို ဖွင့်ပြောဖြစ်အောင်ပြောရမည်။ အဖြေကို ပါရဖို့လိုသည်။ ဒါမှကျောင်းပိတ်ရက်ရွာပြန်သည့်အခါမင်္ဂလာသတင်းကောင်းကို သယ်ဆောင်သွားနိုင်မည်။

သည်တော့နက်ဖြန်မှာ ဖွင့်ပြောဖြစ်အောင် ပြောရမည်။ ပစ်ပစ်ခါခါငြင်းဆန်ခံရတာမျိုး မဖြစ်ပါစေနဲ့လို့သာ ဆုတောင်းရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရွှင်လန်းတက်ကြွစွာအိပ်ရာကနိုးခဲ့သည်။ မျက်နှာသစ်ဖို့ရေကပြင်ကို ထွက်လိုက်သောအခါ ရာသီဥတုက ပုံမှန်မဟုတ်ကြောင်းသတိပြုမိ၏။ဆောင်းနှောင်းဖြစ်သောကြောင့်အအေးဓာတ်မကုန်သေးသည့်တိုင် ကောင်းကင်က ကြည်လင်နေရမည်။

ခုကျတော့ အုံ့မှိုင်းမှိုင်းဖြစ်နေ၏။ ကောင်းကင်ကိုမော့ကြည့်တော့မိုးသားတွေကိုတွေ့ရသည်။ လေက နည်းနည်းထန်ချင်သလိုရှိပြီး တိမ်မည်းပါးပါးတွေ တရိပ်ရိပ်ပြေးနေ၏။

စိတ်ထဲမှာနည်းနည်းတော့ လေးချင်သလို ထင့်ချင်သလိုဖြစ်မိ၏။ နိမိတ်တွေဘာတွေ ယုံတတ်လို့တော့မဟုတ်။ နောက်မှတစ်ခုသွားစဉ်းစားမိသည်။ သူတို့အညာမှာဆိုလျှင်မိုးကိုအမျှော်ကြီးမျှော်ရသည်။ မိုးရွာလျှင်ပျော်ရသည်။ မိုးနံ့သည်အောင်မြင်ခြင်းရနံ့ဖြစ်၏။ သည်တော့ သူ့လို အညာသားတစ်ယောက်အဖို့ မိုးရွာခြင်းသည် လာဘ်ကောင်းသည်ဟု ဆိုနိုင်၏။

မနက်ပိုင်းတစ်ချိန်လုံးကိုဒေါ်ခင်စိုးမြင့်နှင့်တွေ့လျှင်ဘာတွေပြောမည်ဟုလေ့ကျင့်စဉ်းစားရင်းအချိန်ကုန်သည်။ မနက်စာအတွက်ပင် ဖြစ်ဖြစ်မြောက်မြောက် မစီစဉ်မိတော့ ။ ထမင်းကိုဆီချက်ကလေးထည့် ၊ ပုစွန်ခြောက်မှုန့်ထည့် ၊ ငံပြာရည်ဆမ်းပြီး ထမင်းသုပ်လိုလုပ်၍စားလိုက်သည် ။ ကြက်သွန်ဖြူကိုက်မည်ပြုပြီးမှ ပါးစပ်နံမည်စိုး၍မစားဖြစ်တော့ ။

ကျောင်းသူကလေး အေးသီရိထွေး ကန်တော့ထားသောကျောင်းစိမ်းလုံချည်ကိုဝတ်သည်။ ဆရာကန်တော့ပွဲက ရသောမန္တလေး ရှပ်အင်္ကျီအဖြူ အသစ်စက်စက်ကို ထုတ်ဝတ်သည်။ တိုက်ပုံအင်္ကျီကတော့ ပြီးခဲ့သည့် အခေါက်က ရွာမှအစ်မ ပေးလိုက်သော ပင်နီချောဖြစ်၏။ သူ့မှာရှိသမျှထဲတွင်အကောင်းဆုံး အသားနားဆုံးဖြစ်အောင် ဆင်ယင်ပြီးမှ ကျောင်းကို ထွက်လာခဲ့သည်။

ကျောင်းဝင်းထဲသို့ဝင်လိုက်သည့်အချိန်တွင် မိုးစက်ကလေး တွေ တစ်ပေါက်နှစ်ပေါက်ကျလာသည်။ အချိန်အခါမဟုတ်ရွာသောမိုးလိုပင် ရုတ်တရက်ဖွင့်ပြောလာသည့်သူ့စကားကြောင့်ဒေါ်ခင်စိုးမြင့် အံ့သြသွားလေမလားမသိ။

မအံ့သြလိုက်ပါနဲ့စိုးလေးရေ ။ ခုမှရုတ်တရက် ဖွင့်ပြောပေမယ့် ရင်ထဲမှာ ကိန်းအောင်းနေခဲ့တာကြာပါပြီ ။ ဟိုအရင်ကတည်းက ကိုယ့်မျက်လုံးတွေကို အဓိပ္ပာယ်ကောက်တတ်ရင်သိမှာပါနော်။

"သြော် .....ဆရာအတော်ပဲ"

ဟု ဆရာမကြီး၏နှုတ်ဆက်သံ ကြားသဖြင့် အတွေးပြတ်သွားရ၏။

"ဟုတ်ကဲ့ ....ဆရာမကြီး"

"ဒီလိုပါဆရာ ၊ ဒီနေ့ဒေါ်ခင်စိုးမြင့် ခွင့်ယူထားလို့ သူ့အတန်းကိုဆရာတွဲကိုင်ပေးဖို့ပြောမလို့"

"ဟုတ် ......ဟုတ်ကဲ့ ၊ ရပါတယ် ဆရာမကြီး"

ရုတ်တရက် စိတ်ကျရောဂါဝင်လာသလား ထင်ရသည်။ အားအင်တွေကုန်ခန်းသွားသလိုပင် ၊ ဒါမျိုးတစ်ခါမှ မဖြစ်ဖူးခဲ့။ သူ့အချစ်မှာတော်တော်ရင့်သန်နေပြီဖြစ်ကြောင်း ဝန်ခံသိ သိလိုက်ရ၏။

အတန်းထဲဝင်လိုက်ပြီးနောက် တစ်ဖက်အတန်းကို လှမ်းကြည့်မိသေးသည်။ မရှိမှန်းသိပါလျက်လွတ်နေသောစားပွဲကို ကြည့်ပြီး လွမ်းမိသလိုလိုဖြစ်ရသေးသည်။

အတန်းနှစ်တန်းကို ခွပြီး ထိန်းရသဖြင့် နားဖို့ အချိန်မရ။ တာဝန်ကို လေးစားတတ်သူမို့သာ ဝတ္တရားမပျက် စာသင်နေခြင်းဖြစ်၏။ သို့မဟုတ်လျှင် အိမ်ပြန်ပြီးအိပ်ယာထဲမှာ လိုမ့်ပိန့်နေမိပေလိမ့်မည်။

သည်ကြားထဲ မိုးက နည်းနည်းသည်းလာပြီး စွေနေပြန်သည်။ အိမ်မှထွက်လာတုန်းက မိုးကိုလာဘ်ကောင်းသည် ထင်ခဲ့သော်လည်း ခုကျတော့ မကောင်းသောနိမိတ်ဟု ထင်ချင်လာမိ၏။

အလွန်ကျောင်းတက်မှန်သောလူတစ်ယောက် သည်နေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်ခွင့်ယူထားသည်။ မိမိတို့ နှစ်ယောက်မှာ ကံမဆုံချင်လို့များလား ဟု တွေးပြီး စိုးရိမ်စိတ်ဝင်လာသည်။

အခါမယ့်မိုးကလည်း သူ့စိတ်တွေကို ပို၍လေးလံထိုင်းမှိုင်းစေသောအကြောင်းတစ်ရပ်ဖြစ်၏။

မုန့်စားကျောင်းဆင်းသည်အထိမိုးကမစဲသေး။ ကလေးတွေကိုလွှတ်လိုက်ပြီးနောက် စားပွဲမှာပင်ထိုင်ငိုင်နေသည်။

ထိုစဉ်မှာပင်ကျောင်းသူလေးနှစ်ယောက် သူ့ရှေ့မှာ လာရပ်သည်။

"ဘာလဲ .......စန္ဒာထွန်း"

"သမီးပိုက်ဆံပျောက်သွားလို့ဆရာကြီး"

တစ်ယောက်ကပြောသည်။

"ပိုက်ဆံပျောက်တယ် ၊ ဘယ်လောက်လဲ"

"ဆယ့်ငါးကျပ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ....များလှချည်လား ၊ မုန့်ဖိုးက ဘယ်လောက်ရလို့လဲ"

"မဟုတ်ဘူးဆရာကြီး ၊ ဒီနေ့မနက် မေမေ့ဆီ မုန့်ဖိုးတောင်းတော့ ငါးကျပ်တန်မရှိလို့ဆိုပြီး သုံးရက်စာ ပေးလိုက်တာ"

"ပိုက်ဆံကဘယ်မှာထားလို့လဲ"

"ခါတိုင်းတုန်းကတော့ ကွန်ပါဘူးထဲထည့်တာ ၊ ဒီနေ့ကျောင်းချိန်နီးနေလို့ လွယ်အိတ်ထဲပဲထည့်လာခဲ့တာ"

"စာအုပ်တွေဘာတွေ ထုတ်ရင်းထွက်ကျတာဖြစ်မယ် ၊ ခုံနားမှာသေသေချာချာ ရှာပြီးပြီလား"

"ရှာပါတယ် ၊ မတွေ့ဘူး"

"အင်း .......ဒါဆိုကျောင်းကို အလာမှာ"

"မဟုတ်ဘူးဆရာကြီး ၊ ဂေါ်လစ်ယူတာ"

အဖော်လိုက်လာသောအေးသီရိထွေးက ဝင်ပြောသည်။

"ဘာ .......ဘယ်လို"

"ဟုတ်တယ်ဆရာကြီး ........ကျောင်းမတက်ခင်သမီးတို့ဆော့နေကြတုန်း သူသမီးလွယ်အိတ်ကိုကိုင်တာတွေ့တယ်"

ထစ်ခနဲရှိဂေါ်လစ်ကို စွပ်စွဲချင်ကြတာ ခုထိ အစွဲလိုဖြစ်နေကြတုန်းပါလား ။ ဂေါ်လစ်မှာသူဆုံးမသွန်သင် ပြုပြင် ထိန်းသိမ်းထားသဖြင့် တော်တော်လိမ္မာသောကလေးတစ်ယောက် ဖြစ်နေပြီ ။ သို့တိုင်အောင် အရင်ကပြုခဲ့သည့် ပြဿနာလေးများ၏အကျိုးဆက်ကို ခုထိခံနေရတုန်းဖြစ်၏။ ကလေးအချင်းချင်းက သူ့ကိုအမြင်မရှင်းကြသေးကြောင်း ဝမ်းနည်းဖွယ်သိလိုက်ရသည်။ တတ်နိုင်သလောက်အကာအကွယ်ပေးဖို့ လိုအပ်သည်ဟုယူဆသဖြင့်...........

"လွယ်အိတ်ထဲကနေ ပိုက်ဆံကို ဂေါ်လစ်နှိုက်တာကို သမီးတို့ ကိုယ်တိုင်မြင်သလား"

စန္ဒာထွန်းက ........

"မြင်တော့မမြင်ပါဘူး ၊ ဒါပေမယ့် သူမယူရင် ဘယ်သူယူမလဲ"

"တပ်အပ်မမြင်ဘဲနဲ့ မစွပ်စွဲရဘူးလေ"

သူ့လေသံကနည်းနည်းမာသွားသည်။ စန္ဒာထွန်းမျက်လုံးလေးဝိုင်းပြီး သူ့ကိုကြည့်နေ၏။ အေးသီရိထွေးက ............

"ဒါဆိုရင် သူက ဘာလို့မုန့်ဝယ်စားရတာလဲ ၊ ဂေါ်လစ် ဆယ့်ငါးကျပ်တန်နဲ့ မုန့်ဝယ်နေတာသမီးမြင်ခဲ့တယ်"

သူတွေခနဲဖြစ်သွားရ၏။ စဉ်းစားစရာတော့ရှိလာပြီ။ ဂေါ်လစ်မှာ ဆယ့်ငါးကျပ်တန်ကိုင်သုံးနိုင် လောက်သော အခြေအနေမရှိ။ ပျောက်သွားသည့်ငွေနှင့်တိုက်ဆိုင်မှုကရှိလာပြီ။ စန္ဒာထွန်းတို့ ကျေနပ်အောင် ဂေါ်လစ်ကို စစ်မေးဖို့ လိုအပ်လာသည်။

"ကဲ .......ဒါဆိုလာ"

သူကဦးဆောင်ပြီး မုန့်ဈေးတန်းဘက် ထွက်ရန်လာခဲ့သည်။ ကျောင်းရှေ့ဆင်ဝင်အမိုးအောက် အရောက်တွင် မိုးစက်မိုးပေါက်တွေကြားမှပြေးလာနေသောဂေါ်လစ်ကို လှမ်းမြင်ရသည်။ဂေါ်လစ်၏လက်ထဲမှာ ဗာဒံရွက်နှင့် ထည့်ထားသော ကြာဆံသုပ်လိုစားစရာမျိုးတွေနှင့်ကျန်လက်တစ်ဖက်မှာ အချဉ်ထုပ် ၊ နေကြာစေ့ထုပ်တွေ ကိုင်ထားတာ တွေ့ရ၏။

"ဟိုမှာ ......တွေ့လားဆရာကြီး"

စန္ဒာထွန်းကပြောသည်။ဂေါ်လစ်တဖြည်းဖြည်းနီးလာသည်။ သူတို့ကိုတော့ မြင်ပုံမရ။ အနား

အရောက်တွင် ........

"ဟေ့ကောင် .............ဂေါ်လစ်"

ဟုသူကလှမ်းခေါ်လိုက်သည်။ မိုးသံကြောင့်လား။ သူ့ဇောနှင့်သူမို့လားမသိ။ ဂေါ်လစ်ကမကြားဘဲ ရှေ့က ဖြတ်ပြေးသွား၏။

"ဟေ့ ........မပြေးနဲ့"

စန္ဒာထွန်းကပြောပြောဆိုဆိုဂေါ်လစ်ကို လှမ်းဆွဲလိုက်သည်။ မီရာကိုလှမ်းဆွဲရသောကြောင့်အင်္ကျီ လက်မောင်းစကို ဆွဲမိပြီး ဗြိခနဲပြဲထွက်သွားသည်။ လက်ထဲက ကြာဆံသုပ်အထုပ်ကလည်း မြေပေါ် သို့ပြုတ်ကျသွား၏။ ဂေါ်လစ်စိတ်ဆိုးသွားပြီး ........

"နင် ဘာလုပ်တာလဲ.......ဟင်"

ဆိုပြီးလက်သီးနှင့်ရွယ်လိုက်သည်။ သူက 'ဟေ့ကောင်' ဆိုပြီး ဟန့်မှတန့်သွားပြီးသူ့ကိုမြင်သွားသည်။

"နင်......ငါ့ပိုက်ဆံပြန်ပေး"

စန္ဒာထွန်းက ပြောသည်။ ဂေါ်လစ်က ......

"ဘယ်က နင့်ပိုက်ဆံလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ငါ့လွယ်အိတ်ထဲက နင်ခိုးသွားတဲ့ပိုက်ဆံပေါ့"

"ဘာပြောတယ် .....ငါသူခိုးမဟုတ်ဘူး ၊ နင့်ပိုက်ဆံ ငါမယူဘူး"

"နင်မယူရင်ဘယ်သူယူမလဲ"

"နင့်ပါးစပ်ပိတ်ထား ၊ ငါဆွဲထိုးမိမယ်"

"ဟော့ ........တော်ကြစမ်း"

သူကဝင်တားပြီး ဂေါ်လစ်ဘက်လှည့်၍.......

"ဂေါ်လစ် .....မင်းသူ့လွယ်အိတ်ထဲက ပိုက်ဆံယူသလား"

"မယူဘူးဆရာကြီး ၊ သူများပိုက်ဆံမယူရဘူးလို့ ဆရာကြီးပြောထားတာပဲ"

"ဒါဆိုသူ့လွယ်အိတ်ကိုမင်းကိုင်တယ်ဆိုတာရော"

"လုလို့ကိုင်ကြည့်တာ"

"ကောင်းပြီ၊ အခုဝယ်လာတဲ့မုန့်တွေအတွက်ပိုက်ဆံဘယ်ကရသလဲ"

"ခင်မောင်ဦးပေးတာ"

BURMESE CLASSIC .com

"ဘာ ......ခင်မောင်ဦးကမင်းကိုဘာအတွက် ပေးရတာလဲ"

သူ့အသံက သင်္ကာမကင်းသည့် အရိပ်အယောင်ပါနေသည်။ ဂေါ်လစ်က သူ့ကိုတစ်ချက်မော့ကြည့်ပြီး ခေါင်းပြန်ငုံ့လျက် ..........

"ခင်မောင်ဦးက သူ့မှာဒီနေ့ ထီးမပါလာလို့တဲ့၊ သူကမိုးမိရင်နေမကောင်းဖြစ်တတ်တယ်တဲ့၊ အဲဒါမိုးရွာနေလို့ မုန့်ဆိုင်ကိုသူသွားလို့မဖြစ်ဘူးတဲ့၊ ဒါကြောင့်သူ့အတွက် မုန့်သွားဝယ်ပေးရင်ကျန်တော့်ကိုလည်း သုံးကျပ်ဖိုးကျွေးမယ်ဆိုလို့အခုသွားဝယ်ပြီးပြန်လာတာ ဆရာကြီး"

သူ့ရင်ထဲ ကျင်ခနဲဖြစ်သွားရ၏။ ဂေါ်လစ်ကတော့ ပြဲသွားသောအင်္ကျီလက်မောင်းစကို ကိုင်ရင်း၍ဖွက်ထဲကျနေသော ကြာဆံသုပ်များကို ငေးကြည့်နေ၏။ ဂေါ်လစ်တစ်ကိုယ်လုံးမိုးရေရွှဲရွှဲစိုနေတာ ခုမှသတိထားမိသည်။

သူတက္ကသိုလ်ကျောင်းသားဘဝတုန်းကဘုန်းကြီးကျောင်းမှာနေပြီး ကျောင်းတက်ခဲ့ရသည်။ ဘတ်စ်ကားနှစ်ဆင့်စီးမှ ကျောင်းရောက်သည်။ သူကတစ်ဆင့်ပဲစီးနိုင်သည်။ ကျန်တစ်ဆင့်ကို လမ်းလျှောက်ရသည်။မကြာခဏဆိုသလို ကျောင်းဆင်းလျှင် ဘုန်းကြီးကျောင်းရောက်သည်အထိလမ်းလျှောက်ပြန်လေ့ရှိသည်။

မနက်မသွားခင် အရုဏ်ဆွမ်းမှကျန်သည့် ထမင်းဟင်းကို စားပြီးကျောင်းသွားသည်။ ကျောင်းမှာဘာမှဝယ်မစားနိုင်။ သူ့အနေနှင့် အပိုသုံးဖို့ကိစ္စကိုလုံးဝမစဉ်းစားနိုင်။ ဒါကိုသိသောသူငယ်ချင်းများက ကျွေးကြမွေးကြသည်။ စေတနာအရင်းခံနှင့် ကျွေးကြခြင်းဖြစ်သော်လည်း သိမ်ငယ်စိတ်ဝင်ရတာတော့ အမှန်ပင်။

သူတို့သူငယ်ချင်းအုပ်စုထဲမှာ မိန်းကလေးတွေလည်း ပါသည်။ သူ့ကိုကရုဏာသက်ခင်မင်ကြသဖြင့် သူတို့ထမင်းဘူးထဲမှာ ထမင်းဟင်းပိုထည့်လာပြီး သူ့ကို ကျွေးကြသည်။ သူကလည်း အလိုက်သိစွာ ပြန်လည်ကူညီသည်။ ကျောင်းလခ သွင်းပေးခြင်း ၊ရုပ်ရှင်လက်မှတ်တန်းစီပေးခြင်း ၊ပစ္စည်းအတိုအထွာဝယ်ပေးခြင်း ၊ အဆောင်က သူငယ်ချင်း မြို့ပြန်လျှင် ပစ္စည်းတွေသယ်ပိုး၍ဘူတာ၊ သင်္ဘောဆိပ်တို့သို့လိုက်ပို့ပေးခြင်း စသည်ဖြင့် .............

ကြာတော့ထိုကိစ္စများမှာဘာမှမဆန်းသလိုဖြစ်သွားသည်။ တောက်တိုမည်ရ ခိုင်းစရာရှိလျှင်သူ့ကိုပဲသတိရကြသည်။ ချိုးချိုးနှိမ်နှိမ်သဘောနှင့်ခိုင်းတာမျိုးတော့မဟုတ်။ သို့တိုင်အောင် တစ်ခါတစ်ခါ သတိလက်လွတ်ဖြစ်ပြီး 'မြင့်ကြည်ရေ၊ ဓမ္မာရုံဝင်းထဲက ပုဇွန်ခွက်ကြော်သုပ်သွားဝယ်ပေးစမ်းပါ၊ နင်လဲစားခဲ့ပေါ့' ဟုခိုင်းတတ်တာမျိုး ရှိ၏။

ထိုစဉ်ကသူ့ဘဝသည် ဂေါ်လစ်နှင့်ဘာထူးသနည်း။

တွေးရင်းငေးရင်းလျှောက်လာမိရာ ၊ သူနေသည့်လမ်းကိုကျော်လာခဲ့သည်။ အတွေးစပြတ်သွားသည့်အချိန်တွင် အရက်ဆိုင်နားရောက်နေကြောင်းသတိပြုမိသည်။

သူခြေလှမ်းတစ်ချက်တန့်လိုက်သည်။ အရက်မသောက်ဖြစ်တာ ကြာပြီ။ ရွာပြန်သည့်အခါ ထန်းရည်နည်းနည်းပါးပါး သောက်ဖြစ်တာကလွဲလျှင်အရက်ခွက်ကိုမကိုင်မိတာ ကျောင်းဆရာဖြစ်ကတည်းကပင်ဖြစ်၏။

ခုတော့စိတ်ထဲက ထွေနေသဖြင့် သောက်လိုက်လျှင် ကောင်းမလားဟုစဉ်းစားမိသည်။ မိုးမရွာတော့သော်လည်း လေအေးက ဝှေ့ခနဲတိုက်လိုက်သဖြင့် တစ်ချက်စိမ့်သွားသည်။

သူသည်အရက်ဆိုင်က အမြည်းရောင်းသောဆိုင်တန်းထဲ သို့ လျှောက်ဝင်လာခဲ့သည်။ ဘယ်ဆိုင်မှာထိုင်ရင် ကောင်းမလဲဟုကြည့်ရင်း လျှောက်လာတုန်း .......

"ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ခေါ် သံကြားသဖြင့် တုံ့ခနဲရပ်သွားရ၏။ လှည့်ကြည့်သည်။ ခုနစ်နှစ်ရှစ်နှစ်လောက်ရှိမည့်ကောင်လေးတစ်ယောက်က သူ့ဆီ လျှောက်လာပြီး ရှေ့မှာလက်ပိုက်ရပ်သည်။ သူ့အတန်းကမဟုတ်သော်လည်း သူတို့ကျောင်းက ကျောင်းသားလေးတစ်ယောက် ဖြစ်ရမည်။

“ဆရာကြီးသောက်မလို့လား၊ ကျွန်တော်တို့ အမေဆိုင်မှာ ထိုင်ပါလား”

သူ့တစ်ကိုယ်လုံးဖိန်းခနဲ ရှိန်းခနဲဖြစ်သွား၏။

“ဆရာကြီးဆိုရင်အမေက အမြည်းဖိုးယူမှာမဟုတ်ပါဘူး”

ကျောင်းသားလေးကထပ်ပြောသည်။ သူချက်ချင်းခေါင်းခါလိုက်သည်။

“သောက်မလို့မဟုတ်ပါဘူးကွာ ၊ အသိတစ်ယောက်လာရှာတာပါ”

ဟုပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့၏ ။ ကျောင်းဆရာတစ်ယောက်ဆိုသည်မှာ ဂုဏ်သရေရှိလူကြီးမင်းတစ်ယောက် ထက်ပို၍အနေအထိုင်ဆင်ခြင်ဖို့လိုအပ်ပါသလားဟု တွေးမိလေသည်။

ဆရာတော်ကျောင်းကိုမရောက်ဖြစ်တာ လအနည်းငယ် ကြာသွားပြီ။ မနေ့ညနေက ဆရာတော်လွှတ်လိုက်သည့် ကျောင်းသားလေးတစ်ယောက်အိမ်ကိုရောက်လာသည်။ အရေးကြီးသောကိစ္စရှိ၍လာခဲ့ပါဟု ဆရာတော်ကမှာလိုက်သဖြင့် လာခဲ့သည်။

ကျောင်းဝင်းထဲဝင်လိုက်တော့ ကျောင်းသားဘဝကိုပြန်သတိရ၏။ သူမနက်တိုင်းဟင်းလေးအိုးကျိုရသောမီးဖိုဆောင် ၊ ဆရာတော်အတွက် ချိုးရေ သုံးရေ ခပ်ပေးရသည့် ရေတွင်း ၊ တစ်ရပ်ကွက်လုံးကြားအောင်ခေါက်ခဲ့ရသည့် တုံးမောင်းကြီး စသည်ဖြင့် အမှတ်တရ ဖြစ်စရာ ကလေးများကို လှမ်းကြည့်မိသည်။

ဆရာတော်ကျောင်းပေါ် သို့ တက်ခဲ့သည်။ ဆရာတော်ကို ဝတ်ပြုပြီးနောက် .............

“ဘုန်းဘုန်း ဘုရား ခေါ်တယ်ဆိုလို့.”

“အေး .....ကိစ္စတစ်ခု ရှိလို့ကွ”

ဆရာတော်က သက်တော်ကြီးရင့်နေပြီဖြစ်သော်လည်း အသံက အောင်မြင့်ခံ့ညားတုန်းပင်။

“တင်ပါ့”

“ဒီလိုကွ ၊ ရှေ့စာသင်နှစ်က စပြီး ငါတို့ရွာမှာ မူလတန်းကျောင်းဖွင့်တော့မယ် ၊ အဲဒီမှာမင်းဆရာသွားလုပ်ရမယ်”

“ဟို .....တပည့်တော်က ........ဒီကနေ”

“အေး .....ငါအားလုံးစီစဉ်ပြီးပြီ ၊ ပြီးခဲ့တဲ့အပတ်က ငါ ပညာရေးဝန်ကြီးရုံးကိုရောက်ခဲ့တယ်၊အဲ့ဒီက ပညာရေးအရာရှိက ငါ့ဒကာရင်းပဲ ၊ မင်းကိုငါတို့ရွာကကျောင်းကိုပြောင်းပေးဖို့ပြောတော့နယ်က ရန်ကုန်ပြောင်းဖို့သာ ခက်တာပါတဲ့၊ ရန်ကုန်က နယ်ကိုပြောင်းတာကတော့ ပြဿနာမရှိပါဘူးတဲ့ ၊ နောက်ပြီးဒီလိုကိစ္စမျိုးအထူးဦးစားပေးပြီး ဆောင်ရွက်ပေးရမှာတဲ့”

ဆရာတော်က သူ့ကိုတစ်ချက်စိုက်ကြည့်ပြီး ဆက်ပြောသည်။

“ဒီတော့ကာ မင်းအခုနယ်ပြောင်းဖို့ လျှောက်လွှာတစ်စောင်ရေးခဲ့၊ နက်ဖြန်ရုံးကဒကာလာယူလိမ့်မယ်၊ ရှေ့နှစ်ကျောင်းဖွင့် အမှီ ပြောင်းရွှေ့ခွင့်စာထွက်လာအောင်လုပ်ပေးလိမ့်မယ် ၊ ကြားလား”

“တင်ပါ့ဘုရား”

ဆရာတော်မိန့်မှာသည့်စကားဆိုလျှင် သူငြင်းဆန်ခဲ့ရိုးထုံးစံမရှိ။ ဆရာတော်က စီမံလျှင် ဘာပဲဖြစ်ဖြစ် သူလိုက်နာရမည် ။ဆရာတော်သည် သူ၏ကျေးဇူးရှင်တစ်ယောက်ဖြစ်အောင်မွေးထုတ်ပေးခဲ့သောရွာကို တစ်လှည့်တပြန် ကျေးဇူးဆပ်ဖို့အတွက်သူဝန်မလေးနိုင်ချေ။ သူသည်ရန်ကုန်မှာတစ်ယောက်တည်းသမားဖြစ်၏။ သံယောဇဉ်တွယ်တာစရာ ဆို၍တစ်ယောက်သောသူမှတစ်ပါး ..

ဒေါ်ခင်စိုးမြင့်သည်သူပြောနေသည့်စကားများကို တည်ငြိမ်စွာနားထောင်နေ၏။ အတွင်းစိတ်ထဲမှာတော့ ဘယ်လိုရှိနေမလဲမသိ။ သူ့ရင်ထဲ၌ကားစကားလုံးများသည်ကျောင်းကလွှတ်လိုက်သည့်ကလေးများလို သူ့ထက်ငါ တိုးဝှေ့ထွက်ဖို့ကြိုးစားနေကြသည်။

“ကျွန်တော်အခုကျောင်းပိတ်ပြီး ပြန်ဖွင့်တဲ့အခါ ဒီကျောင်းမှာရှိမှာ မဟုတ်တော့ဘူး ။ ဒါကြောင့်ကျွန်တော် ပြောချင်နေတဲ့စကားတွေပြောခွင့်ပြုပါ။ ပြောချင်နေတာတော့ကြာပါပြီ ။ အကြောင်းကြောင်းကြောင့် နှောင့်နှေးနေခဲ့ရတာပါ”

သူကစကားကို အဆက်မပြတ် ပြောနေမိ၏။ ‘ဆရာမကို ကျွန်တော်လက်ထပ်ပါရစေ’ဆိုသောစကားကို ပြောသောအခါ ဒေါ်ခင်စိုးမြင့်က အံ့သြသွားဟန်မပြချေ။ တကယ်တော့လည်း သည်လို

ပြောလာလိမ့်မယ်ဆိုတာ သိသာနေတာကြာပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုလက်ခံနိုင်မလားဟင် ၊ လက်ခံနိုင်မယ်လို့တော့ ကျွန်တော်မျှော်လင့်ပါတယ်။ ကျွန်တော့်ဘဝတစ်သက်တာမှာ ဒီစကားမျိုးကို ဒီတစ်ခါပဲပြောခဲ့ဖူးပါတယ်။ ကျွန်တော်ရွာကိုမပြန်ခင်ဆရာမရဲ့ သဘောထားကို သိသွားပါရစေ"

သူသည်စာမရလျှင် မုန့်စားမဆင်းရဟုအမိန့်ထုတ်ခံထားရသောကျောင်းသားတစ်ယောက်လိုတတ်နိုင်သမျှ မှတ်သမျှတွေကို အထစ်အငေါ့မရှိအောင် ကြိုးစားပြီး တတွတ်တွတ်ပြောနေမိ၏။

ဒေါ်ခင်စိုးမြင့်က သက်ပြင်းတစ်ချက်ကို သိမ်မွေ့စွာ ချလိုက်ပြီး ..........

"နက်ဖြန်ကျရင် ကမ္ဘာကြီးပျက်တော့မယ်လို့ဆရာထင်နေလို့လားဟင်"

ဟုမေးသည် ။ သူသတိပြန်လည်လာပြီး ...........

"ကျွန်တော်တောင်းပန်ပါတယ် ၊ ကျွန်တော်သိပ်စိတ်ပူမိလို့ ခုလိုလောရတာပါ ၊ အင်းလေ ...ဆရာမ အေးအေးဆေးဆေး စဉ်းစားပါ ၊ တကယ်လို့ ဆရာမ လက်ခံနိုင်မယ်ဆိုရင်ကျွန်တော်တို့ရွာက ကျောင်းကလေးကို ပြောင်းလို့ရအောင် ဆရာတော့်ဆီမှာ လျှောက်ပေးပါ့မယ်"

"ကျွန်မအမေနဲ့တိုင်ပင်ပါရစေဦး"

"ကောင်းပါပြီဆရာမ ။ ကျွန်တော်ရွာကနေ ဆရာမဆီစာရေးလို့ရမလား"

"ရပါတယ်ဆရာ ၊ ရေးပေါ့"

သူက ခဏစဉ်းစားပြီး ............

"စာရေးတဲ့အခါ ဆရာမကို စိုးလေး လို့ကျွန်တော်ခေါ်ချင်တယ် ၊ ခွင့်ပြုနိုင်မလားဟင် "

ဒေါ်ခင်စိုးမြင့်က ပြုံးလိုက်၏။

"ဆရာ့သဘောပါပဲ"

သူထရပ်လိုက်သည်။

"ကျေးဇူးပါပဲ ဆရာမ ၊ ကျွန်တော်တို့ရွာကလေးက ဆရာမကို ကြိုဆိုနေပါ့မယ်"

သူတစ်ချက်ကြည့်ပြီး လှည့်ထွက်လာခဲ့သည်။ 'ဆရာ' ဟု ခေါ်လိုက်သံ ကြားသဖြင့် သူလှည့်ကြည့်သည် ။ ဒေါ်ခင်စိုးမြင့် က သူ့ကို ပြုံးကြည့်နေရင်း ပြောသည်။

"ဆရာတို့ရွာကလေး က တော်တော်သာယာမှာပဲနော်"

ကျောင်းဆင်းခေါင်းလောင်းထိုးသံ ကြားရသည်ထင်၏။ အမှန်က ခေါင်းလောင်းသံမဟုတ် ။

ရင်ခုန်သံများပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းလူ

# ငို အားနှင့် ရယ်အား

www.burmeseclassic.com